www.burmeseclassic.com



BURMESE CLASSIC .com

ခင်နှင်းယု

# ဘဒ္ဒနုဝဝါ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ခင်မောင် (မွေးစာပေ)
ထွန်းလှ (လောကနီတိစာပေ)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ☺ | ၅၀၀၉၁၁၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ☺ | ၅၀၁၀၂၅၀၈၀၉ |
| မျက်နှာဖုံးပန်းချီ | ☺ | ပန်းချီတင်လှဝင်းထင် |
| ထုတ်ဝေသူ | ☺ | ဒေါ်သင်းသင်းမွန် (မြ-၀၄၂၃၂) သင်းစာပေ အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ၁၂-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ☺ | ဒေါ်ခင်ခင်ဝင်း (မြ - ၀၂၆၇၀) ကလျာပုံနှိပ်တိုက် အမှတ် (၄၂)၊ ၄၂-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ကွန်ပျူတာစာစီ | ☺ | ဗိုလ်တိုး |
| ထုတ်ဝေသည့်အကြိမ် | ☺ | ၁၉၇၉-ခုနှစ်၊ ဇန်နဝါရီလ (ပထမအကြိမ်)၊ နန္ဒဝန်စာပေ |
| | ☺ | ၂၀၀၉-ခုနှစ်၊ အောက်တိုဘာလ။ (ဒုတိယအကြိမ်)၊ မွေးစာပေ |
| အုပ်ရေ | ☺ | ၁၀၀၀ |
| တန်ဖိုး | ☺ | ၁၈၀၀ ကျပ် |

□□□

ခင်နှင်းယု ၈၉၅.၈၃
ဘဒ္ဒနုဝတီ / ခင်နှင်းယု - ရန်ကုန်
သင်းစာပေ / ၂- ကြိမ်၊ ၂၀၀၉။
၂၇၇ - စာ ၊ ၁၅ × ၁၈ စင်တီမီတာ
(၁) ဘဒ္ဒနုဝတီ

# ထုတ်ဝေသူ၏အမှာ

နန်းသပြေပင်ညွန့်၊ စမ်းရေကွန့်ရိပ်ပျံ
ပန်းဟေဝန်၊ ဗိမာန်၊ အဓိဋ္ဌာန်တင်မြန်း
ပင်လုံးကျွတ် ပွင့်ဝေဖြာတယ်၊ ကေစာသုံးတဲ့သခ်မ်း။
မြက်နှယ်ညွန့်တည်ရာမှာ၊ လည်လက်ျာခွေမြန်း
စည်မျက်နှာမြေကြဋ္ဌာန်းငယ်သို့၊ ခွေမြန်းလို့ဆိပ်သာ
တင်စလွယ်ချင်ခြယ်သ၊ အဌက်သုံးဆောင်တည်ကာ
တစ်ကိုယ်တည်း စိတ်ငြိမ်ရာဝယ် နိဗ္ဗိန္ဒာကြည်ဖောနှင့်
သည်တောမြိုင်ဝေပူ၊ ပန်းစုံကကြူ
ကမ္ဘဋ္ဌာန်းရအုတ်ဂူမှာ၊ ရှုကွဲမှု ပျော်ဆုံးပလေး။

(အချုပ်တန်းဆရာဘော)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အမှာ

ဆရာတင့်တယ်က ဆိုခဲ့ဘူးပါသည်။ "တကယ့်စာပေပညာရှင်တွေဟာ အိုမင်းလာလေလေ စာပိုရေးချင်လာလေပဲ။ ရေးမြေဖြာတွေကလဲ အသည်းနှလုံးမှာ ပြည့်သိပ်သွားကြတဲ့အပြင် ဦးနှောက်ကလဲ အမြဲလိုပဲ ရှင်လန်းလတ်ဆတ်လာကြတယ်"

ထိုစကားလုံးများသည် တခြားသော စာရေးဆရာများအတွက် မှန်ကန်လေမည်လား မပြောတတ်သော်လည်း၊ သူ၏ တပည့်ရင်း ခင်နှင်းယုအတွက်မူ စစ်မှန်လှပေသည်။

ယခုနှစ် ၁၉၇၈–ခုနှစ်တွင် သူသည် 'မဒ္ဒီလိုလို၊ သမ္မုလိုလို'၊ 'ဦးဆောက်ပန်း'နှင့် ယခုဝတ္ထု 'ဘဒ္ဒနုဝတီ'ကိုရေးသားပြီးစီးခဲ့၏။ ဝတ္ထုရှည်သုံးအုပ် တစ်နှစ်ထဲတွင် ရေးသားနိုင်ခဲ့သည်ဟု ထုတ်ဝေသူများနှင့် သူ၏မေတ္တာရှင် စာပေလူထုက ထင်ကောင်းထင်မည်ဖြစ်၏။

## ဘဒ္ဒနုဝတီ

သို့သော် ကျွန်တော် သိရသလောက် မဒ္ဒီလိုလို သမ္မုလိုလိုကို တဖြည်းဖြည်းရေးရာတွင် ၁၉၇၇–ခုနှစ်၊ ဩဂုတ်လတွင် ပြီးစီးခဲ့ပါသော်လည်း ၁၉၇၈–ခုနှစ်၊ ဇူလိုင်လတွင်မှ စာဖတ်ပရိသတ် လက်ဝယ်သို့ရောက်ရှိခဲ့ပါသည်။ ရေးပြီးသည်မှထုတ်ဝေသည်အထိ (၁၁)လကြာပါသည်။ စ,ရေးသောအချိန်ကိုတော့ ကျွန်တော်မသိပါ။ 'ဦးဆောက်ပန်း' ကိုမူ လိုအပ်သောအချက်အလက်များ ရှာဖွေလေ့လာရင်း ယခင်သူရောက်ခဲ့သော ပုဂံနှင့်၊ လျှောင်ထိပြီးသော ပုဂံအခြေအနေကို ညှိနှိုင်းရန် ခရီးထွက်ခဲ့ပါသောကြောင့် ဦးဆောက်ပန်း၏ရေးသက်ကာလသည်လည်း အတော်ကြာနှောင့်နှေး၍ ၁၉၇၈–ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင်မှ ပြီးစီးခဲ့၏။ စာဖတ်ပရိသတ်လက်သို့မူ ၁၉၇၈–ခုနှစ်၊ ဩဂုတ်လတွင် ရောက်ရှိခဲ့၏။

'ဘဒ္ဒနုဝတီ'ကမူ သူ့နှလုံးသားတွင် သန္ဓေတည်ခဲ့သည်မှာ အထက်ပါစာအုပ်များထက် ကြာမြင့်ခဲ့ပါသည်။ ၁၉၇၆–ခုနှစ်ကတည်းက တဖြည်းဖြည်းရေးသားလာခဲ့ရာ ၁၉၇၈–ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့တွင်မှ သူအပြီးသတ်နိုင်ခဲ့၏။

သူ၏ဇာတ်ကောင် မောင်ပေါက်ကျိုင်းသည် သွားပါများခရီးပေါက်ခဲ့၏။ မောင်ပေါက်ကျိုင်းကို ဖန်ဆင်းခဲ့ပါသောဖန်ဆင်းရှင် ဒေါ်ခင်နှင်းယုကမူ ရေးပါများသောအခါ စာအုပ်များပြီးစီးခဲ့၏။ အမှန်တော့ သူ့ရေးနှုန်းသည် ထုတ်ဝေသူများအနေနှင့် နှေးကွေးလွန်းလှသည်ဟု ထင်ပါသည်။ အားပေးရှိနိုင်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အဖြစ်ကလည်း အံ့ဩလောက်ပါပေသည်။ မဒ္ဒီလိုလို၊ သမ္မုလိုလိုဝတ္ထုရှည် ထွက်ရှိချိန်တွင် သူသည် သိမ်ဖြူဆရာတော်ဘုရား၏ ဆေးရုံတွင် ဆေးကုသခံယူနေရသည်။ ငါးထပ်ကြီးဘုရားလမ်း ဆေးခန်းတွင် တစ်လနှင့်ငါးရက်ခန့် ကြာခဲ့၏။

ဤသို့ပင် သူသည် ဆေးရုံတစ်လှည့် အိမ်တစ်လှည့် နှင့်တရွေ့ရွေ့နှင့် တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့မတုန်းဟူသော စိတ်ဓာတ်နှင့် စာများကိုရေးသားခဲ့ရာ၊ မွေးဝတ္ထုမှ စတင်ခဲ့ သည်ဟုဆိုရပေမည်။

ဝတ္ထုများရေးစနှင့် ဝတ္ထုရေးသက်ကို မဆိုလိုပါ။ ကျန်းမာရေးချို့ယွင်းစအချိန်ကို ဆိုလိုရင်းဖြစ်ပါသည်။

မွေးကိုလည်း အိန္ဒိယပြည် အာရောဂျံတွင် ဆေးကုသခံ ရင်း သူ့အသည်းနှလုံးတွင် မွေးသန္ဓေတည်ခဲ့ပေသည်။

အတွက် အလွန်ချစ်ခဲ့ပါသည်ဆိုသော သူ၏လက် ချောင်းသေးသေးနွဲ့နွဲ့လေးများသည် ဝတ္ထုရှည်၊ ဝတ္ထုတိုများကို များစွာဖန်ဆင်းခဲ့၏။

ယခုသော် ဝေဒနာနှင့်အသက်၏ အပိုင်းအခြားက သူ့ လက်ချောင်းကလေးများကို တုန်ချည့်၍ အားပျော့စေခဲ့ ပါသော်လည်း သူ့အသည်းနှလုံးတွင် အားမာန်အပြည့်ရှိသေး သည်ကိုမူ သူ့စာအုပ်များက ထုတ်ဖော်ပြောပြလျက်ရှိ၏။





"ဝေဒနာကိုသာ ရှုံးမယ်ဖွဲ့ပြီး ရောဂါကို ဦးစားပေး နေရရင် မစုရဲ့အသက် ထက်ဝက်ပိုင်းလောက်ကစပြီး ဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး"

မှန်၏။ ကျွန်တော့်မှာ သားကဲ့သို့ ရင်းနှီးခဲ့သူဖြစ်သည့် အတိုင်း ဒေါ်ခင်နှင်းယုကို တွေ့ခဲ့ရသည်မှာ ဆေးရုံကြီး မြရတနာ ဆေးတိုက်၊ သိမ်ဖြူဆရာတော်၏ ဆေးခန်းများတွင် ဖြစ်၏။ အိမ်မှာလည်း တစ်လတွင် တစ်ပတ်လောက်က အိပ်ရာပေါ် မှာသာဖြစ်ခဲ့၏။ သို့သော် သူဖတ်လိုသော စာအုပ်များနှင့်ရေး သားရန်စာရွက်၊ ကလောင်တံများက သူ၏ဆေးပုလင်းများနှင့် သူ့အိပ်ရာဘေးရှိ စားပွဲပေါ်တွင် အစီအရီရှိနေကြသည်။

"အရင်တုန်းကတော့ မြတ်စွာဘုရားသခင်ရဲ့ ဘာရ သုတ္တံကို ကောင်းကောင်းသဘောမပေါက်ခဲ့ဘူး။ ခန္ဓာဝန်လေး လှချည်ရဲ့လို့ သူတော်ကောင်းတွေနဲ့ အိုမင်းသူတွေက ရေရွတ် ခဲ့ရင် မယုံခဲ့ဘူး။ အလကားနေ အလကား ညည်းညူနေကြ တာပဲလို့ ထင်ခဲ့တယ်။ ခုတော့ မစုရဲ့အလိုကို မစုရဲ့ခန္ဓာကိုယ် က မလိုက်တော့ဘူး။ ရင်ထဲမှာ ခံစားမှုဝေဒနာက အသက် အရွယ်ကြီးမားလာတာနဲ့ ပိုမိုများပြားလာတယ်။ ဦးနှောက်တွေ ကလဲ အတွေးအခေါ် ရင့်ကျက်လာတယ်။ ဒီအခါကြခါမှ မစုရဲ့ လက်နဲ့၊ မစုရဲ့မျက်စိဟာ မစုရဲ့အလိုကို မလိုက်ပါကြတော့ ဘူး။ ဒီတော့မှပဲ ဩော် သုံးလောကထွတ်ထား မြတ်စွာဘုရား

www.burmeseclassic.com



သခင်ရဲ့ ခန္ဓာကိုယ်၏တာဝန် ကြီးမားလှကြောင်း ဟောပြောပြတဲ့ ဘာရသုတ္တံရဲ့ အဓိပ္ပာယ်ကို ပြက်ပြက်ထင်ထင်မြင်ပြီး နှစ်ခြိုက်သဘောကျမိတယ်။ လက်ခံမိတယ်"

"မစု ပထမဆုံးရေးခဲ့တဲ့ လုံးချင်းဝတ္ထုရှည် 'ဆောင်းတွင်းသန်း' ထဲက ဖွင့်ဖွင့်ချင်း စကားလုံးကိုရွတ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဆုံးမရတယ်"

"(လျော့လိုက် မသိတာ၊ လျော့လိုက် . . . လျော့လိုက်။) ဆိုတဲ့စကားလုံးလေ"ဟု ဒေါ်ခင်နှင်းယုက ကျွန်တော်နှင့်တွေ့လျှင် ဤသို့ပြောပြတတ်၏။

သူသည် နည်းနည်းလေး ထူထောင်လာနိုင်သည်နှင့် အမျှ နည်းနည်းရေး၏။ ပွဲတွေ့အမြွက်တရားတွင် သူရေးသားဖော်ပြခဲ့သည့်အတိုင်း ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို ခွဲလိုက်ကာ၊ ရုပ်ခန္ဓာကို သိမ်ဖြူဆရာတော်ဘုရားကြီးထံအပ်၍ နာမ်ခန္ဓာကို ကျေးဖူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံ အပ်ထား၏။ ရုပ်၏တောင့်တင်းကြံ့ခိုင်မှုကို သိမ်ဖြူဆရာတော်ဘုရားက ကုသပြုပြင်ပေး၏။ နာမ်ခန္ဓာ၏တည်ငြိမ်ချမ်းမြေ့ အေးချမ်းခြင်းကို မဟာစည်ဆရာတော်ဘုရားသည် ဝိပဿနာလမ်းစဉ်ဖြင့် ကုသပေးခဲ့၏။

ထို့ကြောင့် သူ့ကို ဝိပဿနာတရားအားထုတ်ပြီးတိုင်း ရွှင်လန်းလတ်ဆတ်သော အရည်အသွေးနှင့် ကြည်လင်သော မျက်နှာကို တွေ့ရ၏။ ချစ်သောသူများနှင့် ရတ်တရက် ရင်ကွဲ





သေကွဲ၊ ကွဲခဲ့ရပါသော နှလုံးသားမှရောဂါများကို တရေးရင်း ဝိပဿနာတရားရှုမှတ်ရင်း ကုသခဲ့ဟန်တူသည်။

ယခုလည်း ကျွန်တော် ထုတ်ဝေသော ဘဒ္ဒနုဝတီကို ဒေါ်ခင်နှင်းယုသည် ခေါင်းစည်းငယ်များတပ်၍ အခန်း(၉)ခန်း ဖွဲ့ကာ ရေးသားခဲ့သည်။

အခန်း (၁) – ဘော်
အခန်း (၂) ပျားရည်စုပ်ပန်းရနံ့ သင်းပျံ့သောအခါ
အခန်း (၃) အာဒိကပ္ပ
အခန်း (၄) ဦး
အခန်း (၅) အမရာနှင့် သုဇာဘာ
အခန်း (၆) ကဝက်ကင်း ငါးသလောက်
အခန်း (၇) ရွှေဘယက်နှင့် မိနက်ကြီး
အခန်း (၈) ထင်းရှူးရွက်များမှ နွေကန္တာ
အခန်း (၉) နှလုံးသားလှောင်အိမ်တွင်းမှ

ဇာတ်ကောင်များ စသည်ဖြင့် –

ထုတ်ဝေသူပီပီ၊ သူ့ဝတ္ထုလက်ရေးမူကို ဖတ်ရှုပြီးသော အခါ တကောင်းရာဇဝင်ပါ ဘဒ္ဒနုဝတီနှင့် မောင်ပေါက်ကျိုင်ကို ဒေါ်ခင်နှင်းယုသည် (၂၀)ရာစုနှစ်တွင် သူ့ဇာတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



များအဖြစ် ဖန်ဆင်းလိုက်ရာတွင် ကျွန်တော်သည် ရှင်လန်းအားရဖြစ်မိသည်နှင့်အမျှ တုန်လှုပ်မိပါသည်။

ဤအမှာအစတွင် ရေးခဲ့သော စာဆိုတော် အချုပ်တန်းဆရာသော၏ နိဗ္ဗိန္ဒတေးအဖွဲ့ထဲမှ ကျောင်းသင်္ခမ်းကဲ့သို့ အေးမြချမ်းငြိမ်းလှသော သူ၏ အိမ်လေးထဲတွင် အရိပ်ခိုရင်း ဒေါ်ခင်နှင်းယုသည် ပန်းများဖွေးသောလမ်းမှ အနွမ်းအပန်းများ အေးရာသို့ ဆိုက်ရောက်နိုင်ပါစေသတည်း။

မေတ္တာများဖြင့်
ခင်မောင်
ထုတ်ဝေသူ
၉–၁၁– ရာ



# အခန်း [၁]

## ဘော်

'ဘဒ္ဒနုဝတီ'သည် တကောင်းရာဇဝင်ကို သိမ့်သိမ့်တုန်စေသော မင်းသမီးဖြစ်၏။

သူ့ဖခင်သည် သတိုးဆွေမင်း ဖြစ်၏။

သူ့၏ချစ်ဦးသူသည် နဂါးမင်းဖြစ်သည်။ ဘာကြောင့်များ ဘဒ္ဒနုဝတီမည်သော တကောင်းပြည့်ရှင် သတိုးဆွေ၏ ရင်နှစ်သည်းခြာသည် ထူးထူးခြားခြား မျိုးမတူ၊ ဇာတ်ခြားသည့် နဂါးမင်းရေနတ်သားကိုမှ မေတ္တာမျှပါသလဲ။

တစ်ခုတော့လည်း စဉ်းစားစရာ ကျေးဇူးတင်စရာ ဖြစ်ခဲ့၏။ ဘဒ္ဒနုဝတီ ရေနတ်နဂါးကို မေတ္တာမျှသူဟု ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုစရာမရှိ။ ကျေးဇူးတရားကို ရှာကြံတွေးသည်ရှိသော် ဘဒ္ဒနုဝတီသည် ရေနတ်သားနွယ်ဝင်ကို မေတ္တာမျှခဲ့သော အကြောင်းကြောင့် အာဇာနည် သူရဲကောင်းကြီး မောင်ပေါက်ကျိုင်း ဗမာ့ရာဇဝင်တွင် တခမ်းတနား ပါဝင်ခဲ့ရသော အကျိုးတရားသည် ဖြစ်ပေါ်လာရသည် မဟုတ်ပါလော။

ဘဒ္ဒနုဝတီကို ကျေးဇူးတင်ရပေဦးမည်။ ထပ်ခါထပ်ခါ ကျေးဇူးတင်စရာတွေ များလှချေ၏တကား။

သူ၏အချစ်ဇာတ်လမ်းကြောင့် မြန်မာ့စာပေတွင်လည်း ယခုထိ ချစ်ဖွယ်ကောင်းသော စကားထာသည်လည်း ကျန်ရစ်ခဲ့ရ၏။

"ထောင်ပေးလို့ချုပ်

ရာပေးလို့ဆုတ်

ချစ်တဲ့သူအရိုး၊ ဆံထိုးလုပ်"

ထိုစကားထာသည် အမှတ်မထင် ဖတ်သွားလျှင် ဆို သွားလျှင် ဘာမှမဟုတ်သလိုလိုနှင့် တကယ် လေးလေးနက် နက်တွေးကြည့်သောအခါ အချစ်၏နက်ရှိုင်းကျယ်ပြန့်ခြင်းကို ညွှန်ပြပြောဆိုခဲ့၏။

မှန်၏။ ဤနေရာ၌ ဘဒ္ဒနုဝတီသည် ချစ်ဦးသူရေနတ် နဂါးအပေါ်၌ အချစ်မေတ္တာ မည်မျှနက်နဲ၍ သစ္စာရှိခဲ့သည်ကို ဖော်ပြခဲ့ပြန်၏။ ရေနတ်နဂါးသည် အာဇာနည်သူရဲကောင်း





မောင်ပေါက်ကျိုင်းနှင့် ယှဉ်ပြိုင်တိုက်ပွဲ ဆင်နွှဲခဲ့ကြရာတွင် မောင်ပေါက်ကျိုင်းသည် ဖွဲ့ ဝီရိယနှင့်ဉာဏ်သာခဲ့၍ နဂါးနိုင် မင်းဘွဲ့ကို ရရုံမက ဘဒ္ဒနုဝတီကို အပိုင်သိမ်းခဲ့နိုင်၏။

သို့သော် ဘဒ္ဒနုဝတီသည် ခန္ဓာကိုယ်နှင့်ထီးနန်းကို မောင်ပေါက်ကျိုင်းအား ပေးအပ်ခဲ့ပါသော်လည်း ချစ်ဦးသူအပေါ် ထားခဲ့သည့် ကတိသစ္စာတရားကို ကွယ်လွန်သူချစ်ဦးသူ၏အရေ ကို ဝတ်ရုံလွှာအဖြစ် ချုပ်လုပ်၍ အထိမ်းအမှတ် ထားခဲ့ရုံမက ချစ်ဦးသူ၏ အရိုးကို အမြတ်တနိုး ဆံထိုးလုပ်၍ ပန်ဆင်ခဲ့ခြင်း ဖြင့်ပြခဲ့၏။

တော်လှပါပေ၏။ ဘဒ္ဒနုဝတီကို လေးစားထိုက်ပါ၏။ သို့သော် ရာဇဝင်ဆရာ၊ သို့မဟုတ် သမိုင်းသုတေသီတို့သည် ဘဒ္ဒနုဝတီ မောင်ပေါက်ကျိုင်း၏မိဖုရားအဖြစ်သို့ ရောက်ပြီး သည့်နောက် ချစ်ဦးသူနဂါးမင်း၏ အရေဖြင့် ချုပ်လုပ်သော ဝတ်ရုံလွှာကို မင်းခမ်းမင်းနားတို့၏ ဆင်ယင်ခွင့်၊ ချစ်ဦးသူ အရိုးဖြင့် လုပ်ခဲ့သော ဆံထိုးကို မြကေသာဆံထုံးတွင် ဆက် လက်ပန်ဆင်ခွင့် ပြုခဲ့သည်၊ မပြုခဲ့သည်ကို တစ်စုံတစ်ရာ ဖော်ပြရေးသားခြင်း မပြုခဲ့ပေ။

တကောင်းမြို့ဟောင်းတစ်နေရာတွင် ဘဒ္ဒနုဝတီ၏ ဆံထိုးလေးများ ကျန်ကောင်းကျန်ရာ တစ်နေရာရာ မြေအောက် လွှာတွင် တူးဖော်၍များ ရရှိခဲ့ပါလျှင် ဘယ်လောက်များကောင်း လေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဤကား သတိုးဆွေမင်း၏ သမီးတော် ဘဒ္ဒနုဝတီ။

နဂါးမင်း၏ ချစ်ဦးသူ ဘဒ္ဒနုဝတီ။

မင်းရာဇာ အာဇာနည် မောင်ပေါက်ကျိုင်း၏ အဂ္ဂမဟေသီ ဘဒ္ဒနုဝတီ။

ယခု ၂၀ ရာစုနှစ်တွင် ဘဒ္ဒနုဝတီသည် ကောက်ကာငင်ကာ ပေါ်လာ၏။

နဂါးမင်း၏အရိုးကို တကောင်းမြို့ဟောင်းတွင်ရှာဖွေ၍ မတွေ့သော်လည်း လက်ရှိ ၂၀ ရာစုနှစ် စာပေခေတ်တွင် ဘဒ္ဒနုဝတီကို ပြန်လည်တွေ့ရှိကြရ၏။

ယခုတွေ့ရှိသူကား 'ဘဒ္ဒနုဝတီ'ကလောင်ဘွဲ့ခံ စာရေးဆရာအဖြစ် ပေါ်လာခဲ့ခြင်းဖြစ်၏။ ဤကလောင်အမည်ကို ခံယူရမှန်း မည်သူမျှ စိတ်ကူးမထည့်မိခင် မြန်မာစာပေတွင် ကလောင်အမည်ကို ဘဒ္ဒနုဝတီဟု ယူရန်မှည့်ခေါ်ရန် စိတ်ကူးရသည်ဆိုကတည်းက စိတ်ကူးစိတ်သန်း မညံ့သော စာရေးဆရာတစ်ဦးဖြစ်သည်ဟု ဆိုရပေမည်။

နေ့စဉ်သတင်းစာများတွင် ဝတ္ထုစာအုပ်အမျိုးမျိုး၊ နိုင်ငံရေး၊ ဘာသာရေး၊ ရယ်ရွှင်ဖွယ်၊ ကာတွန်း၊ ကဗျာစာအုပ် အမျိုးမျိုး၊ ကြော်ငြာများကို သတင်းစာ (၂)မျက်နှာ အပြည့်နီးနီးတွေ့ရ၏။ ဘာကြောင့်မှန်းမသိ၊ စာအုပ်အမည်က နှမ်းစေ့လောက်ပင်မရှိ၊ ၁၄ ပွိုင့်လောက်ပင်မကြီး၍ ထင်ထင်ရှားရှား





မတွေ့ရပါသော်လည်း စာရေးသူ၏ကလောင်အမည်များမှာ လက်မလောက် ဆီးကင်းလောက် စာလုံးကြီးများနှင့် ဖော်ပြကြ၏။

စာအုပ်အမည်လေလား၊ စာရေးသူ၏ ကလောင်အမည်လေလား၊ သတင်းစာဖတ်သူတွင် မနည်းတွေးယူရ၏။ ၂၀–ရာစုနှစ်၏ စာပေလှုပ်ရှားပုံ ထူးခြားချက်ပါတကား။

ဤမည်သော ကလောင်အမည်များ ကြားတွင် ဘဒ္ဒနုဝတီ ကလောင်အမည် စာရေးဆရာသည်လည်း တခမ်းတနားပါဝင်ခဲ့၏။

အလွန်ချစ်ဖွယ်ကောင်း၍ လှပသောကလောင်အမည်ဖြစ်၍ တချို့စာရေးဆရာများသည် ဤကဲ့သို့ကလောင်အမည်ကို မယူခဲ့မိသည်ကိုပင် ဝမ်းနည်းကြေကွဲမိ၏။ သူတို့ကိုယ်သူတို့ အပြစ်တင်မိ၏။

ဘဒ္ဒနုဝတီအကြောင်း တဖြည်းဖြည်း သိလာကြသည်ကတော့ ဘဒ္ဒနုဝတီသည် အမျိုးသမီး စာရေးဆရာဖြစ်သည်သာမက အပျိုကြီးတစ်ယောက်ဖြစ်သည်ကို သိရှိလာကြသည်။

ဘဒ္ဒနုဝတီအပေါ် အလွန်စိတ်ဝင်စားသူကတော့ မောင်ပေါက်ကျိုင်း။

မောင်ပေါက်ကျိုင်းသည် နဂါးနိုင်မင်းတော့ မဟုတ်သေး။ သူသည် ဘဒ္ဒနုဝတီ၏ စာပေအရည်အသွေးရော၊ သူ၏ရုပ်ရည်ရော၊ သူမသိ မမြင်ဘူးသော်လည်း ဘဒ္ဒနုဝတီ



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကလောင်အမည်ကို သတင်းစာကြော်ငြာတွင်မြင်ရ နှင့်မေတ္တာ တိမ်းညွတ်ခဲ့သည်။ စိတ်ဝင်စားနေခဲ့သည်ဆိုလျှင် မမှားပါပေ။

အကယ်၍များ ဘဒ္ဒနုဝတီကို စာပေနယ် တစ်နေရာတွင် တွေ့ရှိရပါက ရာဇဝင်ဆန်ဆန်ချစ်စကားကိုလည်း ဖွဲ့နွဲ့၍ ပြောလိုက်ဦးမည်။

အို စိတ်ကူးဆိုသည်မှာ ဘယ်သူမှ တားမြစ်၍ ရစကောင်းသည်ဟု မဆိုသာ။ စိတ်သည် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်အတွင်း ကုဋေကုဋာမကသော အကြောင်းအရာတို့ကို ဖန်ဆင်းတွေးတောရုံမျှမက မည်မျှဝေးလံသည်ဖြစ်စေ၊ ကြေဝဋ္ဌာအနန္တကို ပြေးလွှားနိုင်ခဲ့သည်ဟု မြတ်စွာဘုရား ကိုယ်တိုင်ဖွင့်ဟမိန့်ကြားခဲ့၏။ စိတ်၏ပြေးလွှားသော စွမ်းအားကို သာမန်ပုထုဇဉ်တိုင်းလိုလို သိ၏။

စိတ်တစ်ခုပေါ်လာ၍ ချုပ်သွားပြီးမှ နောက်ဘစ်ဖန် စိတ်သစ်တစ်ခု ပေါ်လာသည်ဟူသော စိတ်၏သတ္တိသဘောကိုမူ အရိယာမျက်စိနှင့်မှ မြင်နိုင်၏။

မောင်ပေါက်ကျိုင်းသည် အရိယာမဟုတ်သေး။ လောလောဆယ်အားဖြင့် စိတ်၏နယ်ပယ်တွင် ပါဝင်လှုပ်ရှားနေသော စာရေးဆရာတစ်ယောက်ပင်ဖြစ်၏။

''ပြောကိုပြောလိုက်မှာပဲ၊ တကယ့်ကိုပြောမှာပဲ၊ သူလဲ စာရေးဆရာမတစ်ယောက်ပဲ စာပေသမိုင်းရော၊ လူ့သမိုင်းရော





မွှေနှောက်ရှောက်ရှားနိုင်သူ မဟုတ်ဘူးဘဲ ထားဦးတော့ မြန်မာအစ တကောင်းကဟူသော သမိုင်းကို လက်ခံသက်ဝင်နားလည်၍သာ ဘဒ္ဒနုဝတီအမည်ကို ကလောင်အမည်အဖြစ် ယူခဲ့သူဖြစ်ပေမည်'' ဟု မောင်ပေါက်ကျိုင်းက တွေး၏။ သူကလည်း ခေသူမဟုတ်ပါ။

''မောင်တို့ဆို ဘယ်နယ်သားလဲ'' ဟု ဒိုးပတ်ဝိုင်း အမေးနှင့် မေးလျှင်တောင် –

''မောင်တို့ဆို တကောင်းနယ်သားပဲ'' ဟု ဖြေနိုင်သည့်သူဖြစ်သည်။ မှန်၏။ သူသည် တကောင်းမြို့သားဖြစ်၏။

''အမှန်တော့ တကောင်းကမြစ်ရေယဉ်ဟာ တသွင်သွင်စီးဆင်းလာပြီး ဧရာဝတီမြစ်၊ သရေခေတ္တရာမြို့တော်၊ ရှေးခေတ်ပင်လယ်ဝမှာ စိမ့်ဝင်ပျောက်ကွယ်သွားသလို မောင့်မေတ္တာရေယဉ်ဟာ ဘဒ္ဒနုဝတီ၏နှလုံးသား အဏ္ဏဝါတွင် စိမ့်ဝင်ပူးပေါင်းသွားရပါပြီ'' ဟု စာရေးဆရာ ရည်းစားစကားပြောနည်းမျိုးပြောမည်။ ဘယ်နည်းနှင့်မဆို မဟောသတာ လက်သီးဆုပ်ပြရုံနှင့် အမရာက လက်ဝါးဖြန့်ပြလိုက်သည်။ အို ပညာရှင်အချင်းချင်းကတော့ အမူအရာလောက်နှင့် အားလုံးသိပြီးသားပေပဲ။

စာရေးဆရာဆိုတာကတော့ ပါးစပ်က ဖွင့်ဟ၍ တကယ်ပြောပြော၊ မပြောပြော၊ စာရေးသည့် အထဲတွင်တော့ ပြောမှာပဲ၊ ဇာတ်က,ရာတွင်တော်၊ လူက,တော့လည်း ခံရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလိုပဲ ကြိုးကိုကျလို့ဟု ချီးမွမ်းသည်။ ရုပ်သေးကျတော့လည်း 'အို–က, ပြလိုက်တာမှ လူလိုပဲ'ဟု ချီးကျူးရသေးသည်။

ယခုလည်း အပြင်မှာ လူတွေစကားပြောပုံနှင့် မတူဘူး။ သဘာဝမကျဘူးဟု ဘယ်သူကပဲ ဝေဖန်ဝေဖန် သူသည် သူ၏ချစ်မေတ္တာကို ဖွင့်ဆိုရာ၌ ရာဇဝင်တွေ သမိုင်းတွေနှင့် ချိ၍ကိုပြောမည်။

တကယ်တွေးကြည့်တော့လည်း မောင်ပေါက်ကျိုင်း၏ အချစ်အဖွင့်၌ သမိုင်းရာဇဝင် ချိလောက်သည့် အဖြစ်ပေပဲ မဟုတ်လား။

“ကျွန်တော့် မွေးရပ်မြေဟာ တကောင်းပါပဲ။ တကောင်းပြည်သူ ဘဒ္ဒနုဝတီကေရိနဲ့ မောင်ပေါက်ကျိုင်းအကြောင်း ဆက်မိလို့ သူတို့အဆက်အနွယ်တွေဟာ သရေခေတ္တရာ ခေတ်တစ်ခေတ်ကို မြန်မာ့သမိုင်းဦး ရာဇဝင်မှာ ပုဂံခေတ်ထက် စောပြီး တည်ထောင်ခဲ့တာပါ”ဟု သမိုင်းဆန်ဆန် မေတ္တာစကား (ဝါ)ရည်းစားစကား အဖွင့်ကို ဆိုလိုက်ရုံနှင့် ဘဒ္ဒနုဝတီသည် ချက်ဆိုနားခွက်က မီးတောက်ပေတော့မည်။

ဘဒ္ဒနုဝတီဘက်ကတော့ ဘယ်လိုမှန်းမသိ။ သူ့ဘက်က ချွေးဖြိုးရမည့် မေတ္တာမိုးသည် ရွာရန် ၉၉ ရာခိုင်နှုန်း သေချာနေပေသည်။

တစ်ခါတစ်ရံတော့ မောင်ပေါက်ကျိုင်းသည် စိတ်အား





ငယ်သွားတတ်၏။ အကယ်၍များ နှဖူးတွေ့ဒူးတွေ့ ဘဒ္ဒနုဝတီနှင့် တော့တော့ဆိုင်ဆိုင် တွေ့တောင်မှ –

“ရှင့်လို အိုးသည် မောင်ပေါက်ကျိုင်းကို ကျွန်မလို မဟောသီနွယ်ဝင် ဘဒ္ဒနုဝတီက မေတ္တာမျှရမှာတဲ့လား”ဟုဆိုလိုက်လျှင် ဘယ်လိုဖြေရပါ့။

ဟုတ်၏။ ပုဂံသည် ရွှေမင်းနေပြည်တော် တစ်ခေတ်ဖြစ်စဉ်က သာသနာရေးထွန်းကားပုံ၊ လူမှုရေးကြွယ်ဝပုံ၊ အတွေးအခေါ် ရင့်သန်ကြေညက်ပုံ၊ ပုဂံသားအာဇာနည်တို့၏ သတ္တိရှိပုံကို အထောက်အထား ညွှန်ပြစရာ စေတီပုထိုး၊ ကျောက်စာတိုင်တို့ဖြင့်“ပုဂံခေတ်ပေ့”ဟု ဟစ်အော်ကြွေးကြော်နိုင်လောက်အောင် ပုဂံသားတို့ ကြိုးပမ်းခဲ့ကြ၏။

သူ့မှာတော့ တကောင်းသား အထောက်အထားပြစရာမရှိ။ တကောင်းက ရေအိုးများ။ ရေထည့်သောက်လျှင် အလွန်အေးပါသည်ဟု ပြောစရာကလွဲ၍ စာဖွဲ့စရာမရှိ။ အထောက်အထားပြစရာမရှိခဲ့။ သူ့အမေသည် အိုးထိန်းသည် ဖြစ်၏။ သို့သော် အမေက ဘယ်တုန်းက ဘယ်စာတွေဖတ်ထားမှန်းမသိ။ သူရန်ကုန်ကို ဆင်းလာမည်လုပ်တော့ သူ့ကိုတား၏။

“ဘာကိစ္စသွားရမှာလဲ၊ ကိုယ့်အိုးဖုတ်လုပ်ငန်း ကိုယ့်ဟာကိုယ် ဦးစီးလုပ်နေရင်ကောင်းသား”ဟု အမေကပြော၏။

“အမေကလဲ စာရေးဆရာဖြစ်ချင်လို့ပေါ့” ဟု သူက ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာဖြစ်ဖို့ ရန်ကုန်သွားမှ ဖြစ်မှာတဲ့လား"

"စာရေးဆရာဖြစ်ရုံတင်လဲ မဟုတ်ပါဘူး အမေရယ် တကောင်းကထွက်တဲ့ ဒီရေအိုးနဲ့ပဲ ရေအိုးထဲနစ်နေရတော့မှာလား။ စဥ့်ရည်သုတ် စဥ့်အိုးရေနွေးခရားအကောက်တယ်ထားတာကလွဲလို့ တကောင်းရေအိုးပုံဟာ၊ အဘိုးရာဇာ လက်ထက်ကပုံပဲ။ ထူပိန်းပိန်းနဲ့ ဘာမှမတိုးတက်ဘူး။ တခြားနိုင်ငံကများ စဥ့်ရည်သုတ်အိုးအလှတွေ၊ ကျောက်ကာဗန်းချင်း အတူတူ ပါးပါးရားရား ပုံစံသစ်တွေ ခေတ်မီအဆန်းထွင်ပြီး ညှိခန်းသုံးအလှဖြစ်အောင် လှသုံးများအောင် တီထွင်ထား လိုက်တာ။ သားကလဲ အဲဒါတွေ တီထွင်ချင်သေးတာပေါ့။ ရွှေဂူမြို့က ထွက်တဲ့ ရေတကောင်းတို့၊ ရေနွေးခရားတို့၊ ပန်းစိုက်အိုးတို့ မှာမှ ငွေမင်လေး။ ဘာလေး သုတ်ထားတာ အဆန်းထွင်ထားတာ တွေ့ရသေးတယ်။ ကျွန်တော်တို့ တကောင်းအိုးတွေကရိုးတာကြီး"ဟု အမေ့ကို ကြီးကြီးကျယ်ကျယ် ချေပပြောဆိုခဲ့၏။ ထိုစကားလုံးများသာမက –

"အမေကလဲ ကျွန်တော် ရန်ကုန်သွားမှာကို အားပေးဖို့ ကောင်းပါတယ်။ တကောင်းရဲ့ပုံပြင်ဟာ မောင်ပေါက်ကျိုင်းသာမရှိရင် ရာဇဝင်တွင်စရာ မကျန်တော့ဘူးအမေရဲ့။ ပြီးတော့ အမေစဥ်းစားကြည့်ပါဦး၊ နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းကိုယ်တိုင်ဟာ တကောင်းနေပြည်တော်သား အစစ်မှမဟုတ်ဘဲ။ ဖာတစ်လုံး ပခုံးထမ်းပြီး ကျေးလက်ကနေ တကောင်းမင်း





နေပြည်တော်ကို လာခဲ့တာ။ သားလဲ ရန်ကုန်မင်းနေပြည်တော်ရောက်ရင် တစ်နေ့မောင်ပေါက်ကျိုင်းလို ဘုရင်မဖြစ်တောင် 'တကောင်းသားဟေ့'လို့ လက်ခမောင်းခတ် ကြွေးကြော်နိုင်အောင် သားကကြိုးစားမှာပါ"

ထိုစဥ်ကတည်းက သူသည် ရန်ကုန်ရောက်လို့များ စာရေးဆရာလုပ်လျှင် မောင်ပေါက်ကျိုင်းဟူသော ကလောင်အမည်ပေးမည်ဟု စဥ်းစားခဲ့ပြီးဖြစ်သည်။

"တို့တကောင်းကို မျက်မြင်သက်သေထူစရာ အစဥ့်အလာတွေ မရှိဘူးရယ်လို့ ဘယ်သူကပဲပြောပြော၊ ဒီနေ့အထိ အိမ်တိုင်းလိုလို ထိုင်ရှိုးနေရတဲ့ မောင်တင့်တယ်ဟာ တကောင်းပြည်သားပါကွယ်။ ဒီနေ့မောင်တင့်တယ်လို ပန်းပဲဖိုမှာ ပေတစ်ချက်ထုနက်လိုက်တာနဲ့ ဘုရင့်နန်းတော် သိမ့်သိမ့်တုန်သွားရအောင် ကာယဗလ အားကောင်းတဲ့သူများ မြန်မာပြည်မှာပေါ်လာသေးလို့လား"

အမေကလည်း ဆတ်ဆတ်ထိမခံ၊ တကောင်းပြည်သူပီပီ သူ၏ဇာတိမာန်ကို ကြွေးကြော်လိုက်၏။

သို့နှင့်သူသည် တကောင်းသားပီပီ ဆရာ၊ မိဘကိုရိုသေစွာဖြင့် မိခင်ကို ရှိခိုးအနူးအညွှတ် ခွင့်ပန်၍ ရန်ကုန်ကို ဆင်းခဲ့၏။

လောလောဆယ်တော့ တကောင်းပြည်သား မောင်ပေါက်ကျိုင်းသည် စာရေးဆရာ မဖြစ်သေး။ ဆေးမှူက



www.burmeseclassic.com

www.burmeseclassic.com



တရုတ်သင်္ချိုင်းအနီးရှိ ကြီးတော်မသင်းအုံ၏ အိုးဆိုင်တွင် ဆိုင်ထိုင်အိုးရောင်းသမားဘဝတွင်ပင် ရှိသေး၏။

ကြီးတော် ခင်းပြုသော ရက်အားများတွင် ဇာပွဲ ပြောပြောပွဲများကို တက်ရောက်နားထောင်၏။ မဂ္ဂဇင်းတိုက်များကိုသွားကာ ရေးလက်စကဗျာဝတ္ထုတွေကိုပေး၏။ သတင်းစာနှင့်ရသမျှ စာအုပ်များကို အိုးရောင်းရင်းဖတ်၏။

ဘယ်သောအခါ စာရေးဆရာဖြစ်ပါမည်နည်း။ ဤစာရေးဆရာဆိုသည်က ဖော်နည်းကားပုံစံနှင့် ဤသို့လုပ်လျှင် စာရေးဆရာဖြစ်သည်ဟူ၍ တိကျသောအဖြေကို ဘယ်ကမ္ဘာကျော်စာရေးဆရာမှ မပေးခဲ့။

မောင်ပေါက်ကျိုင်းသော စာရေးဆရာဖြစ်ပါစေ။ သူသာ စာရေးဆရာဖြစ်လာလျှင်ကား 'စာရေးဆရာဖြစ်လိုလျှင် ဘယ်လိုလုပ်ပါ'' ဟူသော ပုံသေတွက်ကိန်းကို ပိုက်သကိုရပ်တို့ ပါစီနန်းတို့လို ရေးပြီးတော့ကို ထားလိုက်မည်ဟု စိတ်ထဲမှာ တေးထား၏

သို့သော် စာပေနယ်၏ လမ်းအစကိုမှ လျှောက်၍ မရသေးမီ ဘဒ္ဒနုဝတီကိုတွေ့ခဲ့ရလေပြီ။ သတင်းစာပေါ်တွင် ကလောင်အမည်ကို အမြင်နှင့်သာတွေ့ရခြင်းဖြစ်၏။

အစကတွေးခဲ့သလို ဘဒ္ဒနုဝတီကများ နှိမ့်ချ၍–

''ရှင့်လို အိုးသည်ကများ''ဟူသော စကားလုံးကို သုံးလာလျှင် ''ဟင်း ဘာရမလဲ၊ ပပဝတီကိုလိုချင်တော့ အလောင်း





တော်မင်းကုသတောင် အိုးသည်ယောင်ဆောင်ရသေးတာပဲ။ အိုးတစ်လုံးကို တဖွဲ့ပြီးတော့ကို ဘဒ္ဒနုဝတီနဲ့ နီးစပ်အောင်လုပ်မည်။ အိုးတစ်လုံးဖြစ်ဖို့ အစကနေ စာရေးပြီး စာပေဗိမာန်စာပေပြိုင်ပွဲကိုဝင်မည်။ စာမူဆုရတော့သွားယူလျှင် ဘဒ္ဒနုဝတီတို့လဲ လာမှာပဲ။ ဒီတော့မှ မိတ်ဆက်အော်တိုစာအုပ်ကို လက်မှတ်ထိုးပေးပါဟု ကေရီမပေဟသီ ရှေ့မှောက်သို့ ဆက်သလိုက်မည်။

''ဂွမ်''

ဘုရား . . ဘုရား အိုးသစ်ကလေး တစ်လုံးကျကွဲသွားပြီ။ စိတ်ကူးနောက်ကို လက်ဟန်ခြေဟန်က ပါသွားသောကြောင့် ရောင်းရန်ပုံထားသော အိုးများထဲမှ မြေအိုးအသစ်ကလေးကျကွဲသွားလေပြီ။ ကြီးတော်ဒေါ်သင်းအုံများ သိသွားလေသလား။

မသိသေး၊ တော်ပါသေး၏။ စိတ်ထဲမှာတော့နည်းနည်းလေးသွားသည်။ ဘဒ္ဒနုဝတီနှင့်မှ မတွေ့ရသေးခင် စိတ်ကူးနေဆဲ အိုးသစ်ကလေး ကျကွဲသွားသည်မှာ နိမိတ်တော့မကောင်းလှ။

အို– ဘာနိမိတ်မကောင်းရမှာလဲ၊ အိုးက မြေအိုး။ မြေကြီးပေါ် ကျကွဲသွားတာ မြေကြီးဆိုတာကလဲ ပထဝီဓာတ် မြေအိုးကလဲ ပထဝီဓာတ် မြေထွက်ပစ္စည်း။ မြေဓာတ်



www.burmeseclassic.com

www.burmeseclassic.com



မြေဓာတ်ချင်း ထိတွေ့တဲ့နိမိတ်ပဲ။ တကယ့်ကို နိမိတ်ကောင်း။ သူသည် တကောင်းမှာနေစဉ်က ဆရာတော်ဦးဝိမလ နိမိတ်ကောက်ပုံဟန်နှင့် ကောက်ကြည့်လိုက်သောအခါ အိုးနှင့်မြေကြီးတွေ့ဆုံခြင်းသည် နိမိတ်ကောင်းပေပဲ။

ပြီးတော့ ဘဒ္ဒနုဝတီအမည်သည် ကြာသပတေးနံနှင့်စထား၏။ သူ့အမည်ကလည်း မောင်ပေါက်ကျိုင်း ကြာသပတေးနံနှင့် စထား၏။ ကြာသပတေး ကြာသပတေးချင်း တွေ့ဖို့နိမိတ်ပေပဲ။

သူသည် စိတ်သက်သာရာရသွား၏။

ဘဒ္ဒနုဝတီကို လူချင်းမတွေ့ခင် သတင်းကြားရကတည်းက ဖဆပလတစ်ခေတ်တွင်သွင်းကုန်လိုင်စင် ရထား၍ ရန်ကုန်အရှေ့ပိုင်းတွင် ကုမ္ပဏီထောင်ထားသည်။ ကုမ္ပဏီအမည်ကလည်း ဘဒ္ဒနုဝတီဖြစ်သည်။

ယခု ကုမ္ပဏီဖျက်သိမ်းလိုက်သောအခါ ဘဒ္ဒနုဝတီ ပုံနှိပ်စက်တည်ထောင်၍ ကိုယ်ပိုင်ပုံနှိပ် ထုတ်ဝေခွင့် မှတ်ပုံတင်ယူထားသည်ဟု သူသိရသည်။ သူသည် စိတ်ကူးထဲက ချစ်ဦးသူ၏ စာပေတိုက်ရှေ့သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်ပါသော်လည်း အရိပ်အရောင်မျှ မတွေ့ရ။

စာရေးဆရာကြီးသည် စာရေးရန်အတွက် ရန်ကုန် ဆင်ခြေဖုံးရှိ အိမ်လေးတွင် အနားယူ အနေများသောကြောင့်





ဘဒ္ဒနုဝတီကို စာပေတိုက်တွင် တွေ့ရခဲသည်ဟု သူသိရပြန်သည်။

"မေးပါများ စကားရ သွားပါများ ခရီးရောက်၊ မအိပ်မနေအသက်ရှည်"သတဲ့။

ဤဆောင်ပုဒ်သည် နောင်တော် မောင်ပေါက်ကျိုင်း ရာဇဝင်တွင်ရစ်သူ၏ လက်သုံးဆောင်ပုဒ် မဟုတ်ပါလား။

ရင်ထဲက ဘယ်လိုပဲ လှိုင်းထနေနေ ဣန္ဒြေပျက်လောက်အောင်တော့ သူမစုံစမ်း။ သို့သော် ဘဒ္ဒနုဝတီအကြောင်း မအိပ်မနေ ဖွဲကောင်းကောင်းနှင့် ဆက်လက်သုတေသန ပြုပြန်၏။

"အားနေရတယ်တော့ တယ်မရှိလှဘူး။ သိမ်ကြီးဈေး စီရုံကဆိုင်ခန်းအတွက် ရောင်းရန်ပစ္စည်းတွေ၊ အညာတက်တက်ပြီး ဝယ်ရသေးတယ်"

သိမ်ကြီးဈေး စီရုံမှာ အမှန်တော့ 'ကျေးဇူးပြုဆိုင်ခန်း' များဟု အမည်ပေးသင့်၏။ အဘယ်ကြောင့်ဆိုသော် ကျဆုံးလေပြီးသော ရဲဘော်များကအစ အရာရှိကြီးများ၏ဇနီး၊ သားသမီးများကို နိုင်ငံတော်အစိုးရက ကျေးဇူးဆပ်သောအနေနှင့် ဆိုင်ခန်းများ ချထားပေးဝေခြင်းဖြစ်၍ ကျေးဇူးပြုဆိုင်ခန်းများဟု အမည်ပေးသင့်၏။ ယခုတော့ တချို့က ပါးစပ်ပုပ်ကြီးဖြင့် 'မုဆိုးမဈေး'ဟု ခေါ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ အသေအချာ ဆိုင်ဖွင့်မည့်ဆိုင်ရှင်ကို စိစစ်ပြီးမှ အာမခံချက်များဖြင့် ပေးထားသော ဆိုင်ခန်းများဖြစ်၏။ တိုက်ပိုင်၊ ခြံပိုင်ရှိလျှင်လည်း မပေးသေးပါ။

"ဟင် ဒီလိုဆို ငါ့ရဲ့ချစ်သူ ဘဒ္ဒနုဝတီဟာ ဘယ်တုန်းကမျှ မှဆိုးမဖြစ်ခဲ့လို့ပါလိမ့်။ ဒီဆိုင်ခန်းရတာ"

မောင်ပေါက်ကျိုင်း အတွေးကြွယ်ရပြန်လေပြီ။ ဈေးကို အုပ်ချုပ်သူတို့သည် စနစ်တကျအသေအချာ စိစစ်ရွေးချယ်သည်မှာ သံသယ ရှိစရာမလိုပါပေ။

ယောကျ်ားဆိုသည်ကလည်း နောင်ခါမှ ဘယ်လိုဖြစ်ဖြစ် ကိုယ့်ချစ်သူသည် အပျိုစစ်စစ် ဖြစ်စေချင်လှ၏။ ဘယ့်နှယ့် ဘယ့်နှယ် ဘဒ္ဒနုဝတီသည် ကျဆုံးလေပြီးသော ရဲဘော်ဇနီး ဖြစ်ရပါသနည်း။

"တတ်နိုင်ပါဘူး၊ မိဖုရားဖွားစော တကယ်ပညာရှိတော့ နရသီဟပတေ့မင်းရဲ့ ထီးနန်းကို ဆက်ခံတဲ့မင်းတွေဟာ ဆက်လက်ပြီး အဂ္ဂမဟေသီအဖြစ် မြှောက်စားရသေးတာပဲ။ ပြီးတော့လဲ မင်းဆက်ငါးသွယ် ရှင်ဘို့မယ်ဆိုတဲ့ ရာဇဝင်လာ စကားရှိတာပဲဟာ၊ အို ငါတို့တကောင်းရာဇဝင်ကို ပြောင်မြောက်စေတဲ့ နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းကိုယ်တိုင် မိဖုရားမြှောက်ရတဲ့ ဘဒ္ဒနုဝတီအစစ်တောင်မှ နဂါးမင်းနဲ့ရပြီးသားဟာ"

မောင်ပေါက်ကျိုင်းဟာ ဤသို့လျှင် သူ့ကိုယ်သူဆက်





လက်အားပေး၍ ခွင့်လွှတ်စိတ်မွေးရပြန်သည်။ သို့သော် သူနောက်ထပ် ကြားရသောသတင်းက ချစ်ဦးသူအတွက် ဂုဏ်ယူစရာ လက်ခမောင်းခတ်စရာ ဖြစ်ခဲ့၏။

"ဒီလိုဟော့ ဒီလို –ဒီလို ဘဒ္ဒနုဝတီဟာ ကျဆုံးလေတဲ့ ရဲဘော်ဇနီး မုဆိုးမမဟုတ်ဘူး။ အပျိုမှအပျိုအစစ်။ သူဟာ ထူးထူးခြားခြား နယ်ချဲ့သမားတွေကိုရော၊ ဖက်ဆစ်တွေကိုရောခေတ်အဆက်ဆက် တော်လှန်တိုက်ခိုက်ခဲ့ရာမှာ ပါဝင်ခဲ့တဲ့ မော်ကွန်းဝင်ဟော့။ မော်ကွန်းဝင်။ ဒါကြောင့် ကျေးဇူးပြုတဲ့အနေနဲ့. တိုက်ပိုင်ရှိရှိ၊ မြေပိုင်ရှိရှိ၊ ကားပိုင်ရှိရှိ၊ ပိုင်သုံးပိုင်ရှင်ဖြစ်ပေမယ့် သိမ်ကြီးဈေး(စီ)ရုံမှာ သက်ဆိုင်ရာက သူ့ကို ဆိုင်ခန်းချပေးတာပါ"

မောင်ပေါက်ကျိုင်းသည် လက်ခမောင်းခတ်လိုက်ချင်၏။ ထ၍တောင် ဟစ်အော် ကြွေးကြော်လိုက် ချင်သေး၏။ အခြေအနေက မပေးသေး၍သာ ဝမ်းထဲမှာကြိတ်၍ ဝမ်းသာဂုဏ်ယူမိ၏။

"ဟင်း ငါ့ချစ်သူဟာ ရာဇဝင်ထဲက ဘဒ္ဒနုဝတီလိုပဲ အခွင့်သာရင် တိုင်းပြည်အုပ်ချုပ်နိုင်တဲ့ အစွမ်းရှိတယ် ခုတောင် မော်ကွန်းဝင်၊ မော်ကွန်းဝင် အမျိုးသမီးထဲက မော်ကွန်းဝင်ဆိုတာ ခပ်ရှားရှား။ ခုတော့ နယ်ချဲ့သမားကိုရော၊ ဖက်ဆစ်ကိုရော တော်လှန်တိုက်ခိုက်ခဲ့တဲ့ အာဇာနည် သူ့ရဲ့ကောင်းမနှယ်နှယ်ရရ မှတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေါက်ကျိုင်းသည် အိုးတစ်လုံး နောက်ထပ် ထပ်၍ကွဲမှာစိုးသောကြောင့် ယခင်တစ်ကြိမ်ကလို ဝမ်းထဲက ဝမ်းသာမှုကို နောက်သို့လက်ဟန်ခြေဟန် မပါရဲတော့။

နတ်မင်းတို့မနေသာပြီ။ ယခုနှစ်စာဆိုတော် ရက်သတ္တပတ်တွင် ဘဒ္ဒနုဝတီနှင့်တွေ့ဖို့ မောင်ပေါက်ကျိုင်းအကြောင်း ဆုံ၍လာလေပြီ။

"ကိုပေါက်ကျိုင်းရေ ခင်ဗျားအားလား။ ဒီနှစ်ကျွန်တော်တို့ တက္ကသိုလ်အနုပညာအသင်းက စာဆိုတော်နေ့ ကျင်းပမယ်။ အဲဒါ မြန်မာစာဌာနရှေ့က မြက်ခင်းပြင်မှာ ဟောပြောပွဲလုပ်မယ်။ အဲဒီ ဟောပြောပွဲမှာ စာရေးဆရာတွေလဲ လာမယ်။ ခင်ဗျားလိုက်ချင်ရင် တူတူသွားရအောင်"

သူ့အား အဖော်စပ်သူမှာ မြန်မာစာအဓိကယူထားသော နောက်ဆုံးနှစ် ဝိဇ္ဇာအတန်းသား မောင်ရွှေနွယ်ဖြစ်၏။

မောင်ရွှေနွယ်သည် ကျောက်မြောင်းဈေး ဆိုက်ကားဂိတ်တွင် ဆိုက်ကားနင်းရင်း တက္ကသိုလ်တွင် ပညာသင်လာခဲ့သူဖြစ်၏။ မောင်ရွှေနွယ်ပြောပြသော စာပေဟောပြောပွဲ စာရေးဆရာစာရင်းတွင် သူ့ချစ်သူအမည် ဘဒ္ဒနုဝတီလည်း ပါလာခဲ့လေပြီ။

ကဲ . . ဖူးစာရေးနတ် ဗိဿနိုးမည်သော နတ်မင်းကြီး အိပ်ရာက နိုးလာလေပြီ။





သို့သော် မောင်ရွှေနွယ်နှင့်သူ တက္ကသိုလ်စာပေဟောပြောပွဲသို့ သွားမည့်နေ့ရောက်ခါမှ မောင်ရွှေနွယ်၏ ဆိုက်ကားက ရုပ်တိုင်ကျိုးလေခြင်း။

ထို့ကြောင့် သူတို့နှစ်ယောက်သည် ဘတ်စ်ကားနှင့် တက္ကသိုလ်သို့ သွားရသည်။ ဘတ်စ်ကားသည် မြေကြီးဆန်လှ၏။ ဤကမ္ဘာမြေလုံးနှင့်အတူ ၂၃၊ ၂-ပိုင်း၊ ၁-ပိုင်း ဒီဂရီစောင်းနေရုံမက အချိန်မရွေး ခရီးသည်တို့ကိုလည်း မြေတွင်းထဲသို့ ပို့ဆောင်တတ်၏။

မောင်ပေါက်ကျိုင်းကား မမူ၊ ဆရာတော်ဦးဝိမလသူ့ဇာတာကို စစ်ဆေးကတည်းက ဘာပဲလုပ်လုပ် အခက်အခဲအတိုက်အခံများနှင့် ရင်ဆိုင်ပြီးမှ အောင်မြင်ရမည်ဟု ဟောခဲ့သည်မဟုတ်ပါလား။

နဂါးနိုင် မောင်ပေါက်ကျိုင်းတောင် ထီးနန်းရပါမည့် အရေး ငှက်ပျောပင်ခုတ်ရ၊ နဂါးနှင့်သတ်ရ၊ နောက်ဆုံးဘိသိက်ပွဲခံရမည့်အချိန်ပိုင်းလေးမှာတောင် စကားထာဖြေရ ပါရနှင့် အထစ်ထစ် အငေါ့ငေါ့၊ သူ့မှာယခုလောက်တော့ အခက်အခဲတွေ့ရပေမည်။ ထိုအခက်အခဲမျှကို ရင်ဆိုင်ဖို့လောက်တော့ သူကမမှုပေ။

စာပေဟောပြောပွဲ ကျင်းပရာ မြန်မာစာဌာနမြက်ခင်းရှေ့သို့ မောင်ပေါက်ကျိုင်းနှင့် မောင်ရွှေနွယ် ရောက်သွားကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်သူတို့သည် စာရေးဆရာမကြီး ဒေါ်ဘဒ္ဒနုဝတီ၏ ဟောပြောချက်ကို မကြားလိုက်ရ။ စာရေးဆရာများသည် ရန်ကုန်နေပြည်တော်ကို အဆိုင်းလိုက်ခွဲ၍ သွားရောက်ဟောပြောကြရ၏။ တစ်ချိန်တည်းတွင် ရပ်ကွက်(၂)ခုသို့ သွားရောက် ဟောပြောရန် တာဝန်ယူထားသော ဘဒ္ဒနုဝတီသည် တက္ကသိုလ်ဟောပြောပွဲတွင် အစောဆုံးဟောပြော၍ နောက်တစ်ပွဲဆက်ရန် မှန်ရောင်တောက်နေသော သူ့ကိုယ်ပိုင် မြရည်ဝင်း၊ သက်နုံကျောက်စိမ်းအရောင် ကားပေါ်သို့တက်ရောက်သွားသည်ကို မောင်ပေါက်ကျိုင်း မြင်ရုံသာမြင်လိုက်ရချေ၏။

သို့သော် သူ သတိထားမိသည်က သူ၏ချောကလျာ ဘဒ္ဒနုဝတီသည် မြန်မာဆန်ဆန် ဘီးဆံထုံး အက်အက်ကြီးကို ခုံခုံရန့်ရန့် ထုံး၍အလယ်တွင် ဝင်းဝ နေနှင့်အပြိုင် တောက်ပနေသော ဆီးကင်းလောက်ရှိ စိန်ဆံထိုးကြီးကို မြင်လိုက်ရခြင်းဖြစ်၏။

ဘုရား . . .ဘုရား တောက်ပလိုက်တာ နဂါးမင်း မျက်လုံးကိုများ ဆံထိုးလုပ်၍ ပန်ထားလေသလား။

သူအတွေးနှင့် ငေးနေစဉ် သူ့ရှေ့မှ လူနှစ်ယောက် ဘဒ္ဒနုဝတီ ထွက်ခွာသွားပုံကို ကြည့်ရင်း တစ်ယောက်က မေးလိုက်သည်။

"အဲဒီ စာရေးဆရာမ နာမည်က ဘယ်သူလဲ"





မေးသူသည် မောင်ပေါက်ကျိုင်းလိုပင် ဟောပြောပွဲကို နောက်ကျမှ ရောက်ဟန်တူ၏။

"ဘော် တဲ့၊ ဘော် . . .ဘော်"

နောက်တစ်ယောက်က ဖြေလိုက်သည်။

"ရက်စက်ပါပေ့ကွယ်"

မောင်ပေါက်ကျိုင်း၏ ချစ်သူကိုမှ ဤအမည်ကို ပေးရက်ကြလေခြင်း။ ဤအမည်သည် ရှုံ့အမည်လေလော၊ အနွတ္တအမည်လေလော ဆိုသည်ကို မြန်မာစာဌာနမှ သုတေသီများ သုတေသနလုပ်ဖို့ကောင်း၏။

မောင်ပေါက်ကျိုင်းသည် စိတ်မောမောနှင့် သက်ပြင်းမှုတ်လိုက်ကာ မြက်ခင်းပေါ်တွင် ဖင်ထိုင်လျက်ကျသွားတော့သည်။

မောင်ပေါက်ကျိုင်း ဖင်ထိုက်လျက်ကျသွားသော နေရာတစ်ကွက်စာ၊ တစ်ပေပတ်လည်တွင် ယခုအခါ မြက်ပင်များ ဆက်၍ပေါက်မပေါက်ကို သမိုင်းဌာနပညာရှင်များ သုတေသနပြုသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဖနက္ကမင်းသားတောသို့ဝင်၍သွားသောအခါ သီဝလီအေဝိသည် တောစပ်တွင် မိန်းမော လဲကျသွားသောနေရာ၌ မြက်ပင်တို့ မပေါက်ဟု ရှေးဟောင်းအဋ္ဌကထာဆရာတို့ ဆိုရိုးပြုခဲ့သောကြောင့်တည်း။

စိတ်ဓာတ် အတော်ကျသွားဟန်တူသော မောင်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းအား အနားမှအားပေးမည့်သူမှာ ဆိုက်ကားဆရာ မောင်ရွှေနွယ် တစ်ယောက်တည်းသာရှိ၏။

"ကိုယ့်လူ ရုပ်ပျက်လိုက်တာ။ ဘဒ္ဒနုဝတီကို မမီ လိုက်တော့ ကျန်တဲ့စာရေးဆရာတွေ ဟောပြောတာကို နားထောင်ရအောင်လေ"

မောင်ရွှေနွယ်က ဆို၏။

"မထောင်ချင်တော့ဘူး။ မထောင်ချင်တော့ဘူး။ မင်း ကိုယ့်စိတ်ခံစားချက်ကို မသိပါဘူး"

မောင်ပေါက်ကျိုင်း၏ ဖြေဆိုချက်ကို မောင်ရွှေနွယ် ကြားရသောအခါ သူပါဟောပြောပွဲရှိရာသို့ ဆက်မသွားတော့ဘဲ မောင်ပေါက်ကျိုင်း ရှေ့တည့်တည့် မြက်ခင်းပေါ်တွင် ထိုင် လိုက်၏။ အရေးအကြောင်းဆိုလျှင် ပစ်ခွာ မသွားဘဲ သူ့အပါး တွင်ထိုင်ချလိုက်သော မောင်ရွှေနွယ်၏ စိတ်ဓာတ်လေးသည် ချစ်စရာကောင်းပေသား။

"ကဲ ဆိုစမ်း ဘယ်လို ခံစားချက်လဲ။ ခင်ဗျားက ခင်နှင်းယုရဲ့ သပြေဝတ္ထုထဲက အညာသား ကိုကျော်နိုင်၊ စာရေး ဆရာမလေး သပြေရှာပုံတော်ဖွင့်သလို ဘဒ္ဒနုဝတီရှာပုံတော် ဖွင့်ချင်လို့လား"

မောင်ရွှေနွယ်သည် ခင်နှင်းယုခေတ် လွှမ်းမိုးခြင်းကို ခံထားရသူပီပီ ပြောလိုက်၏။ အမှန်တော့ ဤနေရာလေးတွင်





သူတို့နှစ်ယောက်တည်း စာပေဆွေးနွေးပွဲကျင်းပနေကြသော အခြေအနေသို့ အလိုလိုရောက်သွားတော့သည်။

"အင်း ခင်ဗျားရဲ့ ခင်နှင်းယုက စာရေးဆရာမ တစ်ယောက်ကို ရှာပုံတော်ဖွင့်ရာက ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ရေးနိုင်တာကိုး။ ကျွန်တော့်မှာတော့ ခင်ဗျားမြင်တဲ့အတိုင်း ပက်လက်လန် . . ."

"အဲအဲ . . . အဲဒါ ဝေဒနာဗျ။ ခင်နှင်းယုဆိုလိုချက် က ရင်ထဲက ခံစားချက်ဝေဒနာမရှိရင် စာရေးလို့မရဘူးဆို တာ အဲဒါကိုပြောတာ။ ကိုယ့်လူ အားမလျော့စမ်းပါနဲ့။ နောက်တော့ ဘဒ္ဒနုဝတီကို ရှာပုံတော်ဖွင့်ရခြင်းအကြောင်းကပဲ ဝတ္ထုတစ်ပုဒ် ဖြစ်လာနိုင်တယ်။ ခင်ဗျားမှာ ဝေဒနာရလာပြီ"

ကိုရွှေနွယ်က အားရပါးရပြောလိုက်၏။ မောင်ပေါက် ကျိုင်းသည် သူ့ရင်ဘတ်ကို သူပုတ်လိုက်၏။

"ကိုယ့်လူရေ ကျွန်တော့်ရင်ထဲက ဝေဒနာကို ခင်ဗျား ကောက်ချက်ချတာ လွဲသွားပြီ"

"ဘယ်လို"

"ချစ်သောသူကို မတွေ့လိုက်ရသော ဆင်းရဲထက် ကြီးစွာသော ဆင်းရဲကို ကျွန်တော် ခံစားလိုက်ရတယ်"

"အဲ . . . အဲ . . . အဲဒါ ဝေဒနာပဲ"

မောင်ပေါက်ကျိုင်းသည် တခြားမိတ်ဆွေဆိုလျှင် အော်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မိမည်ဖြစ်၏။ သူ၏မောင်ရွှေနွယ် ဆိုက်ကားဆရာလေးသည် ရန်ကုန်ရောက်မှ သိကျွမ်းရသော်လည်း သူငယ်ချင်းကောင်း ငယ်အပေါင်းလို သူ့အပေါ်အနွံအတာခံ၍ သူသည် မအော်ရက်။ ရယ်စရာလိုလိုနှင့် သနားစရာကောင်းသော မောင်ရွှေနွယ်၏ မျက်နှာကို ပြန်စိုက်ကြည့်လိုက်၏။

"ခင်ဗျားကလဲ ခင်နှင်းယုရဲ့ပရိသတ်၊ သူ့စာပေလွှမ်းမိုးခံနေရတော့ သူ့ရဲ့စာပေ ပဋိစ္စသမုပ္ပါဒ်ကိုပဲ ရွတ်ဖတ်နေမှာပေါ့။ (ဘုရားသခင်ရဲ့ ပဋိစ္စသမုပ္ပါဒ်က၊ သံသရာက လွတ်မြောက်ကြောင်း။ နိဗ္ဗာန်ရောက်ရာတရားနဲ့ ဘဝအစကနေ သံသရာလည်ပတ်ပုံကို ဟောပြောတာ) ခင်ဗျား ခင်နှင်းယုရဲ့ ပဋိစ္စသမုပ္ပါဒ်က စာရေးဆရာဖြစ်ကြောင်းကိုပြောတဲ့ လောကီသံသရာလည် ပတ်ကြောင်းပေါ့။ ခင်ဗျားကို ကျွန်တော် ဘယ်လိုမှ ချေပပြောဆိုလိုလို့ မဟုတ်ပါဘူး။ သိစေချင်တာ၊ သိစေချင်တာ"

"ဘာကို သိစေချင်တာလဲ ဟင်"

မောင်ရွှေနွယ်သည် အပြစ်မဲ့သော မျက်နှာဟန်လေးနှင့်ပင် မေးလိုက်၏။

"ကျွန်တော်ချစ်တဲ့ စာရေးဆရာမကို အခုတွေ့လိုက်ရသည်ဖြစ်စေ၊ မတွေ့လိုက်ရသည်ဖြစ်စေ၊ နောက်မှပဲ ကံအကြောင်းဆုံလို့ တွေ့ရ တွေ့ရ ဒါကအကြောင်းမဟုတ်ဘူး။





ကျွန်တော် ကြိုးစားရမယ့်အပိုင်းပါ။ လောလောဆယ် ကျွန်တော်စိတ်မကောင်းဖြစ်သွားတာက ကိုယ့်ချစ်သူဟာ အပြစ်ကင်းစေချင်တာပေါ့"

"အခု ဘာဖြစ်သွားလို့လဲ"

"ခုနက တွေ့လိုက်တဲ့ ဟိုလူစုက ဘဒ္ဒနဝတီအပေါ် ကောက်ချက်ချသွားပုံကို ပြောတာ။ သော်...သော်လို့ ပြောတယ်လေ"

"အင်း..."

"ဘယ်လောက် ရင်နာစရာကောင်းလဲဗျာ။ သူတို့ဆိုလိုတာက အနုပညာသမားအစစ်အနေနဲ့ စာပေကို ချစ်မြတ်နိုးလို့ စာရေးဆရာ ဖြစ်ချင်လို့ မဟုတ်ဘူးပေါ့။ သော်ချက်ချင်လို့။ ငွေရှာချင်လို့ စာပေနယ်ရောက်လာတာပေါ့။ ရင်နာလိုက်တာဗျာ။ သိက္ခာ ကျလိုက်တာဗျာ။ အနုပညာသမားတစ်ယောက်အဖို့ ခုလိုအစွပ်အစွဲခံရတာဟာ ရင်နာစရာအကောင်းဆုံးပဲ"

မောင်ရွှေနွယ်သည် ငြိမ်သက်စွာ နားထောင်နေရာမှ သက်ပြင်းချလိုက်၏။ သူ၏ထင်မြင်ချက်ကို ထစ်အ, ထစ်အနှင့် တစ်လုံးချင်း ရှင်းပြ၏။

"ဒီလိုရှိတယ် ကိုကျိုင်း"

မောင်ပေါက်ကျိုင်းကို ခေါ်နေကျအမည်မခေါ်ဘဲ မောင်ရွှေနွယ်သည် ချစ်စနိုးခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"လူ့သဘာဝဆိုတာ ကိုယ့်နာလို ရွာ့ထက်ဝက်၊ သူ့နာလို ရွာ့ထက်ဝက်တဲ့။ ခင်နှင်းယုကို ကြည့်ပါလားဗျာ ကျွန်တော်တို့ကသာ သူ့စာပိုဒ်တွေများဆို တချို့အလွတ်ရလို့၊ စာပေဆွေးနွေးပွဲဆို သူ့စာတွေ ရွတ်ဖတ်ကြရတာအမော။ သူ့ကို ပဋိပက္ခပြောသူတွေတွေ့ရင်လဲ ကာယကံရှင်ကတော်တော်ရယ် ကျွန်တော်ဖြင့် လက်သီးနဲ့များတောင် ထထိုးချင်တယ်။ အဲဒီ လောက် သူ့ကိုချစ်တဲ့ သူ့ပရိသတ်ရှိနေပေမယ့်လည်း ဝေဖန် ချင်တဲ့အပိုင်း။ မနာလိုတဲ့အပိုင်းက ခင်နှင်းယုဟာ မပြတ် သားဘူး။ လစ်ဘရယ်ကျလွန်းတယ်၊ အရင်းရှင် ပါလီမန် ဘက်တော်သားလို့ ပြောကြတယ်ဗျာ။ ခင်နှင်းယုမှာ သူ့ဟာသူ ကြိုးစားရတာပဲ။ အခု ကိုကျိုင်းရဲ့ အချစ်တော် ဘဒ္ဒနုဝတီကို ဘော်ချက်တဲ့ စာရေးဆရာမလို့ စွပ်စွဲခံရတာ ဘာနာကြည်း စရာလဲဗျာ။ လူတွေဆိုတာ ဒီလိုပါပဲလား။ ဒါတွေအတွက် စိတ်မပင်ပန်းနေပါနဲ့ ကိုကျိုင်းရယ်။ သူတို့စွပ်စွဲသလို ကိုကျိုင်း ရဲ့ဘဒ္ဒနုဝတီဟာ တကယ်ပဲ ဘော်ချက်သလား။ သူ့အခြေ အနေက ဘယ်လိုလဲ၊ ကိုယ့်ဘာသာ တိတိကျကျ စုံစမ်းဖို့က ကိုယ့်တာဝန်မို့လား။ ကဲလေ လက်ရှိမျက်မှောက်ခေတ်မှာ ရာဇဝင်ဝတ္ထုရေး၊ နိုင်ငံခြားဝတ္ထုကိုမှီးပြီး မြန်မာဝတ္ထုအစစ်လို ရေးနိုင်တာမှာရော၊ စုန်းကဝေဝတ္ထုရေးနိုင်တာမှာရော၊ ဒေါ်ဒဂုန် ခင်ခင်လေးကို မီတဲ့စာရေးဆရာ ယောက်ျားထဲက စာရေး ဆရာဘက်စုံကို ဖော်ပြစမ်းပါဗျာ၊ ဝေဖန်ရေးသမားတွေဟာ ဒီလိုပါပဲ။ သူများကိုသာ ဝေဖန်တတ်တာ၊ သူတို့က စာအုပ်





တစ်အုပ်ဝေးလို့ စာတစ်ပိုဒ်တောင်အချိုးကျကျ မရေးပြနိုင်ဘူး။ ဝင်းဦးဆိုလဲ တက်လာတယ်ဆို မနာလိုတဲ့အပိုင်းက ခေါ်တော မျက်လုံး။ ဘာညာနဲ့၊ အဲဒီခေါ်တောမျက်လုံးကိုပဲ စွဲမက်လို့ လိုက်ကြည့်ရတာအမော။ အများလက်ခံလို့သာ အဲဒီ ဝင်းဦး ဆိုတဲ့မင်းသား ရုပ်ရှင်မှာကျောက်တိုင်တစ်တိုင် စိုက်နိုင်တာပေါ့ ကိုကျိုင်းရယ်။ ဘယ်သူဖြစ်ဖြစ် အနုပညာနယ်မြေမှာလေ ကျော်ကြားလာရင် သူတို့မှာ တော်တာတစ်ခုတော့ သာမန် လူတွေထက် ထူးခြားချက်ရှိလို့လို့ မှတ်ထားပေတော့။ အဲ- Gifted ဆိုတဲ့ မွေးရာပါ အနုပညာသန္ဓေ(ပါရမီ)ဆိုတာကတော့ ဘယ်သူယှဉ်လို့မှ အနိုင်မရပေဘူးပေါ့။ ကဲပါ ကိုကျိုင်းရယ် ထစမ်းပါ။ အားတင်းလိုက်စမ်းပါ နဂါးနိုင်မင်းကြီးရဲ့"

ကိုရွှေနွယ်က ပြုံးပြုံးရယ်ရယ်နှင့် အားပေးတော့မှပင် သူ၏ခြေပစ်လက်ပစ် ပုံကျသွားသော ကာယိန္ဒြေကို ပြန်ထိန်းဖို့ မောင်ပေါက်ကျိုင်း သတိရလာသည်။ သူတို့သည် တစ်ယောက် လက် တစ်ယောက်တွဲကာ စာပေဟောပြောပွဲ မြက်ခင်းပြင် ကိုကျောခိုင်း၍ ထွက်လာကြသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

## များရည်စုပ်ပန်းရန့်သင်းပျံ့သောခါ

ဤမြက်ခင်းပြင် ဟောပြောပွဲတွင် တွေ့ကြုံလိုက်ရသော တဒင်္ဂပဟာန် ဝေဖန်မှုကြောင့် မောင်ပေါက်ကျိုင်းသည် သူ၏ဘဒ္ဒနုဝတီအတွက် အတော်ပင် ဆွေးသွားသည်။

သူ့ထက်ကာလ ရှည်လျားစွာ နာကြည်းခြင်း၊ အခံရခက်ခြင်း ဝေဒနာကို ခံစားနေရသူ တစ်ယောက်ရှိသေးသည်ကို မောင်ပေါက်ကျိုင်း မသိသေးပေ။

ဒေါက်တာ သုနာပရန္တ။

တကောင်း၏ ရာဇဝင်တွင် ဘဒ္ဒနုဝတီ၏ချစ်ဦးသူသည် သုနာပရန္တနဂါးမင်းဖြစ်ခဲ့သလို၊ လက်ရှိ ဘဒ္ဒနုဝတီ၏ တစ်ဦး





တည်းသော ချစ်သူသည် ဒေါက်တာသုနာပရန္တသာဖြစ်သည်ကို မောင်ပေါက်ကျိုင်းသာ သိလျှင်လည်း ပို၍ဆွေးပေမည်။

ဒေါက်တာသုနာပရန္တသည် ဆရာဝန်ဘွဲ့ယူပြီး(လေးငါး)နှစ် လုပ်သက်ရှိပြီးမှ ဘဒ္ဒနုဝတီကိုတွေ့ခဲ့သူဖြစ်သည်။ သူက စာပေလိုက်စားသူ မဟုတ်၍ သူ့မမ (သို့မဟုတ်) ဘဒ္ဒနုဝတီကို စာပေရှုထောင့်မှကြည့်၍ ချစ်ခဲ့ခြင်းမဟုတ်ပါပေ။ မမရောဂါတစ်ခုကို ကုသရန် သူ၏ဆေးခန်းကို လာရင်းမှ မမ''အလှ'' ကိုမြင်၍ ချစ်ခဲ့သူတစ်ယောက်။

သူက စာပေဝါသနာအိုး မဟုတ်။ ဆေးပညာစာပေနှင့်သာ အချိန်ကုန်ခဲ့၏။ သူဖတ်သော ဝတ္ထုများမှာလည်း များသောအားဖြင့် အနောက်တိုင်း ဝတ္ထုများသာ ဖြစ်ခဲ့၏။ သို့သော် သူ၏ချစ်ဦးသူ ဘဒ္ဒနုဝတီနှင့်တွေ့ပြီးမှ သူသည် ဆေးရုံပေါ်ရှိ လူနာများနှင့် သူ၏ပြင်ပကိုယ်ပိုင် ဆေးခန်းကို လာသော လူနာများမှတစ်ဆင့် မြန်မာဝတ္ထုများကို လေးစားလာ၏။

ဝတ္ထုများသည် ဘဝအစစ်ကို သရုပ်ဖော်ဖော်၊ မဖော်ဖော် အပျော်သက်သက် ရေးခဲ့သည်ပဲဆိုဆို၊ ဝေဒနာသည် ရောဂါရှင်များအတွက် အိပ်ရာပေါ်တွင် ကာလရှည်လျားစွာ လဲလျောင်းနေရသောသူတို့၏ ပျင်းရိဖွယ်ဘဝကို မသိမသာ ကုန်ဆုံးစေသော စိတ်သက်သာရာရစေသော အဖော်မှာ ဝတ္ထုများသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပ ဆေးခန်းများတွင်တော့ လူနာများသည် ဆရာဝန်ကို မိမိအလှည့်ကျရန် စောင့်ရင်း ဝတ္ထုတိုရှည်တို့ကို ဖတ်ကြရ၏။ နာတာရှည်ဝေဒနာသည်များအဖို့တော့ တစ်ခါတစ်ရံ စာပေဝိုင်းလေးဖွဲ့ကာ မိမိတို့ဝါသနာပါရာ စာပေအကြောင်းကို ဆေးရုံပေါ်တွင် လေ့လာဆွေးနွေးရင်း သူတို့ဝေဒနာကို ခေတ္တမေ့ပျောက်သွားကြသည်။

ဒေါက်တာ သုနာပရန္တသည် သူ၏ဝေဒနာသည်များမှ သတင်းစကား ကြားသည်မှာ ကြာလှပြီ။ ဘဒ္ဒနုဝတီကို 'ငွေတွင်းတူးသူ'(ဝါ) 'ဘော်'ချက်သူဟု များသောအားဖြင့် ဝေဖန်ကြသည်။ စာပေကို အပျော်သဘောဖတ်သူတို့ကသာ ဘဒ္ဒနုဝတီစာအုပ်ကို နှင်ပြီးနှင်ဆင်း သဘောထားဖတ်သည်ကိုတွေ့ရ၍ သူစိတ်မသက်သာပါပေ။ ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်သော စာရေးဆရာ၏စာအုပ်မှာ ဘဝနှင့် နီးစပ်သည်။ လူထုနှင့်အတူ လက်ရည်တစ်ပြင်တည်း ဖြစ်နေသည်။ စာတစ်အုပ်ဆို ဆိုသလောက်ပဲ ရာသက်ပန် သိမ်းထားသင့်၍ ဘဝအဖော်လို အသုံးချသင့်သည်။ ရုပ်ရှင်တစ်ကားဆိုလည်း ဆိုသလောက်ပဲ လူထုကဝက်ဝက်ကွဲ လက်ခံကြသည်ဆိုသော ချီးမွမ်းသံကိုသာ သူကြားလိုပါသည်။ ကာလသုံးပါးတွင် လူ့သမိုင်း၏ ကြေးမုံသဖွယ် ဖြစ်နေစေချင်ပါသည်။

ယခုတော့ သူ၏မမသည် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များ အကြိုက်ဝတ္ထုဇာတ်လမ်းရေးပေးနေသူတစ်ယောက်၊ ဒီဝတ္ထုကို ပြီးမှပုံနှိပ်ထုတ်ဝေသူ တစ်ယောက်အဖြစ် ဝေဖန်ဆွေးနွေးကြ





သည်ကို သူကြားရသောအခါ ဘာပဲဖြစ်ဖြစ် စိတ်မချမ်းမြေ့ပေ။ မမဝတ္ထုများမှာ စောင်ရေသောင်းကျော်ပဲ ထုတ်ရထုတ်ရ၊ ထူထူတစ်အုပ်ပဲ ထွက်ထွက်၊ ရုပ်ရှင်အဖြစ် ဘယ်လိုပဲ ရိုက်ရရိုက်ရ၊ ဒီလိုအပေါစားဆန်ဆန် ငွေရှင်များအိတ်ထဲသို့ သွတ်သွင်းခံရသည်ကို သူဘယ်မှာ ခံနိုင်ပါမည်နည်း။

ပြီးတော့ မမသည် စားရတစ်ချက်၊ မစားရတစ်ချက် နှင့် စာပေလောက၏ ရေငံပင်လယ်တွင် ဖောင်ငယ်နှင့်မျော နေရသူမဟုတ်။

လက်ရှိခေတ်အခေါ်အရ စာရေးဆရာ "ဘူဇဝါ" အခေါ်ခံရအောင် ပင်ကိုချမ်းသာသူတစ်ယောက် ဖြစ်ပါလျက် နှင့် ဘာကြောင့် ဖူဇကာဆန်ဆန် အစား၊ သို့မဟုတ် ငွေကို မက်ရပါသနည်း။

သုနာပရန္တ မတွေးတတ်ပေ။

တစ်နေ့နေ့တော့ အခွင့်အလမ်း ကြုံရပေဦးမည်။ ထိုတစ်နေ့တွင်တော့ သူသည် ဘဒ္ဒနုဝတီအား အများမှတ်ကျောက်တင် ဝေဖန်ဆွေးနွေးချက်များကို ပြောပြလိုက်ဦးမည်။

ရုပ်ရှင်ထုတ်လုပ်သူပိုင်းကလည်း မမကို သူတို့၏ အသုံးတော်ခံ တစ်ယောက်လောက်သာ ကွယ်ရာတွင်သဘောထားသည့်အကြောင်းကို သူသည်အမှန်အတိုင်းတင်ပြဖို့ စိတ်ကူးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆုတောင်း ပြည့်သည်ဟု ဆိုရမည်။ နေ့တစ်ရက်တွင် မမသည် သူတို့၏သစ်သော့သီးခြံရှိသော ကလောကို အပန်းဖြေ သွားမည်ဟုဆို၏။

မမက သူ့ကိုအဖော်ခေါ်သည်။ သူတို့နှစ်ဦး၏ခရီးသွားသည် လက်ထပ်ပြီးစမဟုတ်၍ ပျားရည်ဆန်း ခရီးထွက်ခြင်းမဟုတ်။ ထိုအချိန်သည် မမ၏ 'နော်ဇာရွှေဘုံး တစ်နိုင်လုံး' ကို ဒေါက်တာသုနာပရန္တသည် လုံးလုံးချည်း မပိုင်သေးသော အချိန်ဖြစ်၏။

ထို့ကြောင့် သူတို့ခရီးထွက်ခြင်းကို အမည်ပေးရလျှင် 'ပျားရည်စုပ်ပန်းများ ရန့်ကိုခံယူရ' သက်သက်၊ ပြေး၏နွေအနွမ်းကို ကလောတွင် အပန်းဖြေရန်သွား၍ လည်ပတ်ကြခြင်းဖြစ်သည်။ ကလောသွားရထားပေါ်တွင် ဒေါက်တာသုနာပရန္တက သူကြားရချက်များကို မမအား တင်ပြခွင့်ကြုံပေသည်။ မမ၏ဖြေဆိုပုံသည် စိတ်ဝင်စားစရာ ကောင်းပေသား။

"အဲဒီတုန်းက ဘဒ္ဒနုဝကီဆိုတဲ့ ကလောင်အမည်ကို မယူခဲ့သေးပါဘူး။ ငယ်နာမည်က တင်တင်မေဆိုတဲ့ အမည်နဲ့ပဲ စာရေးခဲ့တယ်။ ခုမှမောင့်ကိုချစ်လို့ မောင့်နာမည် အဆုံးသတ်ဦးကိုယူပြီး၊ မမနာမည်ရင်းကို တင်မေဦးလို့ပြောင်းလိုက်တာ"

ဒေါက်တာသုနာပရန္တသည် ဘဒ္ဒနုဝတီပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေ၏။ အပြင်တွင် နေရောင်ရှိနေသေး၍ ရထားပြတင်းမှ ဝင်လာသော အလင်းရောင်ဖြင့် ချစ်သူ





မျက်နှာကို ထင်ရှားစွာ မြင်နေရသည်။ ရန်ကုန်အိမ်တွင် သူတို့နှစ်ယောက် စကားဆုံစဉ်ကလို တွေ့စဉ်ကလိုတောင် လှုပ်လှုပ်ရှားရှားမရှိ။ ပကတိ တည်ငြိမ်သောအသွင်ကို တွေ့ရသည်။ ရထားသည် သာစည်လမ်းခွဲမှ ကလောသို့တက်လာခဲ့သည်။ သာစည်၏အပူသည် သက်သာစပြုလာသော်လည်း လုံးလုံးကြီးပြောင်းလဲ၍မသွားသေးပေ။ ထို့ကြောင့်ပင် ဘဒ္ဒနုဝတီအား အပူပိုင်းဖုံ ဝတ်စားတန်ဆာတို့ဖြင့် ပေါ့ပေါ့ပါးပါး တွေ့နေရ၏။

သူ့ရန်ကုန်အိမ်တွင် ဝတ်နေကျလို ပိုးပျော့ကျော်ကျက်ဆန်ဆန် ကရိန့်နိုင်လွန် အစိမ်းနုကို ဘရာစီယာနှင့်ဝတ်ထား၏။ အပျိုကြီးဖြစ်၍ ရင်သားသည် လုံးဝိုင်းလျက် ဘရာစီယာအောက်တွင် မို့မောက်လျက်ရှိပေသေးသည်။ ပိုးပျော့ထဘီစကားဝါရောင်တွင် အစိမ်းခက်များသည် အောက်ခံအဝါကို ပျောက်လုအောင် သွယ်ခက်ယှက်နွယ်ထားသဖြင့် ရွှေညိုရောင်သမ်း၍နေတော့သည်။ အပေါ်အင်္ကျီအစိမ်းနုနှင့် လိုက်ဖက်လှလေသည်။ ပင်လယ်ပြာအောက် ကျောက်ခက်များအလယ်တွင် လှုပ်ရှားကူးခတ်နေသော ရွှေငါးအိအိလေးအသွင်ကို ဆောင်နေသည်။ မို့နေသောတင်ပါးမှာ ရင်သားလို ခပ်ထွားထွားဖြစ်၍ သေးသွယ်သောခါးနှင့် အချိုးကျပေသည်။ ဘယ်သူကမှ သူ့ချစ်သူကို လေးဆယ်နားနီးလာသော ရွယ်အိုစချိန် ပျိုးလာသူဟု ဆိုလျှင် ယုံနိုင်စရာမရှိပါပေ။

ပြတင်းမှ နေခြည်ရွှေရောင်ဖျော့များသည် ပါးရေမတွန့်သော သူ့ချစ်သူမျက်နှာ၏အလှကို ပြတ်သားစွာ ဝင်း



www.burmeseclassic.com

www.burmeseclassic.com



နေစေသည်။ မျက်ခုံးကိုချီ၍ ပါးလျားသောနှုတ်ခမ်း နှင်းဆီသွေးနှင့် စကားကိုဖြည်းဖြည်းပြောလာ၏။

"မောင်မောင်နဲ့လဲ မတွေ့ရသေးဘူးလေ"

အမှန်တော့ ဒေါက်တာသုနာပရန္တဆိုသော အမည်ရင်းမှာ သူ့နာမည်ရင်း မဟုတ်ပါ။ သူ၏ ငယ်နာမည်သည် မောင်မောင်ဦးဖြစ်သည်။ ဆရာဝန်ဘွဲ့ကိုယူပြီးမှ မမနှင့်တွေ့ပြီးမှ ဒေါက်တာသုနာပရန္တဟူသော တရားဝင်နာမည်ကို ဘဒ္ဒနုဝတီဆန္ဒအတိုင်း ရီဂျစ်စတာလုပ်လိုက်ရသည်။ သူ၏ မမသည် သူ့အား နှစ်ကိုယ်ချင်း တွေ့လျှင်တော့ ချစ်စနိုး မောင်မောင် ဟူ၍ပင်ခေါ်သည်။

ယခုရထားပေါ်တွင် စကားပြောပုံမှာ ပကတိတည်ငြိမ်လှသည်ဟု ဒေါက်တာသုနာပရန္တ ထင်မည်ဆိုလျှင်လည်း ထင်သင့်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ချစ်သူသည် ရန်ကုန်အိမ်တွင် များသောအားဖြင့် အလှပြင်ချိန် မှန်တင်ခုံရှေ့၌ သူနှင့်စကားပြောလေ့ပြောထရှိ၏။ မှန်တင်ခုံရှေ့ထိုင်ခါနီးတွင် သီချင်းလေးညည်း၍ ထိုင်တတ်သည်။ တခြားအချိန်များတွင် ဘာသီချင်းကို ဆိုတတ်သည်ဟု မသိသော်လည်း သူ့ရှေ့တွင်မူ –

"သုနာပရန္တ နဂါးမင်းကို မျိုမလိုချစ်ခဲ့ပေရှာ။

ဘဒ္ဒနုဝတီ စိတ်နာပြီး ပေါက်ကျိုင်းရဲ့အပေါ်မှာ"

ဆိုသော ထိုသီချင်းပိုဒ်ကိုပဲ ဆိုတတ်၏။ ပြီးတော့





လည်း အလှရည်များကို တစ်ခုပြီးတစ်ခု သူ့မျက်နှာပေါ်တွင် ညင်သာစွာ ပွတ်သပ်လိမ်းခြယ်ဆဲတွင်လည်း –

"မောင်မောင့်အတွက် မမဒီမျက်နှာအလှကို ခြယ်သနေရတာပေါ့။ ဒီခန္ဓာကိုယ် အလှကိုရော ခုချိန်ထိ အဘွားအိုရှုတ်တွလို မဖြစ်သွားအောင် ထိန်းနေရတာလဲ မောင်မောင့်အတွက်ပဲပေါ့"ဟူ၍ ချစ်စဖွယ်မျက်လုံး တောက်တောက်ဝိုင်းဝိုင်းကို လှပစွာကစားရင်း စကားတပြောပြောနှင့် အလှပြင်တတ်၏။ တကယ်လည်း ရေချိုးပြီးစ အမွှေးနံ့သာမခြယ်မီ မမမျက်နှာ ပြောင်တင်းတင်းသည် နံပါတ်စဉ်အတိုင်း အလှရည်တစ်ခုပြီးတစ်ခု လူးလူးပြီးသောအခါတွင် ရွှေရုပ်လွှာသည် ပြောင်း၍ပြောင်း၍လာ၏။ မျက်နှာကိစ္စပြီးမှ –

"နှုတ်ခမ်းကိုတော့ မောင်မောင်ကိုယ်တိုင် ခြယ်ပေးရမယ်နော်" ဟုဆို၍ သူ ထိုနေ့ဆိုးမည့် နှုတ်ခမ်းဆိုးဆေးအရောင်ကို ရွေးချယ်ပေးတတ်သည်။ မောင်မောင်က နှုတ်ခမ်းဆိုးပေးခဆို၍ နှင်းဆီဝတ်လွှာလို နုညံ့ပါးလျားသော နှင်းဆီငုံကိုစုပ်နမ်းပြီးမှ နှုတ်ခမ်းဆိုး ပေးတတ်သည်။ သူ့မမသည် သူ့လို ငယ်ရွယ်သူ ဆရာဝန်တစ်ယောက်အား သူ့အပေါ် မငြီးငွေ့သွားအောင် ယခုလိုလည်း ထိန်းတတ်၏။

အားလုံးအလှပြင်ပြီးမှ ဒေါက်တာသုနာပရန္တသည် ဆေးတစ်လုံးတစ်လုံးထိုးပေးရသည်။ ဘဒ္ဒနုဝတီသည် သူ့ခန္ဓာကိုယ်အလှများ အသားအရောင် ကြည်လင်ဖို့၊ အရေပြားများ တောက်ပဖို့၊ အရွယ်မတိုင်မီ အရေတွန့်လိပ်မသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်နိုင်သော နိုင်ငံခြားဖြစ် ဆေးများကို ဒေါက်တာ သုနာပရန္တမှ တစ်ဆင့်ရှာဖွေခိုင်းကာ အမြဲသုံး၍ နေသောကြောင့် ရှယ်တူချင်းနှင့်ယှဉ်လျှင် ဘဒ္ဒနုဝတီသည် ပင်ကိုအလှ တတ်ခံကလည်းရှိ၍ အရွယ်တင်လှသည်။

"ဘယ်လိုပဲ ပြောပြော၊ အသည်းနှလုံးကိုသာ အရေး ပေးချစ်တတ်သူပါ ဆိုပေမယ့် မောင်မောင်ရေ၊ မောင်မောင် တို့ယောကျ်ားဆိုတာ အလှချင်း၊ အရွယ်ချင်းယှဉ်ရင် နုပျို လတ်ဆတ်တဲ့ဘက်ကို အလေးပေး စမြဲမို့ မမတော့လေ၊ တစ်လောကလုံးက အပြစ်ပဲလို့ပြောပြော ဟောဒီမောင်မောင် ကိုပိုင်နေတဲ့ ကောင်မလေးတွေထက် အလှမှာရော၊ အချစ် မှာရော တစ်ပန်းသာအောင် ကြိုးစားနေရတာပဲ မောင်မောင်"

မမသည် သွယ်ပြောင်းသော လက်ညိုးချွန်ချွန်လေးနှင့် မောင်မောင့်ရင်ဝကို ထိကာထိကာ စကားဆိုတတ်၏။ မမသည် သူ့ရင်မှအချစ်ကိုလွတ်လပ်စွာဖွင့်ချိန်တွင် ၂၀–ကျော် ကောင်မလေးများထက် သာသည်ကိုတော့ မောင်မောင်ဦး ဝန်ခံရပေမည်။

သူသည် အလှတွေက ရှန်းပပ၊ အပြောတွေကြွယ် ၍သာ မမအပါးမှမခွာနိုင်သည် မဟုတ်ပါသေး။ သူ့ဆရာဝန် လုပ်သက်(၅)နှစ်လောက်ရချိန်တွင် ဒေါက်တာသုနာပရန္တဆို သောအမည်ကို မှတ်ပုံတင်ခိုင်း၍ ရန်ကုန်မြို့၊ ဆင်ခြေဖုံးတွင် မမက ဆေးခန်းဖွင့်ပေးသည်။ သူသည် ညနေပိုင်းတွင် မမ ဆေးခန်းကို လာထိုင်ပေးရ၏။ သူ့အားလက်ရှိအစိုးရ ချထား





သောတာဝန် ရန်ကုန်ဆေးရုံကြီးနှင့် ညနေပိုင်းကိုယ်ပိုင် ဆေးကုခန်းကို သွားလာဖို့ ဘောက်စ်ဝက်ဂွန်ကား မလိုင် ရောင်မှာ မမဝယ်ပေးထားခြင်းဖြစ်သည်။ မမကို ကျေးဇူးရှင် တစ်ယောက်အဖြစ်နှင့်လည်း လေးစားရပါသောကြောင့် မမ ဆိုနေကျသီချင်းတွင်–

"သုနာပရန္တ နဂါးမင်းကို မျိုးမလိုချစ်ခဲ့ပေရှာ"

စကားလုံးပါခဲ့သလိုပင် သူကလည်း ဘဒ္ဒနုဝတီအပေါ် တွင် မျိုးမလိုချစ်ခဲ့ရသည်ဆိုလျှင် မှန်ပေသည်။ ဒါကြောင့်ပင် မမ၏ပန်းများမွှေးသော ဥယျာဉ်၏မြက်ခင်းပေါ်တွင် စကား ဆိုကြသောအခါတိုင်း ဆရာဝန်သုနာပရန္တသည် . . .

"မမရေ . . . တစ်နေ့သောအခါ မောင်ပေါက်ကျိုင်း လို အာဏာနည်သူရဲကောင်းကြီးတွေနဲ့ တွေ့ခဲ့ရင် မောင်မောင် သုံးပိုင်းအပိုင်း မခံပါရစေနဲ့နော်။ သေတော့မှအရေဆုတ်ပြီး အကျီချုပ်ဝတ်ရတဲ့ ချစ်ဦးသူတို့ဘဝတို့၊ အရိုးကိုစိန်တစ်ထောင် ပဲစီပြီး မမဆံထုံးမှာဆံထိုးအဖြစ် စံစားနေရတဲ့ဘဝတို့ဆိုတဲ့ အဖြစ်တွေကို မောင်မောင် မလိုချင်ဘူးနော်။ မောင်မောင်တို့က လူငယ်ဆိုတော့ လက်တွေ့ဟာလက်တွေ့ပဲ၊ ရွှေသလွန်မှာ ချစ်ဦးသူနဲ့ အသက်ရှင်လျက်ပဲ နန်းသိမ်းပွဲခံချင်တယ်"

ဒီလိုပဲ ရာဇဝင်ဆန်ဆန်စကားလုံးများနှင့် ဘဒ္ဒနုဝတီ ၏နှလုံးသားကို ညလွှာရံအချစ်တေးဖြင့် ဆွတ်ဖျန်းခဲ့ရပါသည်။

အချစ်ဆိုသည်မှာ သစ္စာတရားတစ်ခုဖြစ်၏။ မမအပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ငယ်ရွယ်သူကောင်လေး တစ်ယောက်အနေနှင့် 'ပိုင်လိုခြင်း'ဟု အများထင်မှတ်ရှိသော်လည်း သူ့အဖို့တွင်မူ ကျေးဇူးရှင် တစ်ယောက်အနေနှင့် သစ္စာတရားကို ထိန်းသိမ်းလျက် ရှိပေသည်။ ဘဒ္ဒနုဝတီသည် စကားပြောရာ၌ သူတစ်ပါး စိတ်ဝင်စားအောင် ပြောတတ်သူပီပီ သူသည်တစ်ခါက တင်တင်မေဆိုသည့်အဖြစ်ကို ဆက်လက်ပြောပြ၏။

"မီးရထားစီးရင်လဲ ခုလိုအိပ်ခန်းတို့ အထက်တန်းတွဲတို့ မမ, မစီးပါဘူး။ ရန်ကုန်မှာ သွားရင်လာရင်လဲ များသောအားဖြင့် မမ ဘတ်စ်ကားပဲ စီးတယ်။ တစ်နေ့ ကလောကိုအသွား . . ."

မမအဆိုအရ သူငယ်ငယ်တုန်းကလည်း သစ်သော့သီးခြံများရှိရာ ကလောသို့ကျောင်းပိတ်ရက်တွင် သွားလည်တတ်၏။ ကလော၏သစ်သော့သီးခြံမှာ သူ့အဒေါ် (အန်တီဒေစီ)နှင့်သူ့အမွေဆိုင်ရထားသော ခြံဖြစ်သည်။

သူ့အဒေါ်သည် ရန်ကုန်မှရပ်ရှင်ရုံကို ရောင်းချ၍ ကလောတွင် မြေဝယ်ထားသည်။ သူ့ခြံတွင် မက်မွန်သီးများ၊ လိုင်းချီးစ်ပင်များကို စိုက်ပျိုးထား၏။ ဝေဘယ်လ်တောင်ကုန်းထိပ်အိမ်ကလည်း တူအရီးအမွေဆိုင်ပင်ဖြစ်သည်။ စီးပွားရေးတွင် အမြင်ကျယ်သူဖြစ်၍ မက်မွန်သီးကို အမျိုးမျိုးယိုထိုး၍ ရောင်း၊ လိုင်းချီးစ်သီးများကို အစိုရော၊ အခြောက်ရော ပြုပြင်၍ ရောင်းချရုံမက မက်မွန်သီးကို ဝိုင်အဖြစ်ပြုလုပ်၍ ရောင်းပေသည်။





ဘဒ္ဒနုဝတီသည် ထိုစဉ်က စီးပွားရေးကို ဘာမှနားမလည်သေးပေ။ အဒေါ်၏ခြေရာကိုမမီသေးပေ။ သူဆိုလိုသော ထိုစဉ်ကတစ်နေ့ကလည်း သူ့အဒေါ်က သာစည်မှသည်ကလောသို့ ကားနှင့်ထွက်ခွာသွားသည်။ သူ့ပစ္စည်းများအားလုံးထည့်လိုက်၏။ ပေါ့ပေါ့ပါးပါး ငွေအနည်းငယ်ပါသောလက်ကိုင်အိတ်တစ်ခုတည်းပင် သူ့မှာပါသည်။

စာရေးဆရာဖြစ်လိုလှသော ဘဒ္ဒနုဝတီသည် သာစည်ကလောသွား ရထားပေါ်တွင် သူနှင့်တစ်တွဲတည်း စီးလာသော ခရီးသွားဖော်တို့၏ စရိုက်ကို လေ့လာလို၍ တောင်ကုန်းကို စတင် တက်လာသော ရထား၏ အပြင်အလှကို ကြည့်ရင်းလိုက်ပါလာခဲ့၏။

စိန်နားပန်ပွင့်လေးများသည်လည်းကောင်း၊ မော်လမြိုင်ပန်းရောင်စုံများသည်လည်းကောင်း ကျောက်တုံးကြီးများကြားမှ သဘာဝအတိုင်း လွတ်လပ်စွာပွင့်နေကြသည်။ ရထားလမ်းအပြင်ဘက်ကို ပန်းတို့သည် တန်ဆာဆင်ထား၏။ နေညို၍ အအေးဓာတ်ပိုလာရုံမက ယခုလို နွေခရီးမဟုတ်၍ ဆောင်းနွေအောက်တွင် ပန်းလေးများ ခိုက်ခိုက်တုန်နေကြသည်။

ခွေးရုပ်ဘူတာလွန်သောအခါ အအေးရှိန်သည် ပိုမိုပြင်းထန်လာ၏။ ထိုအခါမှ သူမေ့၍ပါသွားသော အဒေါ်၏အိတ်ထဲမှ ဆွယ်တာကို သတိရသည်။ ရထားမီးမှာ လင်းတစ်လှည့် မှိန်တစ်ခါဖြစ်နေလေသည်။ ခရီးသည်များ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



လိုလို အနွေးထည်ကိုယ်စီနှင့်ဖြစ်၏။ သူသည် ထိုအချိန်ကျမှ သူ့အပါးမှ အနီးကပ်ဆုံးထိုင်နေသော ခရီးသည်အမျိုးသမီးကို ကြည့်မိ၏။

အမျိုးသမီးသည် သူ့အဒေါ်အရွယ်လောက်ရှိသည်။ အဝတ်အစား နွမ်းပါးပုံရ၏။ များသောအားဖြင့် ရှမ်းပြည်နယ် တောတွင်းပိုင်းသုံးတတ်သော တောင်ယာသူတို့၏ သက္ကလပ် ကြမ်း အစိမ်းရင့်ရောင် တစ်ပတ်နွမ်းကို ဘလေဇာပုံချုပ်၍ ဝတ်ထား၏။ လည်ပင်းတွင် ပတ်ထားသည်မှာလည်း မျက်နှာ သုတ်ပဝါဖြစ်၏။ နားရွက်နွေးအောင် ခပ်မြှင့်မြှင့်ပတ်ထားသည်။ မျက်နှာရော လက်ဖျားများကိုရော အသားအရေကိုကြည့်ရ သည်မှာ စင်စင်ကြယ်ကြယ် တောက်တောက်ပပမရှိပေ။ ကိုယ် ရေပြားရောဂါရှိသလားဟူ၍ပင် သံသယရှိလိုက်၏။

"မိန်းကလေးကလဲ အနွေးထည်ဆို ဘာမှမဝတ်ထား ပါကလား"

"ဟုတ်ကဲ့၊ ကျွန်မ အဒေါ်အိတ်ထဲ မှားပါသွားလို့ပါ"

သူဖြေလိုက်သော စကားသံပင် တုန်တုန်ယင်ယင် ဖြစ်နေသလို အအေးဓာတ်က ကလောဘက်သို့နီးလာလေလေ ပြင်းထန်လာလေလေဖြစ်၏။ စိမ့်၍စိမ့်၍ အေးလာသည်။ အမျိုး သမီးချင်း ပူးပူးကပ်ကပ် ထိုင်ရဖို့ကလည်း ရှင်းရှင်းပြောရလျှင် သူ့အနားမှ အမျိုးသမီးအနံ့ကို သူမခံချင်ပေ။

"မိန်းကလေးရယ်၊ အဒေါ့်မှာ ဒီမျက်နှာသုတ်ပဝါ





အပိုပါတယ်။ အပေါ်က ခြုံထားလိုက်ပါ။ ဒီအတိုင်းနေတာ ထက်နွေးသေးတာပေါ့။ မတော်တဆ အအေးပတ်သွားမှဖြင့်"

ခရီးသွားဖော် အမျိုးသမီးသည် သူ့အား ကရုဏာသံ ဖြင့်ပြော၏။ ပါးစပ်တွင်မဟုတ်၊ လက်ကပါ သူ့လည်ပင်းတွင် ပတ်ထားသော မျက်နှာသုတ်ပဝါကို ဖြုတ်ပေးရန်ပြင်လိုက်၏။

"အို . . .နေပါစေ ဒေါ်ဒေါ်၊ ကျွန်မ အချမ်းခံနိုင် ပါတယ်"

ပါးစပ်ကသာ ပြောနေရသည်။ သူသည် ခိုက်ခိုက် တုန်လာ၏။ အခြားခရီးသွားများသည် ဂေါ်ရခါးရွာလေးများမှ မုန့်များကို အဆာပြေဝယ်စားထား၍ ဝမ်းဓာတ်အပူမီးကလည်း အအေးဓာတ်ကို ကာကွယ်ထားပုံရသည်။

မကြီးကျယ်ကလည်း ကြီးကျယ်လိုက်သည့် ဖြစ်ရခြင်း၊ ဤလို လမ်းဆောင်း ဘူတာစဉ်တွင် ရောင်းသောမုန့်များ ကို မစားတတ်။ ဝမ်းကလည်းဟာ အနွေးထည်လည်းမပါ၍ ပို၍ချမ်းလာသည်။ ကိုယ်ကိုကျုံ့ကာ ကုပ်၍လိုက်လာ၏။

"မဟုတ်သေးပါဘူးလေ၊ မိန်းကလေးကြည့်ရတာ သိပ်ချမ်းနေပုံရတယ်။ ရော့ရော့"

ဒီတစ်ခါ ဟန့်ပြင်ရုံတင်မဟုတ်၊ အဒေါ်ကြီးသည် သူ့ မျက်နှာသုတ်ပဝါကို လည်ပင်းမှဖြုတ်ကာ ရိုးရိုးကမ်းပေးရုံမဟုတ် သူ့ပခုံးပေါ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ကုလ္လာမြေမဆောင်နိုင် "ကျေးဇူးတင်ပါတယ်"ဟု ပါးစပ်က ဆိုဆိုပြောပြောနှင့် မျက်နှာသုတ်ပဝါကို ဆွဲယူခြုံလိုက်သည်။ အနံ့အသက်မကောင်းဘဲ နွမ်းနွမ်းဟောင်းဟောင်းဖြစ်နေပေမယ့် မျက်နှာသုတ်ပဝါမှာ အကြီးစားဖြစ်၍ ထူသောကြောင့် အတော်နွေး၍သွားသည်။

ကုလားဘုတာသို့ ရထားဆိုက်သောအခါ ကျေးဇူးစကားဆို၍ မျက်နှာသုတ်ပဝါကို ပိုင်ရှင်အဒေါ်ကြီးအား ပြန်ပေးလိုက်၏။ အိမ်မှလာကြိုသူတို့နှင့် သူအော်ဟစ်စကားပြောရင်း သူ့အိမ်သားများနှင့် မျက်နှာသုတ်ပဝါ ပိုင်ရှင်ကို မိတ်ဆက်ပေးလို၍တစ်ကြောင်း လောကဝတ္တရားအတိုင်း ကျေးဇူးပြုလို၍ သူ့အိမ်သို့ ဖိတ်ခေါ်လို၍ ကြည့်လိုက်သောအခါ မျက်နှာသုတ်ပဝါပိုင်ရှင် အဒေါ်ကြီးသည် လူထုကြားထဲတွင် တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ဤနေရာတွင် ဘဒ္ဒနုဝတီသည် သူ့စကားစဉ်ကို တစ်ခန်းရပ်လိုက်၏။ တစ်ချိန်က ဤရထားပေါ်မှ သာမန်ခရီးသွားဖော်တို့နှင့် ခရီးသွားခဲ့သော အတွေ့အကြုံကို သူ၏ချစ်သူအား တင်ပြလိုက်၏။

"အဲဒီတော့ မောင်မောင့်အနေနဲ့ ဘယ်လိုစဉ်းစားမိသလဲ။ မမအနေနဲ့ စာရေးဆရာဖြစ်လိုတဲ့ စိတ်ကအခံရှိတော့ ဒါဟာဝတ္ထုတိုတစ်ပုဒ်ပဲလို့ ယူဆတယ်။ မဟုတ်ဘူးလားမောင်ဟင် . . ."





ဒေါက်တာ သုနာပရန္တသည် ခေါင်းညိတ်ပြလိုက်၏။

"လူ့သဘာဝတစ်ခုပဲ။ မမလေ အားရပါးရ အိမ်ရောက်တော့ အဲဒီအတွေ့အကြုံကို ဝတ္ထုတိုတစ်ခုဖြစ်အောင်ရေး၊ မဂ္ဂဇင်းတိုက်ကို ပို့လိုက်တော့ အချစ်ဝတ္ထုမဟုတ်တဲ့အပြင် ဝတ္ထုတိုပုံဟန်မပီသ၊ ဇာတ်ဆောင်တို့၏ လှုပ်ရှားပုံကလည်း အသက်မဝင်ဆိုလားပဲ မှတ်ချက်တစ်ပုံကြီးနဲ့ ပယ်လိုက်တယ်"

"ဘယ်မဂ္ဂဇင်းတိုက်ကလဲ"

"စိတ်ပူမပါ။ ဒီတော့ မမအနေကလဲ ကလောင်သွေးစဖြစ်တဲ့အပြင် တစ်ခါတုန်းက ခင်နှင်းယု စာတစ်ခုဖတ်ဖူးတယ်။ အယ်ဒီတာကို ရန်မဖြစ်ပါနဲ့။ သူတို့မှာ သူတို့ကိုယ်ပိုင်ဝတ္ထုတိုတစ်ပုဒ်ရေးလို့မစွံပေမယ့် ဝတ္ထုကောင်းမကောင်း၊ မဂ္ဂဇင်းထဲ ထည့်သင့်၊ မထည့်သင့် ဝေဖန်ခွင့်၊ ဆုံးဖြတ်ခွင့်ရှိထားတယ် ဆိုတော့ မမလဲ လက်လျှော့လိုက်ရတယ်"

"ဟုတ်ကဲ့ မမ"

သူ့အဖို့ကတော့ သူ့မမ စကားကိုနားထောင်ဖို့က လွဲ၍ အနုပညာစာပေနှင့် အလှမ်းဝေးသူမို့ ဝင်၍မဆွေးနွေးတတ်ပေ။

"အခု မမ အသေးစိတ်ရှင်းပြနေတာကတော့ မမလဲ တကယ့်စာပေပညာရှင် ဖြစ်ချင်တာပေါ့။ ဘာဖြစ်လို့ မဖြစ်လာသလဲ။ ငွေတွင်းတူးသူဖြစ်လာရသလဲဆိုတာ ရှင်းပြချင်လို့ပါ။ အကြောင်းကံလို့ပဲ ဆိုရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မမသည် ဝင်းဝါသောရွှေစီးကရက်ဘူးလေးထဲမှ စီးကရက်တစ်လိပ်ကို ပါးစပ်ဖျားတွင် ချိတ်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်မောင်သည် အလိုက်သိစွာနှင့် ဒေါက်ခနဲ မီးခြစ်ကိုဖွင့်ကာ မမကို မီးတို့ပေးလိုက်၏။ မမသည် လှပစွာ ရှိုက်ဖွာ၍ စီးကရက်ငွေ့များကို လေထဲသို့ ဖြည်းညင်းစွာမှုတ်ကာ သူ့စကားသူဆက်၏။

"ခင်နှင်းယုကို သူ့စာတွေဖတ်စက အပြစ်တင်မိတယ်။ ကံ...ကံ၏အကြောင်းတရားကို အလွန်ယုံတဲ့ မိန်းမ၊ သူက ဗုဒ္ဓအဘိဓမ္မာကို လူတွေခေါင်းထဲ ရိုက်သွင်းတဲ့ မိန်းမပဲလို့ တောင် စိတ်ထဲက သူ့စာတွေဖတ်ရင်း အပြစ်တင်မိတယ်။ ပြစ်မှားမိတယ်။ သူတစ်ခါ ဇီဝဖိုးဝတ္ထုထဲမှာပဲ ထင်တယ် ရေးထားတယ်။ အချက်အလက် အတော်များများအပြင် နာမည်ကြီးဖို့၊ ကျော်ကြားဖို့၊ ငွေရဖို့ ဆိုတာမှာကတော့ အတိတ်ကံအကြောင်း အတိတ်ကပြုခဲ့တဲ့ အကျိုးပေးပါတယ် လို့ဆိုတယ်။ သူဟာ ကံကောင်းတယ်တဲ့။ သူဆံရစ်ဝိုင်းလေး နဲ့အရွယ် စစ်မဖြစ်ခင်က မြန်မာပြည်မှာ အင်မတန်တော်တဲ့ စာရေးဆရာမကြီးများ ထွက်ပေါ်လာခဲ့တယ်။ သူတို့ရဲ့စာပေ အရိပ်အောက်မှာပဲ သူကြီးပြင်းလာခဲ့ရတယ်ပေါ့။ အဲဒီစာရေး ဆရာကြီးများဟာ ဝတ္ထုရှည်တစ်ပုဒ် ငွေ(၃၀)လောက်ရ၊ အတို တစ်ပုဒ်(၁၅)ကျပ်ကို ခြေပြတ်မတတ် မဂ္ဂဇင်းတိုက်သွားမှ အလီ လီခွဲပေးတာကိုရတယ်တဲ့။ ပြီးတော့ ဝတ္ထုတစ်ပုဒ် ရုပ်ရှင်ရိုက်ဖို့ ဆွဲသုံးလဲ တန်ရာတန်ကြေး ထိုက်ထိုက်တန်တန်ပေးတဲ့ ရုပ်ရှင်





ထုတ်လုပ်သူ သူဌေးဟာ တစ်ရာမှာတစ်ယောက်လောက်ပဲ ရှိတယ်တဲ့။ သူပြောတာမှန်တယ်။ စာရေးဆရာကြီးသခင်ရေးတဲ့ "သူတို့ ကံကောင်း ကြပေသည်"ဆိုတဲ့ ဆောင်းပါးထဲမှာ ရှေးတစ်ခေတ် စာရေးဆရာကြီးများနဲ့ လက်ရှိတစ်ခေတ်ကို နှိုင်းယှဉ် ဖော်ပြထားတာကို မမဖတ်ဖူးတယ်။ ခင်နှင်းယုက သူတို့ခေတ်မှာ ငွေတန်ဖိုးမရှိဘူးဆိုပေမယ့်၊ ငွေရှင်အရင်းရှင် တွေဟာ စာရေးဆရာနာမည်ကြီးတွေနောက်ကို ငွေထုပ်ပိုက် လိုက်ရတဲ့အထိ တစ်ခေတ်ပြောင်းသွားတယ်တဲ့။ နာမည်မကြီး သူတွေမှာတော့ အနှိမ်ခံရဆဲပဲဆိုပေမယ့် ဟိုတစ်ခေတ် လောက်တော့ မဆိုးဘူးပေါ့လေ။ သူတို့အောင်လင်းတို့ တစ်ခေတ်မှာ ဝတ္ထုရှည်တစ်ပုဒ် ရုပ်ရှင်ရိုက်ဖို့ ရောင်းချလိုက်ရင် (၅၀၀၀)ကျပ်၊ မဂ္ဂဇင်းဝတ္ထု ရှည်တစ်ပုဒ် (၃၀၀)ကျပ်၊ အတို တစ်ပုဒ်(၁၅၀)ကျပ်ရတယ်ပေါ့။ လုံးချင်းဝတ္ထုရှည်မှာတော့ ရာခိုင်နှုန်းနဲ့ယူကြတဲ့အထဲမှာ သူနဲ့ဦးသိန်းဖေမြင့်ဟာ အနည်း ဆုံးယူကြတယ်တဲ့။ မမပြောတာ မောင်မောင့်အတွက် စိတ် ဝင်စားစရာ ကောင်းပုံမလား။ နားထောင်ရတာ ငြီးငွေ့ပြီလား"

မမသည် သူ့စကားပြောသည်ကို နားထောင်ရသူ ငြီးငွေ့မှာ စိုး၍ ဤစကားလုံးများနှင့်လည်း ချော့တတ်၏။ တကယ်လည်း မောင်မောင့်အတွက် မငြီးငွေ့ပါ။

"မမရယ်၊ နားထောင်ရတာ စိတ်ဝင်စားပါတယ်။ ဒီခရီးမျိုး သံသရာရှည်သရွေ့ မောင်မောင် ထွက်ချင်နေတာ ကြာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အလဲ့ . . . ဟဲဟဲ ကိုယ့်ရဲ့မောင်မောင်၊ ဒီစကားမျိုးတွေဆိုတတ်လာပြီးနော်။ ဘယ်ဆိုးလို့လဲ စကားလုံးတွေလှသားပဲ"

"မမကလဲ၊ မောင်မောင့်ကို သောနေပြန်ပြီ"

"တကယ်ပါ၊ ပျင်းမှာစိုးလို့ ကဲ အတိုချုံးလိုက်တော့မယ်။ ခင်နှင်းယုဟာ သူရေးပြ ပြောဟောသလိုပဲ စာပေမှာကံတကယ်ကောင်းတယ်၊ မောင်မောင်က ဆရာဝန်ဖြစ်ဖို့ကြိုးစားရ၊ ဆေးပညာအတွက်သာ ဦးစားပေးစာဖတ်နေရတော့ခင်နှင်းယုရဲ့ဝတ္ထုတိုများ တစ်ခေတ်ကိုမမီလိုက်ဘူး။ ခုလဲလိုက်ဝယ်လို့မရဘူး။ အဲဒီစဉ်တုန်းက ခင်နှင်းယုရဲ့ ဝတ္ထုတွေထဲမှာ 'မုန့်လက်ကောက်ကြော်နဲ့သစ်စေ့'ရယ်၊ 'အိမ်မြှောင်ကလေး'ရယ်ရေးခဲ့ဖူးတယ်။ အဲဒါဟာ အချစ်ဝတ္ထုမဟုတ်ရုံမက လူတွေရဲ့အကြောင်းတောင် မဟုတ်ဘူး။ မမတောင် အစက မဖတ်ပါဘူး။ နောက် စာပေဝါသနာအိုး တစ်ယောက်က 'ဟော့တင်တင်မေ မြလွှာရုံ မဂ္ဂဇင်းထဲမှာပါတဲ့ 'မုန့်လက်ကောက်ကြော်နဲ့သစ်စေ့' ဝတ္ထုတိုကို ဖတ်ကြည့်စမ်းဆိုမှ ဖတ်ကြည့်မိတယ်။ မမလဲ ဒီဝတ္ထုတိုကိုဖတ်ပြီး အချစ်အကြောင်း၊ လူ့အကြောင်းမဟုတ်ပေမယ့် ဝတ္ထုတိုတစ်ပုဒ် ဖြစ်သားပဲဆိုပြီး၊ မမရေးပေမယ့် ဘယ်အယ်ဒီတာကမှ လက်မခံဘူး။ ဒီနေရာမှာကံအလှာက စကားပြောတယ်ထင်ပါရဲ့ မောင်မောင်ရယ်"

သူသည် သက်ပြင်းလေးချလိုက်၏။





"ချမ်းတယ် မောင်မောင်၊ တစ်ခုခုစားရအောင်"

မမသည် စကားကို ခေတ္တရပ်၍ ကြိမ်ခြင်းထဲမှ ရေနွေးဘူး၊ ကော်ဖီ၊ နို့ဆီ၊ သကြားတို့ကိုထုတ်၍ ကော်ဖီဖျော်လိုက်၏။ ပေါင်မုန့်နှင့်ငါးပိကြော်ကို သူတို့နှစ်ယောက်ခေါင်းရင်းအလယ်ရှိ စားပွဲပေါ်တင်လိုက်၏။

"ကလောမရောက်ခင် နွေးလည်းနွေး၊ အဆာလည်းပြေအောင်ပေါ့"

ယခုအချိန်အခါ သာမန်လူတို့မသောက်နိုင်ပါသော နက်စ်ကဖီးအနံ့မှာ မောင်မောင်ဦး နှာခေါင်းဝတွင် သင်းပျံ့လျက်ရှိ၏။ သူသည် မမ၏လက်ကိုင်အိတ်ပေါ်တွင် အသင့်တင်ထားသော ဝါပြေပြေဆွယ်တာကို အလိုက်သိစွာ မမပခုံးပေါ်ခြုံပေးလိုက်၏။

"ဟိုတစ်ခါတုန်းက ကလောမီးရထားတွဲရဲ့အပေါ်မှာတွေ့ခဲ့ရတဲ့ ခရီးသွားဖော် အဒေါ်ကြီးအကြောင်းကို မမဝတ္ထုတိုအဖြစ် ရေးခဲ့တယ်ဆို၊ အဲဒီတုန်းက ဒီအမျိုးသမီးကြီးရဲ့မျက်နှာသုတ်ပဝါဟာ မမကို ကလောတောင်ကြား လေအေးတွေရဲ့ အချမ်းကို ကာကွယ်ခဲ့တယ်မဟုတ်လား။ အခုမောင်မောင်အချစ်မေတ္တာအငွေ့ရယ်၊ ဒီသိုးမွေးဆွယ်တာလေးရဲ့အတွေ့ အနွေးရယ် နှစ်ခုပေါင်းပြီး မောင်မောင် မမကိုထွေးထားမှာပါ။ အဲဒါကိုဝတ္ထုဖြစ်အောင် ရေးရမယ်နော်"

"အမလေး . . . စကားလုံးကလဲ လှလာလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမရဲ့ ရည်းစားလို့ မပြောရဘူးဟဲ့။ မောင်မောင်နဲ့ မမအကြောင်းကို ဘယ်ဝတ္ထုတိုလောက်နဲ့ ပြီးမလဲ၊ အရှည်မှ အရှည်ကြီး အချစ်ဝတ္ထုရှည်ကြီးရေးရမှာ မောင်မောင်။ အခု သွားမယ့်ခရီးက ကလောမှာတင်ရပ်မှာ။ မောင်မောင်နဲ့မမရဲ့ အချစ်ခရီးက သံသရာလို အဆုံးမသတ်တဲ့ခရီး။ ဟင်း အဲဒါ တွေက စိတ်ကူးယဉ်တာတွေပါလေ။ လက်တွေ့ မိုက်ပြည့်မှ နွေးမှာနော်။ ကဲ . . . သောက် သောက်''

မမသည် အရွှန်းစကားဖောက်၍ပြောရင်း သူ့ကို ကော်ဖီပန်းကန်လှမ်းပေးလိုက်၏။ မမလုပ်ပေးထားသော ငါးပိကြော် အလယ်ညှပ်ပေါင်မုန့်ကိုဝါးကာ ကော်ဖီကို မော့ချလိုက်၏။ အခါးနည်းနည်းပြင်း၍ မွှေးပျံ့သော ကော်ဖီသည် အရသာရှိစွာနှင့် မောင်မောင်၏ရင်ထဲကို နွေးသွားစေပေသည်။

သြော် . . . မမ၊ အစားအသောက် အဆင်ပြေပြေဖြစ်အောင် လုပ်တတ်သော အိမ်ရှင်မတစ်ယောက်၏ အရည်အချင်းလည်းရှိပေသား။

ဘယ်လိုပင်ဖြစ်စေ၊ သူဖြစ်စေလိုသော စာရေးဆရာ အဆင့်တွင် မမရောက်၍ မနေစေကာမူ အိမ်ရှင်မကောင်း တစ်ယောက်အဖြစ်တွင် အရည်အချင်းပြည့်ဝနေလျှင် သူက ကျေနပ် နှစ်သိမ့်ရပေမည်။

''ကဲ . . . မမ ကံအလှာရဲ့အကြောင်းကို ကလော မရောက်ခင် အဆုံးသတ်ပါဦး''





သူသည် ကော်ဖီသောက်ပြီးပြီးချင်း စကားဆက်ရန် မမကို တောင်းပန်လိုက်၏။ ဘဒ္ဒနုဝတီသည် သောက်ရေဘူး ထဲတွင် ပါလာသောရေနှင့် ကော်ဖီပန်းကန်ကိုဆေးကာ ခြင်း ထဲတွင်သွင်းပြီးမှ သူ့စကားကို ပြန်ကောက်၏။

''ဒီလိုလေ၊ မမပြောတာ အဘိဓမ္မာဆန် နေမလား မသိ။ သေသေချာချာ နားလည်အောင် မောင်မောင်နားထောင်နော်။ နိဗ္ဗာန်ဆိုတာ အရှိတရား။ သူ့ဟာသူ ရှိနေတဲ့ ဓာတ်သဘောတစ်ခု။ အားလုံးသော ဝတ္ထုပစ္စည်း အထည်ဒြပ်ဖြစ်နဲ့ ရှိနေတဲ့ ပစ္စည်းတွေဟာ ဘာမှမမြဲကြဘူး။ ဖြစ်လာရင် ပျက် သွားကြတာပဲ။ ရုပ်ခန္ဓာခေါ်တဲ့ စိတ်မှာရောအတူတူပဲ။ ဖြစ်ပြီး ပျက်သွားကြမှာပဲ။ ဒါကြောင့် နိဗ္ဗာန်ကို ဖွင့်ဆိုကြတဲ့ နေရာမှာ 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်'တို့ဖြင့် တွေ့ထိ ကောင်း၊ မြင်ကောင်းသော အရာမဟုတ်ပေ။ ဉာဏ်ပညာ၏ အရာသာဖြစ်၏တဲ့။ ဒါကြောင့် နိဗ္ဗာန်အကြောင်းဆွေးနွေးရင် အနောက်တိုင်းက ရုပ်ဝါဒသမားတွေနဲ့ တရားအားထုတ်မှုသူ မဟုတ်ရင် အပြောရခက်တယ်။ အဲဒါက လောကုတ္တရာနိဗ္ဗာန် ဆိုပါစို့။ လောကီအနုပညာနယ်မြေမှာလဲ အနုပညာရဲ့အမြုတေ ဖြစ်တဲ့ အရှိတရားကို သိနားလည်ဖို့ အင်မတန်ခဲယဉ်းပါတယ်။ ဒါကို တချို့(ကံ)၊ (ပါရမီ)၊ (မွေးပါအရည်အချင်း) အင်္ဂလိပ်လို ဆိုတော့ Gifted ဆိုကြတာပေါ့။ မောင်မောင်ရဲ့ မမဟာ မွေးပါကံပါလာတဲ့ တကယ့် အနုပညာသည်အစစ် ဖြစ်ချင် တာမှ သိပ်ပြီးဖြစ်ချင်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မမသည် ဤနေရာ၌ စကားကို ဖြည်းညင်းစွာ တစ်လုံးချင်းပြောပြရာ သူ့မျက်နှာကိုလည်း မကြည့်၊ ရထား၏ အမိုးကိုကြည့်ရင်း သူ့ရင်ထဲရှိ ကြေကွဲနေသော ဝေဒနာအရှိန်ကိုပျော့နွမ်း၍ တုန်ယင်နေသော အသံကဖော်ပြလျက်ရှိ၏။

"အဲဒီ (အရှိ)တရားခေါ်တဲ့ လောကီအနုပညာနယ်မြေ နိမ့်ဟွာန်ကိုရောက်ချင်တယ်။ မျက်မှောက်ပြုချင်တယ်။ မောင်မောင် ယုံရဲ့လား"

"ယုံပါတယ် မမ"

လောကုတ္တရာနိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဝီရိယတွေ ဉာဏ်အားတွေ ဖွံ့တွေအရေးကြီးသလို ပါရမီဟာ သိပ်အရေးကြီးတာပဲ။ မမ စောစောကပြောခဲ့သလို အနုပညာသမားအစစ်ဖြစ်ဖို့ ပါရမီဟာလဲ အရေးကြီးပါတယ်။ မမ ဘယ်လိုပဲ ကြိုးစားခဲ့ပေမယ့် ကံအလှူာက မပါခဲ့လေတော့ မမဟာ စာရေးဆရာအဖြစ်ပဲ ရောက်ခဲ့တယ်။ အစစ်တော့ မဖြစ်ခဲ့ဘူး မောင်မောင်။ ဒီနေရာမှာ မမ (အဖြစ်နဲ့အစစ်)ကို ခွဲခြားရှင်းပြရဦးမလား"

"မောင်မောင် သဘောပေါက်ပြီ"

"မမလေ စာရေးဆရာဖြစ် ပြီးရောဆိုတဲ့ဘဝကို ရောက်သွားခဲ့တာပေါ့။ (ဖြစ်)တယ်ဆိုတာ ကြာကြာမခံဘူး။ (ပျက်)ခြင်းနဲ့အဆုံးသတ်မယ်ဆိုတာ မသိလို့မှမဟုတ်ဘူး။ ဘေးလူအနေနဲ့ မောင်မောင့် စိတ်ထဲမှာတောင် အခံရခက်





နေရင် ကာယကံရှင်ဖြစ်တဲ့ မမအဖို့ အနုပညာနယ်မြေမှာ ဖြစ်ပြီးရောဆိုတဲ့အနေနဲ့ (ဖြစ်ကတတ်ဆန်း) ဆိုပါတော့လေ။ စာရေးဆရာ အမျိုးအစားထဲမှာ အသိအမှတ်ပြု ခံရတာကို ဘယ်လောက် ဝမ်းနည်းမယ်ဆိုတာ မောင်မောင်စဉ်းစားကြည့်ပေတော့"

မမသည် သက်ပြင်းချလိုက်၏။ တကယ် လက်တွေ့ ဆွေးနွေးကြည့်တော့လည်း မမသည် အကြောင်းတရားတစ်ခုကိုပေါ့ပေါ့တန်တန် လက်ခံထားသူမဟုတ်။ နက်နက်နဲနဲ လေ့လာသူအဖြစ် သိရတော့မှ သူ့မှာပို၍ ဆွေးသွားတော့သည်။

"ကဲလေ ဒီနေရာမှာ ရပ်လိုက်ကြပါစို့။ မမအတွက် အနားယူ အပျော်ခရီးဟာ ကျွန်တော့်စကားကြောင့် ဝမ်းနည်းစရာဖြစ်သွားရင် ဘယ်ကောင်းမလဲ"

မောင်မောင်က တောင်းပန်လိုက်၏။

"မဖြစ်ပါဘူးမောင်မောင်ရယ် ကလောဘူတာလဲနီးလာပါပြီ။ ကလောအိမ်ရောက်ရင်တော့ မမက ပျော်ပျော်နေမှာပါ။ ဒီအကြောင်းတွေ မဆွေးနွေးပါဘူး။ အခု စကားစပ်မိတာကိုပဲ မမ ဝမ်းသာရဦးမယ်။ ဘာဖြစ်လို့လဲဆိုရင် မမ အစီအစဉ် အရ ရှေ့နှစ်ထဲမှာ မောင်မောင်နဲ့လက်ထပ်ဖြစ်မယ် ထင်တယ်။ မောင်မောင်လဲ အစစ အဆင်သင့်ပြင်ထားနော်။ လက်ထပ်ခါနီး နှစ်ယောက်ရဲ့အခြေအနေမှာ အစစပွင့်ပွင့်လင်းလင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ တစ်ဦးအပေါ်တစ်ဦး မကျေမလည်ရှိနေရင် ပြေလည်အောင် ဆွေးနွေးရပြောဆိုရမှာပေါ့။ ဒါမှပဲ လက်ထပ်ပြီးချိန်ဟာ ချောမွေ့သာယာမှာပေါ့"

"ဟုတ်ပါတယ်၊ ဒါကို မောင်မောင် လက်ခံပါတယ်။ မောင်မောင်ဝမ်းသာလိုက်တာ။ ရှေ့နှစ်ဆို မောင်မောင်တို့ လက်ထပ်ရတော့မယ်နော်"

မောင်မောင်သည် လှိုက်လှိုက်လှဲလှဲနှင့် ဝမ်းပန်းတသာ ပြောလိုက်၏။

"မမအကြောင်းနဲ့ ပတ်သက်ပြီး မရှင်းတာတွေရှိရင် မျိုသိပ်မထားပါနဲ့နော်။ ပြီးတော့ စီးပွားရေးနဲ့ ပတ်သက်ပြီး မောင်မောင် သိစေချင်တာကို မမပြောပြဦးမယ်။ အခု မမမှာ ကိုယ်ပိုင်ပုံနှိပ်စက်၊ ကိုယ်ပိုင်ထုတ်ဝေခွင့် အားလုံးရှိတယ်။ ဒါဟာ စာပေနယ်မှာ၊ သိမ်ကြီးဈေးက ဆိုင်ခန်းက မမပိုင်မဟုတ်ဘူး။ မမရဲ့အဒေါ် အန်တီဒေစီရဲ့ စီးပွားရေးကို မမက ကူပေးရတာ။ သူ့ခင်ပွန်းသည်ဟာ ရှေးခေတ်နိုင်ငံရေးသမားတစ်ယောက် မော်ကွန်းဝင် ပထမဆင့်ပဲ၊ တော်လှန်ရေးကာလမှာကျဆုံးသွားတယ်။ ဒါကြောင့်သူ့ကို ကျေးဇူးပြုတဲ့အနေနဲ့ ပေးထားကြတာ။

"ဒေါ်ဒေါ်ဟာ တခြားမုဆိုးမတွေလို မလည်မပတ် မဟုတ်ဘူး။ စီးပွားရေးလဲ အမြင်ကျယ်တယ်။ အေး. . .ကိုယ့်လင်အလောင်းပြုပြီး စီးပွားရေး လုပ်တယ်လို့ ဘယ်သူပဲ





အတင်းပြောပြော သူကတော့မမှုဘူး။ စီးပွားရေးနယ်ဘက်မှာ ချမှတ်ထားတဲ့ စည်းကမ်းမှာ အကျုံးဝင်တယ်ဆိုရင် ဒေါ်ဒေါ်ဟာ ဘယ်နေရာမှ အလစ်ပေးမယ် မထင်နဲ့။ ဒက်ခနဲ ဒက်ခနဲ သိပ်ခြေလှမ်းသွက်တာပဲ။ ဒါကြောင့် ဖဆပလ တစ်ခေတ်ကလဲ သူဟာ လိုင်စင်ကုမ္ပဏီပိုင်ရှင်တစ်ယောက်၊ ဓာတ်ဆီဆိုင်တစ်ခုလဲရထားတယ်။ ခုမမရဲ့ ပုံနှိပ်စက်တွေကလည်း သူ့အစီအမံအတိုင်း အရင်လိုင်စင်အခန်းမှာ ထားတာ။

"သူကပြောတယ်၊ တင်မေဦး ကိုယ်ပိုင်ထုတ်ချင်လည်းထုတ်၊ မထုတ်လဲ တခြားကအလုပ်လက်ခံရင် မီးဖိုချောင်စရိတ်သက်သာတာပဲတဲ့။ သူကပြောတယ်၊ စီးပွားရေးကအဓိကတဲ့။ သိက္ခာကျတာတွေ ဘာတွေ ဘေးချိတ်ထားတဲ့။ ငွေရှင်းမြုပ်နိုင်တဲ့ ကုလားတရုတ်တွေ စာပေနယ်ထဲ ဝင်လာပြီး အလုပ်လုပ်စပြုလာတော့လဲ မမရဲ့နင်ပြီးနင်ဆင်း စာအုပ်တွေစက်နဲ့လှည့်ထုတ်သလို ထွက်လာအောင် အဆက်အသွယ်လုပ်ပေးတာလဲ ဒေါ်ဒေါ်ပဲ။ ခုလဲ သူအမွေရထားတဲ့ ကော်ဖီခြံ၊ သစ်သော့သီးခြံ၊ မက်မွန်သီးခြံတွေကို မမနဲ့အမွေမခွဲသေးဘူး။ သူကလောဘက် တက်လာပြီး ဦးစီးချိန်မှာ မမကပုံနှိပ်စက်နဲ့ သိမ်ကြီးဈေးစီရုံဆိုင်ကို တာဝန်ယူထားတာပဲ။ နည်းနည်းတော့ မမရင်ထဲမှာ ပေတာပါသွားတယ်လေ"

"ဘယ်လို ပေတာလဲဟင်"

မောင်မောင်သည် တကာယ်ပင်မရှင်း၍ ထပ်မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“တချို့စာရေးဆရာနဲ့ မောင်မောင်တို့လို လူငယ်တွေဟာ လိုချင်တာမရသော ဆင်းရဲကိုကြုံတဲ့အခါ အရက်နဲ့ဖြေပြီး၊ တစ်ခွက်စ နှစ်ခွက်စ သောက်ရာက နောက်ဆုံး ယစ်ထုပ်ကြီးဘဝနဲ့ အဆုံးသတ်ကြတယ်။ မမက အမျိုးသမီး၊ အမျိုးသမီးမှာလဲ လိုချင်တာမရသောဆင်းရဲပေါ့။ အနုပညာသမားအစစ်ဖြစ်ချင်တာကို မရခဲ့လေတော့ ယောက်ျားတွေလို အရက်သောက် ပေလို့မဖြစ်ဘူး။ စီးပွားဖြစ် ‘အဖြစ်’ သဘောနဲ့ပဲ စာပေအပေါ်မှာ သဘောထားပြီး ပေတေသွားတယ်။ လေလွင့်သွားတယ်။ ဖောင်းပွသွားတယ် ဆိုရမှာပေါ့လေ။ နောက်ဆုံးတော့ ငွေတွင်းတူးသူ ဘော်ချက်သူ ကေရီပေါ့– ဟဲ . . . ဟဲ”

မမသည် စီးကရက်ကို လက်ဖျားတွင် ချိတ်ကာ မရယ်ပဲ ရယ်လိုက်၏။

“မောင်မောင်ရေ ဒါပေမယ့် ဒါပေမယ့်”

မမသည် လက်ကလေးကိုပိုက်ကာ နောက်မှီကူရှင်ကိုမှီရင်း ဖြည်းညင်းစွာ တစ်လုံးချင်းပြောပြ၏။

“အနုပညာမှာ နတ်ရှိတယ်။ အဲဒီနတ်ဟာ လူထုပဲ။ နိုင်ငံရေးသမားနဲ့ အာဏာပိုင်အုပ်ချုပ်သူတွေဟာ တစ်နေ့ပြည်သူလူထုအပေါ်မှာ သစ္စာဖောက်လာရင် အလိုလို လူထုရဲ့ ရင်ခွင်မှာ ဘယ်သူ့ပယောဂမှမပါဘဲ စတေးခံရတယ်။ မမလေ တစ်နေ့တစ်နေ့ အဲဒီတစ်နေ့မှာတော့ အနုပညာနတ်ကွန်းမှာ





သမိုင်းပေးတာဝန်ကို ကျေပွန်စွာ မဆောင်ရွက်နိုင်သူ တစ်ယောက်အဖြစ် လည်ချောင်းသွေးနဲ့စတေးပြီး ဒဏ်ခတ်တာကို ခံရမှာပါ”

“အို . . . မမ”

မမလက်မှ စီးကရက်သည် အောက်သို့လျှောကျသွား၏။ ပါးမို့ဝါပေါ်သို့ မျက်ရည်ကြောင်းများ လိမ့်စီးလာ၏။ မောင်မောင်သည် လက်ကိုင်ပဝါ အဖြူဖြင့် မမ၏မျက်ရည်များကို ညင်သာစွာ သုတ်ပေး၏။

“မမ မောင်မောင်တို့ ဆွေးနွေးခန်းကို ရပ်လိုက်တော့။ တော်ပြီ၊ တော်ပြီ၊ မောင်မောင် အားလုံးသဘောပေါက်ပြီ။ ဟောဟိုမှာ ကလောဘူတာကို လှမ်းမြင်နေရပြီလေ။ ပစ္စည်းတွေ မောင်မောင်သိမ်းမယ်”

ဒေါက်တာသုနာပရန္တပြောသည့်အတိုင်းပင် မှန်ပြတင်းမှ မှုန်ရီသောမှိုင်းပျပျ ဆည်းဆာအောက်တွင် ကလောဘူတာလေးကို လှမ်း၍ မြင်နေရပေပြီ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၃]

## အာဒီကာပွ

"အာဒီကာပွ . . . အာဒီကာပွ"

"အာဒီကာပွဆိုတာ ချစ်တီးနာမည်လား"

သိင်္ဂီ၏အမေးကြောင့် မောင်ရွှေနွယ်သည် ဒေါ်ထ သွားဧ။

"ဒါနဲ့များဟယ် နင်စာအုပ်အဟောင်းဆိုင် ဖွင့်နေရ သေးလား သိင်္ဂီရယ်"

သိင်္ဂီသည် ဒေါ်သင်းအုံ၏ မွေးစားသမီးလေး ဖြစ် သည်။ အိုးရောင်းသော ကိစ္စကို မောင်ပေါက်ကျိုင်းက တာဝန် ယူရ၍ စာအုပ်ဟောင်းများရောင်းသောဆိုင်ကို သိင်္ဂီက တာဝန်





ယူရသည်။ သိင်္ဂီသည် ဒေါ်သင်းအုံ၏ ညာလက်ရုံးဆိုလျှင် လည်း မှန်ပေသည်။ သိင်္ဂီ၏ဆိုင်သည် အိုးဆိုင်နှင့်လည်း မလှမ်းမကမ်း၊ မောင်ရွှေနွယ်တို့၏ ဆိုက်ကားဂိတ်နှင့်လည်း မနီးမဝေး ဖြစ်ပေသည်။

သိင်္ဂီသည် စာအုပ်ရောင်းသည်ထက် ငှားသည်ဆို လျှင်ပို၍ မှန်မည်။ စာအုပ်အသစ်တင်လျှင်လည်း ငှားသည်။ အပြတ်မရောင်း။ စာတစ်အုပ် တစ်နေ့ငှားနှုန်းသည်ပြား(၆၀)၊ (၇၅)ပြားနှင့် တစ်ကျပ်အထိရှိသည်။ စာတစ်အုပ်ကိုငှား၍ (၃) ပတ်လောက်ငှားလိုက်ရလျှင် အရင်းကြေသည်။ ငှားပြီးစာအုပ် များလည်း သူ့ဆိုင်ခန်းသေးသေးလေးတွင် တစ်ခြမ်းခွဲထားသော အဟောင်းဆိုင်ပေါ်သို့တင်၍ ရောင်းသည်။

တစ်ခါတစ်ရံ ရှားပါးသော စာအုပ်ဟောင်းများကို သူ့ စာအုပ်ဆိုင်လေးတွင် တွေ့ရှိရ၍ စာပေဝါသနာအိုးများ၊ စာအုပ် အဟောင်းစုသူများက သူ့စာအုပ်ဆိုင်လေးကို ငယ်ပင်ငယ်သော် လည်း အားထားကြ၏။ စာအုပ်ရှာဖွေသူတိုင်းလိုလို တာမွေ ဘိုးစိန်လမ်းထိပ်မှ သိင်္ဂီဆိုင်ကိုသိကြသည်။

သိင်္ဂီသည် ဈေးမထွက်ခင် ဒေါ်သင်းအုံနှင့်မောင်ပေါက် ကျိုင်းတို့အတွက် နံနက်စာကို စီမံချက်ပြုတ်ခဲ့သေး၏။

ဒေါ်သင်းအုံ၏ စီးပွားရေးနယ်ပယ်ကလည်း ကျယ်ပေ သား။ သာမန်ကြည့်လျှင် အိုးသည်ဒေါ်သင်းအုံအဖြစ်နှင့်သာ မြင်ကြရမည်ဖြစ်သော်လည်း ဟူစိန်၊ အဖေ၊ မာမက်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြေပြိုင်နိုင်သော မြန်မာအမျိုးသမီး၊ စီးပွားရေးပါရဂူဆိုလျှင် မများပါပေ။ မောင်ပေါက်ကျိုင်း ဆိုင်ထိုင်ရောင်းရသော စဉ့်အိုး၊ မြေအိုး၊ ရေတခေါင်းမှသည် အိုးပုတ်အထိ ဆိုင်မှာသူ၏ပုံမှန် ဝင်ငွေတစ်ခုဖြစ်၏။ တစ်ဖက်သောဘက်မှ ပေပါပုံးလွတ် တစ်ပတ်ရစ်များမှာ တကယ်ပင် ငွေတုံးငွေခဲများဖြစ်သည်။ အိုးများနှင့်အတူဆိုင်ဘေးတွင် ပုံလျက်ရှိသည်သာမက တချို့မှာ သဘော်ဆေးရောင်စုံနှင့် ဆေးကတ္တရာအနက်များ သေချာစွာ သုတ်ထား၍ အသစ်လိုပင် တောက်ပပေသည်။

သကြံန်ချိန် နီးလာစဥ်ကရော၊ ရေပြတ်ကိန်းကြုံတုန်း ကရော၊ ဆန်ပြတ်ကိန်း ကြုံစဥ်ကရော ပေပါပုံးလွတ်အပြည့် နှင့် တစ်ဝက်ပြတ်များမှာ (၄၅)ကျပ်၊ (၅၀)အထိ ဈေးတက်ခဲ့ သည်။ သကြံန်တွင် အပျော်ကြူးသူ၊ ရေထည့်ရန်နှင့် စီးပွားရေး အတွက် ဆီလှောင်သူ၊ ဆန်လှောင်သူများသည် အပေါက်မပါ အာမခံနှင့် သံချေးမတက်ရန် ဆေးမျိုးစုံသုတ်ထားသော ပေပါ အလွတ်ရောင်းသည့် ဒေါ်သင်းအုံ့ဆိုင်ကို ပို၍အားထားကြသည်။

တစ်ပတ်ရစ်ပေပါလွတ်များ၊ သွပ်ရေမကုန်သေးသော သွပ်ပြားဟောင်းများ၊ ရေနံဆီပုံးလွတ်များကို အဖစ်နှင့်ပြိုင်၍ ဝယ်နိုင်သူမှာ မြန်မာအမျိုးသမီးထဲက ဒေါ်သင်းအုံ့တစ်ယောက် သာရှိ၏။

ဒေါ်သင်းအုံ့သည် လူမှုရေးကိုလည်း နားလည်ပါ၏။ အိမ်နီးနားချင်း နားမဆူအောင် သူ၏ပုံးများကို လိုအပ်သလို ဖြတ်တောက်ခြင်း၊ သွပ်ပြားများကို ချောမွတ်သွားအောင်





ထုရိုက်ခြင်းများကို တာမွေသုသာန်ထဲတွင် ပြုလုပ်ခြင်းဖြင့် သုသာန်စောင့် ချစ်ပုံတို့အုပ်စုကိုအလုပ်ပေး ထမင်းကျွေးထား သည်။ သူတို့သည် တောင်းစားမည့်အစား အားလပ်ချိန်များ တွင် ရေနံဆီသံပုံးနှင့် ပေပါလွတ်များကို ကုန်ချောအဖြစ်သို့ ဒေါ်သင်းအုံ့ ကြိုက်သလို အခြေရောက်အောင် လုပ်ကိုင်ပေး ကြသော လုပ်သားကြီးများဖြစ်ကြ၏။

ဂိတ်ထူသွပ်ပြားများကို ရေတိုင်ကီလုပ်ရန်အတွက် တူဝမ်းကွဲမောင်ကျော့ကို မလှကုန်းတွင် ထူထောင်ပေးထား၏။ ရာဂျူးလို ကုလားတစ်ယောက် ဒေါ်သင်းအုံ့မွေးထားနိုင်သည် ဆိုလျှင်လည်း ယုံနိုင်စရာမရှိပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာ့စီးပွားရေး နယ်ပယ်တွင် တိတ်တိတ်ခေါက်ဆွဲစက်၊ ငါးသေတ္တာလုပ်ငန်း၊ ဆပ်ပြာစက်၊ ဘီစကွတ်စက်ရုံများမှ ကိုယ် စားလှယ်များရသော လက်လွှဲမုန့်ပုံးများကို ရောင်းချသော လုပ်ငန်းများမှသည် စာအုပ်ထုတ်ဝေရေးအထိ ကုလား၊ တရုတ် များ ဝင်လာသည်ကိုသာ သိကြသည်။ ကုလား၊ တရုတ်ကို မြန်မာ့အိတ်ထဲ ထည့်ထားနိုင်သော တစ်ဦးတည်းသော သူ တစ်ယောက်မှာ မြန်မာအမျိုးသမီး ဒေါ်သင်းအုံ့သာဖြစ်သည် ကိုသိများသိကြလျှင် လက်ဖျားခါကြပေမည်။

ရာဂျူးသည် လက်မှတ်ရရေပိုက်သွယ် ကုလားဖြစ်၏။ ရေတိုင်ကီ ဂိတ်အထူအမျိုးမျိုး အစားစားကို ရေလှောင်ရန် အိမ်သစ်ဆောက်သူတို့က ဝယ်လိုလျှင်ဖြစ်စေ၊ သံချေးတက်၍ လဲလိုလျှင်ဖြစ်စေ၊ အသစ်စက်စက် ရှာမရသောအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရာဂျူးကို ရှာခိုင်းရ၏။ ရာဂျူးသည် အဖိုးနှုန်းသက်သာစွာနှင့် ဒေါ်သင်းအုံ့ထံမှ သွပ်ဂိတ်ထူ အမျိုးမျိုးနှင့် လုပ်ပြီးသားကို ဝယ်ပေး၏။ အိမ်ရှင်တို့က မပြေးမလွှားရဘဲ ရေစင်ပေါ် ရေတိုင်ကီရောက်သည်အထိ ကြိုးပမ်းခ ရာဂျူးရသည့်အပြင် ဒေါ်သင်းအုံ့ ထံမှလည်း ရာခိုင်နှုန်းအလိုက် ငွေရသေးသည်။

အလှာချင်းသာကွာသည်။ ဤနေရာတွင် ဘဒ္ဒနုဝတီ ၏ဒေါ်ဒေါ် အန်တီဒေစီနှင့် မောင်ပေါက်ကျိုင်း၏ ကြီးတော် ဒေါ်သင်းအုံ့တို့သည် ခြေသွက်ပုံနှင့် ခြေလှမ်းချင်း တူညီစွတကား။

သီဂီသည် စာအုပ်အငှားဆိုင်နှင့် အပေါင်းရောင်းရုံ သာမက တာမွေတစ်ဝိုက် ဆီစာအုပ်ကိုပင် ပေါင်ထားရသော လက်လှည့်သုံး ငွေမလည်သူတို့ ဆီစာအုပ်လာပေါင်လျှင်လည်း ဒေါ်သင်းအုံ့အတွက် လက်ခံပေးရခြင်း၊ စာရင်းမှတ်ပေးရခြင်း စသော အလုပ်ကိုလည်း လုပ်ပေးရသည်။

ချစ်စဖွယ်ပြုံး၍ စကားပြောတတ်သည့်မှတစ်ပါး သီဂီ သည် သူ့ကုခြေနှင့်သူနေတတ်သောကြောင့် ဤနေရာတစ်ဝိုက် ကျက်စားသူများနှင့် မောင်ရွှေနွယ်တို့ ဆိုက်ကားသမားအုပ်စု ကလည်း လေးလေးစားစား ဆက်ဆံကြသည်။

"စိတ်မရှိပါနဲ့ကိုနွယ်ရယ်၊ အစ်ကိုကျိုင်းကသာ စာပေ ဝါသနာအိုး၊ သီဂီက စာအုပ်သာရောင်းနေရတယ် စာဖတ်ချိန်





ဘယ်ရမလဲ။ တကယ်မသိလို့ မေးတာပါ၊ အာဒီကာပွဲဆိုတာ ဘာလဲ"

သီဂီက ပြုံးပြုံးကလေး တောင်းပန်ရင်း မေး၏။

"စိတ်တော့မဆိုးပါဘူး။ ဒါပေမယ့် သီဂီက စာအုပ် ရောင်းတဲ့သူမဟုတ်လား။ ဒါလောက်တော့ သိထားရမှာပေါ့။ ဒါမှ ဒက်ခနဲ ဒက်ခနဲ မေးတဲ့လူရှိရင် ဖြေနိုင်အောင်၊ ငါက အကောင်းပြောတာပါ"

"အင်း ဒီစာအုပ်တွေ အကုန်ဖတ်ထားရမယ်၊ သီဂီ ကိုများကြည့်စမ်းပါ။ ဘယ်အချိန်အားလို့လဲ၊ အစ်ကိုနွယ်လို ချင်ရင်ရှာပေးမယ်လေ၊ ဘယ်နှစ်ခုနှစ်က ဘယ်သူရေးတာလဲ"

"ဟို စာပေဗိမာန်မဂ္ဂဇင်းထုတ်စက မဂ္ဂဇင်းထဲမှာ ဆရာဦးထင်ဖတ် (မောင်ထင်)ရေးတဲ့ အာဒီကာပွဲ"

"အမလေး သီဂီတောင် မမွေးသေးဘူး။ ဝတ္ထုလား။ ကျမ်းစာအုပ်လား။ ဆေးစာအုပ်လား"

မောင်ရွှေနွယ်သည် ထိုအခါမှ ပြုံးမိ၏။ ဟုတ်ပေသား။ အသက် (၂၀)ပင် မပြည့်သေးသော သီဂီသည် ဂန္ထလောက ခေတ်ကိုလည်းကောင်း၊ စာပေဗိမာန်၏ ခေတ်ဦးကိုလည်း ကောင်း ဘယ်မှာမီပါမည်နည်း။

"အေး ဟုတ်ပါတယ်၊ နင်ဘာသိနိုင်မလဲ၊ ခုခေတ် စာရေးဆရာအမည်ခံသူတွေတောင် မောင်ထင်ရဲ့အရင်လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဘယ်သိမလဲ။ ငါကတော့ ဆရာ့ကိုသိပ်စိတ်ဝင်စားတာပဲ။ ဆရာရဲ့ဟန်က ခေတ်ကိုသရော်တဲ့ဟန်နဲ့ရေးတာ။ မငြိးမငွေ့ သိပ်ဖတ်လို့ကောင်းတာပဲ။ သူသာ အာဒိကပ္ပကို ဆက်ရေးရင် (ငဘ)ထက်တောင် ကောင်းမလားမသိဘူး''

''ဘာဖြစ်လို့ ဆက်မရေးတာလဲ''

''ငါဘယ်သိမလဲ၊ ငါကလေ ဆရာဇဝနတို့၊ ဦးသော်တာဆွေတို့လို ရယ်စရာလဲ မရေးချင်ဘူး။ ဒါပေမယ့် အကြောင်းအရာတစ်ခုခု၊ ဒါမှမဟုတ် ခေတ်သမိုင်းတစ်ခုခုရဲ့ ပုံမကျပန်းမကျပုံကို ဆရာမောင်ထင်ဟန်နဲ့ ငါသိပ်ရေးချင်တာ။ တစ်ခါက နွယ်စိုးဆိုတဲ့ ဝေဖန်ရေးသမားဆောင်းပါးရှင် တစ်ယောက်က ရေးခဲ့ဖူးတယ်။ အမျိုးသမီး စာရေးဆရာထဲမှာ ခင်နှင်းယုဟာလဲ သရော်စာပေကို တစ်ခါတစ်ခါ ရေးတယ်တဲ့။ ဖဆပလခေတ်နှောင်းမှာ အရာရှိကတော်တွေ မတည်ငြိမ်ပုံကို (မျက်နှာကလဲပြောင်ပြောင်)ဝတ္ထုတိုနဲ့ ရေးသားသရော်ခဲ့တယ်။ ပြီးတော့ (သဲနိုင်ကြပါပေတယ်)ဝတ္ထုတိုမှာလည်း အလွှာချင်းကွာကြတဲ့ သူငယ်လေးနှစ်ယောက် စာမေးပွဲကျတာနဲ့ အောင်တာမှာ အထက်အလွှာက အရာရှိကတော်ရဲ့သား စာမေးပွဲကျတဲ့အချိန်မှာ ခပ်သဲသဲဖြစ်ပုံကို သရော်ထားတယ်။ ခင်နှင်းယုတောင် မသေသေးဘူး။ အဲဒီဝတ္ထုတိုတွေလဲရှာမရဘူး။ နင်တို့ ဒီဝတ္ထုတိုတွေ ဘယ်ဖတ်ဖူးမလဲလေ''

''မသိတာပဲ အစ်ကိုနွယ်က ပြောတာပဲ။ ဘာလုပ်အကုန်စုပေါင်းပြီး ပြန်မထုတ်တာလဲ''





''ဒီပြဿနာလဲ ငါဘယ်သိမလဲ''

''အစ်ကိုနွယ်ရဲ့ အာဒိကပ္ပကို မြေနီကုန်းဆိုင်မှာ သွားရှာပါဦးလား။ သူတို့က သီဂီဆိုင်ထက် ပိုစုံတဲ့အပြင် စာပေကို တကယ်လေ့လာလိုက်စားပြီး စုဆောင်းထားပုံရတယ်''

''နင်ကရော''

''သီဂီကတော့ ရွှေဖြစ်ငွေဖြစ်ပဲ''

ဤနေရာ၌ သီဂီဖြေပုံသည် သဘာဝကျပေသည်။ မှန်၏။ စာအုပ်ဆိုင်လေးသည် ရွှေဖြစ်ငွေဖြစ်လုပ်သော ဒေါ်သင်းအုံ၏ဆိုင်ခွဲတစ်ခုသာ ဖြစ်သောကြောင့် သီဂီအား အပြစ်မဆိုသာပေ။

မောင်ရွှေနွယ်သည် ဝတ္ထုတိုတစ်ပုဒ်ကို ရှုမဝထဲတွင် ဖတ်ရစဉ်က အလွန်သဘောကျ၏။ စာရေးသူ သရုပ်ဖော်တော်သည်ဟုဆိုရပေမည်။ စာအုပ်တို့၊ စာပေတို့တန်ဖိုးကို သစ်သီးသည်လေး အဘယ်မှာပင် နားလည်ပါမည်နည်း။ သစ်သီးသည်လေးသည် စာအုပ်ဟောင်းများကို သစ်သီးများ ရောင်းချသလို အော်ဟစ်ရောင်းချလိုက်၏။ သစ်သီးကကြာကြာ ထားလျှင် ပုပ်မည်(ပုပ်ကုန်)၊ စာအုပ်ကကြာကြာ ထားလေ တန်ဖိုးရှိလေ။

''ဒီမှာ ရဲဘော် လိုက်မလား''

ခရီးသည်တစ်ဦးလာခေါ်မှ သီဂီအပါးမှ ထွက်ခွာကာ သူသည် ခရီးသည်ကိုတင်၍ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုသွားမှာက သိမ်ဖြူဆရာတော် ဆေးတိုက်၊ ငါးထပ်ကြီးဘုရားလမ်းထဲမှာ၊ ခင်ဗျားရောက်ဖူးလား"

ခရီးသည်က မေးလိုက်၏။

"မရောက်ဖူးပါဘူးခင်ဗျာ၊ ဟိုသိမ်ဖြူလမ်းက သိမ်ဖြူဆေးပေးခန်းကိုတော့ ရောက်ဖူးတယ်"

"ဟုတ်တယ်၊ ဟိုကဆေးပေးခန်းပဲ ဆိုပါတော့။ အခုသွားမယ့်နေရာက ဆေးရုံသဘောပဲ၊ နာတာရှည် လူနာတွေနဲ့ အရေးတကြီးလူနာတွေကို လက်ခံပြီး ကုသပေးတဲ့ နေရာခင်ဗျ။ သိပ်အားရစရာ ကောင်းတာပဲ။ နယ်ကလာတဲ့ ဝေဒနာသည်တွေအတွက် သိပ်အဆင်ပြေတာပေါ့။ စားအိုးစားခွက်နဲ့ ချက်ပြုတ်စား၊ လူနာစောင့်ဖို့ အပိုလူတစ်ယောက်ကိုပါနေခွင့်ပြုတာ။

"ရန်ကုန်ဆိုတာ နေအိမ်အခက်အခဲ အင်မတန်တွေ့ရတာ။ နယ်ကဧည့်သည်လာရင် ကျယ်ကျယ်ဝန်းဝန်း လက်ခံဖို့နေနေသာသာ ကိုယ့်အိမ်သားနဲ့ကိုယ်တောင် အသက်မနည်းရှူရအောင် နေရာအခက်အခဲ အိမ်ပြဿနာက ကြီးမားတယ်။ ဝေဒနာသည်ဆိုတော့ အိမ်ရှင်က စေတနာရှိတယ်ပဲထားဦး၊ နေရေးအတော်ခက်တာ။ ဆရာတော်စေတနာနဲ့ စိမံထားပုံက ဝေဒနာရှင်က သိမ်ဖြူဆေးနဲ့မကုချင်ဘူး၊ တခြားမှာ ကုသချင်တယ်။ နေဖို့အခက်အခဲမလွယ်ရင် ဆရာတော်တို့ဆေးခန်းမှာပဲ နေခွင့်ပြုပြီး တခြားမှာ ကုသခွင့်ပြုတယ်"





"နေရာကျတာပေါ့ခင်ဗျာ၊ ဒီလိုကုသိုလ်အလှူမျိုး နိုင်ငံခြားမှာတောင်မရှိဘူး။ ရိုးရိုးသာသနာပြု ဆေးရုံဆေးခန်းပဲ ရှိတာ။ သူ့ဆေးရုံတက်ပြီး သူ့ဆေးနဲ့ကုသမှပဲ ဆေးခန်းမှာ လက်ခံတာ။ ဒါနဲ့နောင်ကြီးက ဘာရောဂါရှိလို့လဲ"

မောင်ရွှေနွယ်က စပ်စုလိုက်၏။

"ကျွန်တော့်မှာ ရောဂါမရှိဘူး။ ကျွန်တော်က လူနာစောင့်။ မြို့ထဲထွက်ပြီး ဝယ်ချင်ခြမ်းချင်တာနဲ့ ထွက်လာခဲ့တာ။ ကျွန်တော့် သူငယ်ချင်းက ဒီမှာကျောင်းတက်ရင်း လေဖြတ်သွားတယ်ဗျာ။ အဲဒါ ကြာကြာကုရမယ်။ ဆေးရုံမှာ စားရေးနေရေးမလွယ်တာနဲ့ သိမ်ဖြူမှာလာကုတယ်။ ဆေးရုံမှာလဲ (၂)လကြာခဲ့ပြီ။ သိမ်ဖြူရောက်ပြီး အကြောပြင်နှိပ်နယ်ပေးပြီး ဆေးလိမ်းဆေးစားနဲ့ တုတ်ပဲလိုတော့တယ်။ တစ်ပတ်အတွင်း လျှောက်နိုင်ပြီ"

"ဝမ်းသာစရာပဲနော်"

"ဟုတ်ကဲ့၊ အဲ . . . အဲ ရှေ့ကဗလီကြီးရောက်ရင် ညာဘက်ချိုးလိုက်ပေတော့"

မောင်ရွှေနွယ်သည် ခရီးသည်ညွှန်ပြသည့်အတိုင်း ဆိုက်ကားနင်းလာခဲ့၏။

"ကျွန်တော့် သူငယ်ချင်းလဲ နယ်က ကျောင်းသားဆိုတော့ စိတ်ဓာတ်ကျဆင်းနေတာ ခုမှပဲ နေရေးစားရေးအဆင်ပြေသွားတော့ ဝမ်းသာရတာပေါ့။ ရှေ့နှစ်(၁၀)တန်းဖြေရမှာ



www.burmeseclassic.com

www.burmeseclassic.com



သူကတောင်ကုတ်ကခင်ဗျ။ ပဒေါင်းကနေ ကားစီးရတယ်လေ။ ဟိုဘက်ရောက်တော့ ရခိုင်ပေါ့။ ရဲဘော်ကရော ရန်ကုန်သား လား''

ခရီးသည်ကလည်း ပြန်လည်မေးခွန်းထုတ်၏။

''ကျွန်တော်က ညောင်ကန်သားပါ။ လုပ်သားကောလိပ် တက်ရင်း ဆိုက်ကားနင်းနေတာ။ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မိဘကို အပူမကပ်ရတော့ဘူး''

''အေးဗျာ ဝမ်းသာစရာကောင်းလိုက်တာ။ ရှေ့ရောက် ရင် ဘယ်ဘက်ချိုးလိုက်ပေတော့။ အာယုဗေဒဆေးသိပ္ပံဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတယ်။ ခင်ဗျားတို့ ညောင်ကန်က နာမည် ကြီးပဲနော်။ ကြက်တောင် ညောင်ကန်ကြက်က အချိုန်မှန်မှန် တွန်သတဲ့။ စာပေပညာရှင်တွေမှာလဲ ညောင်ကန်ဦးဗုဓ်ဆိုတာ ထင်ရှားတဲ့ ဆရာတော်စာပေသမားပဲ။ ခုလက်ရှိ မဟာစည် ဓမ္မကထိက ညောင်ကန်အရှင်ကုဿကဆိုတာကလဲ စာလဲရေး တရားလဲဟော၊ တကယ်ပဲ အသံချိုစက်မလိုဘူး။ အင်မတန် အသံအောင်တဲ့ ဘုန်းကြီး ညောင်ကန်ဦးဗုဓ်ဆရာတော်ဆို နန်းမတော်မယ်နုကိုးကွယ်တဲ့ မင်းဆရာတော်ပဲ ဟော–ဟော ရပ်တော့''

ခရီးသည်သည် အတော်ဗဟုသုတများသူဖြစ်ပေမည်။ မောင်ရွှေနွယ်သည် ဘာပြောပြော သူ့မွေးရပ်မြေကို ခရီးသည် က သိုးကျူးပြောသွား၍ ဆိုက်ကားခတောင် မလိုချင်၊ အဖိုး





ဖြတ်တောင်မတောင်းတော့ပေ။ ခရီးသည်က ဖင်ထိုင်ခုံပေါ် ထားရစ်သမျှကိုယူလိုက်၏။ ခရီးသည် စေတနာကမဆိုးလှပါ။ ငွေ(၅)ကျပ်တန် တစ်ရွက်ထားခဲ့၏။ သူသည် အပြန်ခရီးသွား ကိုမစောင့်လိုတော့၍ ထွက်လာခဲ့မည်အလုပ် . . .

''ဟေ့လူ နေဦး''ဟု ရင်းရင်းနှီးနှီး ခေါ်လိုက်သော အသံကြောင့် သူသည်ဆိုက်ကားစနင်းရာမှ ရပ်ရင်းလှမ်းကြည့် လိုက်၏။

''ကိုယ့် ဘယ်သူလဲလို့၊ ဖိုးခွားပါလား။ ဘယ်သွား မလို့လဲ။ တစ်ခါတည်းလိုက်ခဲ့ကွာ။ မင်းကရော ဘာရောဂါရှိ လို့ ဒီဆေးပေးခန်းလာရတာလဲ''

ဖိုးခွားသည် သူ့ဆိုက်ကားပေါ် တက်ထိုင်ရင်း –

''ဘာရောဂါမှမရှိဘူး။ ငါတို့ကျောင်းက ဆရာတစ် ယောက် နေမကောင်းတာ လာမေးရင်း။ ပြန်တော့မလို့ ဆေး ပင်တွေ လျှောက်ကြည့်နေတာနဲ့ ကြာသွားတယ်''ဟု ဖြေ လိုက်၏။

ဖိုးခွားသည် မူလတန်းကလေးများကို ကျူရှင်ပေးရင်း လုပ်သားကောလိပ်တွင် မောင်ရွှေနွယ်နှင့်အတူ တက်နေ၏။ ရန်ကုန်မြို့ထဲတွင်ဖွင့်လှစ်ထားသော အထက်တန်းကျောင်းသား များအတွက် ကျူရှင်ခသည် ပက်ခနဲ၊ ပက်ခနဲ ငွေအဖွေး သားစုနိုင်သော အသပြာလုပ်ငန်းဖြစ်သော်လည်း တာမွေဈေး ကြီးတစ်ဝိုက် ကုန်စိမ်းခေါင်းရွက်သည်များ၏ သားသမီးများ



www.burmeseclassic.com

www.burmeseclassic.com



ထံမှကျူရှင်ခမှာ(၃)ကျပ်၊ (၅)ကျပ်မျှသာမက တချို့ကိုအလကား သင်ပေးရသော သဒ္ဓါ (သို့မဟုတ်) စေတနာလုပ်ငန်းဖြစ်၏။

အမှန်တော့ ဖိုးခွားက မာနရှင်၊ ပိုက်ဆံများများနှင့် လခကောင်းကောင်းရသော အလုပ်များကို ရနိုင်သော်လည်း မှုလတန်းကျူရှင်ပေးလုပ်ငန်းကို လုပ်ကိုင်နေသော သူ့မိတ်ဆွေ၏စေတနာနှင့်သဘောထားကိုကြိုက်၍ သူသည်ဝင်လုပ်နေခြင်းဖြစ်၏။ အားလပ်ချိန်တွင် သူကလည်း စာရေးချင်သေးသည်။ ဒါကြောင့် မောင်ရွှေနွယ်တို့ မောင်ပေါက်ကျိုင်းတို့နှင့် အဖွဲ့ကျနေကြခြင်းဖြစ်၏။

"မင်းရဲ့ဆရာက ဘာရောဂါလဲ"

"လိပ်ခေါင်းကွ၊ မဖြတ်မတောက်ရဘဲ ဒီမှာကုရတော့ လူသက်သာလို့ အခုလိပ်ခေါင်းကခြောက်ပြီး ကြွေသွားပြီ။ ဒါပေမယ့် အဲဒီ ဒုက္ခတကောင်ကကွာ စိတ်ဓာတ်ကျနေလို့ လာအားပေးရတာ။ စိတ်ဓာတ်ကျရုံတင်မဟုတ်ဘူး၊ သူလုပ်ပုံမဟုတ်တာနဲ့ ငါပါလာထိနေတယ်"

"ဆိုစမ်းပါဦး"

"သူကမြို့ထဲမှာ ရုံးစာရေး၊ သူနဲ့ငါ အဘွားကြီး တစ်ယောက်အိမ်မှာ ထမင်းလခပေးစားတယ်၊ အဘွားကြီးက ပစ္စည်းချောင်လည်ပုံရတယ်။ လစဉ်လခပြေလည်အောင် မပေးလည်း သူ့နောက်ဖေးဆောင်မှာ နေခွင့်ပြုတယ်ကွာ၊ ငွေရမှုစု ဆပ်ရတာပေါ့။ သူ့တူမက စားရေးသောက်ရေးကော၊ နေထိုင်





ရေးကော တာဝန်ယူအုပ်ချုပ်တယ်။ သူ့အိမ်က ကန်တော်ကြီးနားမှာဆိုတော့ သူ့လုံခြုံမှုအတွက်လည်း တို့များကို အားကိုးရတာပေါ့။ အပြန်အလှန် အကျိုးပြုသဘောပါပဲ။ မိသားစုစိတ်ဓာတ်ရှိပါတယ်။ ဒါပေမယ့် အဘွားကြီးက စည်းကမ်းရှိ၊ စနစ်ကြီးတယ်။

"အဲဒီအိမ်မှာ အားလုံးဘော်ဒါ ဆယ်ယောက်ရှိတယ်။ ညတိုင်းလိုလို တစ်ခါတလေ တစ်ရက်ခြား အဘွားကြီးက တို့ကို အချိန်မှန်ပြန်ရဲ့လား၊ အရက်သောက်သလားဆိုတာ အမြဲစစ်တတ်တယ်။ ညအိပ် တခြားသွားလည်ရင်ဖြစ်ဖြစ်၊ ညဉ့်နက်မှ ပြန်လာချင်ရင်ဖြစ်ဖြစ်၊ ခွင့်တောင်းရတယ်။ ကိုယ်နဲ့တစ်ခန်းထဲနေတဲ့ ဘသားချောက ငါ့ခဏမအူပင် ပြန်တုန်း သူယူမယ့် ကောင်မလေးကို အခန်းထဲခေါ်သိပ်တယ်ကွာ။ အဲဒါအဘွားကြီး မိသွားတယ်။ သူလဲ အဲဒီလိပ်ခေါင်းကျပြီးရင် အဘွားကြီးအိမ် မပြန်ရဘူး။ အဘွားကြီးက တစ်ယောက်စည်းကမ်းပျက်လို့ ခြေလှမ်းပျက်ရင် တစ်ခန်းထဲအတူနေက ထိန်းသိမ်းပြုပြင်ရမယ့်အစား ငါကသိပါလျက်နဲ့ မျိုသိပ်ထားတဲ့အတွက် ငါပါအလိုတူဆိုပြီး မောင်းချခံရတယ်ကွာ။ တစ်ပတ်အတွင်းပြောင်းပေးရမယ်။ ငါ့ကျူရှင်ကျောင်းနဲ့ မနီးမဝေး ငါအိမ်ရှာနေတယ်"

ဖိုးခွားက သူ့အဖြစ်ကို ပြောပြ၏။

"ဒီလိုဆို ဓာတ်စီ၊ ဓာတ်စံတို့ပြက်လုံးလိုပဲ မင်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း လိပ်ခေါင်းပျောက်ရင် မင်းက ရောဂါတစ်ခု အကြောင်းပြပြီး၊ ဆရာတော်ဆေးခန်း နှစ်ယောက်တက်နေ ပါဦးလားကွ။ တစ်ပတ်နေရနည်းလား''

ဖိုးခွားသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

''မလုပ်ပါနဲ့ကွာ၊ ဆရာတော်ဆေးခန်းမှာ ဒုက္ခိတတို့၊ ဂိလာနတို့နဲ့ ဆင်းရဲဒုက္ခရောက်နေသူ အောက်တန်းလွှာတွေ အတွက် ဦးစားပေးတဲ့နေရာပါကွာ။ အချောင်ခိုချင်တဲ့ အခွင့် အရေးသမားတွေအတွက် မဟုတ်ပါဘူး''

''ငါက ရယ်စရာပြောတာပါကွာ။ ဒီနေ့လဲ နဂါးနိုင် ကြီးဆီမှာ တို့များစတည်းချရအောင်၊ သူ့ဆီကလဲ အကြံ ဉာဏ်ရတာပေါ့။ ဖိုးခွား အားလား''

''အားပါတယ်''

သူတို့သည် ကိုကျိုင်းဟူ၍လည်းကောင်း၊ နဂါးနိုင် ကြီးဟူ၍လည်းကောင်း မောင်ပေါက်ကျိုင်းကို ချစ်စနိုးခေါ် တတ်၏။ ဖိုးခွားသည် မောင်ရွှေနွယ်နှင့်အတူ ခဏခဏ မောင်ပေါက်ကျိုင်းထံ ရောက်ဖူး၏။

''မင်းသူငယ်ချင်း လိပ်ခေါင်းကိုယ်တော်ကလဲ နား လည်ဖို့ကောင်းတယ်ကွာ။ ရန်ကုန်မြို့မှာ တစ်နေရာဆိုတာ ရခဲဘိခြင်း''

မောင်ရွှေနွယ်က ဆိုက်ကားကို ဖြည်းညင်းစွာ နင်းရင်း ပြောနေ၏။





''အေးပေါ့ကွာ၊ ငါအံ့သြတာက ရန်ကုန်သူတွေကြားရင် ငါ့ကိုဝိုင်းရိုက်မှာပဲ။ မိန်းကလေးတွေ ကိုယ်တိုင်ကလဲ လက်မထပ်ရသေးဘဲနဲ့ ယောကျ်ားကလေးတစ်ယောက်နဲ့အတူ ညလာပြီး အိပ်ရဲတယ်ဆိုတာ ကြောက်စရာပဲနော်။ အဲဒီ မိန်းကလေးကလဲ မိကောင်းဖခင်သားသမီးလို့ ငါ့သူငယ်ချင်းက ပြောပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့ရဲ့ ကျားမဆက်ဆံရေးကို ငါတော့ကျောချမ်းတယ်။ ဒါမျိုးတွေဟာ အရှေ့တိုင်း ယဉ်ကျေးမှု မျက်လုံးနဲ့တော့ နည်းနည်းမှ ကြည့်လို့မရဘူး ရွှေနွယ်ရ။

''ငါထင်တာကတော့ တို့များဘာသာပြန်ဆရာတို့ ကောင်းမှုထင်တယ် ဖိုးခွား။ သူတို့ရဲ့ တချို့ဘာသာပြန်ဝတ္ထု တွေမှာ ကောင်မလေးနဲ့ ကောင်လေး အလုပ်ပြန်နောက်ကျ ကျ၊ ချိန်းတွေ့တွေ့၊ တစ်ညလောက်များ နှစ်ယောက်အတူ အိပ်ကြတာပဲကွာ။ ဒါကိုတို့တိုင်းပြည်က ခေတ်စမ်းမမတို့က အတုယူတယ်ထင်ပါရဲ့။

''ကဲ...အတုယူတယ်ပဲထားဦး။ ဒီမိန်းကလေးရဲ့မိဘ နဲ့အုပ်ထိန်းသူတွေက ဘာလုပ်နေလဲ။ တို့များ ဒီစကြိုတ်မြို့ တွေရဲ့တောမှာဆို မရဘူးနော်။ ကိုယ့်ပတ်ဝန်းကျင်ကိုယ် ရှိသေ တာနဲ့ပဲ အလိုလိုသိက္ခာစောင့်ပြီးသား ဖြစ်သွားရော။ သူတို့ ရောဂါတွေ တို့များနယ်တွေကို ကူးစက်လာမှာစိုးရတယ်နော်''

ဖိုးခွားသည် သက်ပြင်းရှိုက်ကာ သူ့စကားကိုအဆုံး သတ်လိုက်၏။ သူတို့ရောက်ချိန်တွင် မောင်ပေါက်ကျိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အိုးများအလယ်တွင် တင့်တယ်စွာစံပယ်ရင်း စာတစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေ၏။

"ဟေး ဖိုးခွားနဲ့ ရွှေနွယ်။ ဘယ်မှာဆုံလာကြတာလဲ။ လာ . . . လာ"

မောင်ပေါက်ကျိုင်းသည် သူတို့ကိုမြင်မြင်ချင်း ဆီးကြို ဧည့်ခံ၏။

"ခုလိုမြင်ရမှ စိတ်အေးတော့တယ်။ ကျွန်တော်ထင်တာက ဟိုနေ့တွေ့ပြီးကတည်းက ဘဒ္ဒနုဝတီစိတ်နဲ့ ကိုကြီးကျော် ဓာတ်ထုပ်ခင်းပြီး ပုလင်းကိုင်နေသလားလို့"

မောင်ရွှေနွယ်က ပြောရင်း သူတို့နှစ်ယောက်သည် အိုးများအလယ်တွင် ဝင်ထိုင်ကြပြန်သည်။

"ဟော့ ဝတ္ထုတွေရေးသမျှ စွံသည်ဖြစ်စေ၊ မစွံသည်ဖြစ်စေ၊ ဘဒ္ဒနုဝတီကို ရွှေလက်တွဲပြီး နန်းသိမ်းပွဲခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ရဲဘော်တို့ တစ်ခုနားလည်ထားစေချင်တာက မောင်ပေါက်ကျိုင်းဆိုတဲ့ စာရေးဆရာသည် တစ်ခေတ်ပြင်နေတယ် အောက်မေ့လိုက်ပါ။ လိုချင်တာမရသောဆင်းရဲကြောင့် အသည်းကွဲပြီး အမှန့်ဖြစ်ပစေ၊ ဒီအသည်းကို အရက်နဲ့တော့ မစိမ်ဘူးမှတ်။ စာရေးဆရာဆိုသည်မှာ အရက်သောက်မှ ဖြစ်တယ်ဆိုတဲ့ အစဉ်အလာကို ပေါက်ကျိုင်းတို့ ဂစ်ခေတ်မှာ တော်လှန်ပစ်ရမယ်"

"အစ်ကိုကျိုင်းနဲ့တွေ့ရင် အဲဒီစကားတွေကိုက အား





ရှိစရာကောင်းတယ်။ ခုလာရင်းအကြောင်းက ဟောဒီ ဖိုးခွားပြဿနာ"ဟု မောင်ရွှေနွယ်သည် အစချီကာ နိဂုံးချုပ်တွင်တော့ "ဖြစ်နိုင်ရင် အစ်ကိုကျိုင်းနဲ့အတူ ကျွန်တော်ရယ်၊ ဖိုးခွားရယ် အတူနေချင်တယ်။ ရည်ရွက်ချက်ချင်းလဲတူ၊ ဘဝချင်းလဲတူတော့ စိတ်ချမ်းသာတာပေါ့"

မောင်ပေါက်ကျိုင်းသည် ခေတ္တစဉ်းစားလိုက်၏။

"ဒီအိမ်မှာ စီးပွားရေးစီမံကိန်းတွေကို ကြီးတော်က ချမှတ်ဦးဆောင်နေပေမယ့် တကယ့်အချုပ်အခြာ အာဏာက သိင်္ဂီလက်ထဲမှာ၊ ဘာဖြစ်လို့လဲဆိုရင် သိင်္ဂီက ချက်ပြုတ်ကျွေးမွေးရတော့ သူကဖြစ်နိုင်ပါတယ်၊ မပင်ပန်းပါဘူးဆိုရင် ကြီးတော်က ငြင်းမှာမဟုတ်ဘူး။ ကြီးတော်မှာ သဒ္ဓါတရားရှိတဲ့အပြင် သူ့စီးပွားရေးကို ဖိလိုက်နေရတော့ နောက်ပိုင်းကို သိင်္ဂီကို အပ်ထားရတာ။ ခုလဲ ဦးကြီးပိုနဲ့ ပေပါလွတ်လေလံပွဲကိုသွားကြလေရဲ့။ ဒီတော့ တို့များသိင်္ဂီကို အရင်စည်းရုံးရမှာ"

"ဖြစ်နိုင်မယ်ထင်တယ် အစ်ကိုကျိုင်းရဲ့။ ထမင်းအိုးတစ်လုံးပဲ ပိုချက်ရမှာ။ ကျွန်တော်ကလဲ ဟင်းဇိဇာမကြောင်ပါဘူး။ ကိုရွှေနွယ်နဲ့ကျွန်တော် တစ်ခါတစ်ခါ ဘယာကြော်သုပ်နဲ့ပဲ ညစာကျောင်းမှာ ကိစ္စပြီးကြတာပဲ။ ပြီးတော့လဲ ကျွန်တော် ဒီမှာနေတဲ့အတွက် အစ်ကိုကျိုင်းမှာ ဆန်ပြဿနာ မကြုံစေရဘူး။ အဘွားက ကျွန်တော့်အတွက် ဆန်အမြဲပို့ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားပြောသည်မှာ မှန်၏။ ဖိုးခွားသည် လူဆင်းရဲမဟုတ်၊ သူ့ဘွားအေ ဒေါ်ဖင်မှာ ဆန်စက်ပိုင်ရှင်ဖြစ်၏။ မအူပင်မှာနေ၍ သူတို့ဆန်စက်မှာ ပန်တပွတ်ရွာငယ်၏အစွန်မှာရှိသည်။ သူ၏တစ်ဦးတည်းသော မြေးငယ်သည် သူ့ရင်ခွင်အားစွန့်ခွာ၍ တစ်ရပ်တစ်ကျေးတွင် စွန့်စားခန်းလုပ်လိုသည်ဆို၍ မျက်ရည်စက်လက်နှင့် မြေးဆန္ဒကို လိုက်လျောရသည်။ ဖိုးခွားရောက်ရာနေရာသို့ စပါးနက်ဆန်ကို အမြဲပို့ပေးရှာသည်။

ဖိုးခွားက သူ့ဘွားဘွားအား သနားငဲ့ညှာသော်လည်း မိန်းမအလိုဆန္ဒကို အမြဲအလိုလိုက်၍ မယားကြောက်ရသော ဦးလေးနှင့်အတူ မနေလိုသောကြောင့် ရန်ကုန်သို့ ထွက်လာခြင်းဖြစ်သည်။ ဖိုးခွားမှာလည်း ချက်မြုပ်မြေကို ချစ်မြတ်နိုးသောစိတ်၊ ဂုဏ်ယူလိုသောစိတ် ရှိပါသည်။ မအူပင်ခရိုင်သား၊ (မလက်တို)ရွာတွင်ဖွားသည့် ဦးသိန်းမောင်ကဲ့သို့ သတင်းစာဆရာ၊ သို့မဟုတ် စာရေးဆရာဖြစ်ရမည်ဟူသော ရည်ရွယ်ချက်ရှိသည့်အပြင် ဦးလေးနှင့်အဒေါ်ကို အလျှော့မပေးချင်သောမာန် သူ့မှာရှိလေသည်။

ယခုတော့ စာပေရာဇဝင်တွင် ထင်ရှားသော ညောင်ကန်သား၊ မြန်မာ့ရာဇဝင်တွင် ထင်ရှားသော တကောင်းသားအုပ်စုနှင့် ပေါင်းမိသောအခါ ဖိုးခွားသည် သူ၏စွန့်စားခန်းလေးကို ပိုမိုနှစ်သက်လာ၏။

သူတို့ဝိုင်းဖွဲ့စကားပြောချိန်တွင်ပင် သိင်္ဂီရောက်လာ၏။





"အစ်ကိုကျိုင်းမှာလဲ ညှိသည်တွေနဲ့ပါလား၊ ကိုရွှေနွယ်ကြီးလဲ ရောက်နေတာကိုး"

"အေး . . . ရေနွေးတစ်အိုးတည်ပါလားဟယ်"

မောင်ပေါက်ကျိုင်းက ပြောလိုက်၏။

"အတော်ပဲ၊ ညမှာအစ်ကိုကျိုင်း စာအုပ်ဖတ်ရင်း ရေနွေးကြမ်းသောက်ဖို့ သိင်္ဂီလက်ဖက်သုပ် ဝယ်လာတယ်။ တစ်ခါတည်း ညှိသည်တွေပါ ခုကျွေးလိုက်မယ်နော်။ ကိုရွှေနွယ်ကို ချော့ရဦးမယ်။ နေ့လယ်က သူလိုချင်တဲ့ ဆရာမောင်ထင်ရဲ့ အာဒိကပ္ပဝတ္ထုလား၊ ဆောင်းပါးလား ရှာမပေးလို့ သိင်္ဂီကို ဒေါ်ပွနေတယ်"

သိင်္ဂီသည် ပြုံးပြုံးရယ်ရယ်ပြောကာ မီးဖိုချောင်ဘက်သို့ဝင်သွား၏။

"ဘာကိစ္စခင်ဗျားက အာဒိကပ္ပရှာမပေးတယ်လို့ သိင်္ဂီကို ဒေါ်ပွနေရတာလဲ။ ဒီစာပေဗိမာန် မဂ္ဂဇင်းမပြောနဲ့၊ ဗိုလ်ချုပ်အောင်ဆန်း ဆိုရမ်တိုဗေလာ (တစ်ခေတ်က ပြည်လမ်း စာပေဗိမာန်၏အမည်ဟောင်း) မိန့်ခွန်းဆို တကယ့်အဓိကရ မိန့်ခွန်းတစ်ခုဖြစ်ပေမယ့် ကျွန်တော်တို့တောင် ပိုးတိုးဝါးတားရယ်။ အနှစ်နှစ်ဆယ်ဆိုတဲ့ အချိန်အတွင်းမှာ အဖြစ်အပျက်တွေ များလိုက်တာနော်။ ဒီအနှစ်(၂၀)အတွင်းပေါ်လာတဲ့ စာပေတွေဆို နှစ်ဆယ်ရာစုနှစ် ခေတ်ဦးပိုင်းဆိုပါတော့လေ။ ဘယ်သိင်္ဂီတို့မှီပါ့မလဲဗျာ။ ကလေးတွေ အပြစ်မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအလွန် စိတ်ဝင်စားတဲ့ ခင်နှင်းယုဝတ္ထုတိုတွေတောင် ဒီကလေးတွေ ဖတ်ဖူးရဲ့လား''

ဖိုးခွားက ပြောလိုက်မှ မောင်ရွှေနွယ် သူ့အမှားကို ဝန်ခံသည့်ဟန်နှင့် ခေါင်းတညိတ်ညိတ်လုပ်နေတော့သည်။

''ဆရာဖေမြင့်ရေးတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော် ဖတ်မိတယ်။ လန်ဒန်မှာ (၁၈-ရာစုနှစ်၊ ၁၉-ရာစုနှစ်)တွေက စာအုပ်တွေကို ရောင်းဖို့မဟုတ်ပဲ နောင်တစ်ခေတ် လူတွေအတွက် ပြသဖို့ အမှတ်တရသိမ်းဆည်း ပြသထားတာအားရစရာပဲတဲ့။ ကျွန်တော်လေ စာရေးဆရာဖြစ်ဖြစ်၊ မဖြစ်ဖြစ် အဲဒီလိုပဲ သိမ်းဆည်းပြီး ပြတိုက်လုပ်မယ်။ ခုဆို ၂၀ ရာစုနှစ်နောက်ပိုင်း ကျွန်တော်တို့ လူငယ်အကြိုက် ခေတ်သစ်စာရေးဆရာတွေရဲ့ စာအုပ်တွေဆို စာရေးဆရာတွေ အသက်ရှင်နေလျက်နဲ့ သူတို့စာပေတွေ မြေမြှုပ်ခံနေရတာ ဝမ်းနည်းစရာပဲဗျာ။

''ကျွန်တော်လေ ခုဆရာဦးသိမ်းမောင်စာအုပ်တွေက စပြီးစုတယ်။ ဘွားဘွားသေလဲ ကျွန်တော်တို့ ဆန်စက်က ဦးလေးနဲ့ကျွန်တော် နှစ်ဦးပိုင် ဘွားဘွားက နာမည်လွှဲထားတယ်။ နှစ်စဉ်ရတဲ့ ကျွန်တော့်အတွက်ဝေစုကိုလည်း ဘွားဘွားကသိမ်းထားပေးတယ်။ သူ့သားလက်အပ်ရင် အခေါ်ကအပိုင်စီးမှာစိုးလို့ ဒီအမွေရတဲ့ငွေနဲ့ ကျွန်တော်အလုပ်စမယ်''

ဖိုးခွားက သူ့ရည်ရွယ်ချက်ကို ပြောပြ၏။





''ပြီးတော့လဲဗျာ အကြမ်းခွဲပြရရင် ရှေးစာဆိုတွေရေးတဲ့စာပေတွေ စစ်မဖြစ်ခင် စာပေဂန္ထလောကခေတ်၊ ဂျပန်ခေတ်နဲ့စစ်ပြီးခေတ်၊ ဒီခေတ်မှာ မြန်မာဝတ္ထု အတိုအရှည်တွေဟာ ခေတ်စမ်းဟာစ်ခေတ်ဟန်နဲ့ပေါ်လာတာတွေ ပြည့်လို့ဗျာ။ ဘဝနဲ့ထင်ဟပ်တာတွေရှိပါတယ်။ ကျွန်တော်တို့ ဒီစာပေတွေ အလယ်ကြီးလာတာပဲ။ ဒါပေမယ့် ကျွန်တော်တို့ စာပေပညာရှင်ကြီးတွေဟာ နိုင်ငံခြားမှာ မြန်မာဝတ္ထုတွေကို တင်ပြရင် ဦးလတ်စံပယ်ပင်နဲ့ ကိုရင်မောင် မမယ်မသာ မြန်မာတွေရေးတတ်တာ ကျနေတာပဲနော်။ ဘာကြောင့် သူတို့ဟာ ကျွန်တော်တို့တစ်ခေတ် လူငယ်တွေ ဦးစားပေး စိတ်ဝင်စားတဲ့ ဝတ္ထုတိုရှည်တွေနဲ့ ကမ္ဘာ့စာပေတွေကို မိတ်ဆက်မပေးတာလဲဆိုတာ ကျွန်တော် နားမလည်ဘူး''

ဖိုးခွားက သူ့စကားကို အဆုံးသတ်၏။

''အကြောင်းတော့ ရှိမှာပေါ့ကိုရင်။ သူတို့မိတ်ဆက်မပေးတာက မြန်မာပညာရှိ သုခမိန်ကြီးတွေရဲ့ တာဝန်ပေါ့လေ။ ကြိုးစားရမှာက တို့များရဲ့တာဝန်။ ကြားလိုက်မိလား ယူနက်စကိုက သူတို့စိတ်ကြိုက် မြန်မာဝတ္ထုတို အတော်များများစုဆောင်းပြီး၊ ဘာသာပြန်တင်ပြဖို့ ခွင့်တောင်းပြီးယူသွားတယ်။ ဒီတော့ တို့များရဲ့စာရေးဆရာတွေ စာပေဟာ မရှော်ပေဘူး။ ယူနက်စကိုက အသိအမှတ်ပြုပေသားပဲလို့ စိတ်ဖြေ။ မြန်မာ သုခမိန်တွေကတော့ မြန်မာ့လက်ရှိ စာပေတစ်ခေတ်နဲ့ သူတို့နှ



www.burmeseclassic.com

www.burmeseclassic.com



အဆက်များ ပြတ်နေလောက်အောင် အနေဝေးခဲ့ လေသလား မသိ။ ကိုယ်လဲ ဖိုးခွားလုပ်ချင်တာ ကိုယ်ကူပါ့မယ်''

''ကိုယ့်မှာတောင် ဆရာဦးထင်ဖတ်ရဲ့ ခေတ်သမိုင်း အဖုံဖုံကို သရော်ထားတဲ့ ရေးဟန်ကို ပြန်ဖတ်ချင်လို့ရှာရတာ အမော။ ဆရာ့ကိုတွေ့တိုင်း 'သရော်စာပေ' ဆိုသည့်ကားဆိုပြီး ကျမ်းတစ်စောင်လောက် ပြုပေးပါလို့ တောင်းပန်ရတာ တွေ့ တိုင်းပဲ။ အမှန်တော့ အလွမ်းဝတ္ထု၊ အသည်းကွဲဝတ္ထုထက် ဟာသဝတ္ထုက အရေးရခက်တယ်။ ဟာသထက် သရော်စာပေ က အရေးရပိုခက်တယ်လို့ ကိုယ်ထင်တယ်။ ဘဝရဲ့ပတ်ဝန်း ကျင် ထင်ဟပ်လာသမျှ အဲဒီဟန်သုံးခုနဲ့ စာပေမှတ်တမ်းတင် ရတာကို လွမ်းရတာမှာရော၊ ရယ်ရတာမှာရော၊ သရော်တာမှာ ရော'ဘဝ'ဆိုတဲ့ ပတ်ဝန်းကျင်အရိပ်ကတော့ အမြဲထိုးနေမှာပဲ''

''ကိုရွှေနွယ်ကြီး မောမယ်၊ ရေနွေးကြမ်းနဲ့ လက်ဖက် သုပ်စားဦး၊ ပြီးမှမိန့်ခွန်းဆက်ပြော''

သိင်္ဂီက ပြောပြောဆိုဆို ရေနွေးကြမ်းအိုးပြင်ထားသော ဇန်းနှင့်လက်ဖက်ပန်းကန်ကို သူတို့သုံးဦးအလယ် ချထား လိုက်၏။ ထိုအခါကျမှပင် ညောင်ကန်သားကြီးသည် စကား လက်စသတ်လိုက်၏။

''သိင်္ဂီ မီးဖိုထဲ ပြန်မသွားပါနဲ့ဦး၊ အစ်ကိုကျိုင်းတို့ ထမင်းအိုးကူတည်ပါ့မယ်။ ထိုင်ပါဦး''

''ဘာကိစ္စရှိလို့လဲ အစ်ကိုကျိုင်း။ မနက်က ဟင်းချက်





ပြီးသား။ ထမင်းအိုးတစ်လုံးပဲ တည်စရာရှိတာ။ ကိုရွှေနွယ် တို့လဲ ဒီမှာပဲစားသွားပါလား။ သိင်္ဂီဆန်ပိုချက်လိုက်မှာပေါ့''

သိင်္ဂီမှာဝိုင်းထဲ ဝင်ထိုင်ရင်း ပြောလိုက်၏။

''အေးပါလေ၊ ခုညစာလဲကျွေး၊ နောင်လဲ ကျွေးစေ ချင်လို့ပါ။ သိင်္ဂီရဲ့အကူအညီ တို့များမှာလိုနေလို့''

မောင်ပေါက်ကျိုင်းသည် ရေနွေးငှဲ့ပေးရင်ဖိုးခွားကိုပါ သိင်္ဂီနှင့် မိတ်ဆက်ပေး၍ သူတို့၏စီမံကိန်းကို သိင်္ဂီအား ပြောပြ၏။

သိင်္ဂီသည် ခပ်ငိုင်ငိုင်လေး နားစိုက်ထောင်နေရာမှ သူသည် သူ့ဆန္ဒကိုပြောပြ၏။

''သိင်္ဂီအတွက် ဘာမှထူးခြားပြီး မပင်ပန်းပါဘူး။ ခုလဲ မနက်ဘုရားဆွမ်းတော်တင်ဖို့နဲ့ ဆွမ်းခံကြွတဲ့ ဘုန်းကြီးတွေ လောင်းဖို့ ဆွမ်းဟင်းချက်ထားရတာပဲ''

''တို့များလဲ ပဲပြုတ်ထပြီး ဝယ်ပါ့မယ်။ ဖိုးခွားရော တို့များရော မင်းအစ်ကိုကျိုင်းလို မဟုတ်ပါဘူး။ ထမင်းကြော် လောက်တော့ ကိုယ့်ဟာကိုယ်ကြော်စားတတ်ပါတယ်။ ဖိုးခွား ရဲ့ဘွားဘွားက ဆန်မှန်မှန် ပို့ပေးမယ်ဆိုတဲ့အကြောင်းလဲ ကြီးတော်ဒေါ်သင်းအုံကို မင်းကရှင်းပြပါ''

မောင်ရွှေနွယ်က ဆို၏။

''အင်းလေ၊ ဒါပေမယ့် ကြီးတော် ပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကျိုင်းကလဲ သူ့သဘောကိုသိရအောင် ခွင့်လဲတောင်း၊ အစ်ကိုကျိုင်း သူငယ်ချင်းတွေ အကြောင်းလဲပြောပြပေါ့''

သိင်္ဂီသည် ဖိုးခွားဘက်ကို မျက်လုံးတစ်ချက်ဝင့်ကာ ပြောလိုက်၏။

''ပြီးတော့ သိင်္ဂီနဲ့ကြီးတော်က အပေါ်ထပ်နိုးလေးမှာအိပ်တာ။ ဒီအောက်ထပ်မှာ အစ်ကိုကျိုင်းတို့သုံးယောက် အိပ်လို့ဆန့်ပါ့မလား''

ထပ်ဆင့်မေးခွန်း သိင်္ဂီက ထုတ်လိုက်၏။

''ဒီလိုပဲပေါ့ဟယ်၊ တိုးတိုးဝှေ့ဝှေ့ပေါ့။ နင်ကြားဖူးတယ်မို့လား တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ ချစ်တာချစ်တာပဲမာနလို့ ဆိုချင်ပါတယ်ဆိုတဲ့သီချင်းလေ''

မောင်ပေါက်ကျိုင်းက ပြောလိုက်၏။

''အစ်ကိုကျိုင်းကလည်း ဒါကအချစ်သီချင်းပဲ'' ဟု သိင်္ဂီသည် ပွင့်ပွင့်လင်းလင်း ဖြေလိုက်၏။

''အဲ...အဲ ဒီနေရာမှာလေ နင်တို့ခေတ်လူငယ်တွေဟာ အချစ်ဆိုရင် ကောင်မလေး၊ ကောင်လေး၊ ချစ်တာပဲသိတယ်။ တို့စာပေကို ချစ်မြတ်နိုးလို့ စာပေလောကထဲကို ဝင်ချင်လို့ စွန့်စားခန်းနဲ့ ထွက်လာတဲ့အခါမှာ တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ ဝါသနာပါတာလုပ်ရရင် ကျေနပ်တာပါပဲ''





နဂါးနိုင်ကြီးသည် စာအုပ်ရောင်းသော်လည်း စာပေအရသာနှင့် စွဲမက်စရာကောင်းခြင်းကို မသိရှာသော သိင်္ဂီကို ရှင်းပြလိုက်၏။ သိင်္ဂီသည် ခပ်တွေတွေ စဉ်းစားရာမှ –

''သိင်္ဂီသိချင်တာ တစ်ခုရှိတယ်။ အစ်ကိုကျိုင်းတို့ အုပ်စုဟာ ဘာဖြစ်လို့များ ဒီလောက်တောင် စာရေးဆရာဖြစ်ချင်ရတာလဲ'' ဟုမေးလိုက်၏။

''ဟင်...''ဟူသော အာမေဍိတ်သံကို သုံးယောက်စလုံးပြုလိုက်၏။

သုံးယောက်စလုံးသည် ဖြေစရာအဖြေတွေများလွန်း၍ ရင်ထဲမှာ ပြည့်သိပ်နေပုံရ၏။ ဤနေရာ၌ မောင်ပေါက်ကျိုင်းကပင် ဦးဆောင်၍ဖြေပြန်သည်။

''ဝါသနာကို မတားနဲ့တော့ရှင်''ဆိုတဲ့ မြရင်ဆိုတဲ့ သီချင်းကိုရော နင်မကြားဖူးဘူးလား''

မောင်ပေါက်ကျိုင်း၏ အဖြေစကား မဆုံးခင် မောင်ရွှေနွယ်သည် ကြားဖြတ်ဝင်၍ ဆက်ပြောလိုက်၏။

''လူတွေမှာလုပ်ချင်တယ် ကိုင်ချင်တယ်ဆိုတဲ့ ဆန္ဒက အမြဲဦးစီးနေတယ်ဆိုတာ သိတယ်မို့လား။ ဆန္ဒနောက်က လှုံ့ဆော်တဲ့စိတ်ရယ်၊ ကြိုးစားတဲ့စိတ်ရယ်က ကပ်ပြီးပါလာတာပေါ့ဟ။ တိုက်ရေးခိုက်ရေးကို ဝါသနာပါတဲ့အုပ်စုမရှိရင် ဘယ်မှာတပ်မတော်ဆိုတာလဲရှိမလဲ။ ကိုယ့်တိုင်းပြည်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားလိုသူ၊ အနစ်နာခံချင်သူတွေရှိမလဲ။ သေနတ်တစ်လက်ဆွဲပြီး ရဲဘော်ကောင်း တစ်ယောက်အဖြစ်နဲ့ စစ်မြေပြင်ကို ထွက်ရဲဖို့၊ သတ္တိနဲ့ဖွဲ့ဟာ ရဖို့လွယ်တယ်မှတ်သလား။ အဲဒီလိုပဲ ကလောင်တစ်လက်စွဲပြီး စာပေနယ်ထဲ သတ္တိရှိရှိနဲ့ စွန့်စားဖို့ ကိစ္စဆိုတာလဲ မလွယ်ဘူး သိဂီ"

"ဒီစာပေတို့၊ အနုပညာတို့ကို ချစ်မြတ်နိုးတဲ့ မွေးပါဝါသနာက ပါလာလေတော့ တို့မှာအခု ကြီးတော်သင်းအုံရဲ့ အိမ်မျိုးမပြောနဲ့၊ တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ ချစ်တာပဓာနပဲ။ သိဂီက မနက်ကလို ငါ့ကိုမျက်စောင်းမထိုးနဲ့ဦးနော်။ တို့များရဲ့နောင်တော်၊ ခမည်းတော်တွေဖြစ်တဲ့ ဆရာဒဂုန်နတ်ရှင်တို့၊ ဂျာနယ်ကျော်ဦးချစ်မောင်တို့ဆို ပုဆိုးတစ်ထည်နှစ်ယောက်ဝတ်ပြီး၊ ပဲဟင်းစား၊ အခန်းတစ်ခုထဲမှာ ဝါသနာတူ လူငယ်တွေစုပေါင်းနေပြီး၊ စာပေစွန့်စားခန်းလုပ်ပြီး ပြုစုကြလို့ တို့စာပေတစ်ခေတ်မှာ သူတို့ရဲ့အမွေရကြရတာပေါ့"

ငြိမ်၍ကုပ်နေသော ဖိုးခွားသည် လေအေးလေးနှင့် နောက်ဆုံးဝင်ပြော၏။

"ဒီရန်ကုန်မှာ မြို့ကြီးတွေမှာရော တချို့အိမ်ရှင်မတွေကပြောတယ်။ မြို့မှာနေရတာ ဘယ်လောက် စည်းစိမ်ရှိလဲ။ ဒါတောင် အိမ်ဖော်တွေဟာ ဘာကြောင့်တောကို ပြန်ပြီးထွက်ထဲရန်းချင်ရသလဲတဲ့။ မိုးတွေအုံ့ပြီး လယ်ထဲရေဝင်ရင် ကိုယ့်လယ်ယာခင်းလွမ်းပြီး ကိုယ့်လယ်ယာနဲ့ပဲ လုပ်ကိုင်စားချင်တဲ့





မြေနဲ့ရင်းနှီးပြီး စားချင်တဲ့ဆန္ဒသာ လယ်သမားမိသားစုတွေသာ မရှိရင် တို့တစ်ကမ္ဘာလုံး ဝေါကုန်ကြတာ ကြာလှပြီ"

သိဂီသည် ဖိုးခွားစကားကို နောက်ဆုံးနားထောင်ပြီး မှတ်ချက်ချလိုက်သည်ကတော့ . . .

"ဒီလိုဆို ဒီလိုလုပ်ပါလား။ ကျောက်မြောင်းက သိဂီသူငယ်ချင်း စာရေးဆရာမ အမရာကတော့ သူ့ဝတ္ထုစာအုပ်ရေးပြီး အပေါ်မှာရွှေချထားတဲ့ ဆေးဖယောင်းတိုင်ကိုထွန်း။ ဆိုင်းဘာဘာရဲ့ ဓာတ်ပုံရှေ့မှာထားလိုက်တာ သူတစ်ခါတည်း စာရေးဆရာမဖြစ်သွားရောတဲ့။ သိဂီထမင်းချက်ရတော့မယ်"

ဘာများ ပြောနိုင်ကြပါဦးမည်နည်း။ ဥမ္မပေါက်စ စာရေးဆရာလောင်းသုံးဦးသည် ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ကြလေသတည်း။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၄]

### ၁

မောင်ရွှေနွယ်နှင့် ဖိုးခွားတို့အား ကြီးတော်ဒေါ်သင်းအုံ ပြန်ရောက်လာချိန် ညနေစောင်းတွင်ပင် သူ့တူတော်မောင် မောင်ပေါက်ကျိုင်းနှင့်အတူနေခွင့် ကြီးတော်ကြီးက ရှောရှော ရှူရှူပေးလိုက်၏။ နောက်အပတ်ထဲတွင် သူရဲကောင်းသုံး ယောက် ဒေါ်သင်းအုံ၏ရဲတိုက် အောက်ထပ်ခန်းတွင် တိုးတိုး ဝှေ့ဝှေ့စံစားကြ၏။

အမှန်အားဖြင့် သူတို့ သုံးယောက် အတူနေခွင့်ကို ကြီးဒေါ်အား သိင်္ဂိကထောက်ခံချက်ပေး၍ဆိုလျှင် မှန်သင့် သလောက်မှန်သော်လည်း တကယ်တန်းကြီးတော်ကို တိုက်





ရိုက်နေခွင့်ပြုဖို့ ဥသျှောင်ဦးစီးချုပ်ကခွင့်ပြုရန် ညွှန်ကြားပေး၍ ဆိုလျှင် ပို၍မှန်ကန်ပေသည်။

ထိုသူကား ကြီးတော်၏ စီးပွားဘက် ဘကြီးပိုခေါ် ဦးရွှန်းပိုဖြစ်၏။ ဦးရွှန်းပိုသည် ထိုနေ့က နေ့လယ်လို ပေပါ လွှတ်များ၊ စက်ရုံပစ္စည်းဟောင်း မော်တော်ကားဟောင်းများ၊ လေလွင့်ပစ္စည်းများကို တင်ဒါနှင့်ရောင်းချသောအခါ ဒေါ်သင်းအုံ နှင့်အတူ သွားရောက်၍ တင်ဒါနှင့်ဝယ်ခြင်း၊ လေလံတင် ရောင်းလျှင်လည်း ကုလားတရုတ်နှင့်အပြိုင် လေလံဆွဲဝယ် ခြင်းများကို ကူညီလုပ်ကိုင်ပေးနိုင်သူဖြစ်၏။

"အုံရယ် ကိုရွှန်းနဲ့စိတ်တူသဘောတူ ဝါသနာအိုး လေးဇုတွေဆိုတော့ နေခွင့်ပြုလိုက်ပါလေ။ မောင်ပေါက်ကျိုင်း အတွက်လဲအဖော်ရ၊ အုံတို့ တူအရီးနှစ်ယောက်အတွက်လဲ လုံခြုံမှုစိတ်ချရတာပေါ့။ ပြောတော့ အိုးရောင်းတယ်ဆိုပေမယ့် အုံရဲ့အရင်းအနှီး ငွေလည်ပတ်မှုက မနည်းတော့ ညရေးညတာ လုံခြုံရေးကလဲ လိုသေးတယ်ကွယ့်"

ဤနေရာ၌ လုံခြုံရေးကို ဦးတည် စကားဆိုတတ် ခြင်းမှာ အကျင့်ပါနေသောကြောင့်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ဦးရွှန်းပိုသည်ငယ်ငယ်က တပ်မတော်ရဲဘော်ဟောင်း ကြီးတစ်ယောက်ဖြစ်ခဲ့သောကြောင့် ဖြစ်သတည်း။

ဒုတိယ 'ကိုရွှန်းနဲ့စိတ်တူသဘောတူ'ဟူ၍ စာပေ သူရဲကောင်းသုံးယောက် မောင်ပေါက်ကျိုင်း၊ မောင်ရွှေနွယ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဖိုးခွားတို့ကို ညွှန်းဆိုသည်မှာကတော့ ဦးရွှန်းပိုသည် တပ်မတော် သားရဲဘော်တစ်ယောက်အဖြစ် သေနတ်ကို လက်မှာဆွဲ၍ တိုက်ပွဲအလီလီဝင်ခဲ့သလို တတိယအရွယ်တွင် သေနတ်ကိုစွန့်ခွာ၍ ကလောင်ကို ကိုင်စွဲခဲ့ပါသော'အဘိနန္ဒာသူ' ကလောင်ဘွဲ့ရ စာပေပညာရှင်တစ်ယောက်ဖြစ်၏။

'အုံ'ဟူ၍ ဒေါ်သင်းအုံကို ခေါ်ခြင်းက ခုမှခေါ်သည် မဟုတ်၊ နှစ်ပေါင်း နှစ်ဆယ်ကြာခဲ့ပြီ။ ဘေးက ကလေးသည် ပြောပြော၊ ကလက်သည် ပြောပြော 'အုံ'ဟူ၍သာ အဖျား ဆွတ်၍ချစ်စနိုးခေါ်ခဲ့သည်။

ဒေါ်သင်းအုံဆီ စာရေးလျှင်မူ 'ဥုံ'ဟူ၍ စာလုံးပေါင်း ရေး၏။ စစ်ပြန်ကြီး အဘိနန္ဒာသူက သူ့ချစ်သူကို အက္ခရာဥနှင့် စာလုံးပေါင်း၍ 'ဥုံ'ဟုရေးခြင်းမှာ အဓိပ္ပာယ်ရှိ၏။ 'ဥုံ'ဟူသော အက္ခရာကို ဤသို့လျှင်ဖွင့်ပြ၏။

'ဥုံ'ဆိုသည်မှာ မြန်မာတို့ ဓလေ့ထုံးစံအစစ်မဟုတ်၊ ဘုရားဟောလည်းမဟုတ်၊ ယဉ်ကျေးမှုတို့ ကူးလူးယှက်သန်း ရာတွင် ဟိန္ဒူတို့ယဉ်ကျေးမှုသည် မြန်မာတို့၏ကိုးကွယ်မှု ဘာသာရေး၊ ဆေးပညာ၊ ဂီတအစရှိသည်တို့တွင် ရောယှက် ပါဝင်လာ၏။

'ဥုံ'သည် အ-ဥ-မ်၊ သုံးခုပေါင်းကို တစ်လုံးတည်း စုပေါင်း၍ ရွတ်ဆိုလိုက်ခြင်းဖြစ်၏။





အ-သည် ဗိဿနိုး၊ ဟိန္ဒူအခေါ်အရ ဗိသျှနိုးခေါ် သော နတ်မင်းကြီးအမည်ဖြစ်၏။

ဥ-သည် သိဝ၊ ဟိန္ဒူဘာသာနှင့် သျှိဝမည်သော နတ်မင်းကြီးအမည်ဖြစ်၏။

မ်-သည် မဟာဗြဟ္မာ၊ ပရမေသွံ့ -ပရမေသွာရ နတ်မင်းကြီးတို့၏ အမည်ဖြစ်၏။

ဤနတ်မင်းကြီးများ၏ အတိုကောက်အမည်များကိုစု၍ 'ဥုံ'ဟုရွတ်ဆိုလိုက်ခြင်းဖြင့် သိရိကျက်သရေနှင့် ပြည့်စုံရုံမျှမက နတ်မင်းကြီးများကို ရှိခိုးလိုက်ခြင်းဖြစ်၏။ အန္တရာယ်ကင်း၏။ ယခုသော် ဂါထာစုတ် မန်းမှုတ်လျှင်ဖြစ်စေ၊ မင်္ဂလာပွဲ ဘိသိက် သွန်းလျှင်ဖြစ်စေ၊ ဤမင်္ဂလာကျက်သရေနှင့် ပြည့်စုံပါသော 'ဥုံ'ဟူသည့် စကားလုံးကို ဘိသိက်ဆရာတို့၊ ဆေးဆရာတို့ ရွတ်ဆိုကြသည်။

ဘကြီးရွှန်းပိုသည် သူ့ချစ်သူကို စာရေးတိုင်း သာမန် လူများလို 'အုံ'ဟူ၍မရေးဘဲ 'ဥုံ'ဟူ၍ရေးခြင်းမှာ ချစ်သူ၏ သိရိကျက်သရေပြည့်ဖြိုး၍ အန္တရာယ်ကင်းစေလိုသောကြောင့် ဖြစ်သည်ဟု ဖွင့်ဆိုပါသတည်း။ ကဲ ထိုမျှလောက်ပင် ဘကြီး ရွှန်းပိုသည် သူ့ချစ်သူအပေါ် စေတနာထားခဲ့ပါ၏။ သူ၏ရဲဘော် ရဲဘက်ဟောင်းများနှင့် မောင်ပေါက်ကျိုင်းက ဦးရွှန်းပိုအား ချစ်ဒက္ခဦးဘညွှန့်ဟူ၍လည်း အမည်တပ်၍ ခေါ်ကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းနယ်ပယ်တွင် ချစ်ဒုက္ခသီချင်းကို သီဆို၍ ဦးဘာညွန့်သည် 'ချစ်ဒုက္ခဦးဘာညွန့်'ဘွဲ့ကို သိမ်းပိုက်ခဲ့၏။ စာပေနယ်တွင်မူ ဘကြီးပိုသည် ဒေါ်သင်းအုံအား ဆံဖြူသွားကျိုးအရွယ်အထိ စောင့်စားလာခဲ့ပါသောကြောင့် သူ့အားချစ်ဒုက္ခဘွဲ့ကိုရောင်းရင်းတို့က ပေးလိုက်ခြင်းဖြစ်၏။

ဒေါ်သင်းအုံသည် ဒေါက်တာသုနာပရန္တ၏ ချစ်ဦးသူဘဒ္ဒနုဝတီ စာရေးဆရာမကြီးလိုပင် လူသိရှင်ကြား သူ၏နှလုံးသားကို ဘကြီးပိုအား မပေးခဲ့သေးပါသော်လည်း အုံဟူသော ခေါ်ဆိုခွင့်ကိုမူ အရွယ်မနှောင်းခင်ကပင် ခေါ်ယူခွင့်ပေးခဲ့၏။

ဘကြီးပိုသည် သူ့ထံ စာပေလေ့လာလိုသူတို့ လာရောက်ဆွေးနွေးကြလျှင် –

"အချစ်ဆိုတာ လူသာအိုသွားတယ်၊ အချစ်ကနှလုံးသားတွင်းမှာ မအိုပါ။ ရေခဲသေတ္တာသည် သားငါးများကို မပုပ်မသိုးအောင် ထားနိုင်သည်ဆိုဦးတော့ ရေရှည်ကြာလျှင်မကောင်းတတ်ပါ။ သူ၏နှလုံးသားကမူ အချစ်ကို အမြဲလတ်ဆတ်အောင် သိုလှောင်ထားနိုင်သော ကိရိယာတစ်ခုဖြစ်၍ အေးစက်သော ရေခဲသေတ္တာနှင့်ပင် မနှိုင်းချင်"ဟူ၍ဆိုတတ်ပါသတည်း။

ဤကဲ့သို့ စကားလုံးများကြောင့် စာပေနယ်တွင် စစ်ပြန်ကြီး အဘိနန္ဒသူ ကျောက်တိုင်တစ်တိုင် စိုက်ထူနိုင်ခဲ့၏။





သူသည် အထူးသဖြင့် မောင်ပေါက်ကျိုင်းတို့လို ငယ်ရွယ်သူ စာပေဝါသနာအိုးများနှင့်တွေ့တွေ့ တပ်မတော်ရဲဘော်များနှင့်တွေ့တွေ့ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် ပေါင်းသင်းတတ်၏။ ကူညီတတ်၏။ သူ့မှာလည်း နှလုံးသားခံစားချက်ဝေဒနာကရှိခဲ့သည်။

သူ၏အုံအား သူမတွေ့ခင်က သူ၏ချစ်ဇနီးကွယ်လွန်ခဲ့၏။ ထိုစဉ်က သူတပ်မတော်ထဲတွင်ပင် ရှိနေခဲ့သည်။ သားငယ်ကို ရင်ဝယ်ပိုက်၍ အချစ်သစ်ကို မရှာခဲ့ပါပေ။ အုံကိုတွေ့ချိန်မှာပင် သားနှင့် ပြဿနာပေါ်မှာစိုး၍ 'အုံရုံသာအုံခဲ့သည်။ 'ဖွ'ဆို၍ ဒေါ်သင်းအုံ၏အသည်းနှလုံးကို မဖွခဲ့ပါ။

သို့သော် သူ့သားငယ်သည် ဘကြီးပို ခေတ်သုံးခေတ်စွန့်စားခဲ့၍ မော်ကွန်းဝင်ပထမဆင့်ရခဲ့သလို ကြိုးပမ်းဖို့ဝေး၍ ကျောင်းမှာလည်းမစွံ၊ စာပေနယ်တွင်လည်းမစွံ၊ အလုပ်ခွင်တွင်လည်းမစွံ၊ ဘယ်နယ်ပယ်တွင်မှ မစွံပါသော နံပါတ်ဖိုးနယ်ပယ်တွင် အမှုကွန်းတင်ခံခဲ့ရသည်။ ဘိန်းဖြူရှင် ပထမဆင့်ဖြစ်သည်။ ယခုသော် သရက်လူငယ်ထောင်တွင် စံစားနေ၏။

ဘကြီးပိုအဖို့ ရေကျော်တို့ဗမာအစည်းအရုံးတွင် သခင်ဟောင်းကြီးများ၊ နိုင်ငံရေးသမားကြီးများနှင့် လက်တွဲစဉ်ကရော၊ ထမင်းတစ်နပ်၊ တစ်မတ်တန်ကို ရဲဘော်ငါးယောက်လောက်ဝေငှစားရစဉ်အဖြစ်တုန်းကရော သူတို့သည် မျက်ရည်တစ်စက်မကျ၊ မျက်နှာတစ်ပတ်မညှိုးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ကျောင်းသားသမဂ္ဂ စာရင်းဝင်များနှင့်အတူ ၁၃၀၀ ပြည့်အရေးတော်ပုံတွင် လယ်သမား၊ ရေနံမြေအလုပ်သမားများကို ကူညီတိုက်ခိုက်ခဲ့ပါသောကြောင့် ထောင်ဗူးဝတွင် နံပါတ်တုတ်နှင့် ခေါင်းရှစ်စိတ်ကွဲမတတ် အရိုက်ခံရစဉ်ကလည်း ဗြိတိသျှနယ်ချဲ့သမားကို ဒူးမထောက်ခဲ့၊ မျက်ရည်တစ်ပေါက်မကျခဲ့။

'တပ်မတော်ကြီးကို ထူထောင်တော့မည်၊ လာကြပေတော့' ဟူ၍ တပ်မတော်ကြီးစတင်ဖွဲ့စည်းစဉ် စစ်ကျောင်းများ၌ စစ်ပညာသင်ရစဉ်ကလည်း ဘကြီးပိုသည် ဖွဲ့အရာမှာ သူတို့ခေတ်ဂျပန်စစ်ကျောင်းဆရာများကတောင် လက်ဖျားခါရသည်။

စစ်မြေပြင် ရောက်တော့လည်း တစ်ခါတလေ ဟန်းကောခေါ် ထမင်းဘူးလေးမျှပင်မရှိ၊ ဝါးဆစ်ထဲ ဆန်ထည့်ပြုတ်၍ ရဲဘော်များနှင့်အတူ ရိက္ခာပြတ်သော တောလယ်တွင် ဆန်ပြုတ်သောက်တိုက်ပွဲဝင်ရစဉ်ကလည်း သူမဖြို။

ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးခင် စစ်ပြန်အလုပ်မဲ့ မသန်မစွမ်းရဲဘော်လေးများနှင့်အတူ စာအုပ်ရောင်း၊ သတင်းစာရောင်း၊ ကျရာအလုပ်လုပ်ကာ ရဲဘော်ငယ်များကို ရှာဖွေကျွေးရစဉ်ကလည်း သူစိတ်ဆင်းရဲခြင်းဆိုသည်ကို နားမလည်ခဲ့။

ဗိုလ်ချုပ်အောင်ဆန်းသည် အခြေခံဥပဒေကိုရေးဆွဲခဲ့စဉ်က အိမ်ပြန်၍ပင် ထမင်းမစား၊ အတွင်းဝန်ရုံးဟောင်းထဲရှိ ပါလီမန်ရုံးခန်းတွင် အဖွဲ့ဝင်များနှင့်အတူ ဘယာကြော်သုပ်





ဝယ်စားကာ ရေနွေးကြမ်းသောက်၍ နေ့မအိပ်၊ ညမအိပ်၊ အလုပ်လုပ်ခဲ့၏။

သူတို့၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးမညွတ်သော စိတ်ဓာတ်ကို ရင်ဝယ်ပိုက်၍ နောက်ပိုင်းတပ်မတော်ထဲသို့ ပြန်မဝင်ခဲ့ပဲ ရရာအလုပ်ကိုလုပ်ကိုင်၍ ခပ်ပျော်ပျော်ပင် နေခဲ့သော ဘကြီးပိုသည် သားတော်မောင် ဘိန်းဖြူရှင်ဘွဲ့ရ၍ ထောင်နန်းစံရသောအခါကျတော့မှ သူသည် ရင်ကျိုးမတတ် ဝေဒနာကို ခံစားခဲ့ရ၏။

သူငယ်ငယ်တုန်းက နိုင်ငံရေးသမားဘဝတွင် ထောင်ဗူးဝဝယ် မားမားရပ်၊ ရင်ကော့ဂုဏ်ယူခဲ့သောနေ့တစ်နေ့နှင့် ယနေ့သားငယ်ကို လာတွေ့သောအခါ ထောင်ဗူးဝတွင်ရပ်သောနေ့တစ်နေ့၊ ထိုနှစ်နေ့၏ ခံစားရသော ဝေဒနာကို အခြေခံကာ သူဝတ္ထုတစ်ပုဒ်ရေးလိုက်၏။

ဤဝေဒနာမှပွင့်သော ပန်းသည် 'အဘိနန္ဒသူ' ဟူသော ကလောင်အား လူထုအသည်းခိုက်အောင် မွှေးကြိုင်ပျံ့နှံ့သွားပါတော့သည်။

ဩော် အနုပညာသည်တို့၏ မွေးပါ ပါရမီဆိုသည်မှာ ထူးဆန်းလှပေသား၊ သူတို့ရင်မှပွင့်လာသော ဝေဒနာပန်းတို့သည် အထိနာမှလည်း မွှေးတတ်ကြပေသည်။

"မာယာသာ ကေပုတ္တာ မနုရကွေ"

မြတ်စွာဗုဒ္ဓကိုယ်တိုင် စံတင်၍ မေတ္တာသုတ်တွင် ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သော တစ်ဦးတည်းသောသားအပေါ် စောင့်ရှောက်ချစ်ခင် ပြုစုယုယခဲ့ရသည့်သားအပေါ် ချစ်ခြင်းသမုဒယသစ္စာမှ ပွင့်လာသော ဒုက္ခသစ္စာ။ ဤဒုက္ခသစ္စာကို ပြက်ပြက်ထင်ထင် သူကိုယ်တိုင် မြင်လည်းမြင်သည်။ ခံလည်း ခံစားရသည်။

ဤခံစားချက်ကို ထိထိမိမိ တင်ပြလာသောအခါ ပြည်သူ့စာဖတ်ပရိသတ်က သူ့ကိုလက်ခံ၍ ဤအနုပညာစင်ပေါ်တွင် တင်ပေးလိုက်ခြင်းသာဖြစ်၏။

ဒါတင်မကပါသေး။ စစ်ပြန်ကြီး အဘိနန္ဒသူ ရင်မှ ပွင့်သော ပန်းတစ်ပွင့်အမည်မှာ –

"မိုင်လို၏ ညသံသရာ" ဖြစ်၏

သူသည် ဝတ္ထုများကိုရေးသော အဖွဲ့အနွဲ့သာမက နာမည်ပေးတော်သည်ဟု ဆိုရပေမည်။

ပြည့်တန်ဆာမလေး တစ်ယောက်သည် တည်းခိုရိပ်သာတွင် အမျိုးသားတစ်ယောက်နှင့် အပျော်ကြူးနေစဉ် သူ့ကို သက်ဆိုင်ရာမှဖမ်း၍ လူမှုဝန်ထမ်းကျောင်းကို ပို့လိုက်သည်။ လူမှုဝန်ထမ်းကျောင်းရှိ ကျောင်းအုပ်ဆရာမက သက်မွေးမှုပညာ တစ်ခုခုကို သင်မပေးခင် ဆေးစစ်ကြည့်၏။ ထုထည်ကြီးမားသော ရောဂါပိုးတို့သည် မိန်းကလေး၏သွေးထဲတွင်အပြည့်၊ ထို့ကြောင့် သူ့ကိုဆေးရုံပို့၏။

အဘိနန္ဒသူက ဝတ္ထုအစကို အောက်ပါအတိုင်း စတင်ဖွင့်လှစ်၏။





ပြည့်တန်ဆာမလေးသည် သူ့ကို စွဲမက်နေသော အရာရှိတစ်ယောက်ထံမှ ပို့လိုက်သည့် မိုင်လိုဘူးကို သောက်ရန် ဖွင့်လိုက်သောအခါ မိုင်လိုဘူးသည် သံချေးတက်၍နေချေပြီ။

မိုင်လိုဘူးလေးက 'စိတ်မပျက်ပါနှင့်၊ သူ့ကိုဆက်ဖွင့်၍ဖျော်သောက်ကြည့်ပါဦး' ဟုဆို၏။ အရသာနှင့် အမွှေးနံ့ မပြယ်သေးပါ။ ဘဝချင်းတူကြသူများဖြစ်ပါသည်ဟု စကားဆိုကာ သူ့ဘဝကို တင်ပြလာလေသည်။

အစကအသစ်စက်စက် မိုင်လိုဘူးလေး နိုင်ငံခြားမှ မှောင်ခိုသူတို့ သွင်းလာ၍ရောက်လာ၏။ မှောင်ခိုဈေးကို သက်ဆိုင်ရာက ဖမ်းသောအခါ သူသည်လှပသော တက်ထရွန်၊ တက်ထရက်၊ ရှန်အမျိုးမျိုး၊ ပါတိတ်အမျိုးမျိုးတို့နှင့်အတူ ဂိုဒေါင်ထဲတွင် အိပ်ရသောညများ။ ထိုညများသည် ရှည်လျားလှ၏။ သူ့မျက်စိဝယ် ပေါလစ်နှင့်ရေဒီယို ကက်ဆက်များသည် ဝိုးတဝါးတွေ့ရ၏။

သူတို့၏ ညရန်သူ ကြွက်မင်းများကိုလည်းကောင်း၊ ခြမင်းများကိုသော်လည်းကောင်း တွေ့ရ၏။

နွေလေလား။ မိုးလေလား မသိရ။ နေ့နှင့်ညကလည်း သူ့မျက်စိတွင် အတူတူ။

ရှည်လျားသော ကာလတွင် ကြောက်မက်ဖွယ် ညများ လွန်လာခဲ့၏။ ကယ်တင်ရှင် တွေ့ခဲ့လေပြီ။ လုပ်ငန်းစိစစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က ဂိုဒေါင်များကိုဖွင့်စစ်၏။ စေတနာ၊ စေတနာတွေအပြည့်နှင့် ပြည်သူ့ဘဏ္ဍာကိုလည်း မယိုဖိတ်အောင်အမြန်ဆုံး သဓဝါယမဆိုင်များကိုဖွင့်၍ လွတ်လပ်စွာ ရောင်းချခွင့်ပြုလိုက်၏။

ရှေ့ဆုံးမှ သူတွေ့ရသည်က သူတို့ကို တန်းစီသိမ်းပိုက်ရန် စောင့်နေသူမှာ ကုလားဒိန် လူငယ်များနှင့် တရုတ်လူငယ်များ။ ထိုလူငယ်တို့ ပို့ဆောင်မှုဖြင့် –

သူနှင့်ရဲဘော်တချို့သည် လဟာပြင်သို့ ရောက်ကြပြန်သည်။ အို . . . လဟာပြင်၏ လတ်ဆတ်သောလေကိုနှစ်ရက် သုံးရက်ပင် ရှုလိုက်ရသည်။ မှောင်ခိုပစ္စည်း နှိမ်နင်းရေးအဖွဲ့က လဟာပြင်ဈေးကို ဝိုင်းဖမ်းပြန်သောအခါ သူသည်ဒယီးဒယိုင်နှင့် ရိပ်သာဟောင်းဂိုဒေါင်သို့ ပြန်ရောက်လာ၏။

သူ၏ရှည်လျားသော သံသရာရက်များကို တွက်၍ပင်မကြည့်ချင်တော့။ တွက်လည်းမတွက်တတ်ပါတော့ချေ။ သူ့ဦးနှောက်များလည်း သံချေးတက်၍နေပါချေပြီ။ အကယ်၍သာခွင့်သနားရင်ဖြင့် စာနာသောစိတ်ဖြင့် သူ့သံသရာဘဝအဆုံးသတ်ရန် ဖွင့်၍သောက်လိုက်ပါဟု မိုင်လိုဘူးလေးက တောင်းပန်၏။

ပြည့်တန်ဆာမလေးသည် မျက်ရည်ပေါက်ပေါက်ကျ၍မိုင်လိုဘူးကို တုန်ယင်သော လက်များနှင့်ဖွင့်၍ ဖျော်နေ၏။ သူ့ဘဝသည်လည်း မိုင်လိုဘူးလေးလို သံချေးတက်၍နေချေပြီ။ မိုင်လိုဘူးလေးက မွေးကြိုင်သင်းပျံ့သော ရနံ့မပြယ်သေး။ အရသာလည်းကောင်းသေးသည်။





သူ့မှာတော့ ရောဂါ၊ ရောဂါက ဖက်ာကျမတတ်အပြည့်အသိပ် ရရှိနေသော ရောဂါကြောင့် သူဆက်ရမည့်ဘဝတွင် ရနံ့မွှေးပါဦးမည်လော။

မိုင်လိုကို သောက်လက်စ မျက်ရည်လည်ရွဲနှင့် ပြည့်တန်ဆာမလေးကို သူ့ကျောင်းအုပ်ဆရာမက လာတွေ့၏။

"ရောဂါကို စိတ်ချလက်ချကုပါ၊ ရောဂါပျောက်ရင်ကျောင်းမှပေးသော ပညာနှင့်အသက်မွေးနိုင်သည်။ ဗုဒ္ဓဘုရားသခင်၏သမာအာဇီဝ မှန်ကန်သောအသက်မွေးမှုဖြင့် သူ့ဘဝ၏ လမ်းတွင်ပန်းများဆက်၍ ခင်းနိုင်ပါသေးသည်"ဟု အားပေးတော့မှပင် ဆရာမ၏ရင်ခွင်၌ မျက်နှာအပ်၍ ပြည့်တန်ဆာမလေးရှိုက်ကြီးတငင် ငိုကြွေးလိုက်၏။

ကဲ . . . အဘိနန္ဒာသူသည် သာမန်လူတို့အတွေးတွင်ဆက်စပ်၍မရသော မိုင်လိုဘူးနှင့် ပြည့်တန်ဆာမလေးကိုပေါင်းကူးတံတားသဖွယ် ဆက်စပ်တင်ပြရာ၌လည်း အောင်မြင်ခဲ့၏။

ယောက်ျားဆိုတော့ ဘဝအသိနှင့် အတတ်ကလည်းစုံပေသည်။ မိန်းကလေး၏သံချေးမတက်ခင် ဇာတ်စုံခင်းခဲ့သောညများကို မိုင်လိုဘူးလေး၏ဂိုဒေါင်ထဲတွင် အိပ်ခဲ့ရသောညသံသရာများနှင့် သူယှဉ်တွဲဖော်ပြခဲ့၏။

ည၏ဘီလူးများဖြစ်သော ကြွက်မင်းတို့ ဂိုဒေါင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းပုံကို တည်းခိုခန်းတွင် ကလေးမငယ်၏ တဏှာဘီလူးမင်းများနှင့်ယှဉ်တွဲ၍ အသေးစိတ်ဖော်ပြ၏။

သမဝါယမကပင် ရောင်းရောင်း၊ ရပ်ကွက် ပုဝက ဆိုင်ကပင်ရောင်းရောင်း၊ ရှေ့ဆုံးကလာရောက်တန်းစီသော စီးပွားရေးခြသမားများကို မိန်းကလေး၏ ခန္ဓာကိုယ်အား ဇကာပေါက်ဖြစ်အောင် ကိုက်လိုက်သော နေ့၏သားကောင် ခြပေါက်စများနှင့်လည်း ယှဉ်၍ယှဉ်၍ သရုပ်ဖော်လိုက်သေးသည်။

မိုင်လိုဘူးကမှ ကိုဒေါင်ထဲတွင် လှောင်ပိတ်ခံရသော နေ့များ၊ ညများကို သံဝေဂစိတ်ဖြင့် ကြောက်ရွံ့ထိတ်လန့်မိ၏။ မိန်းကလေးက သူ၏နေ့ညများကို မှောင်သည်ဟူ၍ပင် မထင်။ သာယာသောစိတ်ဖြင့် အပျော်ကြူးခဲ့၏။ လူမှုဝန်ထမ်းဆရာမလေးနှင့်တွေ့မှ ဇကာကျနေသော ရောဂါကြောင့် သံဝေဂသို့တည်းမဟုတ် သူ၏သံသရာညများ အဆုံးချုပ်ငြိမ်းရာကို ရောက်လိုလှ၏။ နိရောဓသစ္စာကို ကွက်ကွက်ကွင်းကွင်း မြင်လာခဲ့၏။

အချိန်မနှောင်းသေးပါ။ ရောဂါပျောက်လျှင် သမာအာဇီဝဟူသော မှန်ကန်သော အသက်မွေးမှုဖြင့် ဘဝလမ်းကို လျှောက်သည်ရှိသော် ဒုက္ခတို့၏ငြိမ်းရာ၊ လောကနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သေးကြောင်း ဆရာမလေးက (လွတ်မြောက်ရာလမ်း)မဂ္ဂသစ္စာကိုလည်း ပြလိုက်၏။





ဤမိုင်လိုဘူး၏ ညသံသရာဝတ္ထုတွင် လောကုတ္တရာ သစ္စာလေးပါးတရားကို လောကီနိဗ္ဗာန်ရောက် သစ္စာတရား လေးပါးအဖြစ် သွယ်လှယ်ယှက်တင်၍ရေးခဲ့ရာတွင် အဘိနန္ဒာသူသည် အောင်မြင်ခဲ့ပါသောကြောင့် သူချစ်သော စာဖတ်ပရိသတ်က နှလုံးသားစင်ပေါ်တွင် အဘိနန္ဒာသူကို ယခုတိုင် သိမ်းပိုက်ထားကြခြင်း ဖြစ်သည်ဟုဆိုလျှင် မမှားပါချေ။

သူ့ရဲဘော်များက လက်နက်နှင့်ကလောင်ကို အညီအမျှကိုင်စွဲတတ်သော နတ်သျှင်နောင်နှင့် မြဝတီမင်းကြီးဦးစ၊ လှော်ကားသုံးထောင်မှူး၊ ရွှေတောင်နန္ဒသူတို့လို အဘိနန္ဒာသူအား မှတ်တမ်းတင်ကြ၏။

သူသည် သားကိုချစ်သော ဝေဒနာကို ကုစားသောအားဖြင့် အရွယ်မတိုင်မီ ပျက်စီးလွယ်သော ဆင်းရဲနွမ်းပါးလူငယ်များကို အလုပ်ပေးထား၏။

"မင်းတို့မလုပ်လဲ ကုလားတွေဟာ ဂုံနီအိတ်စုတ်နှစ်လုံးကို ရှေ့တစ်လုံး နောက်တစ်လုံးထမ်းပြီး လမ်းမကြီးကနေ လမ်းကြိုလမ်းကြားအထိ နို့ဆီဘူးခွံကအစ နို့မှုန့်ဘူးအလယ်၊ ရေနံဆီသံပုံးအဆုံး လိုက်ဝယ်ကြတာပဲ" ဆို၍ သူကငွေရင်း ထုတ်ပေးကာ လိုက်ဝယ်ခိုင်းသည်။

သူ၏အကြီးဆုံးသော စည်းကမ်းက ကုလားများလို ထဘီမရုပ်ရ၊ ခွေးကျွေးသောဒန်ခွက်များကို မခိုးရ၊ အိမ်သာတွင်းဖုံး လေးထောင့်သံကြွပ်ပြားများကို မခိုးရဟူ၍ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်များကို ငါးပါးသီလ အလွတ်ကျက်ခိုင်းကာ "မူးယစ်ဆေးလဲမသုံးဘဲ အမြဲရှောင်ကြဉ်မည်"ဟူသော လင်္ကာလေးကိုရွတ်ဆို ကတိခံယူစေ၍ ငွေရင်းထုတ်ပေး၏။

သူငယ်လေးများ ရှာဖွေပေးသော ပစ္စည်းများကို မီးခွက်၊ ရေလောင်း ပန်းကရား၊ အမှိုက်ကျုံးဂေါ်ပြားအဖြစ်သို့ သူကဘဝပြောင်းပေးရုံမက ရေနွေးဘူးဖင်ပေါက် သံချေးတက်များကိုလည်း အထဲကဓာတ်မပျက်သေးပါလျှင် လုပ်စွာဖာထေးပေးလိုက်ပါသေး၏။

ကဲ ဘကြီးပို၏ ဦးရွှန်းပို၊ သို့မဟုတ် စာရေးဆရာကြီးအဘိနန္ဒာသူသည် ဤသို့လျှင် ယောက်ျားတို့ တတ်အပ်သောအဌာရသ(၁၈)ပါးသော အတတ်တို့ကို တတ်မြောက်ပါသတည်း။

ထိုသို့သော အရည်အချင်းတို့ကြောင့် စာပေပရိသတ်ရဲဘော် စစ်ပြန်အုပ်စု၊ လူငယ်အုပ်စုများနှင့် အုံခေါ်ဒေါ်သင်းအုံတို့၏ မေတ္တာကိုခံယူခဲ့ပါသော ချစ်သူပိုင်းပိုင်းလည်အဘိနန္ဒာသူဖြစ်ခဲ့၏။

သူသည် စာဖတ်ပရိသတ်ကို လွှမ်းမိုးရုံတင်မက ယခုသူ့ရဲကောင်း သုံးယောက်နှင့်အတူတကွ နေနိုင်ရေးကိုသူထောက်ခံ အကြံပေးရုံနှင့် ဒေါ်သင်းအုံက အလွယ်တကူလက်ခံလိုက်ခြင်းဖြစ်၏။

သူ့ရဲကောင်းသုံးယောက်သည် နေ့လယ်တွင် အလုပ်ကိုကိုယ်စီလုပ်၍ ညဦးတွင်စာရေးကာ ညလယ်တွင်တော့သူတို့၏ဘဝ အိပ်မက်များကို မက်ချင်ရာမက်ကြ၏။





သူတို့သုံးယောက်တွင် မောင်ရွှေနွယ်သည် ပထမဆုံးအလုပ်ဖြစ်သူဆိုလျှင် မမှားပေ။ သူ၏ချစ်လှစွာသော ဆရာသမားဦးထင်ဖတ် (မောင်ထင်)၏ဟန်ဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးသားပြီးစီးခဲ့၏။ သူကသာ သရော်သောဟန်၊ မောင်ထင်၏ဟန်ဟု သူ့ဝတ္ထုတိုကို ကင်မွန်းတပ်ပါသော်လည်း သူ့ဆရာဦးထင်ဖတ်ကို တင်ပြရန် အလှမ်းကွာဝေးခဲ့၏။

ထို့ကြောင့် သူတို့သုံးယောက် နောက်ဆုံး ဆုံးဖြတ်ချက်ချလိုက်၏။ ထိုဝတ္ထုတိုကို ဦးရွှန်းပိုအားပြမည်။ ဦးရွှန်းပိုက မဂ္ဂဇင်းတိုက်တစ်ခုခုသို့ ပို့ပေးလျှင် ကျေနပ်ပြီ။ ထိုဆုံးဖြတ်ချက်အရ မောင်ရွှေနွယ်နှင့် ဖိုးခွားတို့ နှစ်ယောက်ဦးရွှန်းပို ရှိရာသို့ ညနေကျောင်းမသွားမီ ထွက်လာကြ၏။ မောင်ပေါက်ကျိုင်းက မအားရှမလိုက်ပေ။ သူတို့သည် ဦးရွှန်းပို၏ဂေဟာကို တွေ့တွေ့ချင်း စိတ်ထိခိုက်သွား၏။

ဆူညံလှစွာသော တာမွေဈေးအနီးတွင် သံဖြူနှင့်ပတ်သက်သော ပစ္စည်းမျိုးစုံတို့ကို တန်းလန်းဆွဲချိတ် ပြင်ဆင်ထားသော သံဖြူဆိုင်အလယ်တွင် စာရေးဆရာကြီးအဘိနန္ဒာသူကို ခန့်ခန့်ကြီးတွေ့ရ၏။

"လာကြပြော့၊ ဘယ်က လှည့်လာကြသလဲ"

နေထိုင်စရာပေးရင်း ဘကြီးပိုက ခေါ်လိုက်၏။

"လုပ်သားကောလိပ် တက်ရမှာ၊ ကျောင်းမသွားခင်ကျွန်တော့်စာမူ ဘကြီးပိုကိုပြမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ ပြုရင်လဲ ဘကြီးပိုက ဖတ်တတ်ရုံပဲ ဖတ်တတ်တာနော်၊ မဂ္ဂဇင်းထဲထည့်သင့် မထည့်သင့်။ ဘာလို တယ်၊ ဘာပိုတယ်ဆိုတာ ဆုံးဖြတ်တတ်တာတွေ၊ ဝေဖန်တတ် တာတွေက အယ်ဒီတာမှ လုပ်တတ်တာ"

"ဟုတ်ပါတယ်ခင်ဗျာ၊ အခုလဲမဂ္ဂဇင်းမှာပါတာ မပါ တာ ကျွန်တော့်ကံပေါ့။ တစ်ခါတစ်ခါ အကြောင်းမဲ့ အပယ်ခံ နေရတော့လဲ စိတ်ဓာတ်ကျလွန်းလို့ပါ။ ဘာကြောင့် ပယ်သလဲ ဆိုတာ သိချင်သေးတာပေါ့။ ဒါကြောင့် ဘကြီးပိုဖတ်ပြီး ရင်းနှီး တဲ့မဂ္ဂဇင်းတိုက်ကို ပို့ပေးပါ။ အယ်ဒီတာတွေသဘော အဆုံး အဖြတ်ကတော့ အသိရခက်သားပဲ"

"အဲဒါ . . . အဲဒါ အကျွန်လောက်ခေါ်တယ်ကွ"

မောင်ရွှေနွယ်နှင့်ဖိုးချွားသည် သူတို့ဆရာသမား၏ စကားကိုကြားရသောအခါ ပါးစပ်အဟောင်းသားနှင့် ရုတ်တရက် ကြောင်သွား၏။ မောင်ရွှေနွယ်က –

"အကျွန်လောက်ဆိုတာ တရုတ်စကား၊ တရုတ် ဝေါဟာရလားခင်ဗျား"ဟု ရိုးရိုးသားသားပင် မေးလိုက်၏။

"ဟား . . . ဟား . . . ဟား ဒီနေရာမှာ ညောင်ကန် သားကြီး 'အောက်'သွားပြီဟေ့။ အကျွန်လောက်ဆိုတာ အကြောက်လွန်တဲ့ရောဂါပေါ့ကွ။ တစ်ခါတစ်ခါ မဂ္ဂဇင်း အယ်ဒီတာတွေဟာ ကြောက်တယ်ကွယ့်။ အခြေအနေကြောင့် သူတို့ကိုလဲ အပြစ်မဆိုသာပါဘူးလေ။ ဆောင်းပါးတွေ၊ ဝတ္ထု





တွေကို ပယ်ကြတဲ့အခါ အရည်အသွေးမပြည့်လို့လဲရှိတယ်။ အထက်က အရေးယူခံရမှာကို အတွေးနဲ့ကြောက်လို့ ပယ်တာ လဲရှိတယ်။

"ပြီးတော့ သူတို့ကြောက်တဲ့ 'အထက်က'ဆိုတဲ့ နေရာဟာ ဘယ်နေရာလဲ၊ တို့များစာရေးဆရာတွေကိုယ်တိုင် တို့စာမူတွေယူပြီး၊ အဲဒီအထက်ဆရာကြီးတွေကို တွေ့ဆုံ ရှင်းလင်း ပြောပြမယ်ဆိုတော့ သူတို့လဲ တိကျတဲ့နေရာကို လက်ညှိုးထိုးမပြနိုင်တဲ့အပြင် တစ်ခါတစ်ခါ ဘယ်ကိုမှတင် မပြရသေးဘူး။ သူတို့စိတ်ကူးနဲ့ကြောက်ပြီး မဂ္ဂဇင်းထဲမထည့် ရဲဘဲ အပယ်ခံရတဲ့ဝတ္ထု၊ ဆောင်းပါး၊ စာမူတွေပြည့်လို့"

ဦးရွှန်းပိုသည် ရွှန်းရွှန်းဝေဝေ စကားပြောတတ်သူပီပီ စကားစကို ခေတ္တရပ်ကာ ရေနွေးကြမ်းကိုမော့လိုက်၏။ ပဲကြီး ကြော်သုပ်ကိုလည်း ကလော်၍ဝါးလိုက်သေး၏။

"တစ်ခါမင်းတို့ သတိမထားလိုက်ဘူးလား၊ ခင်နှင်းယု ရေးတဲ့ 'မဟာသမယသုတ် ကယ်ပေလို့'ဆိုတဲ့ ဝတ္ထုတို အကြောင်း။ ဒီဝတ္ထုကိုရေးပြီး နာမည်ကြီးမဂ္ဂဇင်းတိုက်သုံးခု ကို ပို့သတဲ့ တစ်တိုက်ကပယ်မှ တစ်တိုက်ပို့တာပေါ့လေ။ သုံးတိုက်စလုံးက ပယ်တာပေါ့ကွာ။ သူ့ရည်ရွယ်ချက်ကတော့ ကွာ ရေကြောင့်ဖြစ်တော့မယ့်ဆဲဆဲ စစ်ပွဲကြီး၊ မဟာသာကီ အမျိုးအချင်းချင်း ခုတ်ပလော်တီးတော့မယ့်ပွဲပေါ့ကွာ။ အဲဒါ ဘုရားသခင်က သွေးချောင်းစီးမယ့် စစ်ပွဲကြီးမဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



သာကီဝင်မင်းသားတွေ နှစ်ဖက်အလယ်မှာ တန်ခိုးတော်နဲ့ ရပ်တည်ပြီး ငြိမ်းချမ်းရေး တရားဟောလို့ စစ်ပွဲကြီးဟာ မဖြစ်တော့ဘူး။

"အဲဒီတရားဟောတဲ့နေ့ဟာ နယုန်လပြည့်နေ့ဆိုတော့ ဗုဒ္ဓဘာသာဝင်တွေဟာ နယုန်လပြည့်နေ့ရောက်ရင် မဟာ မဟာသမယနေ့လို့ သတ်မှတ်ပြီး၊ မဟာသမယသုတ် ရွတ်ကြ၊ အခမ်းအနားကျင်းပကြတာပေါ့လေ။ အဲဒါကိုအကြောင်းပြုပြီး ခင်နှင်းယုက ဝတ္ထုတိုတစ်ပုဒ်ရေးတယ်ကွ။ သူ့ဝတ္ထု ဇာတ်ကောင်က မဟာသမယနေ့ကျင်းပတဲ့ပွဲတက်ဖို့ ရေချိုးနေဆဲ ရေပြတ်သွားတော့ အိမ်နီးချင်း စီးပွားရေးအတွက် ပန်းစိုက်ပြီး မတရားရေယူသုံးစွဲသူတွေကို ဆဲမလို့ရေချိုးခန်းကအထွက်မှာ သူ့တပည့်က ဆရာ 'မဟာသမယသုတ်'လေလို့ အော်ပြီး သတိပေးလိုက်တယ်။ ဒီတော့မှ 'ဩော် ဟုတ်ပေသား၊ ရေကြောင့်ဖြစ်မယ့်ဆဲဆဲ စစ်ပွဲကြီးငြိမ်းအေးသွားလို့ အထိမ်းအမှတ် လုပ်မယ့်ပွဲကို တက်မယ့် ငါကရေချိုးရင်း ရေပြတ်လို့ အိမ်နီးချင်းစီးပွားရေးသမားတွေ သွားဆဲရင် ရန်ဖြစ်ရုံပဲရှိမှာပဲ''လို့ သတိနဲ့ထိန်းချုပ်လိုက်လို့ ရန်မဖြစ်ဘူးဆိုပါတော့ကွာ"

အဲဒီဝတ္ထုတိုကို သူပို့တော့ ဘယ်မဂ္ဂဇင်းတိုက်ကမှ မထည့်ရဲဘူး။ ဒါနဲ့သူ့ဝတ္ထုတွေထုတ်နေကျ နန္ဒဝန်မောင်ခင်မောင်နဲ့ ဘူဇဝါလော၊ ဖူဇကာလော ဝတ္ထုကိုထုတ်တော့ အဲဒီ အပယ်ခံဝတ္ထုကိုထည့်ပြီး ထုတ်တယ်။ ဘယ်စာပေစိစစ်ရေး





ကမှလဲ မကန့်ကွက်၊ တိုင်းပြည်ကလဲလက်ခံ။ အဲဒါနဲ့ ဖိုးခင်မောင်က မဂ္ဂဇင်းအယ်ဒီတာတွေကို ဘာလို့ဒီဝတ္ထုကို ပယ်သလဲလို့ မေးကြည့်တော့ သစ်ခွပန်း အကြောင်းပါလို့ တဲ့ကွာ။ ဟား ဟား ဟား"

ဦးရွှန်းပိုသည် ဟက်ဟက်ပက်ပက် ရယ်သင့်တာထက် ပို၍ရယ်မောရင်း ဆက်ပြော၏။

"အဲဒီတော့ တစ်ခါတစ်ရံ အတွေးလွန်ပြီး အကျွန်လောက် အကြောက်လွန်သောရောဂါ အယ်ဒီတာတွေမှာစွဲကပ်လာတဲ့အခါ ငါတို့စာရေးဆရာများ၏ စာမူများသည် အပယ်ရတနာများအဖြစ်သို့ ရောက်သတည်း"

ဦးရွှန်းပို၏ မိန့်ခွန်းမှာ ဤတွင် အဆုံးသတ်၏။ မောင်ရွှေနွယ်အဖို့ ခင်နှင်းယုရေးသော 'မဟာသမယသုတ် ကယ်ပေလို့' ဝတ္ထုနောက်ကြောင်းခံကို သိရသောအခါ စိတ်အားတက်ပေသား။ သူသည် ဘူဇဝါလော၊ ဖူဇကာလော စာအုပ်ကို ဖတ်ဖူး၏။ ဤဝတ္ထုစာအုပ်ထဲတွင် ဝတ္ထုတို(၈)ပုဒ်ထဲမှ 'မဟာသမယသုတ် ကယ်ပေလို့' ဝတ္ထုအတိုကိုလည်း ဖတ်ဖူးပါသည်။ သို့သော် ဤဝတ္ထုတိုမှာ အပယ်ရတနာစာရင်းဝင်ဖြစ်ခဲ့ဖူးသည်ကိုတော့ မသိလိုက်ပါပေ။

"ဘကြီးပို ကျွန်တော်တို့ သွားတော့မယ်။ ဒီမှာ ကျွန်တော် ရေးတဲ့ဝတ္ထုလက်ရေးမူနော်"

မောင်ရွှေနွယ်သည် သူ့ဝတ္ထုစာမူကို ထားရစ်ကာ နှစ်ယောက်သား ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမသော် စိတ်မကောင်းသလိုလိုဖြစ်မိ၏။ သူတို့နှစ်ယောက် မြင်ရသည်မှာ သူတို့၏မြတ်နိုးဖွယ်ရာ စာပေရှင်ကြီးမှာ မသိမသိုင် သံဖြူဆိုင်၏မီးခွက်၊ အမှိုက်ကျုံးဂေါ်ပြား၊ ရေပန်းခရာ၊ သံပုံး၊ ဘူးတွေ ခွက်တွေကြား တွေ့နေရသောကြောင့်ဖြစ်၏။

"တပ်ကြပ်ကြီးမောင်ထူးရေတဲ့ 'စစ်ပြန်ကြီးဘာသက်' ဝတ္ထုနောက်ပိုင်းက အမှာစာလေးကို မင်းသတိထားမိသလား"

ဖိုးခွား၏အသံသည် တိတ်ဆိတ်စွာ လမ်းလျှောက်လာသော နှစ်ယောက်ပတ်ဝန်းကျင်ကို လှုပ်ရှားသွားစေ၏။

"ဟင့်အင်း...ငါသတိမထားမိဘူး"ဟု မောင်ရွှေနွယ်ကဖြေလိုက်၏။

"အဲဒီ စာအုပ်နောက်ဆုံးမှာ သူရေးထားတယ်။ တတိယအရွယ်ရောက်ခါမှ မိသားစုဝမ်းရေးအတွက် ကျရာဘဝတွင် ဖြစ်သလိုလုပ်စားနေကြကုန်သော စစ်မှုထမ်းဟောင်းရဲဘော်ရဲဘက်အပေါင်းတို့သို့လို့ သူက ညွှန်းထားတယ်။ ဘကြီးပိုအတွက်လဲ တို့က စိတ်မကောင်းဖြစ်ပေမယ့် သူ့မှာ ရယ်ရယ်မောမော စိတ်ဓာတ်အပြည့်ပဲလေ"

"အေးကွယ်၊ ဒါလေးတွေကျတော့ တပ်မတော်ရဲဘော်ဟောင်းကြီးတွေ စိတ်ဓာတ်နဲ့ ဒီတပ်မတော်ကိုမွေးထုတ်ခဲ့တဲ့ စစ်မဖြစ်မီ နိုင်ငံရေးသမားကြီးတွေရဲ့ စိတ်ဓာတ်ဟာ တယ်ချစ်ဖို့ကောင်းတယ်နော်။ ခုလဲ သံဖြူဘူးတွေ ခွက်တွေကြားမှာ





တွေ့ရပေမယ့် စစ်ရဲ့စိတ်ဓာတ်စစ်သွေးစစ်မာန် ရှိနေသေးတော့ သူကလောင်အမည် ယူထားတာတောင် 'အဘိနန္ဒသူ'တဲ့။

"အင်းပေါ့ အရွယ်ကြောင့် လက်ထဲကလက်နက်ကို စွန့်ခဲ့ပေမယ့် သူ့ရဲ့တကယ့်ရဲဘော် ကလောင်တံကိုတော့ သူသေမှခွဲမှာပို့ အဘိနန္ဒသူနာမည်နဲ့ စာဆက်ရေးနေတာပေါ့"

သူတို့နှစ်ယောက် သက်ပြင်းကိုယ်စီ ချလိုက်ကြ၏။ လွယ်မယောင်နှင့် ခက်ပါသော သူတို့လျှောက်ရမည့်လမ်းအတွက် သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက်တစ်ယောက် မြဲမြဲကိုင်လိုက်ကြသည်။

ထိုညတွင်တော့ စာရေးဆရာကြီးအဘိနန္ဒသူသည် မောင်ရွှေနွယ်၏ဝတ္ထုတိုလေးကို စတင်ဖတ်ရှု၏။ မောင်ရွှေနွယ်သည် သူ၏ကလောင်အမည်ကို 'သင်းရွှေနွယ်'ဟု ပေးထား၏။ ဝတ္ထုတို၏ ခေါင်းစဉ်အမည်မှာမူ –

"ကြားထဲက ကျားမြီးပြတ်ရခြင်း" ဟူသောအမည်ဖြစ်၏။

သူကခေတ်ကို သရော်လို၍ရေးသည်ဆို၏။ ခေတ်ကများ မောင်ရွှေနွယ်ကို ပြန်၍သရော်လိုက်လျှင်မူကား မောင်ရွှေနွယ်၏ဝတ္ထုတိုလေးသည် စာပေရေတိမ်နစ်လေမည်လား ဟူသော စိုးရိမ်စိတ်ဖြင့် ဘကြီးပိုသည် ဝတ္ထုတိုလေးကို စတင်ဖတ်ရှုလိုက်၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# ကြားထဲက ကျားမြီးပြတ်ရခြင်း

ဒေါ်အေးသာအဖို့ ကြားသိရသောသတင်းကို မယုံနိုင်ပါ။ ပထမသော် သတင်းကြားရုံသာ ဖြစ်ခဲ့၏။ သားသမီး၏ သတင်းဆိုသည်ကလည်း အရပ်က နားလှုံ့ပြီး ထွက်လာပါမှ မိဘနားသို့ ပေါက်လာကြ၏။

သားသမီးတစ်ဒါဇင်ပဲမွေးမွေး၊ တချို့မိဘများအဖြစ်မှာ အပြင်ပက သူများသားသမီးအနေအထိုင် မပိပြားသည်ကို မြင်တတ်၍ သတင်းစကားပြောမိ၊ မေးငေါ့မိသော်လည်း ကိုယ့်ရင်အုပ်ထဲက သမီးတိတ်တိတ်ကိုယ်ဝန်ရှိလာသည်ကိုမှ မရိပ်စားမိ၊ မဖုံးနိုင်၊ မဖိနိုင်ဘဝကျခါမှ ထိုးဇာတ်အမျိုးမျိုး လုပ်ခဲ့ကြရ၍ ဝတ္ထုဇာတ်လမ်းပေါင်းများစွာ ပေါ်ခဲ့ကြရလေသည်။

ယခုအဖြစ်က ဝတ္ထုလည်းမဟုတ်၊ သူက သမီးရှင်





လည်းမဟုတ်၊ သူက သားရှင်ဖြစ်၏။ သူ့သားသည် တစ်ဦးတည်းသောသားဖြစ်ရုံမက သူကရှင်ဆိုလျှင်ရှင်၍ သေဆိုလျှင် သေခဲ့သောသားဖြစ်၏။ ထို့ကြောင့်ပင်လျှင် သူလက်ဆက်ပေးသော ခင်မြဝေကိုလည်း နှစ်နှစ်ခြိုက်ခြိုက်ပင် လက်ထပ်ယူခဲ့၏။

နိုင်ငံခြားကို ပညာတော်သင်သွားကြသော ယောကျ်ားလေးတိုင်းလိုလို များသောအားဖြင့် တစ်ပြည်သူအဆက်ပါလာကြမြဲဖြစ်သော်လည်း သူ့သားထွန်းဖံသည် ဤလို မရှုပ်မပွေတတ်၊ တစ်ပြည်သူလည်း ပါမလာဘဲ ခုမှဒီဇာတ်ထုပ် ဘယ်လိုလုပ်၍ ဖြစ်လာပါသလဲ။

ပထမသော် သတင်းစကားကြားရုံဖြစ်၍ "အို သူများသားတွေ ဒီထက်ပွေကြသေးတာပဲ။ ငါ့သားလဲအပေါင်းအသင်းမိတ်ဆွေတွေနဲ့၊ ပြီးတော့ နိုင်ငံခြားပြန် ခေတ်မီသူဆိုတော့ ခင်မင်ရာခင်မင်ကြောင်း၊ ခုခေတ်မှာ ဒါတွေဟာ အဆန်းမဟုတ်ပါဘူး"ဟု စိတ်ဖြေနေခဲ့၏။

သို့သော် သူစိတ်တုန်လှုပ်ခဲ့ရသော အကြောင်းကမူ–

ထွန်း

မာမီ့ကို အားလုံး ဖွင့်ပြောလိုက်ပြီ၊ ကေသွယ် ကျေနပ်ရင် မာမီက သူအားလုံးအဆင်သင့် လုပ်ပေးမယ်တဲ့။ ထွန်းရဲ့ မေမေနဲ့ ပြေလည်ဖို့က ကေသွယ့်တာဝန်ထားပေတော့။

ကေသွယ်

ဟူသောစာကြောင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက အိမ်ဖော်မိန်းကလေးနှင့်အတူ အိပ်ခန်းဧည့်ခန်းများရှင်းလင်းရင်းမှ ဤစာနှင့်အတူ အခြားစာများကို သူ့သား၏စာပွဲ အံဆွဲထဲမှတွေ့ခဲ့ရ၏။ ခါတိုင်းဆိုလျှင် ထိုအံဆွဲကို အမြဲပိတ်ထား၏။

ယခု ခွင့်ရက်ရှည်တစ်လယူ၍ သူ့သားသည် ဇနီးနှင့် ကလေးနှစ်ယောက်ကိုခေါ်ကာ ရှမ်းပြည်ဘက်ကို အနားယူထွက်သွား၏။ သော့မှာ သူ့ခေါင်းအုံးအောက်တွင် မေ့ကျန်ရစ်ဟန်တူသည်။ သူကလည်း အမှတ်မထင် စာပွဲရှင်းရင် ဒီအံဆွဲကို သော့တွဲတွေ့သည်နှင့် ဖွင့်မိခြင်းဖြစ်၏။

ယခုမှပဲ ဇာတ်လမ်းကို ရိပ်မိ၏။ ကေသွယ်သည် အိမ်ကို ဝင်ထွက်နေသည်မှာ ကြာပြီ။ သူ့ကို အန်တီလို့ပင် မခေါ်၊ မေမေဟုခေါ်သည်။ လုံးကြီးပေါက်လှဖြစ်၍ ဘာဝတ်ဝတ် ကေသွယ်၏အသားမှာ အဆင်ပြေသော အသားဝါဖြစ်လေသည်။

"မေမေစားဖို့ ကေသွယ် ငါးသလောက်ပေါင်းယူလာခဲ့တယ်"

ကေသွယ် ရောက်လာတိုင်း စားစရာတစ်ခုခုတော့ ယူလာမြဲဖြစ်သည်။

"ရှော့ မနက်က မာမီနဲ့ကီလီဈေး ရောက်ခဲ့လို့ လိမ္မော်သီး ခွက်တစ်ဆယ်ဝယ်ခဲ့တယ်။ ၁၀၀/-ဈေး၊ အလုံးရေ (၂၉)လုံးစီးတယ်။ ဆွမ်းတော်လဲကပ်၊ မေမေလဲစားဖို့ အလုံး အစိတ် ယူခဲ့တယ်။ စားနော်မေမေ"





ကေသွယ်သည် မျက်လုံးလေးကို ထောင့်ကပ်၍ နှုတ်ခမ်းပါးနှင်းဆီရောင်မှ တီတီတာတာပြောတတ်၏။

"အန်တီ့ကို ချစ်ရင်လာ၊ အန်တီကိုယ်တိုင် လိမ္မော်သီးကျွေးမယ်"

ကေသွယ်သည် သူ့မြေးမော်နှင့်ဇော် မောင်နှမကိုလည်း ခင်ခင်မင်မင် မုန့်များ၊ သစ်သီးများ ဝယ်လာ၍ ကျွေးတတ်သည်။

ကေသွယ်သည် သူ့သား အမေရိကန်သို့ ပညာသင်သွားစဉ်က တွေ့သော ဆရာဝန်မတစ်ယောက်ဖြစ်၍ သား၏ မိတ်ဆွေအနေနှင့် ခေါ်အေးသာက ဆက်ဆံခဲ့ခြင်း ဖြစ်ပေသည်။

ယခုတော့ ဇာတ်လမ်းကရှုပ်စပြုလာခဲ့ပါပကော။ သူ့သားတွင် ကလေးများရှိ၍ ဇနီးငုတ်တုတ်ရှိပါလျက် ဆရာဝန် အပျိုစစ်စစ်က ထိုမျှလိုက်လျောလိမ့်မည်ဟု သူတို့ခေတ်၊ သူတို့အတွေးနှင့် ခေါ်အေးသာ အိပ်မက်ပင်မမက်။

ယခု အိပ်မက်မဟုတ်၊ ဒဏ္ဍာရီလည်းမဟုတ်။ စာများကို လက်ဆုပ်လက်ကိုင် ဖတ်ရလေပြီ။ တွေ့ရလေပြီ။

"ညည်းက ငါ့သားကို မယားကြီး၊ သားကြီးငုတ်တုတ် ရှိရက်နဲ့ ကြောင်တောင်နှိုက်ရသလား"ဟု ငါးစိမ်းသည်လို ရန်တွေ့ဖို့က မသင့်လျော်၊ ရိုင်းပြလွန်းလှသည်။

အဘယ်ကြောင့်ဆိုသော် ကေသွယ်သူ့ကို စည်းရုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကပင် သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးစည်းရုံးကာ အိတ်ထဲ ထည့်ထားခဲ့ခြင်းကို သူမသိ၍ သူပင်သာယာခဲ့မိ လေလျှင် သားတော်မောင်က ရဟန္တာဈာန်ပျံမို့ ခံနိုင်မှာလား။

"ဒါက ဝေဝေဖို့၊ ကေသွယ်နဲ့ဆင်တူဝတ်ရအောင်၊ ဝေဝေဝတ်တဲ့ အဝတ်တွေက ရှေးသရောအခါ ဗာရာဏသီ ပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးတုန်းက ပုံစံကြီးပဲ" ဟု ရယ်ရယ်မောမောပြောကာ နောက်ဆုံးပေါ် ဇာပန်းခက်များနှင့် အဝတ်စများကို ဝယ်လာတတ်သည်။

လွန်ခဲ့သည့်ခေတ်က ထဘီနှင့်ပဝါဆင်တူခြုံသော်လည်း ကေသွယ်တို့ခေတ်မှာ လက်ပြတ်အင်္ကျီနှင့် ပဝါဆင်တူခြုံ လုံချည်မှာ သီးခြားအရောင်ဖြစ်သည်။

သူ့ချွေးမ ခင်မြဝေပင် ကေသွယ်စည်းရုံးရာသို့ မသိ မသာပါနေလေပြီလော။ နောက်ဆုံးကျကာမှ ဖိုးသူတော်ကြီး တောင်းတစ်ခုလုံး အနိုးခံလိုက်ရသည့် ဇာတ်လမ်းဖြစ်လာပေ တော့မည်။

ဒီအခါကျကာမှ . . .

"မေမေ ကိုယ်တိုင်က ကေသွယ် ဘက်ပါနေတာ၊ ဒီကိစ္စ မေမေသိတယ်ဆိုကတည်းက ဝေဝေ့ကိုရော၊ မောင့် ကိုရောဖွင့်ပြော သတိပေးသင့်ပါတယ်" ဟု ချွေးမဖြစ်သူက လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့ခဲ့ပါလျှင် ခက်ရချည့်။

သူသည် ချွေးမအပေါ်ထက်သူ့သူငယ်ချင်း ခင်မြဝေ၏





မိခင်ဒေါ်လှဝင်းအပေါ် သစ္စာရှိရပေမည်။ ဒေါ်လှဝင်းသည် ကျေးရွာရှင်တစ်ယောက်ဟု မဆိုသာသော်လည်း စီးပွားဘက် ဆိုလျှင် မမှားပါပေ။

သူက ပခုက္ကူသူ၊ ခေတ်ပညာမတတ်ပေမယ့် ပခုက္ကူ ဈေးထဲတွင် အထည်ဆိုင်ဖွင့်ကာ မြန်မာ့ကုန်သွယ်နည်းနှင့် သမားရိုးကျ ချမ်းသာခဲ့သူဖြစ်သည်။

ဒေါ်လှဝင်းက ရေစကြိုသူ၊ ခေတ်ပညာတတ်သည်မှာ သူ့ထက်သာရုံမက ခုတလောအနောက်ဘက်မှာ မှောင်နိုလမ်း 'ကလေး' မှသည် မဏိပူတောင်ကြားအထိ ခြေလှမ်းပေါက်ခဲ့၏။ အရှေ့ဘက်တွင် လားရှိုး၊ တောင်ကြီး၊ အရှေ့တောင်တွင် မော်လမြိုင်မှသည် ကော့သောင်းအထိ ဒေါ်လှဝင်းခြေရာထပ် ခဲ့သည်။ ဒေါ်လှဝင်း ရှာဖွေယူဆောင်ပေးသော ပစ္စည်းများကို ထုခွဲရောင်းချပေးနိုင်သူမှာ ဒေါ်အေးသာဖြစ်သည်။

ထို့ကြောင့် မုဆိုးမနှစ်ဦးသည် စိန်နားကပ်ရောင်က တဖိတ်ဖိတ်နှင့် ရေစကြိုနှင့် ပခုက္ကူတွင် ဘယ်သူ့ကိုမှဦးမညွတ် ရခဲ့သူများဖြစ်သည်။

ဒေါ်အေးသာသည် သားတော်မောင်ကို အမေရိကား ကအပြန်တွင် စီးပွားဘက် ကျေးရွာပြုသဘောနှင့် ဒေါ်လှဝင်း သမီးခင်မြဝေနှင့် လက်ဆက်ပေးခဲ့ခြင်းဖြစ်၏။

ခင်မြဝေသည် ကျေးတောသူမဟုတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရေစကြိုသူ အညာဆန်သောကြောင့် ပုံစံကတော့ ကေသွယ်လောက် မြူးကြွမနေတတ်ပေ။ မြန်မာဆန်သော အေးအေးညင်ညင်ဟန်ပန်မျိုးဖြစ်ခဲ့သည်။

သူ့သားသည် စာရင်းအင်းများ စစ်ဆေးရသော စာရင်းဘက်ဆိုင်ရာ အရာရှိချုပ်ဖြစ်၍ သက်ဆိုင်ရာဒေသများသို့ ဝတ္တရားအရ သွားရောက်တိုင်း လိုက်သွားဖို့ကိုတောင်မှ သူက တိုက်တွန်းမှ ခင်မြဝေလိုက်သွားတတ်သည်။

ဒေါ်အေးသာသည် သူနေသော မနောဟာရီလမ်းနေအိမ်မှ ဒေါ်လှဝင်း ခေတ္တနေသော ဦးဝိစာရလမ်းအိမ်သို့ တယ်လီဖုန်းဆက်လိုက်ရသည်။ မနက်စာစား၍ အေးအေးသာသာ အနားလာယူရန် အကြောင်းပြဖိတ်ခေါ်လိုက်ရသည်။

တကယ်ပင် မနက်စာစားပြီးမှ ဒေါ်အေးသာသည် သူ့ပြဿနာကို ဒေါ်လှဝင်းအား ဖွင့်ဟတင်ပြရသည်။

ဒေါ်လှဝင်းသည် အစမှအဆုံး ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ သူသည် သူငယ်ချင်းဖြစ်သူ ဒေါ်အေးသာအား အပြစ်မယူပါ။ သမက်တော် မောင်ထွန်းဇံကိုလည်း အပြစ်မတင်မိ။ သူ့သမက်သည် လူငြိမ်လေးမှန်း သူသိပါသည်။

သူ၏တူတော်မောင်လိုမဟုတ် သူ့တူ ယေးလ်တက္ကသိုလ်က ပြန်လာစဉ်ကဆိုလျှင် သူ၏အစ်မကြီးဒေါ်ရွှေးရွှေး အတော်ဒုက္ခရောက်ရသည်။ ထိုခေတ်က ခုလိုရွှေအိုရောင်တို့





ရွှေတစ်ခုလပ်ရောင် ကရိုလာခေတ်မစားသေး၊ ကရဝိတ်နှင့် အင်းလျားလိပ်လည်း ခေတ်မစားသေး။ မာစီဒီးနှင့် စထေရင်း ခေတ်ဖြစ်၏။

“အမေ–သားကိုလာကြိုရင် မာစီဒီးနဲ့မှာလာကြိုပါ။ သားနေဖို့ စထေရင်းဟိုတယ်မှာလဲ အိပ်ခန်းတစ်ခန်း ကြိုတင်ယူထားပါ”

ဆိုသော ကြေးနန်းစာကြောင့် အညာသူမိခင်ကြီး ဒေါ်ရွှေးရွှေးမှာ သူ့ဆီသို့ပြေးလာခဲ့၏။

“ဟဲ့ . . . မလှဝင်း၊ ဘသန်းတင် ဘာဖြစ်လာသလဲ။ တို့မှာအိမ်မရှိလို့လား၊ ငါ့ကားကလဲ မာစီဒီးတော့မဟုတ်ဘူး။ ဖီးယက်အသစ်စက်စက်ပါ။ သူပြန်လာရင်စီးဖို့ ငါအဆင်သင့်ဝယ်ထားတာ။ ဘသန်းတင် ဘာရောဂါထလာလဲ”

ဒေါ်လှဝင်းသည် အစ်မလုပ်သူအဖြစ်ကို သနားမိ၏။ ရယ်လည်းရယ်ချင်၏။ အစ်မဖြစ်သူမှာအညာသူ သူကောင်းမျိုး သူဌေးသားနှင့် လက်ဆက်ထားသူဖြစ်သည်။

“မမရွှေးရေ မြန်မာ့ရောဂါ၊ မြန်မာ့ရောဂါ၊ တစ်လီတစ်ခေတ်မှာ ဒီရောဂါတွေက ထစမြဲ။ မဟာသာကီတွေက နိုင်ငံခြားသွား ပညာသင်ပြီးလို့ ပြန်လာရင် မမရွှေးတို့အိမ် ဘယ်လိုကောင်းကောင်း အပူဒဏ်မခံနိုင်ဘူးလေ။ မမရွှေးရဲ့ကား ဖီးယက်ကလည်း ရှေးပဝေသဏီက ခေတ်မမီတော့ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီတော့ ငါကဘာလုပ်ပေးရမလဲ”

“ကဲ . . . ကျွန်မပဲ အားလုံးစီစဉ်ပါ့မယ်”

ဒေါ်လှဝင်းသည် တူတော်မောင် ယေးလ်တက္ကသိုလ် ပြန် မဟာဝိဇ္ဇာ၊ သမိုင်းဘာသာရပ် သင်ကြားလာသူအတွက် စထရင်းဟိုတယ်တွင် တစ်လနေဖို့ အခန်းတစ်ခန်းနှင့် မာစီဒီး တစ်စီးစီစဉ်ပေးရ၏။ ခါးဝတ်တော် ဘောင်းဘီရှည်၊ လည်စည်း ကုပ်အင်္ကျီအဝတ်များကို ချုပ်တော်မူရန်အတွက်ကိုမူ ခြောက်လ တိုင်တိုင် စောင့်ခဲ့ရသည်တကား။

သူ့တူ မောင်ဘသန်းတင်လို သူ့သမက်သည် အနောက်ညှော်အပြင်းမိ၍ အနောက်ငန်းဖျားရောဂါ မစွဲခဲ့ သည်ကို သူသိခဲ့ပါသည်။ ယခုသော် ဘယ်လိုဖြစ်သည်မသိ မည်သို့ပင်ဆိုစေ သူ၏သူငယ်ချင်း ဒေါ်အေးသာအပေါ် သူက ကျေးဇူးတင်ရပေဦးမည်။ ဖြစ်တတ်သောသဘောပေဟု ဒီနေရာ တွင် လျစ်လျူရှု၍မရပြီ။

အချစ်တော့ အချစ်ကိစ္စပေပဲ။ ပုံပြင်ထဲမှာတောင် မယ်ဒွေးလေးလို မြွေမင်းသားကို မယ်ဒွေးအစ်မကြီး မကြီးက လိုချင်သည်။ နားပူလွန်း၍ အမေလုပ်သူက စပါးကြီးမြွေကြီး တစ်ကောင်ရှာဖွေပေးရ၏။ စပါးကြီးမြွေကြီးသည် ညသို့ရောက် လျှင် မြွေမင်းသားလို လူမင်းသားလေးဖြစ်မလာပါပေ။ မကြီးကို ခြေဖျားမှစ၍ မျိုမျိုလာသည်မှာ ဒူးခေါင်းမှသည် ခါးသို့တိုင် ခဲ့၏။



BURMESE CLASSIC .com



မကြီးက သူ့လင်တော်မောင်သည် အချစ်တေးကို ဆိုတတ်သော မြွေမင်းသားမဟုတ်၊ အစာကိုသာ မျိုတတ်သော သားစားစပါးကြီးမြွေမှန်း သိပေပြီ။

“အမေရဲ့၊ အမေ့သမက်ကြီး မျိုတာ ခါးလယ်ရောက် ပြီ”ဟု အော်ပါသေး၏။ တကယ်ပင် မသိ၍ ရိုးလှသော အမေက–

“ငါ့သမက်ကလေး ကျီစား အလကားပါဟဲ့”ဟု အိပ်ခန်းပြင်ဘက်က လှမ်း၍အော်၏။

“ငါ့သမက်ကလေးကျီစား အလကားပါဟဲ့” ဟု အမေရွတ်ဆိုရင်း သမက်ကြီး အကျီစားသန်လိုက်သည်မှာ မကြီးလည်မျိုအထိ စပါးကြီးမြွေကြီးက မျိုလာခဲ့ပြီ။

ထိုအခါ အမေလုပ်သူမှာ ရင်ပတ်စည်တီးခဲ့ရသည်။ သမီးကြီးကို မကယ်နိုင်၊ မြွေကြီးကိုလည်း မသတ်ရဲ။

ယခုလည်း ကေသွယ်က မြွေဟောက်လို လျှာနှစ်ခွ တော့မဟုတ်။ အဆိပ်လည်း မပြင်းပါ။ သို့သော် တဖြည်းဖြည်း နှင့် မောင်ထွန်းဖုံကိုသာမက တစ်အိမ်လုံးကို ညင်သာစွာ မျို လာပါပကော။ လည်မျိုရောက်ကာမှ ဓားနှင့်ခွဲ၍ စပါးကြီးမြွေ ကိုသတ်ပြီး၊ သူ့သမက် မောင်ထွန်းဖုံကို ကယ်ရသော သွေး ထွက်သံယိုဇာတ်လမ်းကို သူမတွေ့လိုပါ။ ထိုနေရာ၌ ဒေါ်အေး သာနှင့် ဒေါ်လှဝင်းသည် အဓိကဇာတ်ကောင်များ ဖြစ်လာ လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား လုပ်ရပေတော့မည်။ ပုံပမာကို ကဗျာဖွဲ့တချို့၌ ဇာတ်လမ်းကို အလွမ်းသယ်၍မရ။ မသိမသာ တအိအိမျိုတတ်သော စပါးကြီးမြွေမျိုးကိုစ၍ ညို့လာကတည်းက ချက်ချင်းသတိတရနှင့် ညို့ကွင်းလွတ်အောင် မောင်ထွန်းဖဲ ကို ဆွဲယူကြရမည်။

နောက်ပိုင်းမှ ရင်ခွဲထုတ်ယူရပါသော သွေးထွက်သံယိုဇာတ်လမ်းဖြစ်ပါလျှင် အားလုံးမသက်သာ။ မယ်ဒွေးမှာလည်း လင်ဆုံး၊ မြွေမင်းသားလေးမှာလည်း အချင်းချင်း ဇာတ်တူသားချင်း သတ်ရသော သွေးစက်စင်သည့်အဖြစ်ကြောင့် မြွေအစစ်ဘဝသို့ ပြောင်းကာ တောသို့ဝင်ရပေတော့မည်။

ဇာတ်လမ်းက မလွမ်းသင့်ဘဲ အလွမ်းနှင့်ဇာတ်သိမ်းကြရတော့မှ သူတရားခံလေး၊ ငါတရားခံလေးနှင့် ဒေါ်အေးသာနှင့် ဒေါ်လှဝင်းလွှဲချ၍မရပါပြီ။

တကယ့် လူ့လောကဇာတ်လမ်းက တရားခံရှာရခြင်းသည် ပြဿနာတစ်ရပ်ကို ပြီးပြတ်စေမည်မှ မဟုတ်ပေဘဲ။ မဖြစ်ခင်က ကြိုတင်၍တားဆီးရပေတော့မည်။

ဘယ်သို့တားဆီးကြမည်လဲ။

လမ်းနှစ်သွယ်။

ပထမလမ်းကလည်းမျိုရောက်ကာမှ ဓားနှင့်ခုတ်မလား။ အို သွေးထွက်သံယိုအကြမ်းဖက် ဇာတ်လမ်းမျိုးကို မလိုက်ချင်။

ဒုတိယဇာတ်လမ်းက တအိအိမျိုတတ်သော စပါးကြီး





မြွေမျိုးကို ညင်သာစွာဖမ်းယူ၍ တောသို့ပင် ပြန်၍လွှတ်ရပေမည်လား။ ဤလမ်းကား မြွေမသေတုတ်မကျိုးဟူသော လမ်းစဉ်ပေတည်း။

နောက်ဆုံး အကြီးမားဆုံးသော စွန့်လွှတ်ခြင်းဖြင့် ရင်ကွဲရမည့်သူမှာ သူ့ရင်သွေး ခင်မြဝေပါပင်တည်း။

ထို့ကြောင့် ယခုဇာတ်လမ်းတွင် ဒေါ်လှဝင်းသည် ဒေါ်အေးသာထက် တာဝန်ပိုရှိသည်ကို သူကိုယ်တိုင်သဘောပေါက်နားလည်၏။ သူသည် လေတစ်ချက်မှုတ်ထုတ်လိုက်ကာ ရင်ထဲမှာ တစ်ဆို့ဆို့ဖြစ်နေသော ဝေဒနာကို သက်သာအောင် လုပ်လိုက်၏။

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ဒေါ်အေးသာ၏ အကြံဉာဏ်ကို သူကတောင်းဆိုလိုက်၏။

တောင်းဆိုရပေမည်။ အောဘိစီဒီစသော စာလုံးများကို ရွတ်ဆိုတတ်ခြင်း၌ ဒေါ်လှဝင်းကသာမည် ဖြစ်သော်လည်း လောကနှင့် ဘဝကို အောဘီစီဒီ တစ်လုံးမှ မရွတ်ဘဲ ဒေါ်အေးသာက ခါးစောင်းတင်ခဲ့သူဖြစ်သည်။

ဒေါ်လှဝင်းသည် သူ့ခမည်းခမက်၏အစွမ်းကို သိခဲ့ပါ၏။ အညာကျေးလက်တောသူဟူ၍ ဒေါ်အေးသာအား အညံ့ထင်၍ မရပါပြီ။ မုဆိုးမဘဝနှင့်သားကို အမေရိကားသို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်လွှတ်နိုင်ရုံမက ပခုက္ကူတွင်လည်း အနိုင်အမာအခြေပြုထားနိုင်၏။

ယခုလည်း ရန်ကုန်မြို့တော်၏ မနောဟာရီလမ်းတွင် ဒေါ်အေးသာသည် တိုက်ခြံကားများနှင့် လိုင်စင်ခေတ်သူဌေးများကိုပင် သူကကျော်လွှားနိုင်ခဲ့သူဖြစ်၏။ လိုင်စင်ခေတ်ကုန်သောအခါ တချို့လိုင်စင်ခေတ်ပေါ်ပင်သူဌေးများ မြေပေါ်ဖင်ထိုင်ကျသွားသော်လည်း ဒေါ်အေးသာမှာတော့ ဘာမှအခြေအနေမပျက်ခဲ့ပေ။ ထို့ကြောင့် ဒေါ်လှဝင်းက ဒေါ်အေးသာအကြံဉာဏ်ကိုပဲ ထပ်မံတောင်းယူလိုက်၏။

"ကျွန်မဘက်ကတော့ ကျွန်မသားကို မသိမသာထိန်းမယ်လေ။ မလှဝင်းအနေနဲ့ ခင်မြဝေကိုလဲ အိမ်ထောင်ရေးမှာ ဖြစ်တတ်တဲ့သဘောတရားကို ပြောပြပါ။ မိခင်တစ်ယောက်က ပြောတယ်ဆိုတော့ သူသဘောပေါက်မယ်။ ကျွန်မယောက္ခမအနေနဲ့ ပြောရင် အပြစ်ရှာတယ်လို့ ထင်မယ်"

"ဟုတ်ပါတယ်။ ကျွန်မသဘောပေါက်ပါတယ်။ ငါ့သမက်ကလေးကျီစား အလကားပါပဲဆိုရင်းက မောင်ထွန်းဖံ တစ်ကိုယ်လုံး ကေသွယ့်ရင်ခွင်ထဲ ရောက်သွားရင်ပြီးပါရော။ ကေသွယ်က ညို့ဓာတ်များပေသကိုး"

"ဟုတ်တယ်။ ဒီတော့ ကေသွယ်ရဲ့ ညို့ကွင်းကိုလုံးဝရောက်မသွားခင် ကိုယ့်သမီးကို ကိုယ်ကလဲ ပညာပေးပေါ့။ တဖြည်းဖြည်းနဲ့ ကေသွယ် မောင်ထွန်းဖံဆီက ခွာသွားအောင်





တော့ ကျွန်မလဲ ပြေပြေပြစ်ပြစ်နဲ့ ဖြစ်နိုင်တဲ့နည်းကို ရှာမှာပေါ့လေ။ ဟောဟောဒိုင်းဒိုင်းကြီးတော့ ဖွင့်မချချင်သေးဘူး။ ရှက်ရှက်နဲ့ နာနာကြည်းကြည်း လုပ်သွားရင်လဲ တစ်ခက်၊ မှုရင်းက ကျွန်မသားပဲလေ။ သူ့ကိုတော့ ကျွန်မ အတတ်နိုင်ဆုံးကြိုးစားမယ်"

"ဟုတ်ပါတယ်လေ။ ဒါပေမယ့် ကေသွယ်နဲ့ပညာပြိုင်ဖို့လဲ ခင်မြဝေကို ကျွန်မရှိသမျှ ပညာပေးရသေးတာပေါ့"

ဒေါ်လှဝင်းသည် ထိုနေ့ကသတင်းကြားပြီးကတည်းက သမီးပြန်လာလျှင် ခင်းရမည့်ဇာတ်ထုပ်ကို စဉ်းစားနေမိ၏။ သူတို့ ငယ်စဉ်ကအစ ကျေးရွာများမှသည် မြို့တော်များအထိ စကားပုံကြားဖူး၏။ မိန်းမတစ်ယောက် လည်ပတ်လျှင် "သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ပဲနှင့်ကျ၏" ဟု အဆိုရှိသည်။ တကယ်တော့ သုံးဆယ့်ခုနစ်မင်းထက် လင်ချစ်တစ်ယောက်ကိုယ့်အပါးက စွန့်ခွာမသွားအောင်နည်းလမ်းက လွယ်မယောင်နှင့်ခက်၏။ အိမ်ထောင်သည်တိုင်း တတ်အပ်သော ပညာရပ်ဖြစ်၏။ သူ့သမီးအား နဂါးပတ်ကျော့ကွင်းပဲ ပေးရမည်လား။ သူသည် ခင်မြဝေခရီးထွက်ရာက ပြန်လာသောအခါတွင်တော့ တခြားအကြောင်းတစ်ခု ပြကာ ယောက္ခမအိမ်မှ သမီးကို ခေတ္တခေါ်ယူလိုက်ပါသည်။

မိခင်တို့ တတ်အပ်သော အတတ်ကို ဒေါ်လှဝင်းက နားလည်ထား၏။ ဘာမှမသိသေးသော သမီးငယ်တစ်ယောက် အရွယ်ရောက်စတွင် ယောကျ်ားလေးများနှင့် ဆက်ဆံရေးကို



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ တဖြည်းဖြည်းသာ အသိပေးရသည်။ အတုံးလိုက် အတစ်လိုက် ပညာပေးမှားပြန်တော့လည်း အိပ်ပျော်နေသော အချစ်စိတ်ကို နှိုးဆွပေးသလို ဖြစ်တတ်ပြန်၏။

ယခုတော့ သူ့သမီးသည် အရွယ်ရောက်စ မဟုတ်ပြီ။ ကလေးနှစ်ယောက်မိခင် ဖြစ်နေပေပြီ။ ဒါပေမယ့် ဒီနေ့မှာလည်း အတုံးလိုက်အတစ်လိုက် လမ်းစဉ်ကို သုံး၍မရသေး။

"ကေသွယ်က ဒီလိုခြေလှမ်း လှမ်းလာပြီ။ သမီးက ဘယ်လိုလုပ်" ဟူ၍ လမ်းစဉ်ချမှတ်ပေးလိုက်လျှင် ရုတ်တရက် လင်စိတ်က ထိပ်မြွေပေါက်သလို ဘာမှ မဆင်ခြင်နိုင်။ မောင်ထွန်းဖေကိုရော၊ ကေသွယ်ကိုရော သူ့သမီးသည် ဆူဆူပူပူလုပ်လိုက်လျှင် ခက်ပါရော။ သမက်ဖြစ်သူက သူ့သမီးကို ခေတ်မမီ လင်ကိုသဝန်ကြောင်တတ်သူ၊ သဘောထားသေးသူဟု အပြစ်တင်အရွဲ့တိုက်လာပါလျှင် အင်း ဆေးအတွက် ပိုတောင်မှလေးလာပေဦးမည်။

အမလေး တကယ်ဆိုတော့ အိမ်ထောင်တစ်ခုပြုသနာ သည်လည်း အခက်အခဲတစ်ခုနှင့် တွေ့လာပါက အစိုးရ တစ်ဖွဲ့၏ ဝါဒဖြန့်ချိရေးဌာနထက် တာဝန်ကြီးမား လိမ္မာပါးနပ် ရပေသည်တကား။

ဒေါ်လှဝင်းသည် တစ်ရက်ခြားလောက်လိုလို သူ့သမီးကို မသိမသာ မာတောဝါဒစကားများကို မြွက်ကြား၍၊ သူကိုယ်တိုင် အုန်းနို့ခေါက်ဆွဲချက်၍ ခင်မြဝေကို ယောက္ခမအိမ်ကိုပို့ခိုင်းရ၏။ ခေါက်ဆွဲစားရင်းပင် —





"မောင်ထွန်းဖေက အုန်းနို့ခေါက်ဆွဲ ကြိုက်တတ်လား။ မုန့်ဟင်းခါးကြိုက်တတ်လား။ အေးလေ ဘာပဲကြိုက်ကြိုက် ပေါ့။ တစ်ပတ်တစ်ခါ တနင်္ဂနွေအနားယူရက်မှာဆိုရင် ဒီတစ်ပတ် မုန့်ဟင်းခါးဆို နောက်တစ်ပတ် ခေါက်ဆွဲ၊ နောက်တစ်ပတ်ဆို ထမင်းသုပ်နဲ့ဟင်းခါးလေ။ တစ်ခါတလေလဲ ကိုကိုရယ်. အိမ်ကဟင်းတွေ ငြီးငွေ့လှပါတယ်။ အပြောင်းအလဲရအောင်ဆိုပြီး တရုတ်တန်းဘက်သွားပြီး စားသင့်ရင်စား။ မနက်စောစောမှာလဲ မေမေ့သမက်က ပဲပြုတ်နဲ့ထမင်းကြော်ပဲ ကြိုက်တတ်ပါတယ်လို့။ အဲဒါကြီး နေ့တိုင်းမကြော်နဲ့။ ကြက်ဥကြော်တို့၊ ပေါင်မုန့်တို့လဲ အပြောင်းအလဲထည့်ပေး သိလားသမီး။ လင်ကိုကျွေးမွေးတိုင်း ယောက္ခမကို တစ်ပန်းကန် ဦးစားပေးသဘောနဲ့ စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲကို ကျွေးနော် သိလား"

ဒေါ်လှဝင်းသည် တရားဟော၏။ သူ့သမီးသည် သနားစရာပင် အေးဆေးငြိမ်သက်သော မျက်နှာနှင့်မအေပြောသမျှ ပြုံး၍နားထောင်နေ၏။

"မေမေကလေ မောင်ထွန်းဖေ အနေအထိုင်ကို သိပ်သဘောကျတာ။ အညာသား လူရိုးလူအေးမို့ မေမေ့စိတ်ကြိုက် ရွေးပြီးတော့ကို ပေးစားခဲ့တာ။ ဒါပေမယ့် သမီးရဲ့မောင်ထွန်းဖေက ဖောက်ပြန်နေလို့ပြောတာမဟုတ်ပါဘူး။ ယောကျ်ားတွေရဲ့ဖြစ်တတ်တဲ့သဘောကို မေမေက ပြောပြရတာ။ သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကရှိုးရှိုးနေတာပဲ။ သဘောကျတယ်ဆိုပေမယ့် နှစ်ယောက်ထဲ အိပ်ရာဝင်ချိန်ဆို ကိုကိုရေခေါ်နေကျထက် ဒါလင်မောင်ရေတို့၊ ဘာတို့နဲ့ အပြောင်းအလဲ ခေါ်ပေးပြောပေး သိလား"

ဒီတစ်ခါတော့ ခင်မြဝေသည် တခစ်ခစ်နှင့်ရယ်၏။

"မေမေကလဲ ထူးထူးဆန်းဆန်း ဘာတွေပြောနေတာလဲ မသိဘူး"

"မထူးဆန်းဘူးသမီး။ မထူးဆန်းဘူး။ ရိုးရိုးလေးပါ။ ရိုးရိုးလေးနဲ့ကို သူတို့စိတ်ဝင်စားနေအောင် ကိုယ်ကကြိုးစားနေရမှာက မိန်းမတွေတာဝန်ပဲ။ မေမေက ရန်ကုန်ကိုပစ္စည်းတွေ၊ အထည်တွေဝယ်ဖို့ ရောက်လာတဲ့အခိုက် ပြောသင့်တာပြောသွားရတာ။ မေမေနဲ့သမီး အတူနေတာ မဟုတ်ဘဲ။ ဖြစ်တတ်တဲ့သဘောတွေကို မေမေတို့က တွေ့ဖူးပြီလေ"

"တို့များ သူငယ်ချင်းတစ်ယောက် သူ့ယောက်ျားကအရေးပေး အလိုလိုက်တာ မပြောပါနဲ့။ တို့များကလဲ သူ့ယောက်ျားကို ချီးမွမ်းမိတယ်။ တော်တယ်ပေါ့။ ကုန်ကုန်ပြောမယ်။ အိမ်မှာဖဲဝိုင်းထောင်ပေး၊ ကစားဖို့ကတော်တွေ၊ အသိမိတ်ဆွေတွေ ခေါ်ပေးနဲ့ မေမေ့သူငယ်ချင်းကလဲ သူ့ယောက်ျားနှင့်ပြုတယ်ပေါ့။ လားလား တစ်နှစ်လောက်လဲ ကြာရော ကိုယ်တော်ချောက အငယ်နဲ့ပါသွားရော။ ဖြစ်ပုံက မယားကြီးကိုဖဲဝိုင်းနဲ့ အချိန်ကုန်အောင် လုပ်ပေးပြီး၊ အဲဒီအချိန်မှာ သူကသူ့ကောင်မလေးတွေနဲ့ အပြင်မှာ ပွေနေတာကိုး။ အဲဒီလိုပဲ





သမီးရဲ့ သူတို့ယောက်ျားပရိယာယ်ဆိုတာလဲ ကောက်ရခက်သား"

ခင်မြဝေသည် သူ့မေမေ၏ စကားကို ခပ်ငိုင်ငိုင်နားထောင်ကာ တွေးနေမိ၏။ ဘာပဲဖြစ်ဖြစ် တစ်ခုခုအကြောင်းရှိ၍သာဆိုသည်ကိုတော့ သူသတိထားမိပါသည်။

"မေမေ့ သမက်က ပုန်းရည်ကြီးသုပ်နဲ့ ပဲနီလေးဟင်းချိုစားရရင် ကျေနပ်နေတာလို့ချည်း မထင်နဲ့။ ကွယ်ရာကျတော့ အစားမှာလဲ ပေါင်မုန့်ထောပတ်သုပ်နဲ့၊ ဆက်ဆံရေးတို့၊ အဝတ်တို့မှာလဲ ဂါဝန်ပြာဝတ် (ကွန်ဗင့်)ကျောင်းထွက်တွေရဲ့ ဟန်ပန်အဝတ်အစား ဆက်ဆံပုံတွေကို ကြိုက်တတ်တာသမီးရဲ့။ ဒါကြောင့် တစ်ခါတလေကျလဲ ပြင်တာဆင်တာ ဝတ်စားပုံမှာ ကလက်တာ၊ ကလေးတာ မဟုတ်ရင်ပြီးတာပဲ။ ကိုယ့်ယောက်ျား မျက်စိကျမှာကို ခေတ်မီမီ ဝတ်ပေးရတယ်"

ခင်မြဝေသည် သဘောပေါက် နားလည်လောက်ပြီထင်ပါသည်။ ခေါင်းလေးတညိတ်ညိတ်နှင့် စိတ်ဝင်စားစွာနားထောင်ပါသည်။ ဘာမှတော့ ပြန်လည်မဆွေးနွေးပါ။

"မေမေ ဘယ်တော့လောက် အညာပြန်မှာလဲ"

"အစကတော့ ပစ္စည်းတွေရရင် ပြန်မယ်စိတ်ကူးတယ်။ ဒါပေမယ့် တစ်နေ့က မမရွှေးနဲ့တွေ့တယ်။ သူ့သား ဘာသန်းတင် လက်ထပ်ပြီးမှ ပြန်ပါတော့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကိုသန်းကြိုး လက်ထပ်တော့မယ်လား"

သူတို့၏စကားကြောင်းသည် ဦးတည်ချက်ပြောင်းသွား၏။

ခင်မြဝေသည် ဝမ်းသာအားရ ပြောလိုက်၏။

"အေး မမရွှေးက သူ့ကိုကူပါဦးတဲ့။ လက်ထပ်ပွဲကိုတော့ အင်းလျားလိပ်မှာ လုပ်မယ်။ လက်ထပ်ပွဲအတွက် မမရွှေးတို့က တာဝန်ယူရမှာ။ ပင်ပန်းစရာ မရှိပါဘူး။ မိန်းကလေးဘက်ကသာ ခုကတည်းကစပြီး ပင်ပန်းနေပြီ"

"ဘာဖြစ်လို့"

"ဪ . . . ဘသန်းတင်က ယောက္ခမအိမ်မှာလဲ အိပ်ရာခမ်းနားမပြင်ချင်ဘူး။ မမရွှေးအိမ်မှာလဲ ခေတ်မမီဘူးတဲ့။ သူက ရေတစ်ဝက် ကုန်းတစ်ဝက်မှ ကြိုက်တယ်ဆိုလားပဲ။ ဒါကြောင့် ယောက္ခမလောင်းက အိမ်ရှာပေးရတယ်။ အင်းလျားကန်စောင်းမှာ ခုလောလောဆယ် ၂၀၀၀ိ(နှစ်ထောင်) ပေးရတယ်။ အဲဒီမှာ တိုက်ပုကလေးတစ်လုံးငှားပြီး အိပ်ရာခမ်းနားပြင်ရတယ်။ အိမ်လဲလှအောင် ပြင်ရဦးမယ်ပေါ့။ မိန်းကလေးဘက်က လုပ်ရမယ့် အလုပ်ဆိုပေမယ့် မမရွှေးက မေမေ့ကိုခေါ်တယ်။ နက်ဖြန်ကျ သူ့ရဲ့ခမည်းခမက်လောင်းနဲ့ အတူ အဲဒီအိမ်ကို သွားကြည့်ရအောင်တဲ့။ ကူသင့်တာလဲ ကူရ။ အကြံဉာဏ်လဲပေးရတာပေါ့။ ဒါကြောင့် မေမေလဲ





ဘသန်းတင် လက်ထပ်ပွဲပြီးမှ အေးအေးဆေးဆေး ပြန်တော့မယ်"

ခင်မြဝေသည် မအေဖြစ်သူ၏စကားကို နားစိုက်ထောင်ရင်းမှ သက်ပြင်းလေးချလိုက်၏။

"ဪ လင်တစ်ယောက်ယူရတာ အဖိုးအခကြီးလိုက်တာနော်"

ညည်းတွားသလို ခင်မြဝေက ပြောလိုက်၏။ ပြီးမှ သူသည် ဘာကိုသတိရသည်မသိ –

"မင်္ဂလာရက်ကော သတ်မှတ်ပြီးပြီလား မေမေ"

"ရှေ့လ မေလ ၁၂ ရက်"

"အချိန်ရသေးတာပဲ၊ အရက် ၂၀ တောင်လိုပါသေးတယ်နော်"

ခင်မြဝေသည် ဒါပဲပြောကာ သူ့မိခင်အနားမှ ထသွားတော့သည်။

နောက်ပိုင်းရက်များတွင် ဒေါ်လှဝင်းသည် မာတောဝါဒများကို အရှည်ကြီးရွတ်ဖတ် သရဇ္ဈာယ်ချိန်မရ။ ခင်မြဝေကလည်းယောက္ခမအိမ်ကို ပြန်သွားတော့သည်။ တူတော်မောင်ဘသန်းတင် လက်ထပ်ပွဲအတွက်သာ လုံးပန်းနေရသည်။

သမီးလေးသည် သူ့စကားကို အစဉ်သတိရ၍ အနေအထိုင်၊ အပြောအဆို အလှအပပြုပြင်ခြင်းနှင့် လင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးတို့တွင် တိုးတက်ပြောင်းလဲခြင်းဖြင့် ပြောင်းလဲလာပါစေဟု ဆုတောင်းမိ၏။ ကေသွယ်၏ညွှတ်ကွင်းမှ လွတ်မြောက်ကြပါစေဟုပဲ ဆုတောင်းမိ၏။ ဆုသာတောင်းရသည့် လိမ့်လိမ့်လဲလဲ ဖြစ်သွားမှာလားဟု တွေးမိသောအခါတွင်လည်း ပင့်သက်ရှူမှားသွားမိပြန်သည်။

ခက်သားလား။ အစက ဒေါ်လှဝင်းအထင် မိန်းမငယ်သို့မဟုတ် သမီးရှင်တို့မှာ ကိုယ့်သမီးအတွက် လင်တစ်ယောက်ရှာဖွေနေရာချဖို့ခက်သည်ဟု ထင်သည်။ တာဝန်ရှိသူ မိခင်အနေနှင့် စိတ်မောရ၏။

ယခုခေတ်တွင် သာ၍စိတ်မောရသည်က လက်မထပ်ခင် သမက်လောင်းရွေးချယ်ရေးထက် လက်ထပ်ပြီးသမီးနှင့်သမက် ထင်းပုံခေါင်းချပေါင်းရအောင် အောင်မြင်သောလက်ထပ်ရေးဖြစ်ဖို့ ပို၍စိတ်မောရ၏။

ငွေဖောင်းပွ၍ ကုန်ဈေးနှုန်းတက်သည်နှင့် အပြိုင်လင်ဈေးနှုန်းတက်လာသည် ထင်သည်။ ကလေးတစ်ဒါဇင်ရှိရှိမယားကို သံမဏိကြိုးနှင့်ပင်ချည်ထားထား။ ပညာတတ်ကြေးရတတ်အပျိုစစ်စစ်တွေက ရွှေကိုယ်လေး၊ ငွေကိုယ်လေးနှင့်ချိန်စက်၍လိုက်ဝယ်နေသည်။ နောက်ပိုင်းမိဘများကလည်းမတားမြစ်၊ ဤကိစ္စမျိုးကို လက်ထိလက်ရောက် အားပေးနေတော့ ဒေါ်လှဝင်းသည် သမီးလေးလက်ထပ်ပြီးမှ လက်ဝယ်





ပိုင်ဆိုင်ထားသော လင်တစ်ယောက် မဆုံးရှုံးရအောင် ပညာပေးရခြင်းဖြစ်၏။

ကုန်ဈေးနှုန်းကသာ ကျလျှင်ကျမည်ဖြစ်သော်လည်း လင်ဈေးနှုန်း တရိပ်ရိပ်တက်လာလေပြီ။ စီးပွားရေးပါရဂူတို့သည် ရွှေဈေး၊ စတာလင်ပေါင်၊ ဒေါ်လာအတက်အကျကို ကြိုတင်တွက်ချက် ကြိုးကိုင်နိုင်ကြပါသော်လည်း လင်ဈေးနှုန်းတက်ခြင်းကို ဘယ်သူတားမြစ်နိုင်ပါမည်နည်း။

တွေးမိတိုင်း ဒေါ်လှဝင်း စိတ်မောလှသည်။

လက်ထပ်ပွဲနေ့တွင် ဒေါ်အေးသာကလည်း ယောက်ျားလေးရှင်ဘက်ကဆွေမျိုးအနေနှင့် အင်းလျားလိပ်ကိုအစောကြီးရောက်လာသည်။

မိန်းကလေးရှင်ဘက် အကြိုက်နှစ်ဖက်ဆွေမျိုး အားလုံးရွှေဖလားရောင်ဝတ်စုံများကို ရွေးချယ်ဝတ်ထားကြသောကြောင့်လက်ထပ်ပွဲတစ်ခုလုံးသည် ရွှေရောင်ဖြင့် ပြိုးပြက်နေကြ၏။

ဒေါ်လှဝင်းအနေနှင့် ဒေါ်ရွှေးရွှေးနှင့်အတူ ဧည့်ခံရေးတာဝန် မလစ်ဟင်းရအောင် လုပ်နေရ၍ ဖတ်ဖတ်ကိုမောနေသည်။ ချွေးဒီးဒီးကျမတတ် ဖြစ်နေသည်။

ဒေါ်အေးသာကတော့ ဒေါ်လှဝင်းလောက် မပင်ပန်းသက်သောင့်သက်သာရှိပါသည်။

သို့သော် . . . သို့သော် အလုပ်မအား၍ သတိုးသား၊



www.burmeseclassic.com

www.burmeseclassic.com



သတိုးသမီး ပွဲထုတ်ခါနီးမှ သားတော်မောင် မောင်ထွန်းဖုံနှင့် အတူတွဲလာသော ချွေးမတော် ခင်မြဝေကို တွေ့လိုက်သော အခါမှ ဒေါ်အေးသာ အသက်ရှူမှားရှိုက်သွားပေ၏။

သူ့ချွေးမသည် အသက်ရှူမှားရှိုက်သွားလောက်အောင်ပင် ပြင်ဆင်ထားသည်မှာ ခေတ်စကားအရ ပုံနေတော့သည်။

မအေဖြစ်သူဒေါ်လှဝင်းကတော့ သူ့သမီး၏နောက်ဆုံး ပေါ်ဖက်ရှင်ကို စိတ်ဝင်စားစွာ ကြည့်မကြည့်မသိ။ ဒေါ်အေးသာ ကတော့ ဘသန်းတင်တို့စုံတွဲအသစ်စက်စက်ကို အခန်းအပ်သည့်အချိန်ထိအောင်ပင် ကြခြေဆောင်၍မနေနိုင်။ ဒေါ်ချွေးချွေးကိုခွင့်တောင်း၍ အိမ်ကိုပြန်လာခဲ့သည်။

ဒေါ်လှဝင်းကလည်း ဒေါ်အေးသာ ဘာကြောင့် ဒါလောက် ကြခြေပျက်သည်ကို သိလို၍ ကားတစ်စီးနှင့် နောက်မှထက်ကြပ်မကွာ လိုက်လာခဲ့သည်။

ဒေါ်အေးသာသည် သူ့နောက်မှ ဒေါ်လှဝင်းပါလာသည်ကိုပင်မသိ။ အိမ်ရောက်လျှင် သံခွေတံခါးဖွင့်ပေးသူကိုပင် နေးရန်ကောဟု အော်ငေါက်မိ၏။ သူသည် ကမန်းကတန်း အိမ်ပေါ်ထပ်ဘုရားခန်းသို့ ပြေးဝင်သွား၏။

မှန်ချေပြီ။ မှန်ချေပြီ။ သူထင်သည့်အတိုင်း မှန်၏။

သူသည် ရင်ပတ်ကိုလက်နှင့်ပုတ်ကာ အိမ်ဖော်မလေးကို အော်ခေါ်တော့မည်ဟု နောက်သို့အလှည့်လိုက်တွင် သူ့နောက်ပါးတွင် မားမားရပ်နေသူမှာ ဒေါ်လှဝင်း။





"မအေးသာ ဘာဖြစ်လာတာလဲဟင် ကျွန်မ စိတ်ထဲ မသင်္ကာလို့ နောက်ကထက်ကြပ်လိုက်လာတာ"

ဒေါ်အေးသာသည် တကယ်တော့ ဘာမှမပြောနိုင်။ တံတွေးကိုသာမျိုချရင်း ပြူးပြူးပြဲပြဲနှင့် ဘုရားဆောင်ရှေ့ကိုသာ လက်ညှိုးထိုးပြ၏။

"ဟိုမှာ . . .ဟိုမှာ မလှဝင်း။ ကျွန်မ . . .ကျွန်မ ကျွန်မရဲ့ကျားသားရေအမြီး အမြီးမရှိတော့ဘူး"

ဒေါ်လှဝင်းသည် ဘုရားဆောင်ရှေ့ရှိကြမ်းပြင်ပေါ်တွင် အလှခင်းထားသော ကျားတစ်ကောင်လုံး၏ ခွာထားသော အရေခွံတွင် ကျားမြီးသည် တိတိရိရိ ပြတ်နေသည်။

ဒေါ်အေးသာကို တစ်စုံတစ်ရာမေးခွန်း မထုတ်မီခင် သူ့သမီးနှင့် သူ့သမက်သည် အိမ်ပေါ်ထပ်သို့ မင်္ဂလာပွဲသွားသော အဝတ်အစားနှင့်ပင် တက်လာသောကြောင့် ဒေါ်လှဝင်းသည် ဒေါ်အေးသာကို ဘာမှမမေးနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် . . .

ခင်မြဝေသည် ရွှေဖလားရောင်ဝတ်စုံနှင့် လိုက်အောင် ထိပ်ဦးတွင် အဝါနှင့်အနက်စင်း ကျားသားရေစကိုအုပ်၍ ချုပ်ထားသော ဒေါက်မြင့်ဖိနပ်ကို စီးထား၏။ လက်ကိုင်အိတ်ကလည်း မြန်မာပြည်မှာ ဘယ်သူမှမရှိသေးသော ကျားသားရေ အပေါ်ဖုံးနှင့် အိတ်ကိုကိုင်ထားသည်။

ခေါင်းပေါ်က ပန်းကလည်း ဒဂုန်တာရာ၏ ရွှေအိုရောင်



www.burmeseclassic.com

www.burmeseclassic.com



ဇာပွင့်နှင့်မဟူရာဇာပန်းပွင့်ကို တစ်ပွင့်စီခက်ထားသော ဇာပန်းများနှင့်ဆံထုံးကိုအုပ်ထားသည်။

ပဝါကိုရွှေဖလားရောင် ရင့်ရင့်ခြုံ၍ ဆွဲကြိုး၊ လက်ကောက်နှင့် ကြယ်သီးမှာ မဟူရာရောင်ဖြင့် ဖိတ်ဖိတ်တောက်နေတော့သည်။

ဒေါ်အေးသာကို ဘာမှမေးရန်မလိုတော့။ သူ၏သမီးခင်မြဝေ၏တစ်ကိုယ်လုံး ဝတ်စားဟန်သည် သူသိလိုသောမေးခွန်းကို ဖြေဆိုပြီးဖြစ်သည်။

မျက်လုံးဟောက်ပက်နှင့် ကျားရေပြင်ကြီးကသာ "ကျုပ်ရဲ့အမြီးပြတ်ရတာ ခင်ဗျားတစ်ရားခံပဲ" ဟုပြောနေသည်ဟု ဒေါ်လှဝင်း ထင်မိပါသတည်း။

သင်းရွှေနွယ်

* * * * *

မောင်ရွှေနွယ်၏ဝတ္ထုကို ဆုံးအောင်ဖတ်၍ ပြီးချေပြီ။ ဘာကြီးရှုန်းပိုသည် သူပို့နေကျ သူ့မိတ်ဆွေ အယ်ဒီတာလုပ်သော 'ဒေဝ'မဂ္ဂဇင်းသို့ ပို့လိုက်၏။ သူကမူ တစ်စုံတစ်ရာ ဘာမှကောက်ချက်ရေး၍ မပေးလိုက်ပါပေ။

* * * * *



# အခန်း (၅)

## အမရာနှင့် သုဇာတာ

"အစ်ကိုကျိုင်း ဒီနေ့သွားစရာ လာစရာရှိသေးလား"

သိဂီက စာအုပ်ဆိုင်မဖွင့်ခင် မေးလိုက်၏။

"မရှိဘူး သိဂီ၊ အစ်ကိုကျိုင်း ဘာကူရမှာလဲ"

"ဒီစနေမှာ သိဂီ့သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ ကြီးတော်ကသွားတဲ့။ အိုးဆိုင်ကို သူထိုင်ပေးမယ်တဲ့။ စာအုပ်ဆိုင်ကို အစ်ကိုကျိုင်း ထိုင်ပေးမလား"

"ထိုင်ပေးမယ်လေ၊ တစ်ရက်တလေ ကူနိုင်ပါတယ်ဟာ။ အမြဲရောင်းဖို့ကတော့ ငါကစာအုပ်မရောင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပေါ်မှာရှိသမျှစာအုပ်ဖတ်ပြီး မှတ်သားနေတာနဲ့ နှင့်စာအုပ်တစ်အုပ်မှ ရောင်းလို့ရမှာမဟုတ်ဘူး။ သွားလေ”

“သူငယ်ချင်းတွေနဲ့အဆင်ပြေရင်လဲ ဝိုင် အမ် ဘီအေက စာပေဟောပြောပွဲကို ရောက်ချင်ရောက်မှာနော်”

“အေးပါ၊ ရွှေနှယ်နဲ့ဖိုးခွားတောင် ဒီနေ့သွားမယ်တဲ့။ အမျိုးသမီးစာရေးဆရာမတွေထဲက ဘယ်သူပြောမလဲ မသိဘူး”

“အစ်ကိုကျိုင်းကလဲ သိင်္ဂီသိပါတယ်။ ဘဒ္ဒနုဝတီ လောက်သာစိတ်ဝင်စားနေတာ။ ဒီဟောပြောပွဲ သူမပါဘူးထင်တယ်”

သိင်္ဂီသည် စကားလက်စသတ်ကာ အဝတ်အစားလဲ၍ ထွက်သွားတော့သည်။

ဖိုးခွားနှင့်မောင်ရွှေနှယ်မှာ မနက်ကတည်းက ထွက်သွားကြသော်လည်း မောင်ရွှေနှယ်က ခရီးသည်တစ်ယောက်ကို အိမ်ပျောက်ရှာပေးနေရ၏။ ဖိုးခွားကတော့ ကျူရှင်ကျောင်းသားလေးများကို သဒ္ဓါလွန်၍ စာသင်ချိန် ပိုယူလိုက်သောကြောင့် စာပေဟောပြောပွဲသို့ သူတို့ရောက်ချိန်မှာ အချိန်နောက်ကျ၍နေပေပြီ။ နောက်ဆုံးနေရာမှာ ထိုင်၍ တစ်ဝက်တစ်ပျက်နှင့် စာရေးဆရာ အဘိနန္ဒသူ ပြောသည်ကိုသာ နားထောင်လိုက်ရ၏။

“ဒီနေရာမှာသည်းခံပြီး စိတ်ရှည်လက်ရှည် နားထောင်ဖို့ ကျွန်တော် တောင်းပန်ပါရစေ”





အဘိနန္ဒသူသည် ဘာအကြောင်းအရာကို ပြောနေမှန်း မသိပေ။

တရားမမွနယ်မြေမှာ သမထလမ်းစဉ်ကို ကျင့်ဖို့ပဲ ဖြစ်ဖြစ်၊ ဝိပဿနာလမ်းစဉ်ကို ကျင့်ကြံအားထုတ်ကြလို့ပဲ ဖြစ်ဖြစ် ဈာန်သမာပတ်ကို တရားအားထုတ်သူတို့ ရရှိကြတယ်။ သမထဈာန်၊ ဝိပဿနာဈာန်ကို ဝင်စားနေရချိန်မှာ တည်ငြိမ်အေးချမ်းတဲ့ဈာန်ရဲ့ အရသာကို တွေ့ထိခံစားဖူးသူတွေဟာ ထပ်မံတလဲလဲ ဈာန်သမာပတ်နဲ့ပဲ ပျော်မွေ့ပြီး နေထိုင်ကြတယ်။

တရားအားထုတ်သူ ယောဂီပုဂ္ဂိုလ်ဟာ သူတို့ခန္ဓာကိုယ်မှာ တွေ့ထိလာကြတဲ့ အာရုံကိုလက်ခံရာ ခြောက်နေရာဖြစ်တဲ့ မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာ တွေ့ထိလာသမျှ စောင့်ကြပ်ပြီး သတိနဲ့ရှုမှတ်ပြီး ပယ်ရတယ်။ ဒါကတော့ ဝိပဿနာကို အားထုတ်ဖူးမှသိမှာ။ ကျွန်တော်က ဝိပဿနာတရားကိုဟောနေတာမဟုတ်လို့ ဆက်ပြီးတော့ မပြောတော့ဘူး။

စာပေမှာလဲ ဈာန်ရှိပါတယ်။ တကယ့် စာပေသမထပေါက်လို့ ဈာန်ချမ်းသာကို ခံစားချင်ရင် ဘူမလိုလိုနဲ့ ကွဲပြားတဲ့ စာပေဈာန်အကြောင်း ပြောပြမလို့ပါပဲ။ စာရေးသူတစ်ယောက်ဟာ စာရေးဆရာဖြစ်ဖို့ ကြိုးစားနေရချိန်မှာ ဖြစ်စေ၊ စာပေသမထပေါက်လို့ စာရေးဆရာတစ်ယောက်အဖြစ် ရောက်ရှိသွားချိန်ဖြစ်စေ သူ့မှာ ဝိပဿနာလမ်းစဉ်လိုပဲ လမ်းရှိပါတယ်။ ဝိပဿနာနဲ့ကတော့ အရှေ့နဲ့အနောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူဟာ အာရုံခြောက်ပါးကို အစဉ်ဖွင့်ထားရပါတယ်။ အပေါက်ခြောက်ပေါက် အာရုံကိုလက်ခံရာဌာနခြောက်ခုမှာ ဝင်လာသမျှ တွေ့ထိလာသမျှကို မပြတ်သောသတိနဲ့ ရှုမှတ်ပြီး နှလုံးသားမှာ သိမ်းပိုက်ထားရပါတယ်။ သိမ်းပိုက်ထားရုံမဟုတ်ပါဘူး။ ထိထိမိမိ ခံစားရပါတယ်။ ခံစားရုံတင် မဟုတ်၊ သူကိုယ်တိုင် ခံစားရချက်ကိုလဲ စာဖတ်သူခံစားနိုင်အောင် တင်ပြတတ်ရပါတယ်။ အင်မတန် အပူပွားတဲ့အလုပ်ပဲ။

ကံအကြောင်းတရားနဲ့ စွမ်းရည်ကို လိုက်လို့ပဲ တချို့ဟာ ခံစားတတ်တယ်။ မတင်ပြတတ်ဘူး။ အဲဒါကြောင့် မအောင်မြင်ကြရတဲ့ စာရေးဆရာတွေ အများကြီးပါပဲ။

ဥပမာ တစ်ခါတုန်းက ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဟာ အသုဘတစ်ခုကို လိုက်ပို့ကြတယ်။ သေဆုံးသူ ဆွေမျိုးများနဲ့ ကျွန်တော်တို့ဟာ ရင်းနှီးတော့ သေဆုံးသူကို ဂူသွင်းပြီးတဲ့အထိ သုသာန်မြေမှာ ရှိနေကြတယ်။ မြန်မာ့ထုံးစံအတိုင်း အုတ်တစ်ချပ်စီ ဒါနအဖြစ် လုပ်အားပေးအဖြစ် ပန်းရံသမားကို ကူညီသယ်ပေးကြတယ်။

သေဆုံးသူကို နောက်ဆုံး ခွဲခွာရချိန်မို့ ဆွေမျိုးတွေလဲ ငိုကြွေးကြပြီ။ အုတ်ဂူနားက တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြတယ်။ ကျွန်တော်လဲ စိတ်အတော် ထိခိုက်သွားတယ်။

''သုသာန်မြေရောက်တော့လဲ ကြေကွဲစရာ သတိ





သံဝေဂရစရာပဲနော်''လို့ ကျွန်တော်က အဖော်မိတ်ဆွေကို တိုးတိုးပြောမိတယ်။ သူကပြန်ပြောတယ်။

''ဒါ သုသာန်မြေမှမဟုတ်ဘဲ၊ ချစ်တဲ့သူတို့ နယ်မြေ'' တဲ့။

''ကိုယ့်လူ မဟုတ်တာပြောရမယ် ဆိုရင်ဖြင့် မိုလ်ပဲ'' လို့ ကျွန်တော်က ပြန်ပြောတယ်။

''ဘယ်မှာ မဟုတ်တာ ပြောရမှာလဲ၊ ဟိုမှာကြည့်'' တဲ့။

သူညွှန်ပြတဲ့နေရာကို ကျွန်တော် ကြည့်လိုက်တော့ အုတ်ဂူတစ်ခုဘေးမှာ နှုတ်ခမ်းချင်း တေ့နေတဲ့ ဆိတ်ထီးနဲ့ ဆိတ်မနှစ်ကောင်ကို တွေ့ရတယ်။ ဆိတ်ထီးဟာ ကြင်ကြင်နာနာနဲ့ပဲ။ ဘယ်ကရလာမှန်းမသိတဲ့ ပိန်းနဲ့ရွက်ကို အကိုင်းက ဖဲ့ချွေလိုက်၊ ဆိတ်မကိုကျွေးလိုက်၊ ဆိတ်မကလဲ အသာယူစားလိုက်နဲ့ သူတို့ပတ်ဝန်းကျင် အုတ်ဂူအသစ်နားမှာ ငိုကြွေးနေတဲ့ လူတွေအသံကို လုံးဝမကြားသလိုပဲ။

''ခင်ဗျား ကျွန်တော့်ထက်မြင်တတ်တယ်။ ခင်ဗျားသာ စာရေးဆရာဆိုရင် 'ချစ်တဲ့သူတို့ နယ်မြေ'ဆိုပြီး ဝတ္ထုတိုတစ်ပုဒ်ဖြစ်တယ်''လို့ သူ့ကို ကျွန်တော်ချီးကျူးပြီး ပြောမိတယ်။

သူ့ခမျာ မြင်လည်းမြင်တယ်၊ ခံလည်းခံစားတတ်တယ်။ ဒါပေမယ့် စာပေအဖြစ်နဲ့ စာပေပရိသတ်ကို တင်ပြ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ သူ့အမြင်ဟာ ဝတ္ထုတစ်ပုဒ်အဖြစ်ကို မရောက်လာဘူးပေါ့။

ဒီနေရာမှာ ခင်နှင်းယုရေးတဲ့ ဂမုန်းခွက်ပေါက် အကြောင်းကို ကျွန်တော် ထပ်မံတင်ပြပါရစေ။ ခင်နှင်းယုက ရေးဖူးတယ်။ စာရေးဆရာတို့ရဲ့ မျက်စိဟာ ဂမုန်းခွက်ပေါက် ကွင်းထားတဲ့သူရဲ့ မျက်လုံးလိုဖြစ်နေရမယ်တဲ့။ ဂမုန်းခွက်ပေါက် ကိုသွေးပြီး မျက်လုံးမှာကွင်းထားရင် သာမန်လူတွေမြင်တဲ့ ရိုးရိုးအမြင်အပြင် လူသာမန်တွေရဲ့ မျက်လုံးနဲ့မမြင်နိုင်တဲ့ မြေအောက်မှာမြှုပ်ထားတဲ့ သို့မဟုတ် သဘာဝအတိုင်းရှိနေတဲ့ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေကိုလဲ မြင်ရတယ်။

အဲ . . . အဖိုးတန် ရတနာတွေကိုသာမက သရဲတွေ၊ သဘက်တွေ၊ နတ်ဆိုးတွေ၊ အနိဋ္ဌာရုံတွေကိုလဲ မြင်ရတယ်။ ဣဋ္ဌာရုံရော၊ အနိဋ္ဌာရုံရောဆိုပါတော့။ ကျောက်သံပတ္တမြားတွေ တွေ့ပြီဆိုပြီး လောဘမသတ်နိုင်ပဲ ငွေတွင်းတူးရင်လဲ ရမှာပေါ့လေ။ ကိုယ်တူးတဲ့ ငွေတွင်းထဲမှာ ကိုယ့်ဟာကိုယ်နစ်နေရင်လဲ နစ်မယ်ပေါ့။ မမြင်ချင်တဲ့အနိဋ္ဌာရုံ သရဲ၊ သဘက်တွေကိုပဲ အစဉ်မြင်နေရပြန်တော့ သေချင်လဲသေမယ်။ မသေရင်လဲ ရူးတတ်တာပဲတဲ့။

ဒါကြောင့် ဂမုန်းကွင်းပိတ်လဲရှာထားပြီး မြင်လိုတဲ့အခါ ဂမုန်းခွက်ပေါက် မျက်လုံးမှာကွင်းထား၊ မမြင်လိုတဲ့အခါ ဂမုန်းကွင်းပိတ်ကို အပေါ်ကထပ်လူးပါတဲ့။ သူဆိုလိုချင်တာက ဝိပဿနာဆန်ဆန်ပေါ့ဗျာ။ မပြတ်သောသတိနဲ့ အမြဲမြင်တတ်၊





သိတတ်သော ခံစားတတ်သော မျက်လုံးနဲ့နှလုံးသားတို့အပြင် တင်ပြတတ်သော အတတ်ပညာဆိုတဲ့ ဦးနှောက်လဲရှိပါစေပေါ့ဗျာ''

ကဲ . . . ရဲဘော်မေးတဲ့ မေးခွန်းမှာ စာရေးဆရာဖြစ်ဖို့လွယ်သလားဆိုတာကို ကျွန်တော် ဒါလောက်ပဲ အကျဉ်းရုံးဖြေပါရစေ။

အချိန်စေ့ သတိပေးခေါင်းလောင်းသံကြောင့် စာရေးဆရာကြီး အဘိနန္ဒသူ၏ ဟောပြောချက်သည် ဤနေရာတွင် နိဂုံးချုပ်သွား၏။ ပရိသတ်ရှင်းသွားချိန်တွင် သူတို့အနားသို့ သီဂီနှင့် မိန်းကလေးနှစ်ယောက် ရောက်လာကြသည်။

''ဟဲ့ သီဂီ ဘယ်တုန်းက ရောက်နေလဲ။ ထူးထူးခြားခြား စာအုပ်သာ ရောင်းနေတယ်။ စာပေဟောပြောပွဲတွေ ဘာတွေ သူက သွားလေ့သွားထမရှိဘူး။ ဒီတစ်ခါ ဘာဖြစ်လာလဲ''

မောင်ရွှေနွယ်က မေးလိုက်၏။ သီဂီသည် ရယ်မောလိုက်ရင်း –

''အစ်ကိုနွယ်ကလေ သီဂီကို သိပ်အထင်သေးတာပဲနော်။ ဆိုင်ထိုင်နေရတော့ ဘယ်အားမလဲ။ ဒီနေ့မှာ အစ်ကိုကျိုင်းက သူစာအုပ်ဆိုင် ထိုင်ပေးမယ်တဲ့။ ကြီးတော်ကလဲ အိုးဆိုင်ထိုင်ပေးမယ်ဆိုတော့ သီဂီတစ်နေကုန်လည်း အားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အစ်ကိုကျိုင်းက ပုဂ္ဂိုလ်စွဲစိတ် သိပ်ရှိတာပဲ။ သူ့ရဲ့ ဘဒ္ဒနုဝတီမပါလို့ ဒီစာပေဟောပြောပွဲကို သူက သိပ်မလာချင်ဘူး'' ဟုပြောပြ၏။

''ဒီလိုပေါ့ဟယ်၊ ပုဂ္ဂိုလ်ခင်မှုလဲ တရားမင်တတ်တာ''

''သိဂီတို့က အစောကြီးရောက်လာလို့ ရှေ့ပိုင်းမှာ နေရာယူထားတာ။ သိဂီသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့၊ ဒါက စာရေးဆရာမ အမရာတဲ့။ သူက သုဇာတာတဲ့။

စာရေးဆရာမလေးတွေ၏ အမည်မှာ လှပလိုက်သည်ဖြစ်ခြင်း။ ရုပ်ရည်ကလည်း မဆိုးလှ။ အမရာက အနည်းငယ်အရပ်ပုသော်လည်း မျက်လုံးလေး ကြည်ကြည်တောက်တောက်နှင့် ညိုချောဖြစ်၏။ သုဇာတာသည် နို့နှစ်လိုပင် သူ့မျက်နှာသည် ဝါနုနုလေးဖြစ်၍ အရပ်သွယ်သွယ် မြင့်မြင့်ဖြစ်၏။

''သူကတော့ စာရေးဆရာသင်းရွှေနွယ်တဲ့။ နာမည်ရင်းက ကိုရွှေနွယ်တဲ့။ ဒီကတော့ ကိုဖိုးခွားတဲ့''

သိဂီသည် ပြောပြောဆိုဆို ရယ်မောချလိုက်၏။ သိဂီမှာ ဖိုးခွားကို မောင်ပေါက်ကျိုင်းနှင့်ပတ်သက်၍ သဒ္ဒါစိတ်ဖြင့် ချက်ပြုတ်ကျွေးမွေးပြုစုပါ၏။ သို့သော် နာမည်ခေါ်မည်ကြတိုင်း ရှက်စနိုးနှင့်ရယ်မိ၏။

''သိဂီလိုပဲ ကျွန်တော်တို့ အပေါ်မှာ ဆက်ဆံနိုင်ပါတယ်'' ဟု ဖိုးခွားက ရင်းရင်းနှီးနှီး ဖြေလိုက်၏။

''သူတို့နှစ်ယောက်က အစ်ကိုနွယ်တို့ဆီက အကူ





အညီလိုချင်လို့ အတော်ပဲ အိမ်ရောက်အောင်လိုက်ဖို့ မလိုတော့ဘူး''

''ဘာအကူအညီလိုလဲ ပြောလေ၊ ဘာပဲဖြစ်ဖြစ်ပေါ့။ စာပေနယ်မှာ အတူမျောကြတဲ့ စာပေခွေမျိုးတွေပေါ့''

မောင်ရွှေနွယ်ကလည်း နှုတ်သွက်လျှာသွက်နှင့်ဖြေ၏။

''သူတို့မသိမ်းခင် ဒီကုလားထိုင်မှာ ထိုင်နိုင်ပါတယ်''

ဖိုးခွားသည် ခေါက်ကုလားထိုင်များကို ဖြေချပေးလိုက်၏။

မိန်းကလေးများသည် ဝင်ရောက်ထိုင်ရင်း အမရာက စ၍ စကားပြော၏။

''စာရေးဆရာဖြစ်ဖို့ကလဲ လွယ်မယောင်နဲ့ ခက်လိုက်တာ အစ်ကိုနွယ်ရဲ့။ ဆရာကြီးအဘိနန္ဒသူပြောတာ နားထောင်ပြီး စိတ်ဓာတ်ကျသွားမိတယ်။ စာတစ်အုပ်စွဲတာနဲ့ စာရေးဆရာဖြစ်ရော အောက်မေ့တယ်။ ဆက်ရေးတဲ့စာအုပ်တွေကျတော့ မစွဲပြန်ဘူး။ အမျိုးသားစာပေဆုတွေပေးပြီး ကလောင်သစ်တွေကို ဝိုင်းပို့ပေးပေမယ့် စာပေစင်ပေါ်မှာ အမြဲလူထုလက်ခံတဲ့ စာရေးဆရာဖြစ်ဖို့က မလွယ်ဘူးနော်''

အမရာသည် စာတစ်အုပ်စွဲသော အမျိုးသမီးလေးဖြစ်၏။

''ကိုယ်ပြောသားပဲ၊ အမရာရဲ့ စာအုပ်ပေါ်မှာ တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းတဲ့ ဆေးဖယောင်းတိုင်က တိုတာကိုးဟ။ ဒီတစ်ခါ ရှည်ရှည်ထွန်း။ ဆိုင်းဘာဘာတင်မဟုတ်ဘူး။ မြန်မာပီပီ မြန်မာနတ်သူရဿတီမယ်တော်ကြီးကို ပွဲတစ်ပွဲပေးပြီး ဆုတောင်းပေါ့"

"သီဂီကလဲဟာယ်၊ ပေါက်ကရပြောတော့မယ်"

အမရာက သီဂီ၏ပခုံးကိုပုတ်ရင်း ရက်စနိုးပြောလိုက်၏။

"သီဂီက အကောင်းပြောတာ။ မြန်မာတွေဟာ မျိုးချစ်စိတ်ဓာတ်ကိုနည်းတယ်။ ကိုယ့်မှာ ပိဋကတ်သုံးပုံကြီးတစ်ခုလုံးကိုစောင့်တဲ့ မယ်တော်ကြီး တစ်ပါးလုံးလုံးရှိပါလျက်နဲ့ နိုင်ငံခြားသားကိုမှ အားကိုးတာကိုး။ ဒီတော့ အမရာစာအုပ်ဘယ်မှာ ဆက်ပြီးစွံတော့မှာလဲ"

သီဂီ့စကား ပွဲကျသွား၏။

"ကဲလေ . . .အမရာတို့က ဘာအကူအညီလိုလဲ"

ဖိုးခွားက မေးလိုက်၏။

"ဟိုဒင်း အစ်ကိုတို့က ယောက်ျားလေးတွေဆိုတော့ မိတ်ဆွေပေါတယ်။ အစ်ကိုတို့ မိတ်ဆွေတွေထဲမှာ ပန်းချီဆရာရှိသလားဟင်"

"ရှိတာပေါ့"

မောင်ရွှေနွယ်က ဖြေရင်း . . .

"ဆရာမရဲ့စာအုပ်အဖုံးမှာ မျက်နှာဖုံးပန်းချီဆွဲချင်လို့လားဟင်" ဟု ထပ်ဆင့်မေးခွန်း မေးလိုက်၏။





ဖိုးခွားစိတ်ထဲမှာကတော့ အမရာနှင့်သုဇာတာသည် ပုံတူ ပန်းချီဆွဲလို၍ထင်သည်။ သူ့သူငယ်ချင်းများထဲတွင် ပုံတူဆွဲရာ၌ ရေဆေးရော ဆီဆေးရော တော်သူတွေရှိသည်။ တစ်ကိုယ်တော် ပန်းချီပြခန်းများ ခေတ်စားလာချိန်ဖြစ်၍ အမရာနှင့်သုဇာတာပုံများကို ဆွဲရလျှင် ပန်းချီကားများသည် စွံနိုင်ပေသည်။

သူကမြန်မာဟန်၊ မြန်မာရုပ်ပီပီ ပန်းချီကားချပ်များကို တွေ့လို၏။ ရိုးရိုးနှင့်အတု ဘာမှဆင်မထားသော မြန်မာမျက်နှာပေါက်စစ်စစ်က ရှားမှရှား။ သူ့သူငယ်ချင်း ပန်းချီဆရာငွေထွန်းနှင့် မောင်မောင်ခြူးတို့သည် မြန်မာအမျိုးသမီးပီပီသသ ဟန်ကိုရော၊ မျက်နှာပေါက်ကိုရော၊ ဆွဲလိုလှသည်။

အမရာနှင့် သုဇာတာသည် ပါးကွက်ကြားနှင့်တောသူဟန်ရော၊ ဆံမြိတ်သွယ်၊ တော်ဝင်ဆံထုံးနှင့် နှန်းခလေ့အဝတ်အစားနှင့် ရောလိုက်မည့်ရုပ်မျိုးဖြစ်၏။

"ပြောလေ၊ အစ်ကိုတို့ သူငယ်ချင်း လူငယ်ပန်းချီဆရာတွေပြည့်လို့။ လိုက်ပို့ပေးရမလား။ အမရာတို့အိမ်ကိုပဲ ခေါ်လာရမလား"

မောင်ရွှေနွယ်က ဆက်မေးလိုက်၏။

"ဟုတ်ပူး။ နွားနို့ နွားနို့"

ရက်စနိုးနှင့် ထစ်အဲ ထစ်အဲ စကားလုံးများကို တစ်လုံးချင်း သုဇာတာက ရွတ်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေနွယ်ရော၊ ဖိုးခွားပါ သုဇာတာ၏ စကားများကို တအံ့တသြ နားထောင်နေကြ၏။

"ဒီလိုပါ၊ အတာက စကားပြောရင် စာရေးသလို သွက်သွက်လက်လက် မပြောတတ်လို့ပါ။ အတာတို့စာအုပ်တွေကမှ မစွံသေးဘဲ။ မျက်နှာဖုံးပန်းချီ မဆွဲနိုင်သေးပါဘူး။ နှလောလောဆယ်တော့ အတာလေ နွားနို့ထမင်းရောင်းမလို့"

"ဟင်"

မောင်ရွှေနွယ်နှင့်ဖိုးခွားသည် တစ်ပြိုင်နက်အာမေဍိတ်သံကိုပြုလိုက်၏။

"ဟုတ်ပါတယ်။ အစ်ကိုတို့တောင် စာရေးဆရာမဖြစ်ခင် ကျရာအလုပ်လုပ်ပြီး အသက်မွေးတယ်မို့လား။ သမာအာဇီဝ ဖြစ်ရင်ပြီးတာပဲ။ အမရာတို့လဲ ရေရှည်စီမံကိန်း။ ရည်ရွယ်ချက်ကတော့ စာရေးဆရာမ ဖြစ်ချင်တာပဲ။ ဒီကရုံးပြီး မိဘလုပ်စာ လဲမှီခိုမစားချင်တော့ဘူး။ ဒီတော့လေ စာရေးဆရာမကြီးဘဒ္ဒနုဝတီရဲ့ အဒေါ်အန်တီဒေစီ အကြံဉာဏ်ပေးတဲ့အတိုင်း အမရာတို့လုပ်မလို့။ သုဇာတာက နွားနို့စစ်စစ်နဲ့ နွားနို့ထမင်းရောင်းမယ်။ အမရာကတော့ ထမင်းရောင်းမယ်။ အန်တီဒေစီက ပြောတယ်။ စီးပွားရေးလုပ်ရင် စီးပွားရေးဆန်ဆန် အကွက်မြင်ရတယ်တဲ့"

"ဟယ်-ဘဒ္ဒနုဝတီရဲ့အဒေါ်နဲ့ မင်းတို့က ရင်းနှီးသလား"





မောင်ရွှေနွယ်သည် အားတက်သရော မေးလိုက်၏။

"ရင်းနှီးတာပေါ့။ ကျွန်မတို့ မိန်းကလေး တပေဝါသနာရှင်တွေကို လက်ထပ်သင် မြေတောင်မြှောက်ပေး။ လက်စွမ်းလက်စရှိတဲ့ အမျိုးသမီးတွေကို သူ့ကိုယ်ပိုင် မဂ္ဂဇင်းမှာ ရေးခွင့်ပေးတဲ့ ဒေါ်ဉက္ကာလာခင်ဟာ အန်တီဒေစီနဲ့ သိပ်ရင်းနှီးတာ။ အန်တီဒေစီက စီးပွားရေးသမားသက်သက်မို့ အလုပ်ချင်းကွဲပြားနေပေမယ့် လူချင်းကရင်းနှီးတယ်။ ဒေါ်ဘဒ္ဒနုဝတီတောင် အန်တီဒေစီ တူမဖြစ်နေတာနဲ့ အဒေါ်ကြိုးဆွဲရာကပြီး စီးပွားရေးဆန်နေတာ။ တကယ်တော့ သူ့စိတ်ရင်းက မဆိုးပါဘူး"

ဤသို့သော သတင်းကိုကြားရ၍ မောင်ရွှေနွယ် ဝမ်းသာလှပါ၏။ တစ်နွယ်ငင် တစ်စင်ပါဆိုသလိုပင် ဘဒ္ဒနုဝတီ၏ ကောင်းသတင်းကို မောင်ပေါက်ကျိုင်းအား သူတစ်ဆင့် ဖောက်သည်ချလိုက်ဦးမည်။

ဟိုတစ်နေ့ဆီက တက္ကသိုလ်နယ်မြေ မြက်ခင်းပေါ်တွင် ဖင်ထိုင်လျက်ကျသွားအောင်ကို စိတ်မာတ်ကျသွားသော သူ့သူငယ်ချင်း နဂါးနိုင်ကြီးအတွက် ဤသတင်းသည် စိတ်ဓာတ်အများကြီးတက်ဖွယ်ဖြစ်၏။

"အဲဒီတော့ အန်တီဒေစီ အကြံဉာဏ်ပေးတဲ့အတိုင်း"

အမရာစကားဆက်ပြောလိုက်၍ မောင်ရွှေနွယ်၏ အတွေးသည် ရပ်သွား၏။

"ကုန်ပစ္စည်း တစ်ခုခုကို စွံအောင် လုပ်ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာက အရေးအကြီးဆုံးတဲ့။ ပြီးတော့ မင်းတို့ရောက်ချင်တဲ့ ပန်းတိုင်က ဘယ်တော့ ရောက်မယ်လဲမသိ။ ရောက်ပါပြီ၊ စာရေးဆရာ ဖြစ်ပါပြီတဲ့။ ထမင်းဝမယ် မဝမယ် မသေချာမရေရာတဲ့ အလုပ်ကြီးတဲ့။ မင်းတို့မိဘတွေမှာလဲ ဒီဂရီရတဲ့အထိ ပညာသင်ပေးလိုက်တာ။ တာဝန်ကျေပြီတဲ့။ ပြီးတော့ မင်းတို့က ရေဒီယိုထဲကဇာတ်လမ်းလို မြေရိုင်းတွေဆီသွားပြီး လယ်သူမလေး လုပ်တော့မယ်လို့ပြောပြီး ပြီးသွားမယ့် ဇာတ်လမ်းမှမဟုတ်ဘဲ။ မင်းတို့ရုပ်တွေလား သနပ်ခါးကို ပါးကွက်ကျားလူးတာ။ ဖက်ရှင်အနေနဲ့သာလူးတာ။ လယ်ကွင်းဝေးလို့ ရန်ကုန်မြို့ လယ်ခေါင်မှာ တိကောင်တွေ့ရင်တောင် ငယ်သံပါအောင် အော်တဲ့သူတွေတဲ့”

“အမရာကလဲဟယ်၊ ကြော်ငြာအကြောင်း ပြောရာကနေ ဘယ်ရောက်သွားလဲ။ စကားကလဲ ရှည်လိုက်တာ”

သုဇာတာက စကားကြောကို ဝင်ဖြတ်လိုက်၏။

“ပြောပါစေ အတာရယ်၊ အစ်ကိုနွယ်တို့လဲ ဗဟုသုတဖြစ်တာပေါ့။ မင်းတို့ကို ဒီစကားတွေ ဒေါ်ဒေစီက ဘယ်မှာပြောတာလဲ”

“အိုး...အစ်ကိုတို့ယောက်ျား စာပေဝါသနာအိုးတွေလိုပေါ့။ တစ်လတစ်ခါ ဒေါ်ဥက္ကလာခင်ရဲ့ မဂ္ဂဇင်းတိုက်မှာ ဟောပြောပွဲရှိတယ်။ ဟောပြောပွဲက စာပေတင်မဟုတ်ဘူး။ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ချက်ပြုတ်နည်း၊ ဘာသာ





ရေး၊ ကလေးထိန်းနည်း၊ သူနာပြုနည်း၊ အိမ်ရှင်မအတတ်အစုံပေါ့လေ။ ဟောပြောပွဲ အမြဲလုပ်တယ်။ အဲဒီမှာ အန်တီဒေစီက ကြော်ငြာအကြောင်းပြောပြလို့။ အဲဒါက အတာရဲ့နွားနို့ထမင်းဆိုင်အတွက်ရယ်၊ အမရာရဲ့ထမင်းဆိုင်အတွက်ရယ် ပန်းချီဆွဲပေးစေချင်လို့ပါ”

“ဆိုင်းဘုတ် မဟုတ်ဘူးလား”

ဖိုးခွားက မေးလိုက်၏။

ဒီတစ်ခါ အမရာ၏ကိုယ်စား သုဇာတာက ဖြေ၏။

“ဆိုင်းဘုတ်က ရိုးတယ်လေအစ်ကို။ ဆိုင်ဖွင့် ဖွင့်ချင်းဆိုင်ကို သပ်သပ်ရပ်ရပ် ခင်းကျင်းပြီး ဖွင့်မယ့်နေ့မှာ အတာစိတ်ကူးတာက အတာရဲ့ကလောင်အမည်ကလဲ သုဇာတာ၊ ရောင်းချင်တာကလဲ နို့ထမင်း၊ အတာတို့ရဲ့ မြတ်စွာဘုရားဗုဒ္ဓဂေါတမဟာ သုဇာတာရဲ့ ဃနာနို့ဆွမ်းကို ပထမဆုံး ဘုရားဖြစ်တဲ့နေ့ အရုဏ်တက်မှာ ဘုဉ်းပေးပြီး ခွန်အားပြည့်သွားတာမို့လားအစ်ကိုရဲ့။ ဒီဃနာနို့ဆွမ်းကလဲ ရွှေခွက်ကို နေရဉ္ဇရာမြစ်မှာမျှောလိုက်တော့ တစ်ခါတည်းမြစ်လယ်ခေါင်မှာလေ”

ဪ...အတာ၊ အတာ စာရေးဆရာမလေးပဲ ဖြစ်လိုက်ပါတော့။ စကားပြောဟန်ကလေးကိုကပင် ချစ်စရာကောင်း၍ စကားလုံးတွေက ပန်းကုံးလေးများလို အစီအရီနှင့်လှပါဘိခြင်း။ ကိုရွှေနွယ့် စိတ်ထဲတွင် ပျော့ပျော့နွဲ့နွဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော သုဇာတာစကားကိုနားထောင်ရင်း ဆုတောင်းမိ၏။

"ဂွမ် ဆိုပြီး ကာလနဂါးကြီး ထိပ်ပေါ်ကျသွားတယ်ဗို့လား။ အဲဒီနဂါးကလဲ ဘုရားတစ်ခါပွင့်မှ တစ်ခါနိုးတော့တယ်"

"အဲဒါကြောင့် မင်းတို့ စာရေးဆရာမ ဖြစ်တာ။ ဆိုလိုချက်ရောက်ဖို့ ဗာရာဏသီချဲ့နေလိုက်တာ ရှည်မယ့်ရှည်တော့ အမရာထက်တောင် သူက စကားကြောရှည်သေးတယ်"

သီဂီသည် ဒိုးဒိုးဒေါက်ဒေါက်နှင့် သူငယ်ချင်းမနှစ်ယောက်ကို ခဲတစ်လုံးတည်းနှင့် ပေါက်ထည့်လိုက်၏။

"ဩော် သီဂီကလဲ ပန်းချီဆရာတွေ ရှေ့ကျတော့ တို့များကရှက်နေတာ။ အစ်ကိုတို့ကိုသာ ပွင့်ပွင့်လင်းလင်း လိုချင်တဲ့ ပန်းချီကားရဲ့ သရုပ်ပေါ်လာအောင် ပြောပြနေတာ"

"တကယ်တည်းမှပဲ၊ ဝတ္ထုမျက်နှာဖုံးဆွဲဖို့ အပ်နေတာလား၊ ဗုဒ္ဓဝင်ပန်းချီကားဆွဲပြီး စာအုပ်ရောင်းမှာလား။ ပြောနေလိုက်တာ"

သီဂီ၏ ဝေဖန်ချက်ကို မမှုဘဲ သုဇာတာက ဆက်ပြော၏။

"ပန်းချီကားရဲ့အခြေခံသဘောက၊ အဲ...အဲ ဘုရားသခင်ပွင့်စဉ်ကာလက သုဇာတာရဲ့ ဂဏှာနို့ဆွမ်းလိုချိုမြိန်ပြီး





အာဟာရဓာတ်အပြည့်အဝပါသော ခေတ်သစ်(၂၀)ရာစုနှစ်သုဇာတာ နွားနို့ထမင်းပေါ့။ တဖိတ်ဖိတ် တောက်နေတဲ့ ရွှေခွက်ပေါ်မှာ နို့ထမင်းဖွေးဖွေး အိအိလေးကို အသားပေးတဲ့ ပန်းချီကားချပ် ဖြစ်စေချင်တယ်အစ်ကိုရယ်"

အတာ၏စကားအဆုံးတွင် သီဂီက ဝင်ပြောပြန်သည်။

"နဂါးကြီး ပါရဦးမှာလား။ ပြီးတော့ မင်းရဲ့နဂါးက အိပ်နေမှာလား၊ နိုးနေမှာလားပြောလိုက်။ သီဂီသာဒီပန်းချီကားဆွဲရရင်တော့ မိန်းကလေးတစ်ယောက် ဂျင်းပင်ဘောင်းဘီကျပ်ဝတ်ပြီး နွားမလှုလှုဝဝ နို့ကို ကိုယ်တိုင် ညှစ်နေတဲ့ ပုံဆွဲချင်တယ်"

"သူကဖြင့် ပြောတော့မယ်"

အမရာက သီဂီ့ကို မျက်စောင်းလေးချိတ်လိုက်၏။

"တို့ဘာရေးရေး၊ ဘာလုပ်လုပ် အမျိုးသားဟန်ကို မပျောက်စေရအောင် ထိန်းရမှာက အမျိုးသမီး စာရေးဆရာမလေးတွေတာဝန်လို့ သခင်မကြီး ဒေါ်ရွှေခဲလက်ချာတုန်းက မင်းမကြားလိုက်ဘူးလား သီဂီရယ်။ ဒါကြောင့် အတာနဲ့ငါက ပန်းချီကား အခြေခံကို မြန်မာဟန်ပေါ်အောင် စဉ်းစားလာကြတာ။ ကျွန်မ ကျွန်မ အမရာရဲ့ထမင်းဆိုင်အတွက် ဆွဲရမယ့် ပန်းချီကားချပ်ကတော့ မဟော်သဓာရဲ့ချစ်ဇနီး အမရာထမင်းအိုးလို မွှေးကြိုင်သန့်ပြန့်၍ လူတိုင်းရဲ့ အာဟာရဓာတ်ကို ပြည့်စေရမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဝါးဖြန့်ပြတာ ပါရှီးမှာလား။ အမရာထမင်း အိုးလိုမွှေးကြိုင်သန့်ပြန့်ပြီး လူထုတစ်ရပ်လုံး ထမင်းဝစေဆိုတဲ့ သဘောဆိုတော်ပါသေးရဲ့။ တစ်ခြမ်းပျော့၊ တစ်ခြမ်းမာ အမရာ ထမင်းဆိုင်ဆိုရင်တော့ပြီးပါရော။ ပြီးပါရော။ ဟား...ဟား"

သီဂီက ပွင့်ပွင့်လင်းလင်း စတင်ရယ်သောအခါ မောင်ရွှေနွယ်တို့ပါ မရယ်ဘဲ မနေနိုင်တော့ပေ။

"ကဲ...ကဲလာ မောင်ငွေထွန်းနဲ့ မောင်မောင်ခြူး နဲ့သွားတွေ့ပေးမယ်နော်။ မင်းတို့လိုချင်တဲ့ Idea သဘောပေါ် လွင်ရပါစေ့မယ်"

ဖိုးခွားက အရင်ထကာ စကား လက်စသတ်လိုက် သည်။

ထိုညတွင်တော့ သီဂီနှင့် ဒေါ်သင်းအုံသာ အပေါ် ထပ်ခိုးလေးတွင် အိပ်ပျော်နေကြသည်။ အောက်ထပ်တွင် သူရဲကောင်း သုံးယောက်သည် မအိပ်ကြသေး။

ဖိုးခွားက ဆိုင်အပြင်ထွက်ကာ အိုးများတင်ထားသော ကပြင်အစွန်းတွင်ထိုင်၍ သူချစ်မြတ်နိုးသော တရောကိုကြိုးညို နေသည်။

"အသက်မက တစ်ဖက်သတ်နဲ့ ချစ်ခဲ့ရတယ်၊ ဘယ် သောအခါများ နိုးရပါ့မယ်။ ဂုဏ်မြင့်သူရယ်"

အနှစ်(၂၀)အတွင်း ကြီးပြင်းလာသော လူငယ်တို့ မကြားဖူးသော ခေတ်ဟောင်းအဆိုတော် ပြည်လှဖေ၏ မာနရှင်





သီချင်းကို ဖိုးခွားသည် ဆက်လက်သီဆိုရင်း တရောထိုး နေသည်။

မောင်ရွှေနွယ်ကတော့ မောင်ပေါက်ကျိုင်းအား နေ့ လယ်က သိခဲ့ရသော ဘဒ္ဒနုဝတီအကြောင်းကို တီးတိုးပြောပြ နေ၏။

"ဒီလိုဆိုတော်သေးတာပေါ့"

မောင်ပေါက်ကျိုင်းသည် ရင်ထဲမှာ ပေါ့သွားသလို သက်ပြင်းချလိုက်၏။ သို့သော် သူ၏ သက်ပြင်းချသံသည် တာမွေအိုးဆိုင် အိမ်သားများပင် မကြားလိုက်။ ကလောမြို့ ငယ်၏တောင်ကုန်းထိပ်ပေါ်တွင် ပေါက်ရောက်နေသော ထင်းရှူး ပင်များ လေဝှေ့သံကို ထိုးဖောက်ကျော်လွှားနိုင်ပါမည်လား။

တောင်ကုန်းလေးပေါ်ရှိ အိမ်ပေါ်တွင်အိပ်ပျော်နေသော ဘဒ္ဒနုဝတီ ကရော ကြားပါမည်လော။

ကဆုန်လဆန်းစတွင် အမရာနှင့် သုဇာတာတို့ ဆိုင် ဖွင့်ဖြစ်သွား၏။ ဆိုင်ဖွင့်ပွဲတုန်းက မရောက်၊ မမျှော်လင့်ဘဲ ရုတ်တရက် ဆိုင်ထဲသို့ရောက်လာသူ နှစ်ယောက်အတွက် အမရာသည် ဝမ်းသာအားရဆီးကြို၏။

"အစ်ကိုနွယ်၊ ဆိုင်ဖွင့်ပွဲတုန်းက ဖိတ်စာ ပို့တာ မရောက်လို့လား၊ ထိုင်ပါ။ ဒီညနေစာ ဒီမှာစားသွားရမယ်"

မောင်ရွှေနွယ်နှင့် မောင်ပေါက်ကျိုင်းသည် စားပွဲခုံ တစ်ခုတွင် ဝင်ထိုင်လိုက်၏။

"ရပါတယ်ကွယ်၊ စာမေးပွဲရက်တွေနဲ့တို့များမအားဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက သီဂီရဲ့အစ်ကို ကိုပေါက်ကျိုင်းလေ။ အစ်ကိုကျိုင်း၊ စာရေးဆရာမ အမရာဆိုတာ သီဂီရဲ့သူငယ်ချင်းလေ”

“တွေ့ရတာ ဝမ်းသာပါတယ်၊ သီဂီက သူ့သူငယ်ချင်းတွေအကြောင်း ခဏခဏပြောနေလို့ တစ်ယောက်နဲ့ တစ်ယောက် မမြင်ဘူးပေမယ့် စိတ်ထဲမှာ ရင်းနှီးနေပါတယ်”

“ဟုတ်တယ် သီဂီရဲ့ဆိုင်ကို ရောက်ပါတယ်။ အစ်ကိုကျိုင်းရဲ့အိုးဆိုင်ကိုသာ မရောက်တာ။ အမရာလေ စာတစ်အုပ်သာရှိသေးတာပါ။ နောက်ထပ် ဆက်ရေးတော့ မရှိလို့ စာရေးဆရာမဆိုတဲ့ အမည်တောင် မခံချင်သေးဘူး”

အမရာသည် သူကိုယ်တိုင် စာပွဲပြင်ပေး၏။ သူက်လက်စွာ ပါးစပ်ကလည်း ပြောဆိုညှိခံနေ၏။

“အမရာတို့ကတော်သေးတာပေါ့။ ကျွန်တော်တို့များ စာတစ်အုပ်မှ မရှိသေးဘူး”

“ဒါနဲ့ ကိုဖိုးချွားရော”

“သူ့ဘွားဘွား နေမကောင်းလို့ ပန်တပွတ်ကို ခဏပြန်တယ်။ အဲဒါ သဘော်လိုက်ပို့ပြီး အပြန် ဒီဘက်လှည့်လာခဲ့တာ”

မောင်ရွှေနွယ်ကဖြေရင်း ဆိုင်ကိုကြည့်လိုက်၏။ ဆိုင်လေးမှာ သန့်ရှင်းသပ်ရပ်၍ မိန်းကလေးများ စားပွဲထိုး၏။ ဆူဆူညံညံလည်းမရှိ။ စိတ်နှလုံး အေးချမ်းသော အိမ်ရှင်မတစ်ယောက်၏အိမ်မှ ထမင်းစားပွဲလို ချမ်းမြေ့အေးချမ်းသည်။





မှန်၏။ အိပ်ရာနိုးချိန်နှင့်ထမင်းစားချိန်မှာ တကယ်တော့ မိသားတစ်စု၏ ချမ်းမြေ့သာယာသော တစ်နေ့တာခရီး၊ သို့မဟုတ် ထာဝရခရီးကို ဖန်တီးမြဲဖြစ်၏။ ထိုချမ်းမြေ့မှုကို ယောကျ်ားများနှင့် မိသားစုတို့လိုလားတောင့်တကြသည်ကို တချို့အိမ်ရှင်မများမသိကြပေ။

ညှော်နံ့တွေ နံစော်၍ နားကွဲမတတ် ဓာတ်ပြားသံဆူညံနေသော ချစ်တီးထမင်းဆိုင်နှင့် လမ်းဘေးအဒေါ်ကြီးထမင်းဆိုင်တို့တွင် များသောအားဖြင့် ကျင်လည်ခဲ့ရသော မောင်ရွှေနွယ်တို့ လူစုအတွက် အမရာ ထမင်းဆိုင်လေးမှာ တစ်မူထူးခြား၍ နေပေသည်။

“ရောင်းလို့ရော ကောင်းရဲ့လား”

မောင်ပေါက်ကျိုင်းသည် ထမင်းစားရင်း မေးလိုက်၏။

“မဆိုးပါဘူး အစ်ကိုကျိုင်း။ ဒီလို ရှိတယ်လေ။ အမရာရဲ့ထမင်းဆိုင်က လူတန်းစား တစ်လွှာတည်းအတွက် မဟုတ်ဘူး။ စာအုပ်ထဲမှာ ဖတ်ရသလို တကယ့်မပေါ်သေးတာရဲ့ အမရာဟာ တစ်ခြမ်းပျော့၊ တစ်ခြမ်းမာ ချက်တယ်ဆိုတာ အမရာ ထမင်းချက် မတတ်လို့မှမဟုတ်တဲ။ တချို့ကပျော့ပျော့ကြိုက်တယ်။ တချို့က ထမင်းမာမှ စားတတ်တယ်။ တစ်အိုးတည်းမှာ လူနှစ်ယောက်ဆန္ဒပြည့်ဝပြီး အချိန်နည်းအောင်လို့ ချက်တာပါ။

“အစ်ကိုကျိုင်းတို့၊ အစ်ကိုနွယ်တို့ ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုသိမှာပေါ့လေ။ ထမင်းတစ်နပ်ကို အေးအေးချမ်းချမ်း စားရဖို့ဆိုတာ မလွယ်ပါဘူး။ အထူးသဖြင့် အိပ်ရာကနိုးနိုးချင်း စားဖို့ မနက်အစောကြီး အစာကပိုခဲယဉ်းသေးတယ်။ အိမ်ထောင်ကျပြီး သူတွေတောင် အလုပ်မျိုးစုံ ဘဝမျိုးစုံဆိုတော့ ကိုယ့်အလုပ်ချိန်မီအောင် အိမ်ကမြို့ထဲအရောက်ထွက်ရတာ မလွယ်ဘူးလေ။ ခရီးလမ်းရဲ့ ကားပြဿနာက အမြဲထည့်တွက်ရတယ်။

"ဒီတော့ အမရာဆိုင်မှာ လခနည်းသူတွေအတွက် မင်းစေကာအစ စားရေး ဆိုသူတွေပေါ့လေ။ သူတို့စားနိုင်တဲ့ နံနက်ဦးအစာကို တန်ဖိုးအနည်းဆုံးနဲ့ ဗိုက်ပြည့်မယ့် ထမင်းကြော်၊ ပဲပြုတ်ကနေ အထက်တန်းအရာရှိတွေအတွက် ကြက်ဥ၊ ပေါင်မုန့်၊ အသားရောထားတဲ့ ထမင်းကြော်အထိ မျိုးစုံအောင် လုပ်ပေးတယ်။ မိုးရိုးအချိန်မှာလဲ မြန်မာထမင်းဟင်းအစုံပဲ ထားပေးတယ်။

"ပြီးတော့ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်တွေအတွက် မြန်မာထမင်းဟင်း။ မြန်မာပုံစံစစ်စစ်ကို စားလိုကြတော့ အမရာဆိုင်ကိုလာရင် သေသေချာချာ အမရာက စီစဉ်ကျွေးတော့ မဆိုးဘူးလေ။ မြန်မာတွေက ကြောက်နေတယ်။ သူတို့မကြိုက်မှာကို အမရာဖြင့် ငါးပိကြော်ကို မစပ်အောင် ကြော်တယ်။ ညှောင်ဦးပုန်းရည်ကြီးနဲ့ ငါးမြင်းဗိုက်သား၊ ဝက်သားနဲ့ဒညင်းသီး၊ ချဉ်ပေါင်ဟင်း ပျစ်ပျစ်အရည်သောက်၊ ပုဇွန်ထုပ်ကြီးဆီပြန်၊ အမလေး ကြိုက်သမှ သူတို့မြိန်ရေယှက်ရေ





စားလိုက်ကြတာ။ အဲ...အဲ သုံးဦးစပ်အရေကြို ငါးပိကိုတော့ သူတို့အနံ့မခံနိုင်ကြသေးဘူးလေ"

အမရာသည် စေ့စေ့စပ်စပ် သေသေချာချာ ပြောပြ၏။

"အေးကွယ် ဒီလိုကြားရတာ ဝမ်းသာတယ်။ အမရာ ရန်ကုန်မြို့ရဲ့ ထမင်းတစ်နပ်တန်ဖိုးနဲ့ အိပ်ရာတစ်နေရာစာဟာ မလွယ်ဘူးဆိုတာ ညောင်ကန်ကထွက်လာမှပဲ အစ်ကိုနွယ်တို့ သိရတော့တယ်။ ခုတောင် ဟောဒီ အစ်ကိုကျိုင်း ကျေးဇူးကြောင့် တို့များအိပ်ရာတစ်နေရာပြဿနာ၊ သိင်္ဂီကျေးဇူးကြောင့် ထမင်းပြဿနာလဲအေးရတာ။ နို့မို့ရင်လားတို့ရဲ့ စာရေးဆရာ ပန်းတိုင်ပျောက်မှာ၊ ဘုန်းကြီးကျောင်းတော့ရှိပါရဲ့ စိတ်ကမသန့်ရှင်းဘူး။ ဘုန်းကြီးများက သူတကာလှူ ဒါန်းတဲ့ဆွမ်းနဲ့ အလှူကို ခံယူထိုက်အောင် အကျင့်သိက္ခာ ပြည့်စုံတယ်။ တို့များက ဘာသိက္ခာ၊ ဘာအကျင့်မှ မရှိတော့လဲ ဘုန်းတော်ကြီးတွေ ကျွေးမွေးတဲ့ ထမင်းစားရမှာ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘူး"

"ဟုတ်ပါတယ်။ တစ်ခုက သုဇာတာ အကြံပေးသလိုပဲ၊ အမရာဆိုင်မှာဖွင့်တဲ့ ဓာတ်ပြားကအစ သတိထားတယ်။ ဘာသံတွေမှန်းမသိ။ အသံပူ၊ အသံဆူတွေနဲ့ အော်တဲ့ ဓာတ်ပြားတို့ ကက်ဆက်တွေကို မဖွင့်ဘူး။ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်တွေဟာ သူတို့တည်းခိုတဲ့ ဟိုတယ်တွေရဲ့ အစားအစာကို ငြီးငွေ့လို့ မြန်မာအစားအစာ လာစားတဲ့အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အသံစစ်စစ်နဲ့ မြန်မာ့ဂီတကို ဖွင့်ပြတော့ ထမင်းစားရင်း အရသာနှစ်မျိုးခံစားရတယ်။ တစ်ချိန်တုန်းက ကမ္ဘာ့အရှေ့ပိုင်းမှာရှိတဲ့ မြန်မာထမင်းဆိုင်လေးရဲ့ အေးချမ်းတဲ့ မြန်မာ့သဘာဝကို သူတို့သတိရ နေစေချင်တယ်''

''အေးပေါ့ဟယ်၊ ဒီလိုကြားရတာ ဝမ်းသာလိုက်တာဟယ်။ တစ်ခါက ရုရှားအမျိုးသား တစ်ယောက်က ပြောဘူးတယ်။ မြန်မာပြည်ရောက်ပြီး မြန်မာစာသင်၊ မြန်မာစကားပြောချင်ခါမှ ခင်ဗျားတို့ မြန်မာတွေက ကျွန်တော့်ကိုအင်္ဂလိပ်လိုချည်းပဲ ပြောကြတယ်။ ခင်ဗျားတို့က ပိုပြီးတောင် အနောက်တိုင်းဆန်နေသေးသတဲ့။ ဒါနဲ့ သုဇာတာရဲ့ နို့ထမင်းဆိုင်အခြေအနေကရော''

မောင်ရွှေနွယ်က မေးလိုက်၏။

''ဟိုဘက်နားလေးမှာပါ။ အမရာလိုက်ပို့ပေးမယ်''

သူတို့နှစ်ဦးအား အမရာက ညစာကျွေးပြီး ထမင်းပွဲသိမ်းခိုင်းလိုက်ကာ သုံးယောက်သား သုဇာတာဆိုင်သို့ထွက်လာကြ၏။

အတာကို ဆိုင်ထဲတွင် မတွေ့ရ။ အတာ၏ဆိုင်ခန်းလေးခင်းကျင်းထားပုံက စိတ်ချမ်းမြေ့စရာကောင်းပေသည်။ ဆိုင်ထဲတွင် ထိုင်,ထိုင်ချင်း မျက်စိအာရုံကို ဆွဲငင်ရုံမက စိတ်ကိုရုတ်တရက် အေးမြသွားစေသည်က ခေါင်းရင်းဘက်ရှိ ပန်းချီ





ကားချပ်ပင်ဖြစ်သည်။ ပန်းချီကားသည် ခေါင်းရင်းဘက်နံရံ အမြင့်ပေါ်တွင်(၁၀)ပေ အလျားလောက်ကို နေရာယူထား၏။

ဗုဒ္ဓဂေါတမ၏ ငြိမ်သက်သော ကြွေ၊ နောက်ခံတောတန်း၏စိမ်းမြသော မြက်ခင်းနှင့် နေရဉ္စရာမြစ်၏ သွယ်သွယ်လျလျ စီးဆင်းသွားပုံကို မြရောင်နှင့် နံနက်နေခြည်ရောစပ်သွားအောင် ရေးခြယ်ထားသည်မှာ ပန်ရလှသည်။

ရှေးကသုဇာတာ၏ဝတ်စားဟန်နှင့် တကယ့်လက်ရှိအတာ၏မျက်နှာလေး ပေါင်းစပ်၍ ရွှေခွက်ကိုကိုင်ကာ ဘုရားအား နို့ဆွမ်းကပ်လှူနေပုံဖြစ်၏။

မိန်းမတို့၏မျက်လုံးသည် အဓိပ္ပာယ် အမျိုးမျိုးကိုဆောင်၏။ သူတို့၏မျက်လုံးသည် တစ်ခါတစ်ခါ ညီးညီးလျှံလျှံရာဂမီးနှင့်တောက်ပနေတတ်၏။ သူတို့အသည်းနှလုံး၏ ဆန္ဒနှင့်ကရုဏာကိုလည်း ဖွင့်လှစ်ပြတတ်ပေသည်။

သို့သော် ဤပန်းချီကားတွင် သုဇာတာ၏ မျက်လုံးကြွေသည် စင်ကြယ်သော သဒ္ဓါနှင့်ရွှန်းပ တည်ငြိမ်သောပီတိဖြင့် ပြည့်ဖြိုးနေ၏။ မြင်ရသူနှလုံးသားကို ဝမ်းမြောက်ခြင်းနှင့် အေးမြသောအရသာကို ပေးစွမ်းနိုင်အောင် ပန်းချီဆရာသည် သရုပ်ဖော်ထားသည်။

''ဟော မမ အမရာ၊ အထူးကိစ္စရှိလို့လား။ ခုပဲမမတာ ပြန်လာပါလိမ့်မယ်။ အပြင်ခဏထွက်သွားတယ်။ နို့နို့တို့ဆိုင်သိမ်းတော့မလို့''



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တစ်ယောက်က ဆီးကြို ညွှန်ခံရင်း သူတို့ကို နေရာပေး၏။

"အထူးကိစ္စမရှိပါဘူးကွယ်။ အတာကို ဒီက အစ်ကို တို့က တွေ့ချင်လို့"

နို့အေးသုံးခွက်ကို မိန်းကလေး တစ်ယောက်သည် သူတို့ရှေ့တွင် လာချပေး၏။

"အဲဒီ မိန်းကလေး စားပွဲထိုးတွေက ဘယ်ကလဲ အမရာ"

"သူတို့တွေကလဲ အမရာတို့အသင်းက စာပေဝါသနာ အိုးလေးတွေလေ။ အမရာတို့ အတာတို့ဆိုင်ထဲမှာ သူတို့ အစုရှယ်ရာ အားလုံးပါကြတယ်"

"ဟာ...အစ်ကိုနှယ်တို့ပါလား။ အတာဝမ်းသာလိုက် တာ"

အပြင်မှရောက်လာသော အတာသည် သူတို့ကို ဝမ်းသာအားရ နှုတ်ဆက်၏။

"ရောက်နေတာ ကြာပြီလား၊ သီဂီရော"

"သီဂီမအားဘူး၊ အတာ့ဆိုင်ကို မရောက်ဘူးလို့ အစ်ကိုနှယ်တို့ဝင်လာတာ။ ဒါကသီဂီ့အစ်ကို ကိုပေါက်ကျိုင်း"

အတာသည် မောင်ပေါက်ကျိုင်းအား ပြုံးရွှင်သော မျက်နှာပေးလေးနှင့် ဦးညွှတ်လိုက်၏။

"အတာ့ဆိုင်က နို့ထမင်းဆိုင်ဆိုတော့ မနက်စောစော





နဲ့နေ့လယ်ကို အားပြုရောင်းတယ်။ နှစ်ချက်သုံးနာရီဆို အလုပ် သိမ်းဆိုင်သိမ်းပေါ့"

အတာက ညွှန်ခံရင်း ပြောပြ၏။

"စားပွဲထိုးမိန်းကလေးတွေအကြောင်း အစ်ကိုနှယ် တို့က မေးလို့ပြောပြနေတာ"

အမရာက ပြောပြ၏။

အတာသည် သက်ပြင်းလေးချရင်း –

"အစ်ကိုတို့ရေ အတာတို့ မိန်းကလေးတွေမှာလဲ လိုချင်တဲ့စာပေပန်းတိုင်ကို အရောက်သွားရာမှာ အန္တရာယ် များသား။ ဝမ်းရေးကတစ်ဖက်၊ ကုန္ဒြေကို ကာကွယ်ရတာက တစ်ဖက်မို့လား။ ရန်သူမျိုးငါးပါးထဲမှာလေ စာပေမြတ်နိုးတဲ့ မိန်းကလေးတွေအတွက် အမျိုးသား စာရေးဆရာတွေကလဲ တစ်ပါးပဲ။ အစ်ကိုတို့က အဲဒီရန်သူမျိုးငါးပါးထဲ ပါတဲ့သူတွေ မဟုတ်ပါဘူး"

အတာသည် အေးတိအေးစက်ဆိုပေမယ့် ယခုတစ်ချို့ နှုတ်သွက် လျှာသွက် ပြောပြပုံမှာ အမရာပင် အံ့အားသင့် သွား၏။

"ဒီလိုပါလေ၊ စာပေမြတ်နိုးလို့ ပူဇော်ကြည်ညိုရာက မသမာတဲ့စာရေးဆရာတွေ ဖျက်ဆီးတာကို ခံရတာကတစ်မျိုး။ တစ်ဖက်က နယ်ကစာအုပ်ကိုယ်စားလှယ်တွေနဲ့ ထုတ်ဝေသူ ထဲမှာမသမာတဲ့၊ မရိုးဖြောင့်တဲ့သူတွေရဲ့ ခေါင်းပုံဖြတ်အနှိမ် ခံရတာအသည်းနာလွန်းလို့။ ခုတော့ ဒေါ်ဥက္ကာလာခင် အစီအစဉ်

www.burmeseclassic.com



အတိုင်း အမျိုးသမီးစာပေဝါသနာရှင် အစုဝင်အရင်းတည်။ သူတို့က စားပွဲထိုးအနေနဲ့ အလုပ်လုပ် ဝမ်းရေးပြေသနာကို တစ်ဖက်က ဖြေရှင်းလိုက်တော့ ဝမ်းငြိမ်းတော့ ဦးနှောက်လဲ ငြိမ်တယ်လေ။ ကျန်တဲ့အချိန်ကိုယ်ဝါသနာပါရာ စာပေကို လေ့လာနိုင်တယ်။ ပြီးတော့ ဆိုင်တွေမှာ လာစားတဲ့သူတွေပေါင်းစုံရဲ့ ဘဝလေ့ကို လေ့လာနိုင်တော့ စာအရေးအသားမှာပိုပြီး နယ်ကျယ်လာတာပေါ့”

နို့အေးကိုသောက်ရင်း ခေါင်းတညိတ်ညိတ်နှင့် မောင်ပေါက်ကျိုင်းနှင့် မောင်ရွှေနွယ်တို့သည် အတာ့စကားကို လေးလေးစားစား နားထောင်နေကြသည်။

“နောက်မှ လာဦးမယ်”ဟု နှုတ်ဆက်ကာ သူတို့ပြန်လာကြ၏။

“ငွေပင်ငွေရင်းနဲ့ ရုပ်ဝတ္ထုပစ္စည်း(ရုပ်ခန္ဓာ) ကုန်ကြမ်းဆိုပါတော့။ ဒါတွေစုပေါင်းအရင်းတည်လို့ ရတယ်နော်။ နာမ်ခန္ဓာဦးဆောင်တဲ့ အတွေးအခေါ်နဲ့ အရေးအသားကတော့ တစ်ကိုယ်တည်းပိုင်တွေပဲ။ အင်း...သူတို့ဝမ်းရေးကိုငြိမ်အောင်လုပ်၊ ခေါင်းပုံဖြတ်သမားတွေလက်က လွတ်အောင်ရှောင်သွားပုံကလေးကတော့ စာရေးဆရာမပေါက်စလေးတွေ ခြေလှမ်းကမဆိုးဘူးနော်”

မောင်ပေါက်ကျိုင်းသည် လမ်းလျှောက်ရင်း သူ့ထင်မြင်ချက်ကို ပြောပြသွား၏။

* * * * *



# အခန်း [၆]

## ကဝက်ကင်း ငါးသလောက်

အိပ်ပျော်နေသော ဖိုးခွားမျက်နှာကို ဘွားဘွားသည် စေ့စေ့ကြည့်၏။ ဟိုလွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ဤအိပ်ခန်းထဲတွင် နီနီထွေးထွေးနှင့် အိပ်ပျော်နေသော မွေးကင်းစကလေးငယ်၏ မျက်နှာကိုသွား၍သတိရမိ၏။

ခြေဖွ၍နင်းကာ အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ် မီးဖိုချောင်တွင် မြေးအဘွားနှစ်ယောက်စားရန် နံနက်ဦးစာ အစားအသောက်များကို ပြင်ဆင်ပြီး၍ ညီအိသည် အဘွားအိပ်ခန်းအပေါ်ထပ်သို့ ညင်သာစွာ သယ်ယူသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားသည် ဆွမ်းနှင့်အချိုပွဲကိုမူ သူကိုယ်တိုင်သယ်ယူကာ အပေါ်ထပ် ဘုရားဆောင်သို့ပြန်တက်သွား၏။ ဘုရားရှိခိုးပြီးချိန်တွင် သူ့အိပ်ခန်းထဲသို့ ဝင်သွားသောအခါ ဖိုးခွားသည် မျက်နှာသစ်ရန် ရေချိုးခန်းသို့ဝင်သွားသည်။

ခုတင်နှစ်လုံးကြားတွင် ပြင်ဆင်ထားသော စားပွဲတွင် ဘွားဘွားရောက်နှင့်နေ၏။ ဖိုးခွားအလာကို စောင့်ရင်း ပေါင်မုန့်၊ မီးကင်များကို ထောပတ်သုတ်နေ၏။

ဖိုးခွားသည် မျက်နှာသုတ်ပဝါကို လည်မှာပတ်၍ ဘွားဘွားအနားတွင် လာထိုင်၏။

"လူကလေး ညကအိပ်လို့ပျော်ရဲ့လား။ ဘွားဘွားစိတ်ထဲမှာဖြင့် အိပ်ရာအပြောင်းအလဲကြောင့် သူအိပ်မှပျော်ရဲ့လား။ ဒီအိမ်ကြီးကို သူပြန်မှလာလိုသေးရဲ့လား။ ငါ့ကိုရော ချစ်မှချစ်သေးရဲ့လားနဲ့ တွေးပြီး ညဦးက အိပ်လို့မပျော်ဘူး" ဟု ဘွားဘွားက ပြောပြနေသည်။

"ကျွန်တော် ဘွားဘွားကို ချစ်ပါတယ်။ မချစ်လို့မဟုတ်ပဲ။ ပြီးတော့ မေမေမရှိတဲ့နောက် ဘွားဘွားရင်ခွင်ထဲမှာ အိပ်ခဲ့ရတဲ့ညတွေကိုလဲ ကျွန်တော်သတိရနေတယ်"

ဘွားဘွားသည် နွားနို့နှင့်ပေါင်မုန့်၊ ကော်ဖီများကို သူ့အိပ်ခန်းထဲတွင်ပင်စားနေကျဖြစ်သည်။

ဘွားဘွား၏အိပ်ခန်းသည် လေကောင်းလေသန့်





ကောင်းမွန်စွာပင်ရနေသည်။ အထူးသဖြင့် လယ်ကွင်းများကိုဖြတ်ကျော်၍လာသော လေသည် နံနက်ခင်းတွင် လတ်ဆတ်သန့်ရှင်းလှသည်။

ဘွားဘွား၏သစ်သားပျဉ်ထောင်အိမ်မှာ မြင့်မားလှ၍နောက်ဖက်ပြတင်းကိုဖွင့်လိုက်လျှင် ပန်းတပွင့်ရွာအနောက်ဖက်လယ်ကွင်းများကို အပေါ်စီးမှမြင်နေရသည်။

ယခုအချိန်တော့ လယ်များကို ရိတ်သိမ်း ပြီးပေပြီ။ နယုန်နှင့်ဝါဆိုဦးတွင်မူ ပျိုးစိုက်၍ လယ်ကွင်းစိမ်းမြမြမှာလည်း မိုးကုပ်စက်ဝိုင်း မှိုင်းပျပျဆီသို့ ငွေတောင်ပံဖြန့်၍ ပြန်သွားကြသော ဗျိုင်းဖြူတန်းကြီးများကို ဖိုးခွားသည် ရန်ကုန်၏ ညများတွင် အိပ်မက် မက်နေတတ်၏။

"ပေါင်မုန့်တွေ၊ ကော်ဖီတွေက သားကြီးတို့ရန်ကုန်မှာပေါလွန်းလို့။ ဘွားဘွား တကယ်တိုက်ချင်တာ ဒီနို့စစ်စစ်ပါ"

ဘွားဘွားသည် ဖိုးခွားပြောသမျှကို နားထောင်ရင်း ဖိုးခွား၏ ပန်းကန်ထဲသို့ နွားနို့များသွန်ထည့်နေသည်။

"ပြီးတော့လဲ ညကတည်းက ဘွားဘွား ညီ့အိကို မုန့်ပျားသလက်လုပ်ခိုင်းထားတယ်။ ကြက်ဥနဲ့။ ကဲ.. နှမ်းဆီစစ်စစ်နဲ့တို့၊ နှမ်းထောင်းလေးဖြူးပြီး စားစမ်း"

ဖိုးခွားသည် မုန့်ပျားသလက်ကို တစိမ့်စိမ့်ဝါးကာ အရသာခံ၍စားနေ၏။ သူ့မျက်လုံးများကလည်း ဘွားဘွား၏ မျက်နှာကို တစိမ့်စိမ့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားသည် နေကောင်း၍ ကျန်းမာနေကြောင်း လန်းဆန်းနေသော မျက်နှာက ဖော်ပြလျက်ရှိ၏။ သူ့ရင်ထဲတွင် ပြောပြချင်သော စကားလုံးများရှိ၍သာ ဖိုးခွားကို နေမကောင်းဘူးဟု၍ အကြောင်းပြကာ ပန်တပွတ်သို့ ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ညက ဘာစကားမှမဆို၊ ဖိုးခွားငယ်စဉ်က အိပ်သော ကျွန်းခုတင်တစ်ယောက်အိပ်ပေါ်တွင် အိပ်နိုင်းကာ အညာစောင်ပါးပါးလေးကို ခြုံပေး၏။

ရန်ကုန်၏နွေရာသီညများနှင့် ဘာမှမတူ။ ညဦးလေပြည်သည် ရန်ကုန်ပျော်ဖိုးခွားအား အသက်ရှူချောင်ချောင်နှင့် အိပ်ပျော်သွားအောင် ထွေးပိုက်ပွေ့သိပ်လိုက်၏။

"ဘွားဘွားကို ငါ့မြေးချစ်နေမယ်ဆိုတာ ဘွားဘွားသိပါတယ်လေ။ အို . . . ဘွားဘွားရဲ့နောက်ဆုံးနေ့တွေမှာတော့ ဘွားဘွား သားလေးဟာ ဘွားဘွားရဲ့အနားမှာ ရှိစေချင်ပါတယ်"

"နောက်ဆုံးနေ့တွေလို့ ဘွားဘွားပြောဖို့ စောပါသေးတယ် ဘွားဘွားရယ်။ ဒီလောက် လတ်ဆတ်ရွှင်လန်းနေတဲ့ မျက်နှာဟာ ဒီလောကထဲမှာ ဘွားဘွားအရှည်ကြီး နေရဦးမယ်ဆိုတာ ပြောပြနေပါတယ်"

ဘွားဘွားသည် မြေးကို ကြည့်နေရာက ထကာ အိပ်ခန်းပြတင်းပေါက်မှာ သွားရပ်၏။





"ဘွားဘွားနေရမယ့်အချိန်ကာလ အတိုင်းအတာကို တို့များပြောလို့ မဖြစ်ပါဘူးလေ။ ဘွားဘွားတို့ဟာ ဗုဒ္ဓဘာသာ အစစ်၊ မြတ်စွာဘုရားရဲ့ အဘိဓမ္မာအရ ကိုယ့်ကိုယ်ကိုယ်ရော တခြားသူတွေရဲ့ဘဝတွေကိုရော တို့များဘာမှ မဖန်တီးနိုင်ဘူး ဆိုပေမယ့် မသေခင် စီမံနိုင်သရွေ့တော့ စီမံထားခဲ့ချင်တာပဲ"

ဘွားဘွားသည် ပြတင်းမှာရပ်ကာ ဖြည်းဖြည်းညင်းညင်းပြောပြနေ၏။

"သားအတွက် အစီအစဉ်ရှိနေတယ်လား"

"ရှိတယ်ဆိုပါတော့"

"မစီစဉ်ချင်ပါနဲ့ ဘွားဘွားရယ်"

"ဘွားဘွားသေတော့ ဥပဒေအရရော၊ လူမှုရေးအရရော သားအတွက် ရှင်းရှင်းလင်းလင်း ဖြစ်စေချင်တယ်လေ။ ပြီးတော့ ဥမကွဲသိုက်မပျက် နေနိုင်ခဲ့ကြရင် ပိုမကောင်းဘူးလား"

"ဘွားဘွား ဘာကိုဆိုလိုတာလဲ။ ဥပဒေအရ စီးပွားရေးမှာ ရှင်းလင်းထားမယ်ဆိုတာကို သားလက်ခံပါတယ်။ ပြီးတော့ ကျွန်တော်ဟာ ဘွားဘွားသိတဲ့အတိုင်း ဘာတပ်မက်တဲ့စိတ်မှ ကျွန်တော်ရမယ့်အမွေ ဒီစက်ပေါ်မှာမထားပါဘူး။ ဒီအမွေဆိုတာတွေဟာ ရန်များလှတယ်"

"ရန်မများအောင်လို့ ဘွားဘွားစီမံခဲ့ရင်ကော"

ဘွားဘွားသည် ပြတင်းကိုကျောခိုင်း၍ သာသာညင်းညင်းပြောပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရန်မများအောင်လို့ဟုတ်လား။ သားတော့မယုံပေါင်၊ လောဘတရားဟာ ဦးလေးရဲ့ခေါင်းထဲမှာ ရှိနေသရွေ့ ဒီစက်ကို သူတစ်ဦးတည်းပိုင်လုပ်ချင်မှာပဲ။ သားကတော့ သူ့ခြေလှမ်းသုံးခုကိုမြင်နေတယ်။ သားကို သူ့အိတ်ထဲထည့်ထားမယ်။ ကြိုးဆွဲရာကို ခံမလား။ ဒုတိယက မခံရင် သားကို ဒီပန်းတပွင့်မြေကထွက်သွားအောင် အေးအေးလုပ်မယ်။ အေးအေးနဲ့မရရင် သူရန်ရှာမှာပဲ။ သားကလဲ ဘွားဘွားကျေနပ်အောင် ဘွားဘွား ရန်ကုန်အရောက်ပို့တဲ့အစားအစာတွေသာ စားတာ။ ကျန်တာဆိုရင် လက်ဖျားနဲ့တောင်မတို့ချင်ဘူး။ ကိုယ့်ပစ္စည်းလို့လည်း မမှတ်ဘူး။

"ဒီနှစ်ကုန်ရင် လုပ်သားကောလိပ်မှာတက်လို့ရတဲ့ ဒီဂရီဟာ ကျွန်တော့်ကိုယ်ပိုင် ကျွန်တော်ဖြစ်ချင်တဲ့ စာရေးဆရာအဖြစ်ကိုရောက်ရောက်၊ မရောက်ရောက် ကျွန်တော်သွားရာလမ်းမှာ ပစ္စည်းမဲ့လေးတွေ ပညာရအောင် သူတို့ကိုလက်တွဲခေါ်ယူသွားနိုင်ပြီ။ ရန်ကုန်မှာ ကျူရှင်တွေ မှီလို့ခပါက်နေပေမယ့် ငွေမတတ်နိုင်တဲ့လမ်းပေါ်ကကလေးတွေအတွက် စည်းကမ်းကျတဲ့ ကျောင်းတွေအများကြီးလိုတယ်။ ဒီကုသိုလ်တွေကို ကျွန်တော့် အမွေအနှစ်တွေလို့ပဲ ယူဆတယ်"

"သား ဒီပန်းတပွင့်မြေက ကလေးတွေအတွက်ရော"

"ဒီအစီအစဉ်တွေ သားမှာရှိပါတယ်။ ဒါကြောင့် တစ်နေ့ သားပြန်လာမှာပါလို့ပြောတာပါ။ ကျွန်တော် ဥကိုလဲမခွဲ





ပါဘူး။ အသိုက်ကိုလဲ မဖျက်ပါဘူး။ ကိုယ့် သိုက်မြုံကနေ အဝေးကို ထာဝရပြေးထွက်သွားမယ့် အကောင်မဟုတ်ဘူး ဘွားဘွားရယ်။ ပြီးတော့ အဝေးမှာလဲ အကြာကြီးမနေရအောင် ကျော့ကွင်းထောင်ဖမ်းတဲ့ နှောင်ကြိုးတွေကြားမှာ ကျွန်တော် မနေချင်ဘူး။

"ဘွားဘွားသိပ်ချစ်တဲ့ လူကလေးဖိုးခွားဟာ ဒါလောက်လတ်ဆတ်သန့်ရှင်းတဲ့ လေတွေကို လွတ်လွတ်လပ်လပ် ရှူရှိုက်နေရတဲ့ဘဝက အသက်မဝတဝကိုမနည်းရှူရတဲ့ ရန်ကုန်မြေကို လွတ်အောင်ပြေးတာကို ဘွားဘွားအဓိပ္ပာယ် သိစေချင်ပါတယ်။ ကျွန်တော် နှောင်ကြိုးနဲ့ကျော့ကွင်းကို ကြောက်တယ်။ စက်ပိုင်သူဌေးရဲ့ မြေးဘဝနဲ့ ကျွန်တော်ခံစားရမယ့် အနှောင်အဖွဲ့နဲ့အချုပ်အတုပ်ကို ကျွန်တော်မခံနိုင်ဘူး"

ဖိုးခွားသည် ဘွားဘွားနှင့် မျက်နှာချင်းဆိုင် ပြတင်းတံခါးပေါက်ကိုသွား၍ရပ်၏။ ဤပြတင်းမှ ပန်းတပွင့်ချောင်း၏ ရေအလျဉ်ကိုမြင်နေရသည်။ ဘွားဘွား၏ပြတင်းမှ ပန်းတပွင့်ရွာနောက်ဝယ် လယ်ကွင်းပြင်ကို မြင်နေရသည်။

မြေးအဘွားနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကျောခိုင်း၍တော့ မနေပါ။ သို့သော် အိပ်ခန်း၏ တစ်ဖက်တစ်ချက်စီတွင် မျက်နှာချင်းဆိုင်ရပ်နေကြ၏။ ပြတင်းမြင်ခင်းကလည်း လယ်ယာခင်းပြင်ကျယ်ကတစ်ဖက်၊ ချောင်းရေလျှဉ်၏မျက်နှာစာအလှက တစ်ဖက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက သက်ပြင်းလေးကို မှုတ်ထုတ်လိုက်၏။

"အေးပါလေ လူလေးရယ်၊ ဘွားဘွားကို ကျော့မခိုင်း လိုက်ပါနဲ့ကွယ်"

ဘွားဘွား၏ တုန်တုန်ယင်ယင်အသံကြောင့် ဖိုးခွား ရင်ထဲတွင် ဆို့သွား၏။ သူသည် အဘွားအနားကို ကပ်လာ၏။

"ကျွန်တော့်စကားထဲမှာ ဘွားဘွားကို ကျော့ခိုင်းမယ့် စကားလုံး မပါပါဘူး ဘွားဘွားရယ်။ ပျော်ပျော်နေပါလေ။ ဘွားဘွားရဲ့ လိုသေးတဲ့နောက်ဆုံးရက်တွေမှာ ဘွားဘွား အနားမှာ ကျွန်တော် ရှိနေမယ်ဆိုတာကိုတော့ ဘွားဘွားယုံပါ။ ပြီးတော့ ကျွန်တော့်ထက် ဘွားဘွားကို ယုယုယယပြုစုနိုင်မယ့် သူလဲရှိစေရမယ်"

ဖိုးခွားသည် အဘွား၏လက်ကို ယုယစွာနမ်းလိုက်၏။

"အဲဒီ ပြုစုရမယ့်သူဟာ ခင်မြသီတော့ မဖြစ်နိုင်တော့ ဘူးလား"

ဘွားဘွားသည် သူ့မြေး၏စကား အတိမ်အနက် အကျယ်အပြောကိုသိပြီးဖြစ်ပါသည်။ ဘွားဘွားသည်ပန်းတပွတ် ရှာသူဖြစ်သော်လည်း နှံ့ပွက်ထဲနစ်နေသူမဟုတ်။ ပန်းတပွတ် ရှာဖျားမှုစက်ကို အဘွားငယ်စဉ်ကတည်းက သူ့ခင်ပွန်းသည် နှင့်အတူ ဦးဆောင်ထူထောင်ခဲ့သော အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့၏။

"သိသိလား သူက သနားစရာလေးပါလေ။ ဒါပေမယ့်





အိမ်သားတွေအများနဲ့ အိုမင်းတဲ့ဘွားဘွားလိုသူတစ်ယောက် ကို ဘယ်လိုပြုစုရမယ်လို့သိတဲ့ မိန်းကလေးလို့ ကျွန်တော် မထင်ပါဘူး။ သူကရှေ့ရုပ်လိုလှပြီး အပြုစုခံမယ့် ရွှေမင်းသမီး လေးပဲ ဘွားဘွား"

"ဟင်း"

ဘွားဘွားသည် သက်ပြင်းချလိုက်၏။

"ဘယ်လိုပဲ ဆုံးဖြတ်ချက်ချချပေါ့လေ။ ဒီမနက်တ ခင်မြသီတို့ ဒီမှာလာစားဖို့ ဘွားဘွားဖိတ်ထားတယ်။ သားက သူတို့ကို ဖော်ဖော်ရွေရွေ ဆက်ဆံညှိခံပါကွယ်။ အထူးသဖြင့် ခင်မြသီကို"

"သား လူရိုင်းကြီးမဟုတ်ပါဘူး။ လာပါ ဘွားဘွား ရယ်။ ကျွန်တော်တို့ သရက်ခြံဘက် လမ်းလျှောက်ရအောင်"

သူသည် ဘွားဘွားခြုံနေကျ ရှန်စောင်အညိုလေးကို ဘွားဘွား၏ပခုံးပေါ်တင်ပေးလိုက်၏။ လှေကားမှ မြေးအဘွား နှစ်ယောက်လက်တွဲဆင်းလာကြ၏။ သရက်ခြံဘက်ကို မထွက် သွားခင် ဖိုးခွားမျက်စိရောက်သွားသည်က အိမ်အောက်ထပ်ရှိ ဆောင်ပန်း ပုခက်ကြီး။

အိမ်ကြီးမှာ သစ်သားအိမ် ခြေတံရှည်၍ အောက်ထပ် တွင် အကာမရှိ၊ အပျင်းပြေနားနေဖို့ ကွပ်ပျစ်နှင့်ဆောင်ပန်း ပုခက်ကြီးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ဒီပုခက်ကြီးကို ကြိုးလဲထားသလား ဟင်"

"အေးပေါ့၊ ကြိုးက ဆွေးတယ်၊ ပုခက်အိမ်က အခိုင် အမာလုပ်ထားတာ။ လူလေး ဘယ်နေရာကိုသွားသွား၊ ပြန်လာတဲ့တစ်နေ့ ဒီပုခက်ပေါ်မှာအိပ်ပြီး သားရဲ့ဖေဖေ မေမေနဲ့အတူ နေခဲ့ရတဲ့နေ့တွေကို သတိရနေစေချင်တယ်လေ။ ဟိုတစ်နေ့က တောင် ညီ့အိကရှုပ်လို့ ဖြုတ်ထားမယ်တဲ့။ ဘွားဘွားက မဖြုတ်ရဘူးလို့။ သူ့မေမေမရှိတဲ့နောက် ဖိုးခွားကို ငါပွေ့သိပ်ရင်း ဒီဆောင်ပန်း ပုခက်ကြီးပေါ်မှာ တို့မြေးအဘွားနှစ်ယောက် အိပ်ပျော်သွားရောလို့၊ အခုလဲ ဘယ်သူက အရွယ်မကြီးလို့ ထင်ထင်၊ ဘာထင်ထင် နေ့ခင်းနေ့ရာသီ အိပ်မပျော်တဲ့အခါလဲ အဲဒီပုခက်ထဲမှာ ဘွားဘွားခေါင်းအုန်းတစ်လုံးနဲ့အိပ်နေတာပဲ"

ဘွားဘွားဒီလိုပြောလိုက်သောအခါ ဖိုးခွားရင်ထဲတွင် ဆို့နစ်နစ် တင်းကျပ်ကျပ်ကြီး ဖြစ်သွား၏။ လူကြီးနှစ်ယောက် အတူအိပ်နိုင်အောင်လို့ ကျယ်ပြန့်နိုင်မာသော သစ်သား ဆောင်ပန်း ပုခက်ကြီးသည် ဘွားဘွား၏ကြီးမားကျယ်ပြန့် နိုင်မာသော နှလုံးသားကို ကိုယ်စားပြုသရုပ်ဖော်နေတော့သည်။

သူကမွေးသော မြစ်အထိ ဘွားဘွားသည် ကျန်းမာ တောင့်တင်းစွာနှင့် ဤပုခက်ပေါ်တွင် ပွေ့ဖက်၍ကောင်းသော အိပ်ခြင်းဖြင့် အိပ်နိုင်ပါစေဟု ဆုတောင်းမိ၏။

မြေးအဘွားနှစ်ယောက် သရက်ခြံဘက်သို့ လျှောက် သွားကြ၏။ သူတို့နေရာတစ်ဝိုက်သည် မန္တလေးရင်ကွဲ သရက်





သီးများအထွက်များရာဖြစ်၏။ ကဆုန်၊ နယုန်တွင်ရန်ကုန်သို့ လှိုင်လှိုင်ပို့နိုင်အောင် စိုက်ပျိုးကြ၏။

ဘွားဘွားခြံသည် ပန်တပွတ် စစ်တပ်မြေနှင့်ကပ်လျက် ဖြစ်သည်။ ရှေးမှည့်၍ ခူးချိန်တန်နေပြီဖြစ်သော ဘင်္ဂလားမျိုး အလုံးကြီးများက သူတို့မျက်စိအောက်မှ အတန်ကြာ ပျောက် သွားနေပြီဖြစ်သော ဖိုးခွားကို ငုံ့ကြည့်နေပုံရ၏။

ဖျတ်ခနဲ သစ်ကိုင်းများပေါ်သို့ ပြေးတက်သွားသော ရှဉ့်ညိုလေးသည် သူ့ကိုကြောက်အားလန့်အားနှင့်ချောင်းကြည့် နေပေသည်။

"ဘွားဘွား ကျွန်တော် ငယ်ငယ်တုန်းက ရှဉ့်ညို လေးတော့ မဟုတ်ပါဘူးနော်"

ဖိုးခွားသည် ငယ်ငယ်တုန်းက စာကျက်ပြီးလျှင် လောက်လေးကိုကိုင်၍ သရက်ပင်ခြေများအောက်မှ ရှဉ့်ညို လေးများနှင့်စာလေးများကို ပစ်တတ်သည်။ ဘွားဘွားက တွေ့လျှင်လက်ဆစ်ကိုခေါက်၏။ သူကရှုံ့မဲ့သွားသောအခါ . .

"ကိုယ့်လက်ဆစ်ထိတော့ ရှုံ့မဲ့သွားလိုက်တာ။ မင်း ပစ်တဲ့ လောက်စာလုံးက စာလေးနဲ့ကျိုးတွေကိုမှန်ရင် ဘယ် လောက်နာမလဲ"

သူသည် ဘွားဘွားပြောပြီးသည်နောက် သူပစ်၍ ထိသွားသော စာကလေးကို ခေါင်းသပ်ရေဆွတ်နှင့် မှုတ်ပေး ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူလောက်လေးခွ မကိုင်တော့။ သူစိတ်ထင်၍လားမသိ။ လောက်လေးမကိုင်ဘဲ သရက်ပင်ခြေအောက်ကိုလျှောက်လာလျှင် အမွေးဖွားဖွားနှင့် ရှဉ့်ညိုလေးများသည် သရက်ပင်ပေါ်မှ ဆင်းလာကာ သူ့ထံသို့ပြေးလာကြသည်။

"မောင်ပေါ်ရေ ဘဂ်လားရော၊ မန္တလေးရင်ကွဲရော ရင့်တာတွေ အားလုံးဆွတ်တော့။ ပြီးတော့ ကောက်ရိုးအုပ်ထား။ ဖိုးခွားပြန်ရင် သူနေတဲ့အိမ်ရှင်ကို လက်ဆောင်ပေးရမယ်"

"ဟ...ဖိုးခွားပါလား။ ဒီတစ်ခါ ကြာလိုက်တာကွာ။ အဘွားကပြောတော့ ထားတယ်။ ဖိုးခွားလာလိမ့်မယ်တဲ့။ အတိအကျနေ့ရက်ကိုသာ မပြောတာ"

ဘကြီးပေါ်က တဲလေးထဲမှ ဆေးတံခဲကာ ထွက်၍ကြို၏။ ဘကြီးပေါ်သည် လယ်ချိန်ကုန်လျှင် လယ်တဲလေးကို စွန့်ကာ သရက်ခြံမြေထဲရှိ သူ့တဲလေးတွင် ပြန်နေ၏။ အဘွားအားကိုးရသော လက်ရုံးကြီးဖြစ်၏။

"တို့ကသာ သူ့ကိုချစ်ရ အောက်မေ့နေရတာ။ မင်းတို့တူက ရန်ကုန်သားကြီး လုပ်တော့မယ်တဲ့လေ"

ဘကြီးပေါ်သည် သူ၏မျက်စိအောက်တွင်ပင် လူပျိုကြီးဖားဖားဖြစ်လာသော ဖြူဖြူမြင့်မြင့်နှင့် ဖိုးခွားလူချောကြီးကို လက်မောင်းများကို ဆုပ်ကိုင်ရင်း ဝမ်းသားအားရ စကားပြောနေ၏။





ပြီးတော့ အဘွားနှင့်အတူ သူတို့နှစ်ယောက် သရက်ပင်ခြေများအောက်တွင် လျှောက်သွားကြသည်။ အဘွားသည် သူဆွတ်လိုသော သရက်သီးများကို ဘကြီးပေါ်အား ပြနေ၏။

ဖိုးခွားသည် သရက်တစ်ပင်အောက်တွင် ထိုင်နေရစ်၏။ အရွက်များကြားမှ ကောင်းကင်ပြာကို မော့ကြည့်မိသည်။ အန္တရာယ်ကင်း ဘေးကင်းသာဆိုလျှင် သူ၏ မွေးရပ်မြေကို အကြာကြီး စွန့်ခွာနေရန်အကြောင်းမရှိပါချေ။ ပညာသင်ရန် ခေတ္တခွာသွားရုံမှတစ်ပါး သူ၏ခြံမြေကို နှစ်သက်မွေ့လျော်ပါ၏။

ပြီးတော့ သူ၏ဦးလေးအစီအစဉ်အတိုင်း ဦးလေး၏ မယားပါသမီး ခင်မြသီကို လက်ထပ်လိုက်လျှင် ဥမကွဲ သိုက်မပျက် ဘွားဘွားပြောသလို အမွေကိစ္စပါ အေးချမ်းမည်။

ခင်မြသီကို သနားပါ၏။ ခင်မြသီသည် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်နေစဉ် သူ့ကိုအဘွားက ခဏခဏ ရှာခိုင်း၍ လိုက်ရှာတတ်၏။ သူက နေအိမ်မမြဲ။ ပြောင်းရွှေ့နေတတ်၍ ရန်ကုန်တွင် ခင်မြသီနှင့်သူတွေ့ရ ခဲသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသူဆောင်များဆီသို့ ဖိုးခွားသည် ခင်မြသီအမျိုးတစ်ယောက်အနေနှင့် မသွားခဲ့ပေ။ မအူပင်မှာ အစဉ်နေဖို့ကလည်း ခင်မြသီအမေသည် ပိုက်ကွန်ကို ဘယ်လိုရက်၍ ပိုက်တန်းကို ဘယ်လိုချရမည်ကိုလည်း မအူပင်မြစ်အတွင်းက တံငါသည် ငါးဖမ်းသည်ထက်ပင် လူဖမ်းရာတွင်ကျင်လည်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခင်မြသီအမေ၏ရန်ကို ရှောင်ရင်းနှင့် တဖြည်းဖြည်း သူ့မွေးရပ်မြေ ပန်းတပွတ်နှင့် အနေဝေးသလို ဖြစ်နေရသည်။

"ကိုကိုရေ"

ခင်မြသီ၏အသံစာစာလေးမှာ သရက်ခြံဝမှ ပေါ်လာ၏။ ကောင်းကင်ပြာကို ကြည့်နေသောမျက်လုံးကို နှိမ့်ချလိုက်ကာ ခင်မြသီကို လှမ်းကြည့်လိုက်ရ၏။ သူ့ရှေ့တွင် ခင်မြသီသည် ဒူးတုပ်လျက်ပင် ထိုင်ချလိုက်သည်။ ကြွေရုပ်ကလေး တကယ့်ကြွေရုပ်ကလေးပါပင်တည်း။

အသားမှာဖြူဆွတ်နေ၏။ လုံချည်က အံဖြူခံပေါ်တွင် နက်ပြာပွင့်စက်များပါရုံမျှသာ ရေးရေးလေးခြယ်ထားသော အဆင်ကို ဝတ်ထား၏။ ကရိုနက်ပြာပါးပါး ပျော့ပျော့ကို လက်ဝကားကားနှင့် ခေါင်းလောင်းပုံ ချုပ်ဝတ်ထားသော လက်ရှည်အကျီသည် သူ့အသားဖြူဖြူဝင်းဝင်းကို ပို၍တောက်ပစေသည်။

ပိတုန်းရောင်ကေသာက ပခုံးတစ်ဝက်ကျော်လောက်တွင် ပျံ့ဝဲနေသည်။ တစ်ကိုယ်လုံးကို အဖြူနှင့်အနက်ရောင် နှစ်မျိုးတည်းသာ ခြယ်ထားသည်ဆိုလျှင် မှန်၏။ ရှင်းလင်း၍ သွယ်လျစွာ ပေါ်ထွက်နေသော လည်တိုင်အောက်တွင် ပုလဲတစ်ကုံး။

အမဲ၊ အဖြူ၊ ပုလဲ၊ မဟူရာ၊ အဆင်အပြင်နှင့် တက္ကသိုလ်ကျောင်းသူတစ်ဦး၏ ဝတ်စားဟန်ပန်ကတော့ စံကိုက်ပါပေပဲ။ မအူပင်ပတ်ဝန်းကျင် စက်သူဌေးသားများ





အလယ်တွင်တော့ ပန်းကုံးစွပ်ပွဲခံယူရလောက်အောင် ချစ်သူ ပိုင်းဝိုင်းလည်နေပေလိမ့်မည်။

"ကိုကိုရောက်နေပြီလို့ ညကသိသိချင်း လာချင်လိုက်တာ။ ဘွားဘွားက မနက်ဖြန်မှလာ။ မနက်စာလဲ ပန်းတပွတ်အိမ်မှာပဲစား၊ တစ်နေကုန် နေရမယ်တဲ့။ အဲဒါနဲ့ ဖေဖေကလဲ စက်ထဲမှာ အလုပ်ရှိတယ်ဆိုလို့ သီသီတို့တစ်ခါတည်းလာတာ"

မျက်လုံးလေးကလည်း ကာလရှည်လျားစွာ ကွေကွင်းနေသော အစ်ကိုတစ်ယောက်နှင့် ပြန်လည် တွေ့ဆုံရ၍ ဝမ်းမြောက် ကြည်သာသော ရွှေလျားခြင်းမျိုးနှင့် စင်ကြယ်စွာ တောက်ပနေသည်။

"ကိုကို့ကို ခွင့်လွှတ်ပါ သီသီရယ်။ ကိုကိုလဲ ကြုံပြီး အကြောင်းကြားချိန်မရဘူး"

"မေမေကတောင်ပြောသေး။ ရန်ကုန်မှာသာ နေကြတာ သမီးတို့နှစ်ယောက် ဘာကြောင့် မတွေ့တာလဲတဲ့။ ခက်သားပဲနော် တွေ့ဖို့ဆုံဖို့ဆိုတာ၊ သီသီကတော့ ပြောလိုက်ပါတယ်။ ရန်ကုန်ဆိုတာ ဒီလိုပဲ မေမေလို့။ အို . . ဘာပဲဖြစ်ဖြစ်လေ ကိုကိုရယ်၊ ဒီမြေမှာ သီသီတို့နှစ်ယောက်တွေ့ရရင် ဝမ်းသာတာပါပဲ"

"ဟုတ်တာပေါ့ ညီမလေး၊ ကိုယ့်ပြဿနာနဲ့ ကိုယ့် ပတ်ဝန်းကျင်မှာ သင့်သလို လည်ပတ်နေရတာကို သူတို့မသိဘူး။ ညီမလေးနားလည်ရင် ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူ့အဓိပ္ပာယ်နှင့်သူ ပြောပြလိုက်၏။ သီသီ၏မိဘနှင့် ဘွားဘွားတို့အစီအစဉ်ကို သီသီမသိပါစေနှင့် ဟုဆုတောင်းမိ၏။

"ကဲ . . . ဒီနေ့ပန်တပွတ်မှာ သီသီတို့တစ်နေကုန် နေမယ်။ နက်ဖြန်တော့ ကိုကိုမအူပင်အိမ်မှာ တစ်နေကုန်နေရမယ်နော်။ သီသီ အခုစန္ဒယားတီးတတ်ပြီ။ စန္ဒယားကြီးကလဲ သီသီကျောင်းဆိတ်မှပဲ မြည်ရတော့တာပဲ။ ကိုကိုကြိုက်တဲ့ သီချင်း ဆိုပြမှာပေါ့"

"ငယ်သံပါအောင် မအော်ရဘူးနော်"

ဖိုးခွားကပြောလိုက်၍ သီသီသည် အားရပါးရ ရယ်၏။

"အဟုတ်ပြောတာ၊ ရန်ကုန်မှာတော့ ချစ်တီးဘုရား လှည့်တော့ တီးတဲ့ဘင်သံရယ်၊ ချစ်တီးထမင်းဆိုင်က တေးသံတွေနဲ့ ဝေးအောင် မနည်းရှောင်ရတယ်။ ရင်ပူလွန်းလို့ တို့မြန်မာမ အဆိုကျော်တွေကိုယ်တိုင်ကည်း အသည်းပူအောင် အော်လို့၊ ဘုရား . . . ဘုရား အဲဒါဟာ ဂီတသံလားလို့ ဘုရားတောင်တမိတယ်"

"ကိုကိုကလဲ သွေးကိုဆူပြီး မြူးကြွသွားတဲ့ အသံတွေလဲ ပါတာပေါ့။ ဒါပေမယ့် သီသီသိချင်တာ တစ်ခုရှိတယ်။ ကိုကိုက ပါးစပ်ကသာပြောနေတာ။ ကိုကိုတို့ ပန်တပွတ်အိမ်ကြီးမှာ ဝါးပတ္တလားကို အသက်ပြန်သွင်းပြီး ဘဝင်ငြိမ့်မယ့် သီချင်းတွေတီးဖို့ အစီအစဉ် ကိုကိုစီစဉ်တာလုပ်တာ ဘာမှလဲ သီသီ မတွေ့ရဘူး"





ခင်မြသီ၏မေးခွန်းသည် အဓိပ္ပာယ်ပါလှ၏။ ပေါ့ဆဆ မဟုတ်ပါ။

"ညီမလေးက သိလို့လား"

"မသိလို့ သိချင်တာပေါ့"

"အေးလေ ပတ္တလားကို ပြန်ခေါက်နိုင်မယ့်အချိန် နီးလာရင်တော့ ကိုကိုညီမကို ကြိုတင်အသိပေးမှာပေါ့"

သီသီသည် တစ်ခုခုကို သတိရသလို ခပ်ငေးငေး လေးတွေးနေ၏။

"သီသီကတော့လေ 'ပိုက်ကြိုးများနဲ့ တံငါလှေတွေရယ်'ဆိုတဲ့ ခင်မောင်ရင်ရဲ့ ဆိပ်ကမ်းသာသီချင်း ရေဒီယိုက လာရင် ကိုကို ဒီပန်တပွတ်အိမ်က ထွက်မသွားခင် ရေချိုးခါနီး အော်ဟစ်ဆို သံရယ်၊ ရေဆင်းတံတားကနေ မြစ်ထဲဒိုင်ဗင် ထိုးချတာရယ်ကို သတိရပြီး မြင်ယောင်နေတယ်။ ခုသီသီလဲ တက္ကသိုလ်ရေကူးကန်မှာ ရေကူးသင်ရင်း ရေကူးတတ်ပြီ"

"သီသီဘဝကလဲ အဆန်းပဲနော်။ မြစ်ဝကျွန်းပေါ်သူဟာ တက္ကသိုလ်ရောက်မှပဲ ရေကူးတတ်ရတော့တယ်"

"ဒီမှာက အမေတို့က မြစ်ထဲကိုရေဆင်းကူးခွင့်မှ မပေးဘဲ၊ တကယ်တော့ အရသာချင်း ဘာတူမှာလဲနော်။ ရေကူးကန်မှာ ကူးတတ်တာနဲ့ မြစ်ပြင်ကျယ်ကြီးမှာ ကူးရတာနဲ့"

"အင်းပေါ့၊ ဘဝမှာလဲ အင်းလျားကန်နားက တက္ကသိုလ်နဲ့ဘဝတက္ကသိုလ် ဘယ်တူမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားသည် ခပ်ဖြည်းဖြည်းဆက်ပြောဏ်။

"တို့များ မအူပင်မှာ နာမည်ကြီးတဲ့ ကဝက်ကင်း ငါးသလောက်အရသာနဲ့ ကမ်းရိုးတန်းပင်လယ် ငါးသလောက်တွေ အရသာကွာသလိုပဲပေါ့"

"ဒီလိုဆို ကိုကိုက ကဝက်ကင်း ငါးသလောက်ပေါတဲ့ မအူပင်ကိုပစ်ပြီး ရန်ကုန်မှာ ကြာကြာနေလို့ရသလား"

"ရတယ်လို့တော့ မဟုတ်ဘူး။ ဒီမှာ ကြာကြာနေတော့လဲ ကိုကို ကဝက်ကင်းငါးသလောက်အရသာစွဲပြီ၊ ကိုကိုပါ ငါးဘဝပြောင်းသွားရင် ပိုက်ကွန်တိုးမိမှာစိုးလို့။ ပညာစုံအောင်တော့ ရန်ကုန်မှာနေရမှာပဲ။ ပညာလဲစုံ၊ ကြင်ရာလဲစုံတော့ ဒီပန်တာပွတ်ကိုပြန်လာမယ်လေ"

သီသီသည် ပါးစပ်လေး စေ့စေ့ထားကာ ခေါင်းလေး ညိတ်၍ညိတ်၍ နားထောင်နေ၏။ သူသည် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

"အဲဒီအချိန်ရောက်ရင် မြစ်ပြင်မှာ ငါးသလောက်မကြီးတစ်ကောင်ဥခဲ့တဲ့ ဥတွေကပေါက်ပွားပြီး ကိုကိုတို့စားဖို့ သူ့မြေးမြစ်တွေ ထားရစ်ခဲ့မှာပါပဲလေ"

"ငါ့ညီမလေးက စကားပြော ဘယ်ဆိုးလို့လဲ။ ငါးသလောက်တွေရော၊ ငါးမြင်းရင်းတွေရော အများကြီးပဲ။ သီသီပြောတဲ့ ငါးသလောက်မကြီးတစ်ကောင်ကို တွေ့ချင်ရင် ပိုက်ကွန်သမားတွေကို ပြောပြထားပေါ့။ ခင်ဗျားတို့ ဖမ်းရတဲ့ငါးတွေထဲမှာ ပုလဲတစ်ကုံးဆွဲထားတဲ့ ငါးသလောက်တွေ့ရင် ပြောပါလို့"





ခင်မြသီသည် သူ့လည်မှ ပုလဲကုံးကို လက်နှင့်စမ်းသပ်ကြည့်၍ နေရာမှထလိုက်၏။

"ကိုကို...သွားစို့၊ ဖေဖေတို့ကလဲ ကိုကို့ကို မျှော်နေမှာ"

ခင်မြသီသည် ရှေ့မှထွက်သွား၍ သူက ခပ်ဖြည်းဖြည်းနှင့် မှန်မှန်လျှောက်ကာ လိုက်သွားတော့သည်။

နေ့လယ်တွင် လူကြီးများနားနေကြ၏။ ဖိုးခွားသည် ဧည့်ခန်းဦးရှိ ပတ္တလားကို အသံပြန်၍စမ်းကြည့်၏။ သူ့လက်သည် ပတ္တလားနှင့်ရော စန္ဒယားနှင့်ရော မတွေ့သည်မှာ ကြာမြင့်ခဲ့ပြီ။ သူသည် အတီးအမှတ်ဂီတကို ဝါသနာပါသော်လည်း စန္ဒယားနှင့်ပတ္တလားမှာ သယ်ပိုးရန်ဝန်လေး၍ ဝန်ပေါ့တရော ပြားလေးကိုပိုက်ကာ မအူပင်မှခွာခဲ့၏။ လက်များပျက်နေမည်လား။ ထင်သလောက်မဆိုးပေ။ ဝါးပတ္တလားသံလေးသည် ပျဉ်ထောင်အိမ်ကြီး၏ ပြတင်းမှလွင့်ပျံလာ၏။

စည်းကိုညင်သာစွာ ခတ်နေသော ခင်မြသီသည် ဖိုးခွားမျက်နှာကို စေ့စေ့ကြည့်ကာ ငေးမောနေသည်။

ဖိုးခွား၏ဦးလေး ဦးအောင်ရွှေကရော၊ ဖနီးသည် ဒေါ်မြသွင်ကပါ ပတ္တလားသံကို အထူးနားစွင့်၏။

ချစ်သမျှကိုပတ်ပျိုးကို ဖိုးခွားကတီး၍ ခင်မြသီကဆိုလျှင် ကောင်းလေစွဟု သူတို့စမ်းထဲတွင် ကြိတ်၍မျှော်လင့်၏။ ဖိုးခွားက သူကိုယ်တိုင်ဆို၍ တီး၏။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပျိုးတော့ ပတ်ပျိုးပါပင်တည်း။ သို့သော် ဖိုးခွား သီဆိုလိုက်သော ပတ်ပျိုးသည် ချစ်သမျှကိုမဟုတ်။ ရေယမုန်။

အပေါ်ထပ်အိပ်ခန်းတွင် ထမင်းစားပြီးစ ခုတင်ပေါ် လှဲနေသော ဘွားဘွားကတော့ သီချင်းသံစကြားကတည်းက ပင် မျက်ရည်တွေဝိုင်းလာ၏။ နောက်တော့ စိုစွတ်လာ၏။ ခေါင်းအုံးစွပ်ပေါ်သို့ မျက်ရည်များကျလာ၏။

"ရွှေဘုံသူကလေးငယ်တို့၊ ချိုအေးသံသာ စုံရှယ် လီရှိရင် ညောင်းတယ်၊ တောင်းယူခဲ့ပါ၊ နွဲ့နွဲ့မာန် ကိုးငယ်နှင့် အို ဆိုးလိုက်တာ၊ မြမျက်ရည် ဂေါ်ဖင် ညှာက၊ ငိုရှာလှုနီး မောင်မောင်ကြီးငယ့် စိန်ကြိုးသွယ်။ ဟာ . . . တိတ်ပကွယ်၊ ကြောင်ညှိုပါးငယ် စားတတ် လှတယ် . . .

ရေပေါ်မှာလွှမ်းပါတဲ့ ကန့်စွန်းနွယ် ဒေါင်းဖလ်ဝါ ရောင်စုံကွယ်လို့၊ နိုင်ရွှေနွယ်သီး ဖမ္ဘူရည်ထီးမှာတဲ့ အညီးတော်ပြေ"

ဘွားဘွားသည် ပဝါဖြူနှင့် မျက်လုံးအိမ်ကို တို့လိုက် ၏။ ပထမတော့ ရှိုက်၍ရှိုက်၍ ငိုလိုက်ချင်သေးသည်။ လွန်ခဲ့ သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ဒီလိုပင် ဒီတေးသံသည် အိမ်ကြီးပေါ်တွင် မြိုင်ခဲ့၏။

သူ့ချွေးမသည် လက်တစ်ဖက်မှ ပုခက်လွှဲ၍ တစ်ဖက် မှစည်းခတ်ကာ ဒီပတ်ပျိုးကို သီဆိုခဲ့သည်။ ဖိုးခွား၏ ဖေဖေက





ဒီပတ္တလားကိုပင်တီး၍ သားကြီးဖိုးခွားကိုသိပ်ခဲ့ကြ၏။ ပြီးတော့ သူတို့မောင်နှံသည် ဖိုးခွားကို သူ၏ရင်ခွင်တွင် အပ်ကာ သူတို့ အိမ်ကြီးမှ သံသရာခရီးရှည်ကို ထွက်ခွာသွားကြပြီ။

"အို . . . ငါဘာလို့ ငိုရမှာလဲ။ ခုဖိုးခွားက ခဏပဲ ရန်ကုန်ပြန်မှာ။ ငါ့ရဲ့နောက်ဆုံးရက်တွေမှာ ငါနဲ့အတူ ပြန်လာ နေမယ်လို့ ပြောသားပဲ"

ဘွားဘွားသည် သူ့စိတ်သူတင်းလိုက်၏။ တစ်ယောက် တည်းစိတ်ထဲတွင် စကားပြောနေစဉ် ဖိုးခွားသည် အဆုံးသတ် သဖြန်ကိုသီဆိုကာ ပတ်ပျိုးမှာ ပြီးဆုံးသွား၏။

"အမေ . . . အမေ ငိုနေတယ်လား"

ဘွားဘွား၏ သားအငယ်သည် အနားရောက်လာ၏။ ဦးအောင်ရွှေသည် အမေငိုနေသည်ကို တွေ့ရတော့လည်း စိတ် မကောင်း။

"ဖိုးခွားသီချင်းသံကြားလို့ အမေ့သားကြီးကို ပြန် သတိရနေလား"

"ဟုတ်တယ်"

"ကျွန်တော်ထင်တယ်လေ၊ ဖိုးခွားများ ချစ်သမျှကို ပတ်ပျိုးတီးပြီး ခင်မြသီကာ ဆိုမှာလားလို့"

"သူတို့ လူငယ်တွေကြိုက်တဲ့ သီချင်းကိုဆိုပြီး တီး ကြပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ရွှေသည် သူ့အမေ၏ခုတင်နားတွင်ကပ်၍ ထိုင်လိုက်၏။

“အမေလဲ အလွမ်းပြေ မြေးအသွားအတူနေရအောင် လို့ ကျွန်တော်စီစဉ်ပေးသားပဲ အမေ။ ဖိုးခွားကို ကျွန်တော့် အစီအစဉ် ပြောမပြဘူးလား”

“ခက်သားပဲ၊ သူ့သားဟာ သူ့အဖေလိုပဲ လာမှာပေါ့ မောင်အောင်ဖေ စစ်ထဲဝင်တဲ့နေ့ကို သားငယ် သတိရသေး လား။ အမေ စစ်သားစုဆောင်းရေးဌာန ဝင်းတံခါးဝက ပြန် လာခဲ့ရတဲ့နေ့လေ”

ဘွားဘွား မမေ့သလို ဦးအောင်ရွှေက မမေ့ခဲ့ပါ။ ဘွားဘွား၏သားနှစ်ယောက်တွင် သူကအငယ်၊ ဖိုးခွား၏ အဖေက အကြီးဖြစ်သည်။ အမေသည် သူ့ကိုလက်တွဲကာ စစ်သားစုဆောင်းရေး တပ်ဝင်းထဲသို့ ဝင်ခဲ့ကြသည်။ တပ်မှူးက အမေခေါ်၍ရလျှင် ပြန်ခေါ်သွားနိုင်ပါသည်ဟူ၍ ခွင့်ပြုကာ သားအမိနှစ်ယောက်ကို ဆုံပေးသည်။

“ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်အမျိုးသားလုံခြုံမှုအတွက် တပ်မတော်ထဲကိုဝင်တာ။ အမေ့ကိုလဲ တစ်ပါတည်း ကာကွယ် ပေးသလိုပါပဲ။ အမေစားဖို့အတွက် ဆန်စက်တစ်လုံး ရှိပါတယ် အမေ။ ညီလေးက ဆန်စက်ကို ဦးစီးမှာပေါ့။ ကျွန်တော့် ခံစားပိုင်ခွင့်အတွက် ညီလေးအားလုံး ခံစားနိုင်ပါတယ်။ ကျွန်တော်ပြန်မလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီ”

ထိုနေ့က သားအငယ် မောင်အောင်ရွှေကို လက်ဆွဲ





ကာ မျက်ရည်လည်ရွဲနှင့် ပြန်ခဲ့ရသည်။ ယခုလည်း အဖေတူ သားကြီးဖိုးခွားကဆိုပြန်သည်။

“ကိုယ့်ရည်ရွယ်ချက်ဖြစ်တဲ့ စာရေးဆရာအဖြစ် ရောက် အောင် ကြိုးပမ်းရာမှာ ကျွန်တော်တို့လည်း စွန့်စားရတာပဲ။ စက်ကရရှိမယ့် အကျိုးအမြတ်ကို ကျွန်တော်မခံစားလိုပါဘူး။ ဦးလေးသဘောပဲ”

ဪ သားအဖ နှစ်ယောက် လောဘတရားနည်းပါး လိုက်သည့်ဖြစ်ခြင်း၊ အမေသည် တိုးတိုးလေးပြောသလို ညည်း လိုက်၏။

“အမေ သူ့ကိုဖွင့်ပြောလိုက်ပြီလား၊ ကျွန်တော့် အစီ အစဉ်ကို . . .”

ဦးအောင်ရွှေက ထပ်မေး၏။

“ပြောတော့ မပြောရသေးဘူးလေ၊ နည်းနည်းတော့ တီးခေါက်ကြည့်ပါတယ်။ သူလက်ခံချင်ပုံမရဘူး။ မောင်အောင်ရွှေ ရယ်၊ အမေတစ်ခုတော့ ပြောချင်တယ်။ မင်းတောင်ကလေး တစ်ယောက်အမေ မမြသွင်ကိုကြိုက်လှချည်ရဲ့ဆိုလို့ အမေ လက်ထပ်ပေးခဲ့တယ်လေ။ အမေဟာ ဒီလက်ထပ်ကိစ္စတွေမှာ ဝင်မစွက်ချင်ဘူး။ မင်းပြောပြောနေတဲ့ အမွေကိစ္စကတော့ မောင်အောင်ဖေရော၊ ဖိုးခွားရော စွန့်ထားတဲ့စက်ပါ”

“ငွေအမ်းပြီး ကျွန်တော့်ကို လွှဲခဲ့ရင်ကော”

“သားရဲ့ပါးစပ်က ဒီစကား ထွက်ရက်တာ အမေ



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြတယ်၊ နှစ်တိုင်းရတဲ့ အကျိုးခံစားခွင့်ကို ခွဲဝေတိုင်း အမေ ယူထားပြီး သူ့အတွက်ဘဏ်မှာအပ်ပေးတာတောင် အမေစီစဉ်တာ။ ဖိုးခွားက ဘာလုပ်ပေးပါလို့ တစ်လုံးမပြောဘူး။ မောင်အောင်ရွှေ ဒီစကားတွက်ရက်တာ အမေ့သားတစ်ယောက် အနေနဲ့အမေ့ရက်များတောင် ရှက်မိတယ်"

ဘွားဘွားက ပြတ်ပြတ်သားသား ပြောလိုက်၍ ဦးအောင်ရွှေသည် ခေါင်းငိုက်စိုက်ချလိုက်၏။

"မင်းတစ်ယောက်တည်းပိုင်အောင် လုပ်ထားတော့ မင်းသေသွားရင် မမြသွင်တစ်ယောက်တည်း ရမှာပေါ့။ မမြသွင်က သူ့သမီးခင်မြသီ စက်တစ်ခုလုံး တရားဝင်ပိုင်ဆိုင်ခွင့်ရအောင် ဒီခြေလှမ်းအတိုင်း မင်းကိုတိုက်တွန်းနေတာပါသား"

"ဒါကြောင့် ကျွန်တော်က ကလေးချင်း လက်ထပ်ဖြစ်ခဲ့သော် . . ."

"အမေ ပြောခဲ့ပါပကော၊ မောင်အောင်ရွှေ။ ကလေးတွေ လက်ထပ်ရေးမှာ သူတို့နှလုံးသားကို အမေဦးစားပေးချင်တယ်။ မင်းရဲ့မယားပါသမီးဟာ ဖိုးခွားနဲ့မသင့်တော်လို့၊ ပညာမဲ့လို့၊ ဥစ္စာမရှိလို့၊ ရုပ်မချောလို့ မဟုတ်ဘူး။ အမေ ခပ်ရိုင်းရိုင်း ပြောရရင်တော့ တို့မအူပင်နယ်က ကဝက်ကင်းငါးသလောက်ကို ကြိုက်တဲ့သူတွေကသာ စံထားပြီးစားပေမယ့် ငါးသလောက် အညှီနံ့မခံနိုင်သူတွေအတွက် စားပွဲပေါ်တောင် မတင်ချင်ဘူး"





အမေသည် ဖိုးခွားပြောရမည့်စကား အားလုံးကို သားငယ် ဦးအောင်ရွှေအား အပြီးသတ်ပြောချလိုက်၏။

ဦးအောင်ရွှေသည် ခေါင်းငိုက်စိုက်နှင့် အမေ့အပါးမှ ထသွားတော့သည်။

မအူပင်အိမ်မှာ နောက်တစ်နေ့တွင် ဖိုးခွားတစ်နေ ကုန်နေပြီး ပြန်လာခဲ့သည်။ ရန်ကုန်သို့ ပြန်လာသည့်နေ့က မအူပင်တွင် ပုစွန်ထုပ်ကြီးရှားချိန်ဖြစ်သော်လည်း စပယ်ရှယ် အထုပ်ကြီးအချဉ်ကိုမှာ၍ ဖိုးခွားကို ခင်မြသီက လက်ဆောင်ပေး၏။ ဘွားဘွားကလည်း ရွှန်းမှည့်၍ဝါဝင်းနေသောသရက်သီး အကောင်းစားများကို ထည့်ပေးလိုက်သည်။

သဘော်ဆိပ်ကို လိုက်ပို့ချိန်တွင် ခင်မြသီသည် ကရိ ရေညိုရောင်ကို အပေါ်ရော၊ အောက်ရော တစ်ရောင်တည်း ဝတ်လာ၏။ လက်ကောက်ရော၊ နားမှာရော ကျောက်စိမ်းများ ဝတ်ထားသော်လည်း လည်တိုင်အောက်တွင်မူ မြူဝင်းလှပသော ပုလဲတစ်ကုံးမှာ အစိမ်းရောင်အင်္ကျီပေါ်တွင် ထင်ထင်ရှားရှား တောက်ပနေသည်။ သဘော်ကမ်းမှခွာသည်အထိ သီသီသည် လက်တပြပြနှင့် နှုတ်ဆက်နေ၏။ ပြုံးရုံတင်မဟုတ်၊ ရယ်မောနေသော သူ့သွားလေးများကို လည်တိုင်မှပုလဲကုံးနှင့်အတူ အလှပြိုင်နေသည်ကို မြင်ရသည်။

အိမ်ရောက်လျှင် ဦးအောင်ရွှေနှင့် ဘွားဘွားကွယ်ရာတွင် ဒေါ်မြသွင်သည် သမီးနားကိုကပ်လာ၏။ သီသီသည် စန္ဒယားနားတွင် မတ်တတ်ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး၊ ဖိုးခွားက သမီးကိုဘာမှာသွားသေးလဲ"

ဒေါ်မြသွင်စိတ်ထဲမှာ လှုငယ်ချင်း၊ ဘယ်လောက်ခရီးရောက်သည်ကို သိချင်နေသည်။ ခင်မြသီသည် စန္ဒယားကိုမှီ၍ လက်ကိုနောက်ပစ်ကာ မိခင်၏မေးခွန်းကို ဖြေကြားနေ၏။

"ပြောတယ်လေ၊ သမီးတို့က မေမေတို့ နားမလည်တဲ့ စကားဝှက်နဲ့သမီးတို့စိတ်ရင်းကို သမီးတို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောလိုက်ကြတယ်။ မေမေတို့အစီအစဉ်ကို မေမေတို့က ထိပ်တန်းလျှို့ဝှက်ကြီး လုပ်ထားတယ်။ သမီးတို့ကလဲ ဘာခြေလှမ်းရင် ဘယ်အချိုးချိုးတော့မယ်ဆိုတာ သိပြီးသား ခေတ်လူငယ်တွေပါ မေမေ"

ဒေါ်မြသွင်သည် ပါးစပ်အဟောင်းသားနှင့် သူ့သမီးပြောပုံဆိုပုံကို အံ့သြသလိုနားစိုက်ထောင်နေ၏။

"သူကပြောတယ်၊ ကိုကိုက ငါးသလောက်လဲ မဟုတ်ဘူး။ ငါးမြင်းရင်းလဲ မဟုတ်ဘူးတဲ့။ ဒါကြောင့် ပိုက်ချထားပေမယ့် ဝင်မတိုးဘူးတဲ့ သိလား။ အဲဒီတော့ သီသီကလဲလေ တို့များမအူပင်သူတွေ သဘောဖြူအူစင်းတွေကို အထင်မသေးပါနဲ့ဆိုတဲ့ သဘောနဲ့ သူတို့ရန်ကုန်မှာ အလွန်ရှားတဲ့ ပုစွန်ထုပ်ကြီးချဉ်ကို အော်ဒါမှာပြီးတော့ကို လက်ဆောင်ပေးလိုက်တယ်။

"အဓိပ္ပာယ်ကို မေမေသိလား၊ ဆိုလိုချင်တဲ့သဘောက မောင်နှမလိုစိတ်ရင်းနဲ့ ပုစွန်ချဉ်ထုပ်အကောင်းစား လက်





ဆောင်ပေးလိုက်ပေမယ့် မေမေတို့စီစဉ်သလို နယ်ကျော်အချစ်မျိုးနဲ့ချစ်ဖို့ကတော့ သီသီကလဲလေ ကိုကို့ကို 'ချဉ်' တယ်လို့ ပြောလိုက်တာသိလား၊ မှတ်ကရော။ မေမေတို့လုပ်ပုံက သမီးကို သိပ်ပြီးသိက္ခာကျစေတာပဲ။ ပိုက်ထောင်ဖမ်းမှ လင်တစ်ယောက်ရမယ့် မိန်းမစားမျိုး မဟုတ်ဘူး။

"ပြီးတော့ ပြီးတော့ ဖေဖေနဲ့မေမေစေတနာဘာယ်လိုထားထား၊ မေမေတို့နှစ်ယောက် လက်ထက်ပွားပစ္စည်းမဟုတ်ရင် သမီးလဲ မလိုချင်ပေါင်။ စွန့်ခြင်းကြီးငါးပါးနဲ့ကို စွန့်လိုက်ဦးမယ်။ မေမေတို့ပေးတဲ့ပညာကို အပြည့်အဝယူမယ်။ ကြွေရုပ်လိုလှတဲ့ မေမေသမီး သီသီဟာ မေမေကြွေရုပ်ထုပေမယ့် အနာဂတ်ကို စိုးမိုးချယ်လှယ်ဖို့က သမီးတို့မှာ ကိုယ်ပိုင်နှလုံးသားရှိပြီမို့ အချိန်တန်ရင် သမီးတို့အနာဂတ်ကို သမီးတို့ခြယ်လှယ်ဖန်တီးသွားမှာပဲ မပူပါနဲ့မေမေ။ လောဘတရားနဲ့ပါ၊ အနာဂတ်ကိုကြီးစိုးမှာ လူငယ်တွေပါလို့သာ မေမေတို့က ပြောတယ်။ မေမေတို့စည်းစိမ်တွေပြုတ်မှာစိုးပြီး တုန်လှုပ်နေတာက မေမေတို့၊ ဒါပါပဲ"

သီသီသည် နောက်ကိုလှည့်ကာ စန္ဒယားအဖုံးကိုဖွင့်လိုက်၏။

"အလုပ်လုပ်ဖို့ နောက်ဆုတ်သူ မကြည်ဖြူနိုင်
ပါသည်။ အမျိုးသားချင်း စာရင်းရှုပ်လျှင် ထုတ်ပယ်
စေရမည်။ ဖွဲ့သတ္တိရှိရမည်။ တာဝန်တွေကိုယ်စီထမ်း



www.burmeseclassic.com

www.burmeseclassic.com



ရမည်။ ကြမ်းရမည်။ လမ်းမှန်ကို လိုက်မည်။ ဩော် သားကောင်းမိခင်၊ နောင်တစ်ခေတ်တွင်မည်။ ဉာဏ် ပညာစွမ်းအားဂုဏ်ရည်၊ အာဇာနည်ကလေး များလို သည်။ မွေးရပေမည်။

ခင်မြသီသည် အသံကျယ်ကျယ်ဖွင့်၍ဆိုကာ စန္ဒယား ကို ခပ်ကြမ်းကြမ်းပင် တီးနေသည်။

ဒေါ်မြသွင်သည် သီချင်းကြီးလည်းမဟုတ်၊ ခေတ် ပေါ်လည်းမဟုတ်၊ ခေတ်ဟောင်းဟူ၍လည်း မဆိုသာ။ သူတို့ မေ့လျော့နေပြီဖြစ်သော ဂျပန်တစ်ခေတ်က အာရှလူငယ် သီချင်းကို သူ့သမီးသည် ဘယ်ကရလာသည်မသိ၊ ပွင့်လင်းစွာ အော်ဟစ်သီဆိုလိုက်သည်ကို သူအံ့ဩစွာ ကြားလိုက်ရပါ သတည်း။

ကဲ . . . ဘာများတတ်နိုင်ပါဦးမည်နည်း။

* * * * *



# အခန်း (၇)

## ရွှေဘယက်နှင့် မိနက်ကြီး

"ဟေ့ တစ်အိမ်လုံး တိတ်နေပါလား"

သုံးဘီးပေါ်မှ ပစ္စည်းများချနေသော ဖိုးခွားအသံကြောင့် သိဂီသည် မီးဖိုချောင်မှ ထွက်လာ၏။

"ဟာ . . . ကိုဖိုးခွားကြီး ပြန်လာပြီ"

သိဂီသည် ပစ္စည်းများကို အိမ်တွင်းသို့ ကူညီကာ သယ်ယူလိုက်၏။

"ထမင်းစားဖို့ ပြင်ရမလား၊ ကြီးတော်ရော၊ အစ်ကို ကျိုင်းရော အပြင်ထွက်သွားတယ်။ သူတို့ကတော့ ပြန်လာမှ မနက်စာ ထမင်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . အတော်ပဲ မအူပင်ပုစွန်ချဉ်ကို သူတို့ပြန်လာရင် ကျွေးရမယ်။ ရက်စွဲနဲ့ သေသေချာချာထုပ်ထားတာ။ ပဲနွးငါးဖယ်ချဉ်လိုပဲပေါ့။ သီဂီရေ လတ်လတ်ဆတ်ဆတ် ခုစားလို့ရမယ့် အထုပ်ကို ရက်စွဲကိုကြည့်ပြီး၊ အထုပ်ဖြေလိုက်နော်။ နံနံပင်ရယ်၊ ကြက်သွန်နီအစိမ်းရယ်၊ အဖြူလဲပါးပါးလှီးထည့်။ ဆီစိမ်းရွှဲရွှဲဆမ်း၊ ငရုတ်သီးစိမ်းလဲထည့်နော်။ သီဂီသုပ်တတ်ရဲ့လား"

"ကိုဖိုးခွားကလဲ နှမ်းဖတ်ချဉ်သုပ်နည်းအတိုင်းပါပဲ"

"ကိုယ်လဲ ရေချိုးလိုက်ဦးမယ်။ ထမင်းတော့ သူတို့ပြန်လာမှ စားတော့မယ်"

ရေချိုးပြီး ဖိုးခွားသည် သီဂီအနားသို့ ရောက်လာ၏။

"အဲဒီ ပုစွန်ချဉ်ကလေ ကိုယ့်ညီမခင်မြသီက စပယ်ရှယ်မှာပေးလိုက်တာ"

"ကိုဖိုးခွားရဲ့ ဘွားဘွားရော နေကောင်းရဲ့လား"

သီဂီသည် ကြက်သွန်နီ ဥကြီးများကို နွှာရင်းမေးလိုက်၏။

"ဘွားဘွားက အဘွားကြီးအိုသာဆိုတယ်၊ တို့များထက် အလုပ်လုပ်နိုင်သေးတယ်။ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်လို့"

"ဒီလိုဆို ဘာဖြစ်လို့ သူနေမကောင်းလို့ ပြန်လာပါလို့မှာတာလဲ"





ဖိုးခွားသည် သက်ပြင်းရှိုက်ကာ သီဂီအနားတွင် ထိုင်ချရင်းပြောပြ၏။

"လူကြီးဆိုတာ ဒီလိုပဲပေါ့။ သူတို့အစီအစဉ်လေးတွေ ပြောပြချင်တော့ ကိုယ်ပြန်မလာမှာ စိုးလို့ အကြောင်းပြပြီး ခေါ်တာ။ ဒါပေမယ့်လေ ဘွားဘွားရဲ့ အစီအစဉ်ကို ကိုယ်လက်မခံခဲ့ဘူး"

သီဂီ အံ့အားသင့်နေ၏။ သူတို့မြေးအဘွား၏ ကိုယ်ရေးကိုယ်တာ အစီအစဉ်ကို ထူးထူးခြားခြား ဖိုးခွားသည် ဘာကြောင့်များ သူ့ကိုပြောပြနေပါလိမ့်။

"စီးပွားရေးကတော့ ဘွားဘွားကြိုက်သလို စီမံလို့၊ ဒီဆန်စက်ပေါ် ကျွန်တော်သံယောဇဉ်မရှိဘူးလို့ ပြောခဲ့တယ်။ ဘွားဘွားရဲ့ နောက်ဆုံးရက်တွေမှာလဲတဲ့ လူကလေး သူ့အနားမှာရှိစေချင်တယ်တဲ့။ သားပြန်လာမှာပါလို့၊ ဘွားဘွားကို ပြုစုမယ့်သူတစ်ယောက်ကိုတောင် ကျွန်တော် အတူခေါ်လာမှာပါလို့ ကိုယ်က ဘွားဘွားကို ပြောခဲ့တယ်"

ဖိုးခွားသည် သူ့စကားလုံးများကို ထိုနေရာအရောက်တွင် ခေတ္တနား၍ ဖြည်းဖြည်းအေးအေး ဆက်ပြော၏။

"အဲဒီ ပြုစုမယ့်သူကိုတော့ ကျွန်တော့် ဘာသာရွေးချယ်ပါရစေလို့။ ကိုယ်ဆုံးဖြတ်ထားတာကတော့ တစ်နေ့ ကိုဖိုးခွား ပန်တပွတ်ပြန်ရင် ဘွားဘွားကို ပြုစုမယ့်သူဟာ သီဂီပဲဖြစ်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

သိင်္ဂီသည် ရုတ်တရက်ပင် ဘုရားတမိ၏။ တကယ်တော့ ဖိုးခွားသည် သုံးခွန်းသောစကားကို ဆိုနေပါပကော။ ထိုအခါကျတော့လည်း သူသည် မျက်လွှာကိုချမိ၏။ ရင်များကလည်း ခုန်လိုက်သေး၏။

"အမှန်တော့ အစောကြီးကတည်းက ကိုယ်လဲဒီစကားကို သိင်္ဂီကိုပြောသင့်တာပေါ့။ ခုတော့ ဘွားဘွားကိုလဲ အမည်သာ ဖော်မပြတယ်။ ကိုယ်ဘာလုပ်ချင်တယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီ။ သိင်္ဂီအနေနဲ့ တွေးဖို့၊ စဉ်းစားဖို့ အချိန်အများကြီးရှိတယ်။ ကြီးတော်ဒေါ်သင်းအုံကိုလဲ ဖွင့်ပြောနိုင်တယ်။ အစ်ကိုကျိုင်းကိုတော့ ကိုရွှေနွယ်ကတစ်ဆင့် နားဖောက်ရမှာပဲ။ အားလုံးအဆင်ပြေတယ်ဆိုရင်တော့ ဘွားဘွားကိုခေါ်လိုက်ရုံပဲ။ တစ်ခုခုကြောင့် အဆင်မပြေဘူးဆိုရင် ကိုဖိုးခွားအထုပ်ပြင်ပြီး တစ်နေရာသွားရုံပဲရှိတယ်။ ကိုယ်ခဏနားဦးမယ်"

ဖိုးခွားသည် ဒါပဲပြောကာ အိမ်ရှေ့ဘက်သို့ ထွက်သွား၏။ နံနက်ကအစောကြီးထရ၍ အိမ်လယ်ခန်းတွင် သူခေတ္တကျောဆန့်နားနေလိုက်၏။

နေ့လယ် တစ်နာရီလောက်မှ ကြီးတော်ဒေါ်သင်းအုံနှင့် မောင်ပေါက်ကျိုင်း ပြန်လာကာ နံနက်စာကို မျက်နှာစုံညီဝမ်းသာအားရ စားကြသည်။ သိင်္ဂီသည် ယခင်ကလောက် ဖိုးခွားကို ရဲရဲဝံ့ဝံ့ သွက်သွက်လက်လက်စကားပြောဖို့၊ ဆက်





ဆံဖို့ မရဲသလိုဖြစ်နေသည်။ အမှန်တော့ ဤကဲ့သို့သော အဖြစ်များကို သိင်္ဂီတစ်နေ့တွေ့ရမည်ပဲ ဖြစ်သည်။

ဖိုးခွားနှင့်မတွေ့လည်း အခြားသူတစ်ယောက်ကိုတော့ တစ်နေ့တွေ့ရမည်ဖြစ်သည်။ လျှောက်လာကတည်းက သံသရာခရီးလမ်း ဘဝဖြတ်နိဗ္ဗာန်လမ်းမှ မဟုတ်ပေပဲ။

ခရောင်းတောထင်ပေမယ့်လည်း သဲဖြူငွေရာဖမတ်ကာ၍ ပန်းများခင်းသောလမ်းကို တွေ့ချင်လည်းတွေ့တတ်သည်။

ငွေခရုနှင့် ဘိသိက်ခံ၍ သနပ်စင်ပန်းဦးကို ပန်ရသောမိဖုရားခေါင်ဘဝသို့ရောက်မည်ထင်၍ တော်ကောက်ခံပါသော်လည်း ငရဲပန်းကိုပန်၍ လည်မျိုကိုတုတ်တို အနှက်ခံရသောအနောက်နန်းမတော် မမြဖလေးလို ဇာတ်လမ်းကလည်း ကြုံတတ်သည်။

သူသည် သေချာစွာတွေးလျှင် ငွေကြေးတောင့်တင်းပါသည်ဆိုသော်လည်း အိုးသည် ဒေါ်သင်းအုံ၏ မွေးစားသမီးဖြစ်၏။

စက်ပိုင်ရှင်မြေးက အိုးသည်သမီးကို လိုချင်ပါသတဲ့။ လက်တွေ့ သူရင်ဆိုင်ကြားရပြီပဲ။ ပုံပြင်တော့ မဟုတ်နိုင်ပါဟူ၍ သူသည် မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် သူ့ရင်ထဲမှာ စကားဆိုမိ၏။ အခြေအနေကို စောင့်ကြည့်ဦးမည်။ တစ်အိမ်တည်းနေရ၍ မျက်နှာကတော့ အထားရခက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖိုးခွားထံမှ မောင်ရွှေနွယ်က သတင်းစကားကြားရချိန်တွင်မူ ဤဇာတ်လမ်းတွင် သူဒါရိုက်တာလုပ်မည်ဟုဆိုသည်။ ဇာတ်လမ်း စိစစ်ရေးအဖွဲ့က ပယ်ချတောင်မှ အချုပ်အခြာ အာဏာပိုင်ကြီး ဒေါ်သင်းအုံနားပေါက်အောင်သူလုပ်မည်။ သူတို့၌ ဘကြီးရွှန်းပိုတစ်ယောက်လုံး မှီခိုအားထားရာရှိသေးသည် မဟုတ်ပါလော။

"ငါ့နှမအရင်း မဟုတ်ပေမယ့် ငါ့မှာတော့ နှမအရင်းလိုပဲ သီဂိုကို ကာကွယ်စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်လေ"

မောင်ရွှေနွယ်က မောင်ပေါက်ကျိုင်းအား ဖိုးခွား၏အစီအစဉ်ကို ပြောပြသောအခါ မောင်ပေါက်ကျိုင်းသည် ဤစကားလုံးများကို စတင်ရွတ်ဆိုလိုက်၏။

"ဖြစ်ပါ့မလားကွာ၊ တော်ကြာ သူက စက်သူဌေးမြေးဆိုတော့ ငါ့နှမကိုများ အနိုင်ကျင့်မှဖြင့်"

"တစ်အိမ်တည်း အတူနေလာတာ၊ ဖိုးခွားအကျင့်မကောင်းရင် သီဂိုကို အုပ်ထိန်းသူတွေအသိမပေးဘဲ သူ့ဟာသူကြံစည်ရင် ရတာပေါ့"

"စက်သူဌေးမြေးနဲ့ အိုးသည်သမီးနဲ့"

မောင်ပေါက်ကျိုင်းက ရွတ်ဆိုပြန်၏။ မောင်ပေါက်ကျိုင်းကလည်း မယုံ၊ ခြေတော်တင်ရုံများ ဖြစ်နေမှဖြင့် . . .

"အဲဒါ ဘာဖြစ်လဲ၊ အစ်ကိုကျိုင်းကျတော့ ဘဒ္ဒနုဝတီ





မဟာဒေသွေးကို ဘာဖြစ်လို့ လိုချင်ရတာလဲ။ ရာဇဝင်ထဲမှာတောင် ဖြစ်နိုင်သေးရင် အစ်ကိုကျိုင်းမှာလဲ ဖြစ်နိုင်ရမယ်ဆို။ အစ်ကိုကျိုင်းတို့မောင်နှမကို ရာဇဝင်ဆန်ပါတယ်။ ရာဇဝင်ထဲမှာတော့ ဆိပ်ထိန်းကမ်းဖြူရွာသူ တောင်သူကြီးသမီးဖွားစောတောင် ပုဂံနန်းတော်မှာ လွှမ်းမိုးနိုင်သေးတာပဲ။ သီဂိုလိမ္မာဖို့ပဲလိုတယ်"

"ကောင်မလေးက စွာတာတာ မာနခဲလေးပဲ"

"အေးပါလေ ဖိုးခွားက ဒါတွေအကုန်သိထားတာပဲ။ ပြီးတော့ သူက ကြီးတော်တို့ကို လေးလေးစားစား မိသားဖသား ပီပီ ဦးစားပေးပြီး နားဖောက်တာပဲ။ ခိုးစားတာမှမဟုတ်ဘဲ။ ကြီးတော်ဒေါ်သင်းအုံနဲ့ အစ်ကိုကျိုင်းတို့ဘက်က 'အိုကေ' ဆိုရင် သူ့ဘွားဘွားကို မှာလိုက်ရုံပဲတဲ့"

မောင်ပေါက်ကျိုင်းသည်သက်ပြင်းချလိုက်၏။ ပြီးတော့မှသူသည် အသက်ရှူ ချောင်သွားသလို လေကိုပေါ့ပါးစွာ ရှူလိုက်၏။

"ဟော့ တကယ်တော့ တို့ဘယ်လိုပဲစဉ်းစားစဉ်းစား ဒီကိစ္စက ကြီးတော်ဒေါ်သင်းအုံပြီးမှ ပြီးရမယ့်ကိစ္စပဲ မောင်ရင်။ သူတို့နှစ်ယောက် စုံရင်တော့ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် တကောင်းနဲ့ပုဂံရာဇဝင်ထဲမှာတော့ တကောင်းကခေတ်ဦးနော်။ မောင်ပေါက်ကျိုင်းဇာတ်လမ်းပြီးမှ ပုဂံခေတ်မှာ ဖွားစောဇာတ်လမ်းကစရတာ။ တို့မောင်နှမမှာတော့ တကယ်လို့ အဲဆင်ပြေသွားရင် ဖွားစောဇာတ်လမ်းက အရင်ကဖြစ်သွားတာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ၊ ပြီးတော့လဲ ဖိုးခွားစိတ်ကို သံသယ ရှိဖို့မလိုပါဘူး။ မိသားဖသားပီပီ နားဖောက်တဲ့အလုပ်ပဲ။ မဖြစ်ဘူး၊ ဖြစ်နိုင်တယ်ဆိုတာ အစ်ကိုကျိုင်းတို့ဘက်က စကားပြန်ရုံပဲ"

"အင်းလေ ကိုယ် ကြီးတော်ဒေါ်သင်းအုံကို ပြောပြမယ်"

မောင်ပေါက်ကျိုင်းသည် ပင်ကိုက ဖိုးခွားကိုခင်သော စိတ်ရင်းကြောင့် ကူညီရန် စိတ်အားထက်သန်နေသည်။

သူတို့ထင်သလောက်တော့ အခြေအနေမှာ မခက်ခဲပါပေ။ ကြီးတော်ကို မောင်ပေါက်ကျိုင်းပြောပြီးသောအခါတွင်မူ ကြီးတော် စကားလုံးက ခံ့ညားရှ ကြွန်ရေရပေသည်။

"တို့ကို လမ်းဘေးအိုးဆိုင်က အိုးသည်သမီးဆိုပြီး ဖိုးခွားနဲ့အဘွားက နှိမ်မှာတစ်ခုပဲ ကြီးတော်စိုးရိမ်တယ်။ ပြီးတော့လဲ တချို့ကလဲ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲ။ ကြီးတော်က ထောင်ပြီးဖမ်းချင်လို့ လက်ခံကျွေးမွေးထားတာလို့ အထင်သေးတတ်တယ်။ တို့များက အညာသူ။ အခုရန်ကုန်မှာ အခြေကျလို့ ကိုယ့်ဟာကိုယ်တောင့်တင်း ခိုင်မာလာတဲ့အခါ ဘယ်သူပဲဖြစ်ဖြစ် ရန်ကုန်မှာအလုပ်အကိုင် အဆင်မပြေခင် ကျောတစ်နေရာစာ၊ ထမင်းတစ်နပ်စာအတွက် အဆင်ပြေပါစေလို့ စေတနာနဲ့ လက်ခံထားတာကို အထင်လွဲမှာတော့ ကြီးတော် စိုးရိမ်တယ်လေ"





ကြီးတော်သည် လေးလေးနက်နက် ဖြည်းဖြည်းဆေးဆေး ဒီလိုလူ့ကို မျက်နှာချင်းဆိုင်၍ ပြဿနာတစ်ခုခုကို မဆွေးနွေးမပြောဘူးပေ။

"အမှန်တော့ အုပ်ထိန်းသူဆိုတာ ကိုယ့်သားသမီး အရွယ်ရောက်လာရင် သင့်တော်ရာလူကို မှန်းတာပဲ။ သင့်တော်တဲ့သူနဲ့တွေ့ရင်လဲ ရင်ထဲမှာ ပေးစားချင်တာပဲပေါ့။ အေးခက်တာက အထက်လွှာမှာ လူသိရှင်ကြားထောင်ပြီး ဖမ်းတောင် အပြစ်ကခွင့်လွှတ်ကြပေမယ့် ကြီးတော်တို့လို အနေနဲ့ကျရင် လူတွေကခပ်နှိမ်နှိမ်ရယ်။ လွှတ်ပေးတယ်။ အရအမိ လိုက်တဲ့သဘောမျိုးပြောလာတတ်ကြတယ်။ တော်ပါသေး။ သိဂီ က ငြိမ်တဲ့သမီးမို့။ ကြီးတော်ငါ့တူကို ရှင်းရှင်းပြောရရင် အညာသူအပျိုကြီးအဖြစ် ခုထိနေလာခဲ့တာ ရန်ကုန်ပတ်ဝန်းကျင်ကို ရွံလွန်လွန်းလို့"

ကြီးတော်မှာလဲ မာန်နှင့်ပါတကား။

"မင်းတို့အသိပဲ၊ ခုအချိန်မှာတော့ ရှက်စရာမဟုတ်ပါဘူး။ မင်းတို့ရဲ့ ဘကြီးရွှန်းပို သူ့သားပြဿနာ မပေါ်ခင်ကတည်းက ကြီးတော် နေရေးထိုင်ရေးရော၊ စီးပွားရေးရော ကူညီရင်းက လက်ထပ်ခွင့်တောင်းခဲ့တယ်"

ငါးဆယ်ကျော်တွေမှာလဲ ငါးဆယ်ကျော်ဇာတ်လမ်းနှင့် ပါတကားဟု မောင်ပေါက်ကျိုင်းသည် နားထောင်ရင်း တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော် ခေါင်းမညိတ်ခဲ့ဘူး။ သူ့ကိုရေရှည်မျှားထားတဲ့အထင်မျိုး မရောက်ဖို့တော့ ကြီးတော် ပွင့်ပွင့်လင်းလင်း ပြောခဲ့တယ်။ တစ်နေ့တော့ ဖြစ်ချင်ဖြစ်နိုင်လိမ့်မယ်လို့တော့ ပြောပြခဲ့မိတယ်လေ။ ဒါနဲ့ပဲ အချိန်ကအသက်ငါးဆယ်နီးလာကြတာ"

မောင်ပေါက်ကျိုင်းသည် မရဲတရဲနှင့် ကြားဖြတ်၍ ဝင်ပြောမိ၏။

"ကြီးတော် ငါးဆယ်ဆိုပေမယ့် ကိုယ့်ဘဝကို ကိုယ်စချင်တဲ့အချိန် စလို့ရပါတယ်။ ဘကြီးရွှန်းပိုကို ခုအချိန်မှာလက်ခံဖို့ နောက်မကျသေးပါဘူး"

သူသည် သီဂီအကြောင်းပြောရင်းက ဘယ့်နှယ် ဘယ့်နှယ် ဘကြီးရွှန်းပိုဘက် ရှေ့နေလိုက်ကာ နားဖောက်ချင်နေမိပါပကော။ သူ့ရင်ထဲမှာတော့ သူ့ကြီးတော်သည် သူ့အမေလိုတောင်အိုစာခြင်းမရှိ။ ရန်ကုန်ရေမြေလိုက်လို့ပဲလား။ အပျိုကြီးမို့လို့ပဲလား။ အပြင်အဆင်ကြောင့်လား။ အညာသူကျေးတောသူနှင့် ဘာမှမတူတော့ပေ။

သူ့ချစ်သူ ဘဒ္ဒနုဝတီတောင် (၄၀)ကျော်ပါပြီဆိုလျှင် ဘယ်သူမှ မယုံနိုင်အောင် ရန်ကုန်သည် အလှကိုခြယ်တတ်၏။

"ဒါကတော့ ကြီးတော်ရဲ့ အကြောင်းကံပေါ့လေ။ တစ်နေ့ဖြစ်ချင်လဲဖြစ်ပေမပေါ့။ ဒီလိုရှိတယ်လေ။ ပထမက





ကြီးတော်အပေါ်မှာ စီးပွားရေးနဲ့ပတ်သက်ပြီး သူအမြင်လွဲထားတာတွေရှိတော့ ကြီးတော်က သူ့ကိုအတူတွဲပြီး ဘာတွေလုပ်တယ်ဆိုတာလဲ လက်တွေ့ပြလိုက်တယ်။

"သူက တပ်မတော်လူထွက် စစ်ပြန်ကြီးလဲဖြစ်ပြန်၊ သွေးခွဲစကားပြောတာတော့ မဟုတ်ဘူး။ ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်ဆိုတော့ စိတ်ဓာတ်ရှိနဲ့ တိုင်းပြည်ပေါ်အမြင်၊ တပ်မတော်အပေါ်ထားတဲ့ သံယောဇဉ်တွေကတော့ စံထားလောက်တယ်။ ထမင်းငတ်လို့ သေပစေ။ တပ်မတော်ကိုမှီပြီး စီးပွားမရှာဘူး။ တိုင်းပြည်ကို ထိခိုက်မယ့် စီးပွားရေးဆို မလုပ်ဘူးနဲ့ နိုင်ငံရေးသီလ၊ စီးပွားရေးသီလတွေ ထိန်းရတာအမောပဲ"

ကြီးတော်သည် သူ့ချစ်သူကို လက်ထပ်သောအဖြစ်သို့မရောက်သေးပေမယ့် စိတ်ဓာတ်တက်ကြွစွာနှင့် စိတ်ဝင်စားစွာ ဂုဏ်ယူ၍ပြောပြနေ၏။

"သူ ကြီးတော်ကို ပြောပြတာက ကြီးတော်ဟာ စီးပွားရေးကို ကလား။ တရုတ်နှင့်အပြိုင် ကောက်သင်းကောက်သလို လုပ်တာကိုတော့ သူသဘောကျပါသတဲ့။ ဒါပေမယ့် ဆီစာအုပ် အပေါင်ခံတာဟာ သမဝါယမစနစ်ကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်တဲ့အပြင် ဓနရှင်အတိုးကြီးစားအလုပ်တဲ့။ ကြီးတော်က ရယ်တာပေါ့။ စာရေးဆရာကြီး အဘိနန္ဒသူရဲ့၊ ဒီနေ့ရှားရှင်ဟာလက်ရည်တစ်ပြင်တည်း လူထုနဲ့အတူမနေ၊ လူထုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်ဆက်ဆံမနေဘူးဆိုတာ သိပ်ထင်ရှားတာပဲလို့။ တခြားသူသာ ဝေဖန်ရင် သူ့ဒေါသဖြစ်လိုက်မယ့် ဖြစ်ခြင်း။ မိနက်၊ မိနက်ကိုသိရဲ့လားလို့ ကြီးတော်က မေးလိုက်တယ်”

ကြီးတော်သည် စကားကို စိတ်ဝင်စားဖွယ်ရာ ပြောတတ်ပေသား။

“မင်းတို့ကော မိနက်ကို သိလား”

“ဟိုဒင်း . . . ဟိုဒင်း ရာဇဝင်ထဲမှာ ယောက်ျားတွေနဲ့ ယှဉ်ပြိုင်ပြီး စစ်တိုက်ရဲတဲ့ မယ်ဘယက်တို့၊ မိနက်ကြီးတို့လား”

“စာရေးဆရာ အလောင်းအလျာတွေရယ်၊ စာတွေဖတ်၊ ရာဇဝင်တွေသာလိုက်စားနေတော့ မင်းတို့က ရာဇဝင်ပါ မိနက်ကိုသာ သိပေမပေါ့။ ကြီးတော်တို့က မင်းတို့လောက်တော့ စာမတတ်ပါဘူး။ လက်တွေ့ခေတ် တာမွေဈေးထဲက ငါးစိမ်းသည် မိနက်ကိုပြောတာ”

ကြီးတော်သည် သူ၏တစ်ဖက်သတ်ချစ်သူကြီး ဘကြီးရွှန်းပိုအကြောင်းမှ ငါးစိမ်းသည် မိနက်ဆီသို့ ရောက်သွားပြန်သည်။

“ဆိုပါဦး၊ အဲဒီမိနက် ဘာဖြစ်လို့လဲ”

“ငါးစိမ်းသည် ကုလားမမိနက်ဆိုရင် တာမွေဈေးထဲမှာ ကုန်စိမ်းသည်ကအစ ဗျပ်ထိုးခေါင်းရွက် အကြော်သည်





တွေအထိ သိတယ်။ မင်းတို့ရာဇဝင်ထဲက မိနက်ကြီးကို တာမွေဈေးက ကုန်စိမ်းသည်တွေ မသိဘူးကွယ့်။ အဲဒီမိနက်ကို အားလုံးကကြောက်ရတယ်။ ငါးစိမ်းသည်သာဆိုတယ် ရွှေလက်ကောက်က တစ်တောင်ဆစ်ရောက်ရော။ လည်ပင်းမှာ ရွှေဘယက်က ငါးရောင်းရင်းတောင် ဆွဲထားတယ်။ သူ့အလုပ်က ငါးရောင်းရုံတင် မဟုတ်ဘူး။ ဗျပ်ထိုးခေါင်းရွက်တွေကို နေ့ပြန်တိုး ငွေချေးတယ်။

“ဈေးသည်လေးတွေမှာ ညနေတိုင်ကျရင် သူချေးတဲ့ငွေအလုံးအရင်းရှိသေးတဲ့အကြောင်း ပြရတယ်။ ဆီစာအုပ်ကို အပေါင်ခံတယ်။ ရသမျှပစ္စည်း အကုန်ထုတ်၊ ပြည်သူ့ဆိုင်က ဆန်တစ်ပြည် တစ်ကျပ် ၉၅ ပြား။ မိနက်လက်ထဲရောက်တော့ တစ်ပြည် ၄ ကျပ်၊ ဒါပေမယ့် အရင်းအနှီးမရှိတဲ့ ဈေးသည်လေးတွေမှာ ဖော်လဲမပြောရဲ၊ ခေါင်းငုံ့ခံ သူ့ဆီကငွေယူရတာပဲ။

“အဲဒီတစ်ချိန်မှာ ကုလား၊ တရုတ်၊ ငွေကြေးအရင်းမြှုပ်နိုင်တဲ့သူတွေက ငွေရင်းစိုက်ပြီး ဆိုင်ပေါက်စနလေးတွေထွက်နိုင်းတာ တစ်ဈေးလုံး လူမျိုးခြား အရင်းရှင်တွေ လက်အောက်ရောက်နေတာ ရှင်မြင်လားလို့ ကိုရွှန်းကို ကြီးတော်က မေးရတယ်။ ပြီးတော့လေ မင်းတို့ချစ်တီးကိုမြင်ဘူးလား”

မောင်ပေါက်ကျိုင်းသည် စိတ်အတွင်းမွှေးဖွားလာသူမို့ သူ့မျက်လုံးထဲတွင် ချစ်တီးဆိုသည်ကို ရေးရေးသာ မြင်တော့သည်။ ချစ်တီးတစ်ခေတ်၏ သရုပ်သဏ္ဌာန်တစ်ခေတ်ကိုတော့ သူမမီလိုက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော် ရင်ထဲမှာစွဲနေတယ်။ ချောင်းဦးက ဒေါ်မယ်ညွန့်ဆီ သွားလည်တဲ့နေ့၊ အမျိုးသာဆိုတယ် တစ်ဦးနဲ့တစ်ဦး မမြင်ဘူးတော့ သွားလည်ကြတယ်။ ချောင်းဦးက သခင်စံဆိုရင် ရှေးသခင်ကြီးတွေထဲမှာ မသိသူခပ်ရှားရှား။ သူ့သားသခင်သက်တင်ဆိုတာလဲ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်အောင်ဆန်း ဘဝတုန်းက ရေကျော် တို့ဗမာအစည်းအရုံးမှာ လက်စွဲတော်ကြီးပေါ့။

"အဲဒီတုန်းက ဒေါ်ဒေါ်ညွန့်နဲ့သခင်စံက ချစ်တီးတွေကို ချောင်းဦးဝင်လာတာ နိမိတ်မကောင်းဘူးတဲ့။ မကြာပါဘူး။ မိနက်ကြီးထက်ဆိုးသေးသပေါ့။ ပဲပေး၊ နှမ်းပေးနဲ့အရင်းအနှီးမြုပ်နှံပြီး သွေးစုတ်ကောင်းလိုက်တာ တစ်ခါတည်း လယ်ယာတွေပါမက အမျိုးသမီးတွေ သွေးပါစုတ်သွားလိုက်တာ ကံကောင်းလို့ပြုတ်ပြုတ်မပြုန်းတယ်"

ကြီးတော်စကားသည် ဘကြီးရွှန်းနှင့်သူ့ အချစ်ဇာတ်လမ်းမှသည် ရွှောယက်နှင့်မိနက်ကြီးအလယ်ရောက်ကာ ချစ်တီးဇာတ်လမ်းကို ဆက်သွားပြန်သည်။

"အဲဒီကတည်းကလေ ချစ်တီးကျင့် ချစ်တီးကြံနဲ့ အလုပ်ဟူသမျှ ကြီးတော် နည်းနည်းမှကြည့်လို့မရဘူး။ မင်းတို့အမေနဲ့ခွဲပြီး ကြီးတော် ရန်ကုန်ဆင်းလာတော့ ဒီအိုးဆိုင်ကို အခြေချရောင်းပေမယ့် စိတ်ရင်းက သခင်စံ သွင်းပေးလိုက်တဲ့ စိတ်ဓာတ်အတိုင်း ဝိသမလောဘနဲ့ မှန်သောအသက်မွေးမြူခြင်း မဟုတ်ရင် မလုပ်ဘူးလို့ ဆုံးဖြတ်ထားတာ။ တဖြည်းဖြည်း





စီးပွားလဲဖြစ်လာရော ကန့်လန့်ကာနောက်ကွယ်က ကုလား၊ တရုတ်အရင်းယူပြီး မှိုလိုပေါက်လာတဲ့ လူမျိုးခြားဆိုင်လေးတွေနဲ့ ပြည့်လာတဲ့ တာမွေဈေးမှာ ကြီးတော်က ခေါင်းရွက်ဈေးသည်လေးတွေကို အရင်းမတည်ပေး၊ အသက်ဆက်ပေး၊ မိနက်ကြီးလက်ထဲရောက်မယ့် ဆီစာအုပ်တွေကို ကြီးတော်က လက်ခံရတာပေါ့။

"သူတို့တွေက သစ္စာမဲ့ကြလေတော့ ဆီစာအုပ်ကိုပြင် အာမခံထားရတယ်။ မိနက်လို အကုန်သိမ်းကျုံးလဲမယူဘူး၊ ဆန်ကို အပြည့်အဝ စာအုပ်ပိုင်ရှင်တွေအားလုံး ထုတ်ယူ၊ ကျန်တာ သူတို့မယူနိုင်တဲ့ပစ္စည်းကို ကြီးတော် ထုတ်ယူတယ်။ မင်းက စာရေးဆရာဖြစ်ချင်လွန်းလို့ ကြီးတော်က အသေးစိတ်ပြောပြနေတာ။ ကိုရင်နဲ့တွေ့တော့ ကိုရင့်ကိုပြောပြရတယ်။ တပ်မတော်သားကြီးရယ် ကိုရင်ရွှန်းတို့က ကောင်းကင်က ဂြိုဟ်တုတို့ မျှော်မှန်းပြီး လေဟာပြင်ထဲမှာပဲ ကျွမ်းထိုးထိုး၊ မိသင်းအုံတို့မှာတော့ မြေပြင်မှာ မိနက်ကြီးနဲ့ အပြိုင်ချဲနေရတယ်။

"သူလဲ ဒီတော့မှ သေးဖွဲတယ်၊ သိမ်ငယ်တယ်ထင်တဲ့ စီးပွားရေးကို ကြီးတော်နဲ့လက်တွဲပြီး ဝင်ကူတယ်။ သူ့ရဲ့သံဖြူဆိုင်ကိုလဲ ဖိမိုးစီးလုပ်ရင်း အရင်းအနှီးမရှိ ပညာလဲမဲ့ ပလက်ဖောင်းလူငယ်လေးတွေကို သံဖြူဆိုင်တစ်ခုနဲ့ သူလုပ်ကျွေးနိုင်တာပေါ့။ ကဲ စီးပွားရေးနဲ့ပတ်သက်ပြီး ကိုရွှန်းကသံသယ ရှင်းပြေလည်သွားပေမယ့် ဘာကြောင့် ကြီးတော်ရယ် ဘကြီးရွှန်းကို လက်မထပ်သေးတာလဲလို့ မေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေါက်ကျိုင်း အလွန်မျှော်လင့်နေသော အချစ်ဇာတ်လမ်းသည် စလာချေပြီ။ အချစ်မပါလာရင် ဝတ္ထုဇာတ်လမ်းက စိုစိုပြည်ပြည်မရှိတတ်။ ထို့ကြောင့် ဆက်လက်ပြောပြမည့်ဇာတ်လမ်းကို မောင်ပေါက်ကျိုင်း ပိုမိုစိတ်ဝင်စားပါ၏။

"ကိုရွှန်းကို တခြားလူတွေက တိတိလင်းလင်းပြောပြရဲမှာ မဟုတ်ဘူးလို့ ကြီးတော်ကတော့ ပြောပြလိုက်တယ်။ ကိုရွှန်းရင်ထဲမှာ သားနဲ့ပတ်သက်ပြီးတော့ ခံစားရတဲ့ ဝေဒနာဖြစ်ရခြင်း အကြောင်းတရားခံအစစ်ဟာ ကိုရွှန်းပဲလို့ ကြီးတော်ဒီလိုပြောတော့ သူပါးစပ် အဟောင်းသားနဲ့ ဖြစ်သွားတယ်။ ကိုရွှန်းတို့ဟာ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာရော၊ တပ်မတော်အပေါ်မှာ ရောထားတဲ့စိတ်ထား သစ္စာတရားကို အကြွင်းမဲ့ ယုံကြည်ပါတယ်။ ချီးကျူးပါတယ်လို့။

"ဒါပေမယ့် ကိုရွှန်းရဲ့သားအပေါ်မှာ ထားတဲ့စိတ်ကို ကျွန်မ မကြိုက်ဘူးလို့။ ကိုရွှန်းက ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်စည်းကမ်းစနစ်တကျနေလာသလောက် ကိုယ့်သားကျတော့ လျှော့တွက်တယ်လို့။ လျှော့ရင်းလျှော့ရင်းက နောက်ဆုံးဒီကြီးက ကိုရွှန်းရဲ့သားကိုပတ်ပြီး ထောင်ထဲရောက်တဲ့အထိ အတုပ်အနှောင်ခံရတယ်လို့ ဟုတ်တယ်လေ။ သူတို့ဘဝကိုဆင်းပြီး ပေးမတွေ့နိုင်းတော့ သူတို့ရဲ့သားတွေဟာ မြေမဆန်ပဲ ကောင်းကင်လေမိပြီး မိုးပျံနေရာက မုန်တိုင်းလဲစဲရော မြေကြီးပေါ်လဲပြုတ်ကျ၊ လူလဲလူလုံးမလှဖြစ်ရရောလို့ ကြီးတော်က သူ့ ကိုဝေဖန်လိုက်တယ်"





"အဲဒါနဲ့ ကြီးတော်တို့ လက်ထပ်ရေးကဆိုင်းနေရတာလဲ" ဟု မအောင့်နိုင်တော့ဘဲ မေးခွန်းထုတ်လိုက်၏။

မောင်ပေါက်ကျိုင်းသည် သိလိုလှပြီ။ ပန်းပွင့်သစ်ပင်များအကြောင်း ရေးသည်ဆိုတောင် ပန်းမျိုးစေ့ချင်း အဖိုအမကိစ္စက ပါရစမြဲ။ ပန်းပွင့်တို့က ကွာခြားကြီးလွန်းနေပါလျှင်လည်း ကြားထဲက ဆက်သွယ်ရေးကို လိပ်ပြာက ပါရသေးသည်။ တစ်ခါတစ်ခါကို လိပ်ပြာက ဆက်သွယ်ရေးလုပ်ရင်းက ပန်းဝတ်ရည်တို့ ကြားဖြတ်ခေါင်းပုံဖြတ်၍ စုပ်တတ်သေး၏။ တကယ့်ကုပ်သွေးစုပ် ဝတ်ရည်စုပ်ရာတွင် ရေ့တန်းကအုပ်စုမှာတော့ ကိုရွှေပျားတို့ပါပင်တည်း။

ကဲ...သတ္တလောကမှာရော၊ ဩကာသလောကမှာရော ဒီအချစ်က ပါရစမြဲမို့ မောင်ပေါက်ကျိုင်းသည် ကြီးတော်၏ အချစ်ဇာတ်လမ်းအဖွင့်ကို နားထောင်ဖို့အတွက် စိတ်ဝင်စားလာသည်မှာ မဆန်းပါ။

"အို..ရှင်းပါတယ်။ မောင်ပေါက်ကျိုင်းရယ်၊ ခုလိုအနေနဲ့ပြောပြဝေဖန်လိုက်တော့ သူငါ့ကို တကယ်ချစ်လို့၊ ငါ့အကျိုးလိုလားလို့၊ တကယ်ပဲ ငါ့ရဲ့ချွတ်ယွင်းချက်ကို တင်ပြပါကလားလို့ ယူဆမယ်။ လက်ထပ်လိုက်ပြီးမှ ပြောရင် အမလေးသူ့သားကို မိခွေးမို့လို့ ရက်ရက်စက်စက် ပြောရက်တယ်လို့ အထင်လွဲမှားစရာတွေက အများကြီးပြဿနာပေါ်လာမယ်။

"မောင်ပေါက်ကျိုင်းရေ၊ မင်းက ရာဇဝင်ဆန်ချင်သူမို့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်က ရာဇဝင်စကားနဲ့ပဲ ပြောပြရဦးမယ်။ လှိုင်ထိပ်ခေါင်တင်ဟာ ပေးနေကျဆံသဖို့စပယ်ဆီကို သမီးတော် စမ္ပာနကိုမင်းသမီးကို စေတနာနဲ့ပေးလိုက်တာပဲ၊ ဘယ့်နှယ်ဘယ့်နှယ်ဖိုးဟပ်သေလေးတစ်ကောင်ပါသွားလဲ မသိပါဘူး၊ ကဲ–စမ္ပာနကိုမင်းသမီးလဲ မျက်ရည်လည်ရွှဲနဲ့ မိဒွေးမို့လို့သာ သူ့ကို ဒီလိုမသန့်တဲ့စပယ်ဆီကို ပေးရက်လေခြင်းလို့ ခမည်းတော်ကနောင်မင်းသားကို သွားတိုင်လိုက်တာ တစ်ခါတည်းလက်သုံးတော်သီလဝံတေးနဲ့ ပိုင်းသတ်မယ်လို့ လှိုင်ထိပ်ခေါင်တင်မှာအရှယ်ခံရတယ်မို့လား"

"ဒါကြောင့် ဘာပြောပြော ကိုရွှန်းက ဒေါသကြီးကြီးရယ်၊ လက်သုံးတော်ဓားနဲ့ထပိုင်းရင် ကျွန်မ ဂျူးဒိုလဲမတတ်၊ ကရာတေးလဲမတတ်နဲ့ အချောင်အသေခံရမှာလို့ လှိုင်ထိပ်ခေါင်တင်လို နာဂဆဒ္ဒါန်ဘောဘယ်တွေ ပတ်ပျိုးတွေလဲ မစပ်တတ်၊ ဂီတနဲ့တေးတွေ ဘာတွေအမျက်ပြေတီးပြီး လင်တော်မောင်ကို ချော့ဖို့ကလဲ သံပုံးတောင် မတီးတတ်လို့၊ ဒါကြောင့်ဒီဘဝအတွက် မောင်ကြီးလက်လျှော့ နေလေဦးတော့လို့ ပြောထားရတယ် ငါ့တူရေ"

အမလေး သူ့ကြီးတော်သည် စကားအရာ၌လည်းအသုံးအနှုန်း ကြွယ်ဝလှပါတကား။

ဤနေရာမှာ စာရေးဆရာမ နှင်းပွင့်သာဆိုလျှင်အပျိုကြီးဖြစ်ရခြင်း အကြောင်းရင်းကို ရေးမည်ဖြစ်သည်။

ယခုတော့ နဂါးနိုင်ကြီးသည် သူ့မျက်မှောက်ထင်ထင်





ကြီးတော်နှင့်ဘကြီးရွှန်း၏ အချစ်ဝတ္ထုကို ဘယ်လိုရေးရပါ့၊ ရေးချင်လိုက်သည့်ဖြစ်ခြင်း၊ ဝတ္ထုက နှယ်နှယ်ရရမဟုတ်။ မာဂရက်မစ်ချယ်တို့လို လေရူးသုန်သုန် ဝတ္ထုမျိုးထက်ပင်ခေတ်စုံသေး သည်။ ဒါဟာ အမေရိကပဲဟု သရုပ်ပေါ်အောင်ရေးရာ၌ အမေရိကန်တို့ ဂန္ထဝင်အဖြစ် ဂုဏ်ယူသောဝတ္ထုမဟုတ်ပါလား။

စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီးကလည်း ရုရှားစာရေးဆရာတော်စတွိုင်း၏ ဒါဟာဆိုဗီယက်ရုရှားဟူ၍ ဂုဏ်ယူနိုင်အောင်ဂန္ထဝင်မြောက် ဝတ္ထုရှည်ကြီးပါတကား။

ကဲ . . . ဒါဟာ ဗမာကွဟု လက်ညှိုးထိုးပြရအောင်ဝတ္ထုတစ်ပုဒ်ကို အခြေအနေခိုင်ခိုင်မာမာနှင့် သူမှမရေးလျှင်ဘယ်သူရေးမည်နည်း။ နဂါးနိုင် မောင်ပေါက်ကျိုင်းရေးတော့မည်။

ယောက်ဖလောင်း ဖိုးခွားကို ကျေးဇူးတင်ရပေသေး၏။ ဖိုးခွားနှင့်သိကို အချစ်ဇာတ်လမ်း မပေါ်ခဲ့လျှင် ကြီးတော်နှင့်ဘကြီးရွှန်းပိုတို့ အသေးစိတ်မြုပ်ကွက် အချစ်လမ်းခရီးအကြောင်းကို သူသိခွင့်ကြုံမည်မဟုတ်။ ယခုတော့ သိရပြီ။

ဇာတ်လမ်းက နိုင်မာတောင့်တင်းရုံမက ခေတ်သုံးခေတ်မက ချစ်တီးခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်ဦးလွတ်လပ်ရေးခေတ်လယ်၊ ဗမာတို့စီးပွားရေးခေတ်ပြောင်းတော်လှန်ရေးခေတ်။ ဟင်း . . . မော်ကွန်းဝင် ပထမဆင့်ကခေတ်သုံးခေတ် သူရဲကောင်းတို့သာ ရစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေါက်ကျိုင်း ရေးမည့်ဝတ္ထုကြီးက ကမ္ဘာ့ဂန္ထဝင် မကဂြိုဟ်တုကတစ်ဆင့် စကြဝဠာဟိုဘက်ကိုတောင် ဝင်နိုင်သေးသည်။

မောင်ပေါက်ကျိုင်းသည် အားမာန်ပြည့်လာပြန်သည်။ ဆရာသမားတို့ မိန့်ဆိုခဲ့သည်မှာ မှန်ပေသား။

"မေးပါများစကားရ"

ယခု ရုရှားတင်မက ကြီးတော်ထံမှ နိုင်မာသော ဝတ္ထုဇာတ်လမ်းရပေပြီ။

"သွားပါများလျှင်လည်း တစ်နေ့ ဘဒ္ဒနုဝတီကိုတွေ့ဖို့ခရီးရောက်နိုင်၏"

"မအိပ်မနေ ကြိုးစားလျှင် သူ၏ဂန္ထဝင်ဝတ္ထုကို ဘဒ္ဒနုဝတီ အကူအညီနှင့် အမှုကွန်းတင်နိုင်မည် မဟုတ်ပါလား။

သူ့ဝတ္ထုကြီးကို 'တကောင်းအဘိရာဇာ' ဟုအမည်ပေးမည်။ သူ၏ဆရာသမားတစ်ယောက်ဖြစ်ပါသော အောင်ဗလပင်လျှင်ကုန်းဘောင်ခေတ်နှောင်းကို အခြေခံ၍ 'သတင်းစာဆရာ' ဟူသော ရာဇဝင်ဝတ္ထုကို ရေးခဲ့သည်မဟုတ်ပါလော။

သူသည် တကောင်းခေတ်မှသည် မျက်မှောက်ခေတ်ကြီးတော်နှင့်ဘကြီးရှန်းပိုခေတ်အထိ ရေးမည်။ မှတ်ကရော၊ ကျယ်ဝန်းလိုက်တဲ့ကဏ္ဍတွေ။ ဇာတ်ကောင်တွေကလည်း များလိုက်မည့်ဖြစ်ခြင်း။





များပစေ၊ ဘယ်သောအခါမှ မအိုသော စာရေးဆရာ ဒဂုန်တာရာက ကမ္ဘာ့အေးကုန်းမြေတွင် စာတန်းတင်၍ ပြောခဲ့သည်မဟုတ်ပါလား။ ဆိုရှယ်လစ်ဝတ္ထုဆိုသည်မှာ ဇာတ်ကောင်များရမည်တဲ့။ ပဲရစ်တွင် ဆိုရှယ်လစ်ဝတ္ထုတစ်ပုဒ်မှာ ဇာတ်ကောင်များလွန်း၍ ဖတ်သူက ခဲတံတစ်ချောင်း၊ စာအုပ်တစ်အုပ်ဘေးမှာထားကာ ဇာတ်ကောင်များအမည်ကို စာအုပ်ထဲရေးမှတ်၍ဖတ်ရ၏တဲ့။

ကဲလေ မဟာသာကီဝင် လက်ရှိပစ္စုပ္ပန် တကောင်းပြည်သား မောင်ပေါက်ကျိုင်း၏ ဆိုရှယ်လစ်ဝတ္ထုကြီးက ပဲရစ်ဆိုရှယ်လစ်စာရေးဆရာနှင့်အပြိုင် ဆိုရှယ်လစ်ဝတ္ထုအစစ်မှ စစ်စစ်စစ်စစ်နှင့်ပြည့်ရုံမက ဇာတ်ကောင်များစာရင်း၊ အခန်းငယ်ကဏ္ဍခွဲလေးများ၊ ခေါင်းစဉ်ငယ်လေးများပါ စာဖတ်သူ မမေ့အောင် ကွန်ပျူတာစက်ကို အနားမှာထား၍ တွက်ချက်ယူရအောင်ကို မောင်ပေါက်ကျိုင်းကရေးရန် သန္နိဋ္ဌာန်ချလိုက်ပါ၏။

သူ၏စိတ်ကူးယဉ် အိမ်ကြီးထဲမှာ တကောင်းအဘိရာဇာဝတ္ထုကြီးစ၍မရေးခင် သိင်္ဂီနှင့်ဖိုးခွားတို့ စေ့စပ်ကြောင်းလမ်းပွဲက လက်တွေ့အောင်မြင်သွားသည်။

အိုးဆိုင်အိမ်လေးမှာပင် ကြီးတော်သည် ဖိုးခွား၏အသွားကိုလက်ခံ၍ စကားပြော၏။ သိင်္ဂီဘက်မှ ဦးဆောင်စကားပြောသူမှာ ဦးရှန်းပို၊ ဖိုးခွားဘက်မှ စကားပြောသူမှာ ဘွားဘွားဒေါ်ဖင်၊ ဖိုးခွား၏ဦးလေးဦးအောင်ရွှေတို့လင်မယားမှာ လိုက်ပါလာခဲ့ခြင်းမရှိ။ မမျှော်လင့်ဘဲ ပါလာသူမှာတော့ ခင်မြ။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပွဲကိုတော့ သီတင်းကျွတ်မှ လုပ်ပါရစေဟု သိင်္ဂီက ခွင့်တောင်း၏။ ကြီးတော်ဒေါ်သင်းအုံကလည်း ဝါတွင်းတွင် သူ့အိမ်လေးကို နှစ်ထပ်ကျယ်ကျယ် ဆောက်လိုပါသေးသည်။ ဇနီးမောင်နှံသစ်အတွက် လှပကျယ်ဝန်းသော အိပ်ခန်းကလေး တစ်ခု ပြုလုပ်လိုပါသေးသည်ဆို၍ လက်ထပ်ရက်ကိုမူ သီတင်း ကျွတ်လဆန်းကို သတ်မှတ်ကြသည်။

စေ့စပ်ပွဲအကျွေးအမွေးကို အမရာနှင့် သုဇာတာတို့က တာဝန်ယူသည်။ စေ့စပ်ကြောင်းလမ်းခြင်းသာဆိုသည် သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ရှိပေသား။

ဘွားဘွားသည် သူချစ်သောမြေးဦးကို ချီးမြှင့်သော အားဖြင့် လှပ၍တောက်ပသော စိန်လက်စွပ်တစ်ကွင်းစီကို ဖိုးခွားတစ်ကွင်း၊ သိင်္ဂီတစ်ကွင်း သူကိုယ်တိုင် ဝတ်ပေးလိုက်သည်။

ကြီးတော်ဒေါ်သင်းအုံကလည်း သိင်္ဂီမျက်နှာမငယ်စေလို၍လားမသိ၊ အားလုံးမမျှော်လင့်သော စိန်နားကပ်လုံးချင်းသုံးရတီခန့်တစ်ရံကို ပရိသတ်ရှေ့တွင်ပင် သိင်္ဂီနားမှာ ကိုယ်တိုင် ပန်ပေးလိုက်၏။

ဘွားဘွားက ပြန်ရန်နှုတ်ဆက်၍ အိမ်ရှေ့တွင်ရပ်ထားသော မာစီးဒီးနောက်ဆုံးပေါ် ပုံစံကားလေးဆီသို့လျှောက်သွားသည်။ ဖိုးခွားနှင့်သိင်္ဂီတို့ ဘွားဘွားကို ကားပေါ်အရောက် လိုက်ပို့ကြသည်။

ခင်မြသီသည် ကားတံခါးကို ဘွားဘွားအတွက် ဖွင့်





ပေးလိုက်သော်လည်း သူကိုယ်တိုင် မဝင်သေး ကားဘေး၌ ရပ်နေ၏။

"သီသီရဲ့ ယောက်မလောင်း အသစ်စက်စက်ကို လက်ဖွဲ့ပါရစေ"

ခင်မြသီသည် သူ့လည်တိုင်မှ ဖြူဖွေးသော ပုလဲကုံးလေးကိုဖြုတ်ကာ သိင်္ဂီ၏လည်တွင် ဆွဲ၍ပေးလိုက်၏။

"သီသီ သွားတော့မယ်နော်"

ပါးစပ်ကသာ ပြောသည်။ သီသီသည် သိင်္ဂီ၏လက်ကိုတင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ ဖိုးခွားကို မျက်လုံးတစ်ချက် ဝင့်၍ကြည့်လိုက်၏။

မိန်းကလေးနှစ်ဦး၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေသည်။ သီသီသည် ကားထဲသို့ ဖြည်းညင်းစွာ ဝင်ထိုင်လိုက်သည်။

ကားကလေးသည် သိင်္ဂီတို့အပါးမှ ရွေ့လျားထွက်ခွာသွား၏။

ကျန်ရစ်ခဲ့သည်မှာကတော့ ကရုဏာ၏ အငွေ့အသက်များ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၈]

## ထင်းရှူးရွက်ဖျားမှ နွေကန္တာ

နွေရက်ချင်းတူပါသော်လည်း ကလောဧ၏နွေကာလသည် ထင်းရှူးရိပ်အောက်တွင် ငြိမ်သက်ချမ်းမြေ့လှ၏။ ရန်ကုန်တာမွေလမ်းနှင့်တော့ ဘာမှမဆိုင်ပါပေ။

ထင်းရှူးတောကို ကွေ့ကောက်ဝင်သွားသောလမ်းလေးပေါ်တွင် ဘဒ္ဒနုဝတီနှင့်ဒေါက်တာသုနာပရန္တသည် မြင်းကိုယ်စီနှင့် တစ်နေ့ခရီးထွက်တတ်၏။ ဂေါ်ရခါးရွာလေးများ၊ ပလောင်ရွာလေးများတွင် နေ့လယ်စခန်းချ၍ နေမဝင်ခင် ဝေဘယ်လ်တောင်ကုန်းအိမ်ကလေးသို့ ပြန်လာတတ်သည်။

ဝေဘယ်လ်တောင်ကုန်းထိပ်မှ အိမ်သည် ကလောမြို့ကို အပေါ်စီးမှမြင်ရသလို ထင်းရှူးတောတန်းသည်လည်း





တောင်ကုန်းများကို ရစ်ပတ်၍ သွယ်ယှက်သွားသောကြောင့် မြေပြန့်နှင့်ဝေးကွာလှ၏။

အန့်တီဒေစီသည် မီးဖိုဆောင်ကိစ္စကို အပြီးတာဝန်ယူထားသောကြောင့် ဘဒ္ဒနုဝတီအတွက် လုံးဝအနားရသည်ဆိုလျှင် မမှားပါပေ။

"မောင်မောင်၊ မမတို့ရဲ့ နွေရာသီစခန်းအိမ်လေးမှာ ပျော်ရဲ့လား"

ဘဒ္ဒနုဝတီသည် သူ၏မောင်မောင် ပျင်းရိငြီးငွေ့မှာ စိုး၏။

"ပျော်ပါတယ် မမရယ်၊ နောင်ဆိုရင် နွေရာသီရောက်တိုင်း တစ်နှစ်တစ်ခါ အနားယူပြီး ဒီမှာလာနေမှာနော်"

"မောင်မောင်တော့ မသိဘူး၊ မမရဲ့ အယူအဆကတော့ လူတွေက ဟန်းနီးမွန်း ခရီးထွက်ရင် လက်ထပ်ပြီးမှ ထွက်တတ်တယ်။ မမတော့ မကြိုက်ဘူး။ လက်ထပ်ပြီးတယ်ဆိုရင် အနှောင်အဖွဲ့တွေနဲ့ အလုပ်အကိုင်တွေက ပိုပြီးတော့ များလာတော့ ပျော်ရတာ မလွတ်လပ်ပါဘူးနော်"

"ခုလို လက်မထပ်ရသေးချိန်ဟာ အနှောင်အဖွဲ့ အချည်အတုပ်မခံရခင်ဆိုတော့ ပိုပြီးပျော်စရာကောင်းတယ်လို့ မမတော့ ထင်တာပဲ။ အဲဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက်လဲ သဘောချင်းလေ့လာနိုင်တယ်။ ဖလှယ်နိုင်တယ်။ မတိုက်ဆိုင်တာတွေ တွေ့ရင်လဲညှိနှိုင်းနိုင်တယ်။ ညှိနှိုင်းလို့မရနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ကွာဟာနေတဲ့ အချက်တွေရှိရင်လဲ စောစောစီးစီး နောက်ဆုတ်နိုင်ကြတာပေါ့''

''အိုး...ဒီလိုဆိုတော့ မမစကားက ကျယ်ဝန်းလိုက်တာ။ မောင်မောင်တို့ နှစ်ယောက်ကြားမှာ ကွာဟာချက်တွေ ရှိနေဦးမလား၊ မမရင်ထဲမှာ နောက်ဆုတ်သင့် ဆုတ်ရမယ်ဆိုတဲ့ အစီအစဉ်ရှိနေလို့လား။ မောင်မောင် ရင်လေးလိုက်တာ''

''သဘောကို ပြောပြတာပါ။ မောင်မောင်ကလဲ ပူတတ်ရန်ကော''

မမသည် ဟက်ဟက်ပက်ပက် ရယ်ကာ ပြောပြတတ်၏။

တစ်ခါတစ်ရံ မောင်မောင် နေ့လယ်အိပ်စက်နားနေသော အိပ်ခန်းထဲသို့ အင်္ဂလိပ်၊ မြန်မာဝတ္ထုများကို အပျင်းပြေဖတ်ရန် မမသည် လာပို့ထားတတ်၏။

မမသည် နေ့လယ်စာအတွက်ကိုလည်း ကော်ဖီအစား စပျစ်သီး၊ သစ်တော်သီး၊ သရက်သီး၊ သဘော်သီး၊ ဇက်ပျောသီး၊ နာနတ်သီးနှင့် ကျောက်ဖရုံယိုများကို ရောနှောထားသော လတ်ဆတ်သည့် သစ်သီးစုံဖျော်ရည် (Fruit Cocktail)ကို နွားနို့စစ်စစ်နှင့် ဖျော်၍သူ့အတွက် ယူလာ၏။

''မောင်မောင် ရေခဲကြိုက်လား၊ ကြိုက်ရင် ထည့်သောက်နော်။ ဟောဒီမှာ ရေခဲတခြား၊ သတ်သတ် မမယူလာတယ်။ တချို့က ကလောရဲ့ရွှေရာသီပေမယ့် မြေပြန့်လို





မဟုတ်တော့ ရေခဲကိုချမ်းတယ်ဆိုပြီး မသောက်တူး၊ မမကတော့ ဘယ်လောက်ချမ်းချမ်း ရေခဲနဲ့သောက်ရမှ၊ မမ စပ်ပေးရမလား''

မောင်မောင်သည် ခေါင်းညိတ်လိုက်၏။

ပြာလဲ့လဲ့ ဖန်ခွက်ထဲတွင် နိုင်ငံခြားဖြစ် (အက်စ်အင်ဒဗလျူ) သစ်သီးစုံဖျော်ရည်ထက်ပင် သာဦးမည့် ဖျော်ရည်ကို ရေခဲရောစပ်ကာ လှမ်းပေးလိုက်၏။

စထရော်ဘယ်ရီ ပေါ်ချိန်ဆို သာတောင်ကောင်းသေး၊ မမလေ အစားအသောက်ပေမယ့် အရောင်ကိုလဲ လှမှကြိုက်တာ။ ကြည့်ပါဦး မောင်မောင်''

မှန်၏။ ဖန်ပြာခွက်ထဲတွင် သစ်သီးတုံးလေးများသည် ရောင်စုံတောက်ပနေ၏။

''အရင်တုန်းကဆိုရင် အက်စ်အင်ဒဗလျူက နိုင်ငံခြားဖြစ်သစ်သီးစုံဘူးကို နက်စ်ကရင်မ်နဲ့ အဆင်သင့်သောက်ကြတယ်လေ။ အခုမရတော့ ကိုယ့်ဘာသာကိုယ် လုပ်သောက်တော့လဲဖြစ်တာပဲ။ ပိုပြီးတောင် အရသာရှိသေး၊ သစ်သီးတွေက လတ်ဆတ်တာကိုး''

''ရင်ထဲတွင် အေးသွားတာပဲ မမရယ်''

မောင်မောင်သည် ဖန်ခွက်ထဲမှ သစ်သီးတုံးကလေးများကို ငွေဖွန်းနှင့်ခပ်သောက်ရင်း ပြောလိုက်၏။

''မောင်မောင့်ရင်ထဲမှာ အေးချမ်းနေစေချင်ပါတယ် မောင်မောင်ရယ်။ မမအတွက် သံသယတွေနဲ့ ပူလောင်ပြီးနေတယ်ဆိုတာ မဖြစ်စေချင်ဘူး။ တကယ်တော့လေ စာရေး



www.burmeseclassic.com

www.burmeseclassic.com



တာကလဲ ရေးချင်တာပါပဲ။ တစ်ဖက်ကရေးမယ်ပေါ့။ ဒါပေမယ့် တကယ်တော့ ခုလိုအိမ်လေးတစ်ခုထဲမှာ ကိုယ့်ချစ်သူရယ်၊ ကိုယ့်ရင်သွေးတွေရယ် သိုက်သိုက်မြိုက်မြိုက်နဲ့ သူတို့အကြိုက်ကို ချက်ပြုတ်ကျွေးလို့၊ ပြုစုယုယလို့ပဲ နေချင်ပါတယ် မောင်မောင်ရယ်။ အဲဒီလိုဆန္ဒမျိုးဟာ မမတစ်ယောက်တည်း ဆန္ဒမဟုတ်ဘူး ထင်ပါရဲ့ မိန်းမတိုင်း ဒီလိုဆန္ဒကိုယ်စီရှိမယ်လို့ မမထင်တယ်။ မိန်းမတွေဟာ အဲဒီလိုစေတနာမျိုးတွေကြောင့် ပိုချစ်စရာကောင်းတယ်လို့ ထင်ပါရဲ့နော်"

"ဒါနဲ့များမမရယ်၊ ခုချိန်ထိ အချိန်နှောင်းအောင် လက်ထပ်ဖို့ကို ဆွဲခဲ့တာလဲ။ မောင်မောင်နဲ့မတွေ့သေးခင်ကလဲ ဘာကြောင့် မမလက်ထပ်ရေးကို မစဉ်းစားခဲ့တာလဲ"

မမသည် ရုတ်တရက်မဖြေသေး၊ ခပ်ငေးငေးလုပ်ကာ သစ်သီးတုံးလေးများကို ဝါးနေ၏။

"ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်တော့ အဖြေက ရှောဘုံပေါ်မှာ စံချင်တာပေါ့လေ။ ဟုတ်တယ်၊ မဝတဝ လခလေးနဲ့တအယ်အယ်ငိုနေတဲ့ သားငယ်၊ သမီးငယ် တို့လို့တွဲလောင်းတွေနဲ့ဆို မမပျော်နိုင်မယ် မထင်ဘူး။ ဒါကြောင့် စီးပွားရေးကိုဖောက်ချလုပ်ရင်းက လက်ထပ်ရေးဟာ အခါနှောင်းသွားတာပေါ့။ သတ္တိနည်းတယ်ဆိုပါတော့လေ"

"အခါမနှောင်းသေးပါဘူး၊ မမလိုချင်တဲ့သားတွေ အများကြီး မွေးနိုင်သေးတယ်"

မမသည် ပြုံးလိုက်၏။





"ဒါနဲ့စကားမစပ်၊ ရထားပေါ်မှာပြောလာတဲ့ခင်နှင်းယု ဝတ္ထုဆိုတာတွေလေ ရန်ကုန်အိမ်မှာတော့ရှိတယ်။ အပြည့်အစုံပဲ။ ဒီမှာတော့ အိမ်မြှောင်လေးပဲရှာလို့တွေ့တယ်။ မမယူလာခဲ့ပေးမယ်။ မောင်မောင်ဖတ်ချင်တဲ့အချိန် ဖတ်။ ခင်နှင်းယုကလေ တိရစ္ဆာန်ကိုလည်း ဇာတ်လိုက်လုပ်ရေးတာပဲ။ 'မြေကရယ်သည်'မှာလဲ ကုက္ကိုပင်ကြီးကို ဇာတ်လိုက်လုပ်ရေးတာပဲ။ သော်တာဆွေရဲ့ဝတ္ထုတိုမှာလဲ "သူတို့ပြန်လာကြပြီဆိုတာ" ဘဲငန်းလေးတွေဝတ္ထု၊ မမသိပ်ကြိုက်တာပဲ။ အင်္ဂလိပ်ဝတ္ထုတိုတွေထဲမှာ ရေခဲပြင်ပေါ်က ငန်းလေးတွေအကြောင်း (Ice Goose)ကို မမသိပ်သဘောကျတာပဲ။ အေးပေါ့လေ သူတို့မှာ ကံအလျှာ ပါခဲ့ပေတာကိုး။ ပရိသတ်ကလည်း လက်ခံတယ်နော်။ ကဲ -ဒီညစာရော မောင်မောင် ဘာစားမလဲ။ မမတော့ တရုတ်ထမင်းပေါင်းစီစဉ်ထားတယ်။ ရှေ့အပတ်မှာ တောင်ကြီးဘက်ကို သွားကြဦးစို့လား မောင်မောင်"

"မောင်မောင်ကတော့ မေရှင်ကြီးနဲ့ ပြောင်းပြန်ဖြစ်နေပြီ။ မမရှေ့ကလျှောက်ရင် မောင်လဲနောက်က တည့်တည့်လိုက်ကာ လျှောက်မယ်မေရယ်"

မောင်မောင်သည် သီချင်းတိုလေးကို ဆိုပြသောအခါ မောင်မောင့်နဖူးကို မနာအောင်ထု၍ မမသည် အခန်းပြင်သို့ ထွက်သွားတော့သည်။

မမလာပေးသော အိမ်မြှောင်လေးဝတ္ထုကို ဒေါက်တာသုနာပရန္တသည် ညစာမစားမီ ဖတ်လိုက်၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အိမ်မြှောင်ကလေး

တစ်ရံရောအခါ အိမ်မြှောင်ကလေးတစ်ကောင်ရှိလေသည်။ သူနေသောအိမ်မှာ နယ်စားကြီးတစ်ဦး အိမ်ဖြစ်၍ ခမ်းနားတင့်တယ်လှပပေသည်။

အိမ်ခန်းမအလယ်မှ အမွှေးဆီတိုင်ရနံ့တို့မှာ တသင်းသင်းပျံ့၍ သူသွားလာနေသော မျက်နှာကျက်ဆီသို့ပင် မွှေးလျက်ရှိလေသည်။ မျက်နှာကျက်များမှာ အဖြူရောင်သုတ်ထား၍ သွားလာလှုပ်ရှားတိုင်း သူ့ခန္ဓာကိုယ်မှာ ထင်ရှားလျက်ရှိလေသည်။

တစ်ခါတစ်ရံ မှန်စီထားသောတိုင်နောက်မှ ခန်းမများ၏ပြင်ဆင်ထားပုံကို ငေးမောမိ၏။ ကြမ်းပြင်တွင် ကော်ဇောမွေးရှည်များကိုခင်း၍ထား၏။ ကော်ဇောများသည် နှင်းဆီပွင့်နေသော ဥယျာဉ်ကြီးနှင့်တူ၏။



## ဘဒ္ဒနုဝတီ

အိမ်မြှောင်လေးလိုပင် အပေါင်းအဖော် အိမ်မြှောင်များသည် နယ်စားကြီးအိမ်တွင် ကပ်နေကြသော်လည်း သူတို့ဘာသာ အခန်းထောင့်များတွင်လည်းကောင်း၊ မျက်နှာကျက်များတွင်လည်းကောင်း အေးအေးပင် အိပ်စက်၍နေတတ်လေသည်။

အိမ်မြှောင်ကလေးကမူ အိမ်ကြီးရှိ အခန်းတိုင်းသို့ ဖြတ်ကျော် ကူးသန်း၍ အမြဲကြည့်၏။ အိမ်မြှောင်ဖြစ်သော်လည်း လူတို့၏ခမ်းနားပုံ၊ ဆင်ယင်ပုံများကို နှစ်သက်မိလေသည်။

အထူးသဖြင့် ဧည့်ခန်းမှ နယ်စားကြီး ထိုင်သော ရွှေဇာဖျင်ဖုံးထားသည့် သလွန်ဆန်ဆန်ထိုင်ခုံကို ပို၍သဘောကျသည်။

သူနှစ်သက်၍ အမြဲကြည့်ချင်သော အခန်းတစ်ခန်းရှိ၏။ ထိုအခန်းမှာ နယ်စားကြီး၏နှမတော်အခန်းပင်ဖြစ်လေသည်။

နှမတော်အခန်းသည် ရာသီဥတုအလိုက်ပွင့်သော ပန်းရနံ့ဖြင့် အစဉ်မွှေးစေသည်။

အိမ်တော်ဝန်သည် နှမတော်အခန်းအတွက် ရာသီလိုက်ပွင့်သောပန်းကို စုဆောင်းရှာဖွေရသည်မှာ တာဝန်တစ်ခုပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နမတော်သည် ဖြူရွနွဲ့သည်။ ရင်ဝတ်ကို လျော့ရဲရဲ ဝတ်ကာ ပိုးရွှေဇာဖျင်က မလုံ့တလုံ့ရင်ပေါ်တွင် လွှမ်း၍ခြုံသည်မှာ သူ၏ဝတ်စားဟန်တစ်ခုဟု ဆိုပေသည်။

ထိုဟန်ကြောင့်များပေလားမသိ၊ နမတော်၏သတင်းသည် နယ်စားကြီး၏ ပိုင်နက်တွင် အတော်သတင်းကြီးပေသည်။

နမတော် အဝတ်လဲစဉ်ဆိုလျှင် အိမ်မြှောင်ကလေးသည် မျက်နှာကျက်မှ အစဉ်ကြည့်၏။

"ငါသာ လူသားဆိုရင်တော့ ဖောက်ပြန်မှာပဲ။ လှပဲ လှလွန်းပါတယ်။ သူ့ရဲ့လုံချည်နားမှာ ပန်းအစိုပွင့်လေးတွေ ချိတ်တွဲထားတော့ သူ့ကိုယ်မှာ ရေမွှေးဆွတ်ဖို့မလိုတော့ဘူးပေါ့။ ဟော . . ဟော အမလေး ရင်ပေါ်က ပိုးပဝါကိုလျှော့လိုက်ပြန်ပါပြီ။ အင်း . . . ဒါတွေဟာ မက်မောစရာပဲ။ ပုလဲပွင့်လိုပဲ။ သူ့ရင်အုံကလဲ ဖြူနုနုပါကလား။

"ဒါပေမယ့် အပျိုဆိုတော့ ဒါလောက်လျော့ရဲရဲ မဝတ်သင့်ဘူးပေါ့။ ကြာဖူးဟာ လေတိုက်တိုင်း ယိမ်းနွဲ့လှုပ်ရှားသလို သူ့ရင်ကလဲ အထိန်းအသိမ်းလွတ်လွန်းပါတယ်။ သူလှုပ်ရှားတိုင်း တနွဲ့နွဲ့တအိအိပဲ။ ဒီနယ်က မိန်းကလေးတွေဟာ ထိန်းထိန်းသိမ်းသိမ်းပါပဲ။ သူကတော့ ဘာဖြစ်လို့များ ဒီလိုဝတ်ထားပါလိမ့်။ နမတော်ဆိုတော့ ပြောစရာလဲ မရှိပေဘူးပေါ့လေ"

အိမ်မြှောင်ကလေးသည် စိတ်ရှိတိုင်း လျှောက်၍တွေး





၏။ တစ်ခါတစ်ရံလည်း နယ်စားကြီးအခန်းရှိရာသို့ သူရောက်သွား၏။

နယ်စားကြီးအခန်းကမူ စိတ်ဝင်စားစရာ မကောင်းလှပေ။ ကြမ်းပြင်ပေါ်တွင် ပန်းပွင့်ဖော်သော ကော်ဇောများအစား အနက်နှင့်အဝါစပ်ထားသော ကျားရေပြင်ကိုသာ တွေ့ရ၏။ လွန်ခဲ့သောအပတ်ကမူ အဝါပြောင်း၍ခင်းထားလေသည်။

ခုတင်ဘေးရှိ ခြေသုတ်ဖုံမှာလည်း သားကောင်အရေပင်ဖြစ်လေသည်။ ခုတင်ခြေရင်းနံရံတွင် တောကျွဲရိုင်းချိုကြီးနှစ်ခုသည် နယ်စားကြီးအနှစ်သက်ဆုံး ပစ္စည်းဖြစ်၏။

အိမ်မြှောင်ကလေး၏ မျက်စိထဲတွင်တော့ နယ်စားကြီးအခန်းကို မျက်စိရှုပ်၏။ သမင်ချို၊ ကျွဲချို၊ သားကောင်ရေများနှင့်ပြည့်စုံ၍ တောလိုက်မုဆိုးကြီးအိမ်နှင့်တူလေသည်။

ခုတင်ခြေရင်းရှိ ခုံအနိမ့်တွင် သားကောင်ရေ ခင်းထား၍ ထိုခုံပေါ်တွင် အိပ်နေသော ခွေးကြီးမှာ ခြင်္သေ့တစ်ကောင်လိုကြီးထွား၍ ဟန်ပါလှပေသည်။

ခွေးကြီးမှာ နယ်စားကြီး၏အချစ်တော်ဖြစ်၍ အိမ်မြှောင်ကလေးသည် မိတ်ဖွဲ့လို၏။ သို့သော် ခွေးကြီးလို သခင်လက်ပါးစေအား အိမ်မြှောင်အစုတ်အပဲ့လေးသည် စတင်၍ မိတ်မဖွဲ့ရဲပေ။

အမှန်တော့ နယ်စားကြီးသည် တောလိုက်ရသည်ကို ဝါသနာပါ၏။ သူ့နမတော်ထက်ပင် သူ့ခွေးကြီးကိုအရေးပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ပတ်တစ်ခါ. နမတော်အခန်းသို့ မရောက်သော်လည်းခွေးကြီးကို သူ့အနားမှအပျောက်မခံပေ။

သူသည် တောကိုချစ်၏။ သူ့နယ်တွင် လယ်တောထက်သစ်တောက ပို၍များသည်။

မိုးဦးတွင် ပိတောက်နံ့သည် သစ်တောမှ အိမ်ကြီးဆီသို့ ပျံ့လွင့်လာ၍ ဆောင်းဦးတွင်မှ သန့်စင်ရနံ့သည် လှိုင်၍လာပေသည်။

နွေဦးပေါက်လျှင် တောတစ်ခုလုံးသည် သစ်ရွက်နုထွေးထွေးလေးများဖုံးထား၍ တစ်တောလုံး သန္တာရောင်လို နီနေလေသည်။

နွေနှောင်းလာလျှင် ရွက်ဟောင်းများကြွေလွင့်ပုံမှာ နေခြည်အောက်တွင် ရွှေဖိုးကောင်များ ပျံသန်းနေသလို မြေပေါ်သို့ဝဲပျံ၍ ကျလာလေသည်။

ထိုတောထဲတွင် သားကောင်များ စုံလေသည်။ နယ်စားကြီးသည် တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါဆိုသလို အမဲပစ်ရန် တောအုပ်သို့ထွက်၏။

သူအမဲပစ်ချိန်တွင် မြို့စားငယ်လောင်းများသည် အားလုံး လိုက်ပါရလေသည်။

ထိုနယ်အတွင်းမှ မြို့စားငယ်များသည် မြို့စားအဖြစ်သို့မရောက်ခင် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ နယ်စားကြီးထံသို့ လာရောက်သင်ကြားရလေသည်။





နယ်စားကြီးသည် ရဲရင့်၍ အုပ်ချုပ်ရေးတွင် ထင်ပေါ်ကျော်ကြားပေသည်။ သို့သော် သူ့သင်တန်းသို့ အမဲလိုက်မတော်သော မြို့စားငယ်လောင်းများ ရောက်လာမှာကို စိုးရိမ်ပေသည်။

အိမ်ကြီး၏တောင်ဘက်ဝင်းတွင် မြို့စားငယ်တို့၏ နေအိမ်မှာ စီရရီတန်း၍နေပေသည်။

အိမ်မြှောင်လေးသည် နယ်စားကြီးအခန်းကို မလှမပ ပေမယ့်လာချင်၏။ နယ်စားကြီး၏ ရွှင်ရွှင်လန်းလန်းနှင့် ဖျတ်လတ်သောမျက်နှာကို ကြည့်ရသည်မှာ စိတ်ထဲတွင်ပျော်၍လာတတ်လေသည်။

"ဒီအိမ်ကလဲ နယ်စားကြီးအခန်းကတော့ တောလိုက်မုဆိုးအိပ်ခန်းလိုပဲ။ ကြမ်းတမ်းပြီး ရိုင်းလိုက်တာ။ နမတော်အခန်းကလဲ ဘုရင့်သမီးအခန်းလိုပဲ လှလိုက်တာလွန်ရောပဲ။ ဒီနယ်စားကြီးကတော့ မိန်းမမယူတော့ဘူးထင်ပါရဲ့"

အိမ်မြှောင်ကလေးသည် မုဆိုးဖိုဖြစ်နေသော နယ်စားကြီးအတွက်လည်း စိတ်မကောင်းဖြစ်လိုက်လေသည်။

ညနေစောင်းလျှင်တော့ ထမင်းချက်သူတို့အခန်းကို ရောက်၍သွားပြန်သည်။ ထမင်းချက် မနန်းပုံအခန်းသည် ရိုး၍သန့်ရှင်း၏။ အလှအပပြင်စရာဆို၍ လကြေးကွာစပြုနေသော မှန်ဟောင်းကြီးတစ်ချပ်သာရှိလေသည်။

"မနန်းပုံရာ၊ နင်သာနမတော်ဆိုရင်လဲ ချောမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရုပ်လေးက ဖယောင်းလိုပဲစိုပြည်ပြီး ချောမွတ်လှတယ်။ ရင်ဝတ်ကို သေသေသပ်သပ် ဝတ်ထားပေမယ့် နဂိုရင်သားရဲ့ မို့မို့လေးနေပုံက မိခင်ကောင်းတစ်ယောက် ဟန်ပါနေတာပဲ။

"နှမတော်ကတော့ ပိန်လွန်းပါတယ်။ နှင့်လိုသာ ဝဝ ဖိုင့်ဖိုင့်ဆိုရင် သူဘယ်လိုဝတ်မလဲလို့ ငါကြည့်ချင်လိုက်တာ။ အေး ကွယ့် ကျွန်ကြက အရေးကြီးပါတယ်ကွယ်။ ဘာလို့အပျိုဆိုပြီး လျော့လျော့ရဲရဲနဲ့ ဖရိုဖရဲဝတ်မလဲ။ အဲ . . . သနပ်ခါးနံ့ကလေး ကလည်း သင်းလိုက်တာ"

အိမ်မြှောင်ကလေးသည် တတွတ်တွတ်ပြော နေပေ မယ့် သူ၏မာဂဓစကားကို မနန်းပုံကတစ်လုံးမှ နားမလည်၍ သူ့ဝမ်းနည်းရပြန်လေသည်။ စိတ်မောမောနှင့် သူ့နေရာသို့ ပြန်လာကာ တရေးတမော အိပ်နေလေသည်။

သူတရေးနိုးလာချိန်တွင် တစ်အိမ်လုံးတိတ်၍ မှောင်မဲ နေ၏။ ဝမ်းထဲမှဆာလာ၍ ပိုးကောင်ကလေးများရှာရန် သူသည် မျက်နှာကျက်အောက်သို့ပင် ဆင်းလိုက်၏။ နှမတော်အခန်းဘက် သို့ မီးမှိန်မှိန်လေး လင်းနေ၍ သွားကြည့်ချင်ပြန်သည်။ အခန်း ဝသို့ ခေါင်းပြူကြည့်ရင်း သူ့ရင်များခုန်လာ၏။

"ဘုရား . . . ဘုရား ဘယ်သူများပါလိမ့်။ အို . . . နှမ တော်အခန်းကို မြို့စားငယ်က ဘာလို့ကျူးကျော်လာရသလဲ သွားရုံတော်သေးတယ်။ ဘာဖြစ်လို့ အဝတ်ကိုချွတ်လဲပေးရ မှာလဲ။ မတော်ပါဘူး မတော်ပါဘူး။ ညဥ့်ဘက်မှာ ဒီလိုနေကြ





တာတော့ မတော်ပါဘူး။ အလို ရင်ဝတ်ကို ဘာလို့ချွတ်ရပါလိမ့်။ မဖြစ်ပါဘူး။ နှမတော်တော့ တစ်ခုခုပါပဲ"

အိမ်မြှောင်ကလေးသည် စိတ်ပျက်လက်ပျက်နှင့် လှည့် ထွက်လာ၏။ နောက်ဖေးခန်းတွင် ပိုးကောင်ပေါ်၍ လျှောက် လာခဲ့ပြန်သည်။ ပိုးကောင်ငယ်များကို စားရင်း မနန်းပုံအခန်း ဘေးမှ စကားပြောသံကြား၍ သူတွားသွားပြန်သည်။

"အလို မြင်းထိန်းသမားကလည်း ညဥ့်အချိန်မတော် ဘာလာလုပ်ရပြန်ပါလိမ့်။ အင်း . . . ရင်ခွင်ထဲက မနန်းပုံပါ လား။ အိမ်တော်ဝန်လည်း ဆောင်တော်ကူးဇာတ်လမ်းတွေ ကို မသိဘူးထင်ပါရဲ့"

အိမ်မြှောင်ကလေးသည် မနန်းပုံတို့ အနားသို့တိုးကပ် ၍သွား၏။ မနန်းပုံသည် စိုးရိမ်စိတ်လွှမ်းနေ၏။

"မကြောက်ပါနဲ့ မနန်းပုံရယ်၊ မြို့စားငယ်လဲ ဒီလိုပဲ နှမတော် အဆောင်ကိုကူးနေတာပါပဲ။ သူကူးတာ မြင်တာနဲ့ မောင်လည်း မနေနိုင်လို့ နန်းပုံဆီလာတာပါ"

"မြို့စားငယ်"

"ဟုတ်တယ်လေ၊ တစ်ယောက်တည်းတောင်မဟုတ် ဘူး။ တောင်ခြေက မြို့စားလေးနဲ့တူတော်မြို့စားလေးကတော့ အလှည့်ကျလိုပဲ"

အိမ်မြှောင်ကလေးသည် သူ့နားကိုသူမယုံ၊ သူသည် ဒီအိမ်တွင် အနေလည်းကြာ၏။ အခန်းတိုင်းလည်း ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းထိန်းစကားကို မယုံကြည်ပေ။ နောက်နေ့ညကျမှ သူထ၍ ကြည့်ဦးမည်။

အိမ်မြှောင်ကလေးသည် ဝမ်းနည်းသလို ဝမ်းသာသလို နှင့်အိပ်ရာသို့ ပြန်၍လာခဲ့သည်။

နောက်ဆုံးညတွင် သူသည် နှမတော်အခန်းသို့ သန်းခေါင်လောက်တွင် ကူး၍လာ၏။ ကတ္တီပါမွေ့ရာထက်တွင် နှမတော်နှင့် တူတော်မြို့စားတို့ အုံးစက်ရာယှဉ်တွဲ၍ နေသည်ကို တွေ့ရပြန်လေသည်။

မနေ့ကမြို့စားလောင်းမှာ တစ်ယောက်ဖြစ်၏။ သူသည် ကြည့်မနေတော့ဘဲ သူ့နေရာသို့ ပြန်လာ၏။ နှမတော်အတွက် ဝမ်းနည်းလွန်း၍ မျက်ရည်များပင်လည်၍လာပြန်သည်။

ဆောင်ဦးပေါက်တစ်နံနက်တွင်မှ အိမ်ကြီးသည် လှုပ်လှုပ်ရှရှဖြစ်နေ၏။ အိမ်မြှောင်ကလေးသည် တိုင်ဝက်အထိ လျှော၍ဆင်းရင်း ဘာဖြစ်သည်ကို စုံစမ်းချင်၏။ အိမ်သားများ သွားပုံလာပုံသည် ရှုပ်ယှက်ခတ်လွန်း၍ အိမ်မြှောင်ကလေးပင် ခေါင်းနောက်လာသည်။

အိမ်တော်ဝန်မင်းသည် သူရှိသောတိုင်နားတွင် ရပ်ရင်း ချွေးသုတ်နေ၏။

“ဘာဖြစ်နေတာလဲ အိမ်တော်ဝန်မင်းရယ်”

သူကမေးချင်၏။ သို့သော် မမေးနိုင်ပေ။ မကြာခင်ပင် လူတစ်စုနှင့် မြင်းထိန်းသမားသည် ဝင်လာ၏။





“ကဲဟေ့ ဘယ်လိုဆုံးဖြတ်လိုက်လဲ”

အိမ်တော်ဝန်မေးသံကြောင့် အားလုံးငြိမ်သက်၍ ရပ်တန့်နေသည်။

မြင်းထိန်းသမား၏ မျက်နှာသည်လည်း သွေးဆုတ်သလို ဖြူလျော်လျော် ဖြစ်နေလေသည်။

လက်ထောက် အိမ်တော်ဝန်သည် ရှေ့သို့တိုးလာကာ ခေါင်းကိုညွှတ်၍ ပြောပြ၏။

“မနန်းပုံရဲ့အခန်းကို ညဉ့်ဘက်အချိန်မတော် ကျူးကျော်ဝင်ရောက်လာတဲ့အတွက် မြင်းထိန်းသမားကို နယ်နှင်ဒဏ်ပေးလိုက်ပါတယ်”

“အေး ခက်သကွယ်၊ အိမ်တော်ဝန် အလုပ်ဆိုတာ၊ ကဲ...ကဲ မင်းလဲတခြားနယ်မှာ လုပ်ကိုင်စားသောက်ပေတော့။ ထောင်ဒဏ်မရတာပဲ ကျေးဇူးတင်ရဦးမယ်။ ခေါ်သွားကြဟေ့”

မြင်းထိန်းသမားနှင့်လူတစ်စု ထွက်သွားကြလေသည်။

အိမ်မြှောင်ကလေးသည် မနန်းပုံအတွက် စိတ်မကောင်းဖြစ်သွား၏။ ကမန်းကတန်းပင် နောက်ဖေးခန်းသို့ ပြေးသွားကာ နန်းပုံကို ကြည့်မိလေသည်။

နန်းပုံသည် အိပ်ရာထဲတွင် တရှုတ်ရှုတ်လှိုက်၍ ငိုရှာ၏။

“မငိုပါနဲ့နန်းပုံရယ်၊ အဆောင်တော်ကူးတာကို အိမ်တော်ဝန်မိသွားတယ် ထင်ပါရဲ့။ မင်းပါလိုက်သွားပါလား ဟင်း မင်း ချစ်သူကို သူတို့နယ်နှင်ဒဏ်ပေးလိုက်ပြီ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က တတွတ်တွတ်ပြောပေမယ့် မနန်းပုံက မကြားပေ။ နောက်ဆုံးတော့သူသည် "ကျွတ် ကျွတ်"ဟူ၍ ဝမ်းနည်းစွာ စုတ်ထိုးလိုက်၏။ သူစုတ်ထိုးသံကိုမူ မနန်းပုံ ကြားကောင်းပါရဲ့။

တစ်နေ့လုံးလိုလိုပင် ဘယ်အခန်းမှမသွားချင်ပေ။ သို့သော် အိပ်စက်နေ၍လည်းမရ။ အောက်တွင် လူတွေသည် ပျားပန်းခပ်နေပြန်သည်။ သူသည် တိတ်တိတ်ဆိတ်ဆိတ်နေလို၍ နယ်စားကြီးအခန်းဘက်သို့ ကူး၍လာလေသည်။

နယ်စားကြီးလည်း ခွေးကြီးကို တစိမ့်စိမ့်ကြည့်ကာ ငြိမ်ငြိမ်သက်သက်ပင်နေ၏။ အိမ်တော်ဝန်သည် အခန်းထဲသို့ ဝင်လာပြန်သည်။ အိမ်မြှောင်ကလေးက ထင်၏။ သူသွားရာသို့ အိမ်တော်ဝန် လိုက်နေသည်ဟုထင်သည်။ အိမ်တော်ဝန်သည် ခပ်ယို့ယို့ရပ်ရင်း . . .

"နှမတော် စေ့စပ်ကြောင်းလမ်းပွဲကို တက်တော်မူမယ် မဟုတ်လားဖုရား" ဟုမေးလိုက်၏။

နယ်စားကြီးသည် ခွေးကြီးကို အကြည့်မပျက်ပေ။

"ယနေ့ပဲ မြို့စားငယ် မိဘတွေရောက်ကြလိမ့်မယ်"

"အေးကွယ် ငါမတက်ရင် ဖြစ်တယ်မို့လား။ ငါ့ခွေးကောင်းကောင်း နေမကောင်းဘူး ထင်တယ်။ တို့ဘက်က မြို့တော်ဝန်မင်း တက်ပစေပေါ့။ ဒါနဲ့နေပါဦး၊ ငါ့နှမကြိုက်တဲ့ မြို့စားငယ်က အမဲလိုက်ကောင်းရဲ့လားကွယ့်"





"သူက ဒါတွေ ဝါသနာမပါဘူးဖုရား"

"အေး ဒါတစ်ခုတော့ ဝမ်းနည်းစရာပဲ။ အေးလေ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။ နှမတော် နှစ်သက်နေပြီကိုး။ ဆောင်တော်ကူးတာကို မင်းကိုယ်တိုင်မိတာပေါ့"

"မှန်ပါ၊ အမှန်တော့ ငယ်ရွယ်သူတွေဆိုတော့ အချစ်စိတ်ဝင်လာရင် ပင်လယ်ကိုတောင် ကူးရဲတာပဲဖုရား"

"အေး . . .အေး သွားတော့ သွားတော့"

နယ်စားကြီး စကားပြောပုံသည် အေးစက်လှလေသည်။

အိမ်မြှောင်ကလေး ရင်ထဲတွင်လည်း အိမ်တော်ဝန်ကို ချဉ်၍သွားသည်။ သူသည် အိပ်နေခြင်းက ပို၍ကောင်းမည်ဟု ထင်မိ၏။

လေတိုက်ပုံကလည်း အေးစက်၍ ပျင်းစရာကောင်း၏။ ဆောင်းဝင်စပြုလာပြီထင်သည်။

နောက်နေ့နံနက်တွင်မူ သူသည် မနန်းပုံအခန်းကိုသွားရင်း မှန်ပြတင်းနားကို ရောက်၍သွားလေသည်။ သူ့အဖော် အိမ်မြှောင်တစ်ကောင်သည် ပြတင်းနားတွင်ရပ်၍ နေပူစာလှုံနေလေသည်။

"ဟေ့ . . . ဘယ်သွားမလို့လဲ၊ နေခြည်က ထွေးထွေးနွေးနွေးရှိတယ်၊ နေပူစာလှုံပါဦးလား"

"အေးကွယ် နွေးသားပဲ၊ အင်း ဟုတ်ပါရဲ့၊ နေပူစာလှုံရတာက စိတ်ချမ်းသာသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို နယ်စားကြီးအိမ်လို အစာပေါတဲ့ နေရာမှာများ မင်းကစိတ်မချမ်းသာ ဖြစ်သေးသလား"

"အေးပေါ့ မင်းတို့က ဘာမှမသိဘဲကိုး၊ လူတွေဟာ လူတွေမို့လို့ပဲကွယ်"

"ဟင် . . . မင်းစကားကလဲ"

"အေးပါ၊ လူတွေရဲ့စိတ်ဟာ လူသာဆိုတယ် တစ်မျိုးပါပဲ"

"အိုကွယ် မင်းဟာ အိမ်မြှောင်ပါ။ မင်းမို့လို့ သူတို့အကြောင်း စဉ်းစားချင်တယ်။ အေးအေးဆေးဆေး ဒီမှာနေစမ်းပါ။ ပိုးကောင်ဝဝလေးတွေ ပြတင်းပေါက်က ဖြတ်သွားသေးတယ်။ ငါတော့ ဝမ်းလဲဝတယ်၊ နွေးလဲနွေးတယ်။ လောကလေးကလဲ မွေ့သကွာ"

"မနေနိုင်ဘူး။ ငါမနန်းပုံကို သနားနေတယ်"

"မနန်းပုံဟာ ဘာဖြစ်လို့လဲ"

"စိတ်ညစ်သကွာ၊ မြင်းထိန်းသမားနဲ့ မနန်းပုံနဲ့ ချစ်နေကြတယ်။ မြို့စားငယ်နဲ့လဲ နှမတော်နဲ့ ကြိုက်နေတာ။ ညကျရင် အဆောင်ကူးကြတာပေါ့ကွာ။ အဲဒါ အိမ်တော်ဝန်ကမိတော့ နှမတော်အခန်းကို မြို့စားငယ်က ဆောင်တော်ကူးတာတော့ တရားသတဲ့ကွာ။ ခုလူကြီးစုံရာနဲ့ ပေးစားတော့မယ်။

"ခုနများ နယ်စားကြီးရှေ့ပြောတော့ ဟင်း ငယ်ရွယ်





သူအချစ်တဲ့ကွာ။ ရယ်ချင်လိုက်တာ။ မနန်းပုံတို့ကျတော့ အိမ်တော်ဥပဒေအရ မြင်းထိန်းသမားကို နယ်နှင်လိုက်တယ်။ အဲဒါကရော ငယ်ရွယ်သူအချစ် မဟုတ်ဘူးလားကွာ။ ဟုတ်ဟုတ်ဟုတ် မိရင်လဲ လူကြီးစုံရာနဲ့ သူ့တို့နှစ်ယောက် ပေးစားသင့်တယ်မို့လား"

"အမှန်ကတော့ ကမြင်းတာချင်းအတူတူ နှမတော်ကျဥပဒေတစ်မျိုး၊ မနန်းပုံကိုတစ်မျိုးထားတာတော့ မတရားပါဘူးကွယ်။ သူတို့သာ ပြေပြေပြစ်ပြစ် လျှောက်ထားတတ်ရင် မနန်းပုံနဲ့မြင်းထိန်းသမားနဲ့ ညားမှာ။ ခုတော့ မြင်းထိန်းသမားအကြောင်းလဲ နယ်စားကြီးမသိရှာပါဘူး။ ငါ့မှာသာ မနန်းပုံအတွက် စိတ်ဆင်းရဲနေတာပါ"

"အေး . . . မင်းက စိတ်ဆင်းရဲလို့ လူစကားတစ်လုံးပြောတတ်ရဲ့လား"

"ဒါကြောင့်ပေါ့၊ ငါသိပ်စိတ်မချမ်းသာတာ။ ငါသာပြောတတ်ရင် နယ်စားကြီးကို အကြောင်းစုံ သံတော်ဦးတင်လိုက်ပါရဲ့။ လောကကြီးမှာ ဆုတောင်းနည်းလိုက်တာနော်။ မတရားသဖြင့် ဖြစ်နေတာတွေကို မြင်လျက်နဲ့ မတရားပါဘူးလို့ မပြောနိုင်တာဟာ စိတ်အပင်ပန်းဆုံး၊ အဆင်းရဲဆုံးပဲ"

"ဒါပေမယ့် ငါတော့ အိမ်မြှောင်ဘဝပဲ ဖြစ်ချင်တယ်ဟေ့။ မင်းက မင်းဒုက္ခ မင်းရှာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးကွယ့်၊ မြင်းထိန်းသမားကလဲ ငယ်ငယ်ရွယ်ရွယ်မို့ သနားလွန်းလို့ပါ၊ ငါသွားမယ်"

အိမ်မြှောင်ကလေးသည် မနန်းပုံ အခန်းသို့သွားလေသည်။

မနန်းပုံသည် ချစ်သူကို လွမ်းပေမယ့် အိပ်ရာထဲတွင် လွမ်း၍မရ။ လုပ်မြဲအလုပ်များကို လုပ်ရလေသည်။ ညဦးက တစ်ညလုံးငိုထား၍လားမသိ၊ မျက်လုံးများမို့နေသည်။ သနပ်ခါးရေကျဲလေးပင် မျက်နှာတွင်မရှိ၍ မျက်နှာမှာပြောင်တင်းတင်း ဖြစ်နေသည်။

မြောက်လေသည် ထန်လာလွန်း၍ နေခြည်ဖြာကျနေသည့်အတွင်းမှာပင် အေးစိမ့်စိမ့်ဖြစ်နေလေသည်။

မနန်းပုံသည် နယ်စားကြီးအတွက် နံနက်စာပြင်ဆင်ပြီး၍ သူ့အိပ်ခန်းသို့ပြန်လာသည်။ အိပ်ရာပေါ်လှဲရင်း မျက်ရည်များက စိမ့်၍ကျလာပြန်သည်။

"ငါ့ကို ဘယ်သူမှမသနားတော့ဘူးလား၊ ဆောင်းဝင်လာတော့မှ ချစ်သူနဲ့ကွဲရတော့တယ်။ ကျွန်မတို့မှာကော ချစ်သူဟာ မရှိသင့်ဘူးလား"

ပါးစပ်က တတွတ်တွတ်ရွတ်ကာ ရှိုက်၍ငိုနေပြန်သည်။

"မင်းကိုသနားမယ့်လူ ငါတစ်ယောက်လုံး ရှိပါသေးတယ်။ ငါဟာ ဒီအိမ်မှာ မင်းဘက်ကပါကွယ်။ မင်းဆက်က





ငါရှိနေတယ်ဆိုတာ မင်းသာသိရင် အတော်အားရှိမှာ။ ဒါပေမယ့် မင်းနားလည်အောင် ငါမပြောနိုင်တာက ခက်တယ်။ လက်စွဲတော်ခွေးကြီးကိုတော့ အသနားခံ ကြည့်ပါဦးမယ်။ ကျွတ်ကျွတ်"

သူပြောသော စကားလုံးများထဲတွင် စုတ်ထိုးသံမှလွဲ၍ မနန်းပုံသည် ဘာမျှမကြားပေ။

အိမ်မြှောင်ကလေးသည် နယ်စားကြီးအခန်းသို့ တွားသွားရင်း ဖြူနီးခန့်ကြမ်းပြင်ပေါ်သို့ ခုန်ချလိုက်၏။ ခွေးကြီးသည် သူ့အနားသို့ရောက်ကာ လက်ဖဝါးနှင့် သူ့ကိုဖိထားလိုက်သည်။ လက်သည်းများသည် သူ့မျက်လုံးများထဲသို့ စူးဝင်သွား၍သွေးများစီးကျလာ၏။ သူသည် ညည်းတွားနေရာမှ–

"လက်စွဲတော်ကြီးရယ်၊ လက်ဖဝါးကို နည်းနည်းကြွလိုက်ပါဦး။ ကျုပ်ဟာ ဒီအိမ်ကပါ"

ခွေးကြီးသည် သူ့ကိုငုံ၍နမ်းရင်း လက်ဖဝါးကို အသာကြွလိုက်သည်။

"ဩော် ဒီအိမ်ကလား။ ငါမြင့်တစ်ခါမှ မမြင်ဖူးဘူး။ ဘာလုပ်လာတာလဲ။ မင်းကဖြူနီးခန့် ခုန်ချတာကိုး"

"နာလိုက်တာနော်၊ မျက်လုံးတွေတော့ ကန်းပါပြီထင်ပါရဲ့။ လက်စွဲတော်ကြီးကသာ မမြင်တာကိုး။ ကျုပ်ကဖြင့် မျက်နှာကျက်ကနေပြီး နယ်စားကြီးနဲ့ လက်စွဲတော်ကြီးကို

www.burmeseclassic.com



အမြဲကြည့်နေရတာပါ။ မိတ်ဆွေဖြစ်ချင်လိုက်တာလဲ အလွန်ပဲ။ ခုလဲ မနန်းပုံကိုစွဲကြောင့် လာတာပါ"

"မနန်းပုံ ဘာဖြစ်လို့လဲ"

အိမ်မြှောင်ကလေးသည် အကျိုးအကြောင်းကို ပြောပြပြန်လေသည်။

"အဲဒါကို တတ်နိုင်ရင် နယ်စားကြီးကို အသနားခံပေးပါ"

"အေးကွယ်၊ မင်းရဲ့မေတ္တာတရားကို ငါချီးကျူးပါတယ်။ ခက်တာက ငါကလက်စွဲတော်ကြီးပါပဲ။ နယ်စားကြီးကလဲ ငါ့ဆရာပါပဲ၊ ငါ့ကိုချစ်ပေမယ့် ငါပြောတဲ့စကားကို သူဘာနားလည်မလဲ။ ဒီတော့ မတတ်နိုင်တဲ့အတွက် သောကမဖြစ်စေနဲ့တော့။ ကမ္ဘာသဘောပေါ့"

"မနန်းပုံအတွက် ဝမ်းနည်းပါတယ်။ ဒါလောက် နုပျိုတဲ့အရွယ်မှာ အချစ်ကြောင့်ဒုက္ခမရောက်သင့်ဘူးကွယ်။ အေး လူတွေထဲမှာလဲ တချို့က လူတော့လူပါပဲ။ ဒါပေမယ့် တရားမျှတမှုနဲ့ မေတ္တာတရားမှာ အိမ်မြှောင်တို့၊ ခွေးတို့လောက်မှ မရှိကြတာတွေလဲ အများကြီးပဲ"

"အင်း...လက်လျှော့ပါပြီလေ၊ လက်စွဲတော်ကြီးကိုတော့ ကျေးဇူးတင်ရဦးမယ်။ ကျုပ်မျက်လုံးတွေ ဘာမှမမြင်နိုင်တော့ဘူး။ လောကကြီးမှာ မတရားတာကို မဖော်ပြ၊ မဖြေရှင်းနိုင်တဲ့နောက်တော့ ကန်းနေတာက ကောင်းပါသေးတယ်"





"အို ...ကျုပ်ကိုခွင့်လွှတ်ပါ။ မင်းနေတဲ့နေရာကို လိုက်ပို့ရဦးမလား"

"မဖြစ်နိုင်တာ၊ ကျုပ်က မျက်နှာကျက်မှာနေတာပါ။ နေပါစေတော့၊ တရွေ့ရွေ့ပဲ သွားပါတော့မယ်။ ကျုပ်အဖော်တွေက ကျုပ်ကို လာကူညီပါလိမ့်မယ်"

(အိမ်မြှောင်ကလေးများသည် သနားခြင်း၊ ကရုဏာကို ဖော်ပြရန်အတွက် ကျွတ်–ကျွတ်ဟူ၍ စုတ်ထိုးသည်ဟုဆို၏။ ထိုအဆိုမှာ ဘယ်လောက်အထိမှား၍ ဘယ်လောက်အထိမှန်သည်ကိုမူ မသိပေ။)

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၉]

## နှလုံးသားနှောင်အိမ်တွင်းမှ ဓာတ်ကောင်များ

"ဟောဗျ ဘုရားရေ အမေဘာလုပ်လိုက်လာတာလဲ"

မောင်ပေါက်ကျိုင်းသည် ရုတ်တရက် အမေ့ကိုလှမ်းမြင်ရ၍ အံ့အားသင့်သွားသည်။ အမေစီးလာသော ဂျစ်ကားပေါ်မှ ပစ္စည်းများကိုကူသယ်၍ အိမ်ထဲသွင်းလိုက်သည်။

"လူလေး၊ ဂျစ်ကားခ အမေပေးပြီးပြီ၊ ဆရာတော် ဦးဝိမလနဲ့ လိုက်လာတာ၊ ဆရာတော်က မွှာရုံကျောင်းမှာ နေရစ်ပြီ"

သားအမိနှစ်ယောက် အိမ်ထဲတွင် မျက်နှာချင်းဆိုင် ထိုင်မိကြ၏။





"အမေ ဘာလုပ်လိုက်တာလဲ"

သူသည် ဒုတိယမွှ မေးလိုက်ပြန်၏။

"ပြောပါ့မယ် လူလေးရယ်၊ အိမ်မှာ မင်းတစ်ယောက်တည်းလား"

"ဆိုပါတော့၊ သိင်္ဂီက စာအုပ်ဆိုင် ထွက်သွားပြီ၊ ဟိုကောင်နှစ်ကောင်လဲ ကြီးတော်နဲ့ဘကြီးရွှန်းနောက်လိုက်သွားတယ်။ ဒီနေ့ သစ်တွေထုတ်လို့ရမယ်"

"အေး ဟုတ်တယ်၊ မိသင်းရဲ့စာထဲမှာပါတယ်။ သစ်တွေလဲ အရင်ကလို အဝယ်ရမခက်လို့ အိမ်ပြင်ဆောက်မယ်တဲ့။ ဆီစျေးလဲကျလာပြီ ၁၇ ကျပ်ပဲရှိတယ်ဆိုလို့ အမေအပင်ပန်းခံပြီး ဆီကိုအညာက သယ်မလာတော့ဘူး။ အမေဖြင့်ကြားထဲက အသက်ရှုရှုကျပ်လိုက်တာ။ ခုမှအသက်ရှူနည်းနည်းချောင်တယ်။ လူလေးတို့ ရန်ကုန်မှာ ငွေခဲကိုက်စားရသလိုပဲဆို။ အိမ်တွေကလဲ ငါးပိငါးချဉ်သိပ်၊ ကြွက်သိုက်လို နေရတာ။ ဒါကြောင့် အမေ မင်းတို့ရန်ကုန်ကို မလာချင်တာ။ ခုတော့ အိမ်ဆောက်ဖြစ်ပြီဆိုလို့"

"အမေ့ဟာကလဲ ခုမှသစ်ဝယ်မှာ၊ သီတင်းကျွတ် သိင်္ဂီလက်ထပ်အမီ ဆောက်မှာ"

"ဘာလဲဟင် သိင်္ဂီကိစ္စလား"

"ဟုတ်ပါဘူး။ သူ့ကိစ္စ-သူ့ကိစ္စ"

"ကြီးတော်မှာ သူ့ကိစ္စရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . သူမရှိတုန်း ပြောရမယ်။ သူကစာရေးလိုက်တယ်။ မမပုံလိုက်လာခဲ့ပါတဲ့။ သူ့ကိုအဘက်ဘက်က အကူအညီ အမြဲပေးနေတဲ့ စာရေးဆရာအဘိနန္ဒသူဆိုသူနဲ့ ဝါမဝင်ခင် လက်ထပ်တော့မယ်တဲ့"

"ဘုရား . . . ဘုရား . . . ဘုရားရေ"

မောင်ပေါက်ကျိုင်းသည် မရှုနိုင် မကယ်နိုင်သလို ဘုရားတ မိ၏။

"ဘာဖြစ်လို့ ဘုရားတ ရတာလဲ လူလေးရဲ့၊ မင်းတို့နည်းနည်းမှ မရိပ်မိဘူးလား။ ဒီသူငယ်တော်သလား။ မတော်လို့လား"

အမယ်လေး 'လား' ပေါင်းစုံနှင့် အမေကလည်း ရေပက်မဝင် မေးလိုက်သည့်ဖြစ်ခြင်း။

"ဟို ဘကြီးရွှန်းပို၊ သူနဲ့အတူ သစ်သားဝယ်တာလေ"

"ဟဲ့ . . . ငါ့စာထဲမှာ အဘိနန္ဒသူဆိုပြီး ခုတော့ဘယ်က ဘကြီးရွှန်းပိုလဲ၊ မိသင်းအုံကလဲ မျက်နှာများလိုက်တာ . . . ကောင်မ"

"မဟုတ်ဘူးလေ အမေရဲ့၊ ဦးရွှန်းပိုဆိုတာ အမည်ရင်း၊ အဘိနန္ဒသူဆိုတာ ကလောင်အမည်၊ သူကစာရေးဆရာ။ သူတို့ လက်ထပ်ကြတော့မယ်လား"

မောင်ပေါက်ကျိုင်းသည် သီဂီကိစ္စ ဆွေးနွေးစဉ်ကတော့ ကြီးတော်ကို ဦးရွှန်းပိုနှင့်လက်ထပ်ဖို့ တိုက်တွန်းခဲ့သော်လည်း





တကယ်လက်ထပ်တော့မည်ဆိုတော့လည်း ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရ၏။

"ဘာလဲ လူလေးက ဘာလို့ငိုင်နေတာလဲ၊ သဘောမတူဘူးလား။ မင်းကြီးတော် အသက်ကြီးလို့လား။ ဟဲ့ မိန်းမတို့ဖူးစာ သေခါမှကုန်သတဲ့။ သူ့မှာ လက်တိုလက်တောင်းအဖော်ဖြစ်တဲ့ သီဂီယက်ထပ်သွားရင် ကိုယ့်လင်ကိုယ့်သားအနားမှာရှိတော့ အားကိုးရတာပေါ့"

"အေး သူများကိစ္စထက် ငါ့သားကရော ဘယ်လိုလဲ။ ဒီလိုပဲနေတော့မှာလား။ ကိုယ့်နှမ သီဂီတောင် လက်ထပ်တော့မယ်။ အဲဒါပဲနော် ရန်ကုန်သူ ရှုပ်ရှုပ်ရက်ရက်တွေကိုတော့ ရှောင်ပါ။ မင်းမှာစိတ်ကြိုက် မတွေ့ရင် မမညွှန့်တို့ ချောင်းဦးနားက ကျိုကုန်းသူတစ်ယောက် အမေတွေ့ထားတယ်"

အမေကလည်း အသက်မရှူ ပြောလိုက်သည့်ဖြစ်ခြင်း။ သူ့မှာတော့ ဘာဖြေရမည်မသိ။

"ဩော် . . . အမေကလဲ၊ သားလိုချင်ရင် ကြိုတင်ပြီးပြောမှာပါ။ အမေရဲ့ ကျိုကုန်းသူတွေ ဘာတွေ အသာထားစမ်းပါ။ တကောင်းနဲ့ ချောင်းဦးကလဲ အဝေးကြီး"

"ဟဲ့ ဘယ်လောက်ဝေးဝေး တကောင်းက မဟာသမ္မာဝနဲ့ ပြည်(သရေခေတ္တရာ)က မပေဒါနဲ့တောင် ညားသေးတာပဲ။ တကာတည်း သူကကြီးကျယ်လို့"

www.burmeseclassic.com



မှတ်ကရော၊ အမေကလည်း ရာဇဝင်ချီ၍ ပြောလာ၏။ ခေသူမဟုတ်။

"အမေ၊ ပြောရင်းဆိုရင်း ကြီးတော်တို့ ပြန်လာပြီ။ ရှေ့ဆုံးကလူပဲ။ အမေလှမ်းကြည့်သား။ ဖြူဖြူထောင်ထောင် မောင်းမောင်းနဲ့၊ ဘကြီးရွှန်းပိုဆိုတာသူပဲ"

"ဟော့ မိအုံရေ"

အမေက လှမ်း၍ကြည့်ရင်း အော်ဟစ်ကာ ညီမကို နှုတ်ဆက်လိုက်၏။

"မမပုံ ကြိုပြီးတော့လဲ မပြောပါလား၊ ကျွန်မတို့ ဆင်းကြိုမှာပေါ့"

ညီအစ်မတွေ့တော့လည်း လှိုက်လှိုက်လှဲလှဲနှင့် ဝမ်းပန်းတသာနှုတ်ဆက်လေ၏။ ကြီးတော်သင်းအုံကလည်း သူ့အစ်မဒေါ်သင်းပုံနှင့် ဘကြီးပိုကို မိတ်ဆက်ပေး၏။ ပြီးတော့ ညီအစ်မနှစ်ယောက် အိမ်ထဲသို့လက်တွဲဝင်သွားကာ တီးတိုးပြောနေကြ၏။

"ဟိုနှစ်ကောင်ရော ဘကြီးပို"

"အေး မင်းကို ကောင်းသတင်းပြောမလို့။ ဒေဝမဂ္ဂဇင်းထဲမှာ မောင်ရွှေနွယ်ရေးတဲ့ သူ့ဝတ္ထုပါလာလို့ မဂ္ဂဇင်းတိုက်ပြေးကြလေရဲ့"

"ဟောဗျ"

သူသည် ရွှေနွယ်အတွက် ဝမ်းသာလှ၏။





ဦးရွှန်းပိုသည် သူတို့မိသားစုကို နှုတ်ဆက်၍ ပြန်သွားလေသည်။

ညမိုးချုပ်မှ သူငယ်ချင်းသုံးယောက် ဆုံမိကြ၏။ ဝတ္ထုအကြောင်းကို ပြောမပြီးနိုင်။ ဒေဝမဂ္ဂဇင်း အယ်ဒီတာက သရော်စာပေမဟုတ်သော်လည်း ခေတ်နှင့်ဟပ်မိသော အိမ်ထောင်ရေးသရုပ်ဖော်ဖြစ်၍ လက်ခံထည့်သွင်းကြောင်း မောင်ရွှေနွယ်တို့ကို ပြောပြသည်ဆို၏။

"ဒါမျိုးကျတော့ ငါ့ကိုလာမခေါ်ဘူးကွာ၊ အယ်ဒီတာကြီးတွေနဲ့တွေ့ပြီး နှီးနှောရတာ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ"

မောင်ပေါက်ကျိုင်းက ပြောလိုက်၏။

ဖိုးခွားသည် မောင်ရွှေနွယ်ကို မျက်စပစ်ပြလိုက်ရင်း–

"အစ်ကိုကျိုင်းရေ ဒါမျိုးကျတော့ သူ့မှာဦးစားပေးအကြောင်းကြားရမယ့်သူရှိသေးတာကိုး"

"ဘယ်လို"

မောင်ပေါက်ကျိုင်းသည် နားမလည်။

"ဒီလိုဗျ ဒီလို၊ တစ်ပုဒ်စွံနဲ့ တစ်အုပ်စွံလေ၊ အမရာက ဝတ္ထုစာအုပ်ရေးတာ တစ်အုပ်စွံမို့လား၊ သူကတစ်ပုဒ်စွံလေ၊ လူချင်းလဲစွံနေကြတော့ အမရာဆီဝင်ပြီး ကောင်းသတင်းပြောကြားနေရတော့ အစ်ကိုကျိုင်းကို လာမခေါ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေါက်ကျိုင်းသည် မောင်ရွှေနွယ်နှင့်အမရာ သတင်းကြားရပြန်တော့ ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်ချင်၏။ သူတို့၏ဆရာသမား ဘကြီးရွှန်းပိုအကြောင်းကို သူကလည်း သူငယ်ချင်းများကို ပြောပြလိုက်၏။

"ဒီလို ဒီလိုဆိုတော့ အစ်ကိုကျိုင်းတစ်ယောက် ဗန်းမော်တင်အောင်ရဲ့ ဇာတ်လိုက်ဖြစ်နေတာပေါ့နော်။ ဘုန်းမောင်မှာတော့ တစ်ယောက်ထဲရယ်"ဟူ၍ ဖိုးခွားက ပြောချလိုက်သည်။

"ပြောစရာဖြစ်နေပြီပေါ့လေ"

မောင်ပေါက်ကျိုင်းသည် တစ်လုံးချင်းပြောရင်း ခပ်ငိုင်ငိုင်ဖြစ်သွား၏။

"အစ်ကိုကျိုင်းကလဲ ကျွန်တော်တို့ စိတ်မကောင်းအောင် ငိုင်ငိုင်မသွားစမ်းပါနဲ့၊ ဘဒ္ဒနဝတီအကြောင်းလဲ စုံစမ်းခဲ့တယ်။ သူ့အပန်းဖြေ ကလောနဲ့ရှမ်းပြည်နယ်ဘက်ကို ထွက်သွားတယ်တဲ့"

မောင်ရွှေနွယ်သည် အမရာတို့ အမျိုးသမီးစာရေးဆရာများထံမှကြားရသမျှ ပြောပြ၏။

"ပြီးတော့လဲဗျာ အစ်ကိုကျိုင်းကို ကျွန်တော် ပြောချင်တယ်"

"ဘာလဲဟင်"

"ဘဒ္ဒနဝတီဟာ အပျိုကြီးအစစ်ပါ။ ဒါပေမယ့် အစ်ကို





ကျိုင်းထက်လဲ အသက်ကြီးတယ်။ ရန်ကုန်သူဆိုပေမယ့် ကလောမှာ အနေများတယ်။ တောင်ပေါ်နဲ့တောင်အောက် ထင်းရှူးပင်များကိုကြည့်ရင်း အသက်ရှူမောနေမယ့်အစား၊ စထရော်ဘယ်ရီသီးကို ရေခဲစိမ်သောက်ဖို့ မျှော်လင့်နေမယ့်အစား၊ သုဓာတာရဲ့ဂျာနို့ဆွမ်း ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကလဲ အာဟာရကို ပြည့်ဖြိုးစေပါတယ်"

"ဟုတ်ပါတယ် အစ်ကိုနွယ်ရယ်၊ ကျွန်တော်လဲ သဘောတူတယ်။ သီဂီနဲ့ကလဲ သူငယ်ချင်း။ ညီမတွေလိုနေတာ"

သူတို့နှစ်ယောက်သည် မောင်ပေါက်ကျိုင်းအား သုဓာတာနှင့်နားချကြ၏။ သို့သော် မောင်ပေါက်ကျိုင်းထံမှ ဘာအဖြေမှ မရကြပေ။

"ကျွန်တော်တို့ကသာ ဝမ်းထဲမှာကြိတ်ပြီး သဘောတူနေကြတာပါ။ အတာက ဘာမှမသိရှာသေးပါဘူး။ ရိုးရိုးအေးအေးလေးပဲနော်"

"သူ့ရောင်းတဲ့ နို့ထမင်းလိုပဲ သူ့နှလုံးသားလေးကလဲ ဖြူဖြူစင်စင် ရှိနေပါစေလေ။ ကိုယ့်ကြောင့် အစွန်းအကွက် မထင်ပါစေနဲ့ဦး"

"အစ်ကိုကျိုင်းကလဲ ကျွန်တော် ပြောခဲ့ပါပကော။ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို ကျွန်တော်တို့ ရှိသေပါတယ်။ ခုဟာက ကျွန်တော်တို့ စိတ်ကူးထားတာကို ပြောတာ။ ကျွန်တော်တို့ကတော့ ဒီလိုစီစဉ်တယ်။ ဖိုးခွားနဲ့ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လဲ နွေရာသီကျောင်းပိတ်ရက် ဖြစ်တယ်။ ကျွန်တော်လဲ သီတင်းကျွတ်အမေရာကို လက်ထပ်လိုတဲ့အကြောင်း ညောင်ကန်ပြန်ပြီး အမေတို့ကိုနားချရဦးမယ်လေ''

''အဲဒါကို အမျိုးသမီးကွတ္တိယမဂ္ဂဇင်း အယ်ဒီတာအဖွဲ့နဲ့ အမျိုးသမီးကလောင်ရှင် အချို့ကလဲ အညာလေ့လာရေးခရီးသွားချင်တယ်။ သွားဖို့စီစဉ်ထားတယ်။ အမရာနဲ့အတူ သုဓာတာကလဲ လိုက်ဖို့ပြောထားတယ်။ သီဂီကိုလဲ ထည့်လိုက်ဖို့ ကြီးတော်ကို အစ်ကိုကျိုင်း ပြောပေးပါနော်။ ဖိုးခွားပါလိုက်မှာ''

''ဟုတ်ပါတယ်၊ အညာခရီးထွက်ရင်း အတာကို ကျွန်တော်တို့ လော့ပ်ပါ့မယ်။ အစ်ကိုကျိုင်းကသာ မငြင်းရဘူးနော်။ အစ်ကိုကျိုင်း စီမံကိန်းကလဲ တောင်ထိပ်ပန်း စီမံကိန်းကြီးပါလားနော်။ လမင်းနဲ့မြေပြင် ဆက်သွယ်ရေးကို ရုရှားနဲ့အမေရိကန်လက်တွဲကြိုးပမ်းပေးကြတယ်။ အစ်ကိုကျိုင်းနဲ့ဘဒ္ဒနုဝတီ တွေ့ဆုံရေးကို ဖြစ်နိုင်ရင်တော့ ကောင်းကြပေသား။ ဘယ်သူများ ကြိုးပမ်းပေးပါ့မလဲ''

ဖိုးခွားသည် ခပ်ညည်းညည်းလေး ဆိုလိုက်၏။

''ဒါကတော့ ဥစ္စာရှင်လို ဥစ္စာခဲရမှာပေါ့''

မောင်ပေါက်ကျိုင်းက ဒါပင်ပြောပြလိုက်၏။

သို့သော် မောင်ရွှေနွယ်တို့အုပ်စု အညာခရီး၊ ထွက်သွားချိန်တွင် သူကလည်း သူ့ခရီးစဉ်ကို ရေးဆွဲလိုက်၏။





အမေ စိတ်ကျေနပ်အောင် တာမွေအိမ်တွင် ခေတ္တနေပြီး၊ တစ်ကိုယ်တော် ခရီးထွက်ဖို့စီစဉ်လိုက်သည်။ အိမ်ဆောက်ပစ္စည်းများ စုဆောင်းဆဲဖြစ်၍ ခရီးမှပြန်ရောက်မှာနှင့် အတော်ပင် ဖြစ်သည်။

လောလောဆယ် ကြီးတော်နှင့်အတူ အမေကလည်း အဖော်အဖြစ် ရှိနေဆဲမို့ မောင်ပေါက်ကျိုင်းကို သွားခွင့်ပြုလိုက်၏။

သူမသွားခင် မောင်ရွှေနွယ်ထံမှ စာရောက်လာ၏။ မောင်ရွှေနွယ်သည် လက်စွမ်းလက်စရှိပေသား။ သူ့ဆီပေးစာကိုပင် စိတ်ဝင်စားစရာကောင်းအောင် စထား၏။

စာ၏အစတွင်မှု –

ခြောက်ပါးရောင်ခြည်စိုးသည်၊ ရွှေချက်
သိုစေတီ၊ ဒါယကာ အလောင်းမင်းတရားက သီပေါမင်း
အထိ၊ ပေါင်းကြည့်ပြန်ရသည်။ မုဆိုးသားအမည်၊
ထင်လင်းရှားသည်၊ ဘုရင်မင်းများကို သိကြလေသတဲ့၊
မုဆိုးက လေးနဲ့ခွင်းခဲ့ပြီ။

ရတနာသုံ နောက်ဆုံးပေးရသည်၊ ၄င်းမုဆိုး
ဆက်ကို ထီးရိုးရိုက်ခဲ့ပြီ၊ ဘုရားပါတော်မူပြီ ဓာတာ
မေးလို့ ဆွေးရသည်၊ အလောင်းတော်လဲ လာချိန်
နီးပြီ၊ ထီးကနက်စည်။



www.burmeseclassic.com

www.burmeseclassic.com



သယ်...နှင်မင်းအယုတ်၊ ထီးရိုးစုတ်က၊ ဖုတ်ဖုတ်ကင်ကင်၊ နှင်ထင်ရာနှင်စိုင်းလို့၊ နှင့်အား မိုးကြိုးသွားနှင့် ခွင်းတော့မည်။

သမ္မတဥဿျောင်၊ တို့ဘုန်းခေါင်သည်၊ နေရောင်ထွန်းက၊ ဆီးနှင်းပသလို၊ ထီးရိုးကို မိုးကြိုး ပစ်မတဲ့၊ စာရှိပါသည်။ ၁၃၀၁ ခုကစ၍ ရတနာ ဆိုတာ လိုရာရနိုင်မည်။

**အစ်ကိုကျိုင်းရေ –**

အထက်ပါ သီချင်းကတော့ ခေတ်ဟောင်းတုန်းက အဆိုကျော်ခင်မောင်ရင်ဆိုတဲ့ သီချင်းပေါ့။ ဗြိတိသျှ နယ်ချဲ့ သမားဟာ သူ့ကိုပြန်လှန်တော်လှန်ဖို့ လှုံ့ဆော်နိုင်တဲ့ အင်အား ရှိတဲ့ သီချင်းတွေဆို ပိတ်ခဲ့တယ်။ နှင်မင်းအယုတ်၊ ထီးရိုး စုတ်ဆိုတာ ဗြိတိသျှနယ်ချဲ့သမားကို ညွှန်းတာကိုး။

ဒါပေမယ့် အင်္ဂလိပ်အစိုးရဟာ ဗေဒင်ဝေါဟာရ တပေါင်အကြောင်းတို့ကို သိမှာလဲမဟုတ်ဘူး။ နားလဲမလည် ပါဘူး။ ကျွန်တော့်စိတ်ထင် မြန်မာဗေဒင်ဆရာ သစ္စာဖောက် တွေ၊ နယ်ချဲ့သမားအလိုတော်ရိတွေကြောင့် ဒီသီချင်းအပိတ်ခံ ရတာထင်ပါရဲ့။

ရွှေနွယ်ရ မင်းစာရေးတာနဲ့ ဒီသီချင်းနဲ့ ဘာဆိုင်လို့ လဲလို့ အစ်ကိုကျိုင်းက စာဖတ်ရင်းစိတ်ထဲက ပြောနေမှာပဲ။





ဒီလိုပါလေ ဒီသီချင်းထဲပါတဲ့ ရွှေချက်သိုစေတီ တည် ရှိရာ ပြည်ရွှေဘိုကို ဗဟိုပြုပြီး၊ ကျွန်တော်တို့ခရီးထွက်နေကြ တယ်။

ကုန်းဘောင်ဆက်ကို စတင်တည်ထောင်ခဲ့တဲ့အလောင်း မင်းတရားကြီး မွေးဖွားရာဇာတိဖြစ်လို့ သူ့ချက်မြှုပ်ဒေသ ဇာတိရပ်မြေမှာ အထိမ်းအမှတ်အဖြစ် ရွှေချက်သိုစေတီကို တည်ထားခဲ့တာကို။ တကယ်တော့နော် မြန်မာ့ဝေါဟာရဟာ ကြွယ်လည်းကြွယ်တယ်၊ လှလဲလှပပါတယ်နော်။ ကျွန်တော် ဖြင့် ရွှေချက်သိုဆိုတဲ့အမည်ကို ရွတ်ဆိုမိတိုင်း ကြည်နူးမိတယ်။

ပြီးတော့လဲ ယဉ်ကျေးမှု အနုပညာဂီတ၊ ဆေးပညာက အစ မွန်တို့ဟာ အထက်မြန်မာပြည်ကို သယ်ယူလာကြလို့ မြန်မာ့ခေတ်ဦး ကျေးဇူးရှင်များအဖြစ် ကျွန်တော်တို့ဟာ မွန် တို့ကို ကျေးဇူးတင်ခဲ့ရတယ်။

ရွှေဘိုနယ်အပါအဝင် အထက်မြန်မာပြည်သားတွေရဲ့ လက်ရုံးရည် နှလုံးရည်ဟာလဲ 'ဒါဟာ ဗမာပဲဟေ့'လို့ ဝင့်ကြွား နိုင်လောက်အောင်ကို သူ့ရဲကောင်းတွေနဲ့ အနုပညာသမား တွေကို မွေးထုတ်ရာမို့ အထက်မြန်မာပြည်သားတွေရဲ့ ကျေးဇူး တရားဟာလဲ ပြည်ထောင်စုအတွက် ကြီးမားလှပါပေတယ်။

အခု ကျွန်တော်တို့ ရောက်နေတာက ရွှေဘိုနယ် ဆိတ်ခွန်ရွာမှာပါပဲ။

ဆိတ်ခွန်ရွာဟာ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာ့အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း မဟာယနဂိုဏ်းဝင်နိုင်ငံတွေ လက်ခံအောင်၊ အနောက်နိုင်ငံတွေကဆိုလဲ အမေရိကန်၊ အင်္ဂလန်၊ ဂျာမန်အစရှိတဲ့ နိုင်ငံတွေအထိ ကျယ်ပြန့်အောင် စွမ်းဆောင် သာသနာပြုနိုင်တဲ့ အရှင်သောဘနမထေရ် မဟာစည်ဆရာတော်ဘုရားရဲ့ ချက်မြှုပ်ရာဒေသ ရွှေချက်သိုပဲ။

အင်ကြင်းမြို့ကတော့ ဝေဘူဆရာတော်ဘုရားရဲ့ ချက်မြှုပ်ရာ။

လယ်တီဆရာတော်ဘုရားရဲ့ ဇာတိကတော့ မုံရွာခရိုင်၊ စိုင်ပြင်ရွာဖြစ်တယ်။

ညောင်ကန်ကိုလဲ ရောက်အောင်သွားမယ်။ ညောင်ကန်က ဦးဖုမ်ဆရာတော်ရဲ့ ဇာတိဒေသမို့လို့ပဲ။ တစ်ပုဒ်စွဲ စာရေးဆရာကျွန်တော်သင်းရွှေနွယ်ရဲ့ ဇာတိဆိုရင်လဲ မမှားဘူးပေါ့။

ဗြိတိသျှနယ်ချဲ့သမားကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့တဲ့ မဟာဗန္ဓုလရဲ့မွေးဖွားရာ ဒီပဲရင်း (ငပရင်း)ကိုလဲ ဝင်ခဲ့မယ်။

ကျွန်တော်တို့ရဲ့ စာပေဆရာသမား မွေးဖခင်လို့လဲ ဆိုလောက်တဲ့ ဦးသိန်းဖေမြင့်ရဲ့ဇာတိဖြစ်တဲ့ ဘုတလင်မြို့ကိုလဲ ခရီးစဉ်ထဲမှာ ထည့်ထားတယ်။

ဒီခရီးကပြန်ရင်တော့ ကျွန်တော် စိတ်ထင်တယ် 'ရွှေချက်သို'ဆိုတဲ့အမည်နဲ့ စာတစ်အုပ် ကျွန်တော်ရေးဖြစ်လိမ့်မယ် အစ်ကိုကျိုင်း။

ပြီးတော့လဲလေ၊ ကျွန်တော်ရဲ့စာပေပါရမီဖြည့်ဖက်





အမရာကို လက်တွေ့ပြစရာလေးတွေ ကျွန်တော်ပြရဦးမယ်။ တို့နှစ်ယောက် တကယ် ကျက်စားရမှာက ရန်ကုန်မြေ မဟုတ်ဘူး။ 'လှည်းအိုကြမ်းနဲ့တမာတန်း'ပဲဆိုတာကို ပြထားရမယ်။

တစ်နေ့တုန်းကတော့ တမာပင်တွေ ပေါက်နေတဲ့ ကားလမ်းနဲ့ယှဉ်ပြိုင်နေတဲ့ ရိုက်သိမ်းပြီးစ နေကြာခင်း၊ နှမ်းခင်း၊ ပဲခင်းတွေအပေါ်က လှည်းလမ်းကြောင်းမှာ ကျွန်တော်တို့ အားလုံး ဖြတ်သန်းသွားကြတယ်။ နောင်ခါကြခါမှ ရွှေဝါနဲ့ပဲ တင်ခေါ်ခေါ်၊ ခုလောလောဆယ်တော့ လှည်းယာဉ်တောင် မဟုတ်ဘူး။ လှည်းအိုကြမ်းနဲ့ပဲ ကျွန်တော်တို့ ဘုတလင်ကနေ ညောင်ကန်ကို ခရီးထွက်ကြတယ်။ အမျိုးသမီးကလောင်ရှင်တွေလဲ ပျော်ကြပါရဲ့။

သူတို့အနေနဲ့ လက်ရှိယာယီခရီးကို အပျော်တမ်း ခရီးဆိုပါတော့ ခရီးပန်းလမ်းကြမ်းကိုလဲ ခဏပဲရင်ဆိုင်ရမယ်လေ။

အမရာနဲ့ ကျွန်တော်ကတော့ တစ်ယောက်လက် တစ်ယောက်တွဲပြီး တမာပန်းရနံ့မွှေးပျံ့ပျံ့ကိုလည်းရှူရမှာပဲ၊ ခရောင်းတောပေါ်မှာ လှည်းကိုကြမ်းကိုလဲစီးရမှာပဲ။

အမြဲပဲ ဒဂုန်တာရာရဲ့'လေနုအေး'က မင်းတို့အောက်ရွာလို တိုက်ခတ်နေချင်မှလဲ နေမယ်ဆိုတာကိုပဲ အမရာတို့ ကြိုတင်သိထားစေရမှာပေါ့။ လေပူနဲ့ဖုံထူတဲ့ အညာမြေယာခင်း ကျေးရွာတွေရဲ့ 'အရှိ'သဘောကို အရင်းတိုင်း ကျွန်တော်က ပြချင်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"လယ်တောထဲမှာ ယာတောထဲမှာ
အပျင်းပြေဖွယ်ကောင်းလိုက်ပါဘိ၊
ရှုပ်ချောသူ ကညာမေရယ်၊ လာလာလေ
လိုက်ခဲ့တော့၊ အညာမြို့၊ မောင်တို့နေတဲ့ တောရွာ"

ဆိုပြီး အနုပညာဂီတသီချင်းသည်ဟာ အညာသဘာဝကို အလှဖြစ်အောင် စာဖွဲ့ခဲ့ပေမယ့် အညာကျေးတောရဲ့ တကယ့်ဘဝကိုတော့ ကျွန်တော်က ဒီသီချင်းကိုဆိုပြီး ခေါ်မသွားချင်ဘူး။ တော်ကြာ "ဘယ်မှာလဲ အစ်ကိုရဲ့အိမ်သာ၊ ဘယ်မှာလဲ ရေ"ဆိုရင် ဒုက္ခ။

ကျွန်တော်တို့ ညောင်ကန်မှာတော့ သီရိမင်္ဂလာကန်တော်ကြီးက တစ်ရွာလုံးသောက်သုံးမကုန် ရေရနေလို့ လုံလောက်ပါတယ်။ စိုပြည်ပါတယ်။ တခြားကျေးရွာတွေမှာတော့ ရေနဲ့အိမ်သာပြဿနာ သိပ်မပြေလည်ဘူး။ ရန်ကုန်ရဲ့ မိလ္လာပြဿနာလိုပဲပေါ့။

ဝါဒဖြန့်ရုံလောက်မဖြစ်ဘူး အညာသားယူရင် အညာရဲ့ဒုက္ခကို ခံနိုင်ရည်ရှိမရှိ ခုကတည်းက မချောစာ အမရာကို ပုံသွင်းနေတာ အစ်ကိုကျိုင်းရေ။

အစ်ကိုကျိုင်း ယောက်ဖလောင်းဖိုးခွားကလဲ အပြန်ကို ဝတ္ထုတစ်ပုဒ်ရအောင် အချက်အလက်တွေ အတော်ပြည့်ပြည့်စုံစုံစုဆောင်းနေပုံရတယ်။ နှမတော် သီဂီကလဲ ကူညီပါတယ်။





ဖိုးခွားကတော့ သူ့ရဲ့ဘွားဘွား ချစ်လို့ခေါ်တဲ့ နာမည်အတိုင်းပဲ သူ့ရဲ့ကလောင်နာမည်ကို ဖိုးခွားလို့ပဲပေးမယ်တဲ့။ ဝတ္ထုရဲ့နာမည်ကိုတော့ သူက မြသန်းတင့်ပရိသတ်ဆိုတော့ မြသန်းတင့်ဟန်နဲ့ ပေးမယ်ဆိုပဲ။

ရှုမဝမှာ မြသန်းတင့်က 'ငွေသောင်ယံ၊ ဟွန်ဒါ ယဉ်ကျေးမှု မေရီပိုပေးနှင့် အိကွေကာညမျှား'ဆိုတဲ့ ဆောင်းပါး အခန်းဆက်ရေးတယ်မို့လား။ သူကတော့ . . .

"ကုန်းဘောင် ယဉ်ကျေးမှု၊ နန်းမတော်မယ်နုနှင့် ဥတ္တရယာဉ်စွန်း၏ နေ့ရက်များ"ဆိုပဲ။

ပရိသတ်ကတော့ မဆိုးဘူးဗျ။ စာအုပ်တွေက ဘယ်တော့ပြီးလို့ ဘယ်လိုနေမလဲ မသိဘူး။ နာမည်ကတော့ အပျံစားပဲ။

ညောင်ကန်မှာ နန်းမတော်မယ်နုက ဆရာတော် ဦးဗုဓ်ကို ကိုးကွယ်တော့ မယ်နုအုတ်ကျောင်းဆောက်ပြီး လှူထားတာ အင်းဝအုတ်ကျောင်းလိုပဲ စိတ်ဝင်စားစရာ၊ လေ့လာစရာတွေက တစ်ပုံကြီးပဲကိုး။

ကျွန်တော်တို့ ဒီနေ့ရိတ်ပြီးစ နေကြာခင်းနဲ့ နှမ်းခင်းပေါ်မှာ ဖုံတထောင်းထောင်းနဲ့ လှည်းမောင်းပြီး ခရီးထွက်ခဲ့ကြပြီ။

အမျိုးသမီး ကလောင်ရှင် ကောင်မလေးတွေ အုပ်စုကတော့ မဆိုးလှဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ခင်နှင်းယု

"နေကြာနဲ့မြေပဲ၊ နှမ်းတွေအထွက်များပါစေတဲ့။ သာမဝါယမတွေဟာ ကုန်သည်သဘော ပုဂ္ဂလိကတွေနဲ့ အပြိုင်ရောင်းနိုင်၊ ဝယ်နိုင်ရင် ဘယ်အိမ်ရှင်မကမှ ပုဂ္ဂလိကကုန်သည်တွေကို အားမပေးပါဘူးတဲ့။ ကုန်ဈေးနှုန်းလဲ အလိုလို ကျမှာတဲ့။

"ဆီဈေးကျ၊ ဆန်ဈေးလဲကျရင် ငါးပိပေါ်ပေါ် စားရတယ်ဆို ကျွန်မတို့အိမ်ရှင်မတွေ ဝမ်းသာတာပဲတဲ့။ အိမ်ရှင်မတွေ ရင်အေးမှ တစ်အိမ်ထောင်လုံးကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်တာတဲ့"

"ပြင်သစ်တော်လှန်ရေးအစကို ပြင်သစ်အိမ်ရှင်မတွေက 'ပေါင်မုန့်ပေးပါ'လို့ ဟစ်အော်ကြွေးကြော်ပြီး ဘာစတီထောင်ကြီးကို ချိုတက်ခဲ့ပြီး စခဲ့တာတဲ့။ ကျွန်မတို့ အမျိုးသမီးတွေဟာ ငြိမ်းချမ်းတဲ့မိသားစုကို ကလေးမွေးပြီး ရင်အေးအောင် ထမင်းချက်ကျွေးချင်တာပါ"တဲ့။

ကဲ... အားလုံးပဲ ပျော်ကြတယ်။ ကျွန်တော်တို့အပြန်မှာ နဂါးနိုင်ကြီးအစ်ကိုကျိုင်းတစ်ယောက် ဘဒ္ဒနုဝတီကို ရွေလက်တွဲပြီး ဘိသိက်ပွဲခံနေတာကို မြင်ရပါစေသတည်း။

ချမ်းမြေ့ရွှင်လန်းပါစေ။

မောင်ရွှေနွယ်
ခေတ္တ–ဆိတ်ခွန်
(တစ်ပုဒ်စွဲစာရေးဆရာသင်းရွှေနွယ်)



## ဘဒ္ဒနုဝတီ

မောင်ရွှေနွယ်၏ စာကိုဖတ်ပြီး ဝမ်းသာဝမ်းနည်းဖြစ်မိ၏။

သူ့မှာတော့ တစ်ကိုယ်တော်ခရီးစဉ်ကို စဉ်ထွက်ရပေတော့မည်။ မထွက်မီ ဦးရွှန်းပိုက မိတ်ဆက်စာတစ်စောင် ရေးပေးလိုက်၏။ မိတ်ဆက်စာကိုယူကာ တောင်ကြီးကို လေယာဉ်ပျံနှင့်ထွက်ခဲ့၏။

သူတည်းခိုရမည့် အိမ်ရှင်အမည်မှာ ဒေါ်ဂုဏ္ဏာဖြစ်သည်။

ဘဒ္ဒနုဝတီကို အကျွမ်းတဝင် မဖြစ်သေးသော်လည်း နာမည်ကိုကြားစကတည်းက သူသည် လှပသောနာမည်ကို ကလောင်အမည်အဖြစ် ယူတတ်သူ ဘဒ္ဒနုဝတီ၏ စိတ်ကူးစိတ်သန်းကို ချီးကျူးမိ၏။

ယခုဦးရွှန်းပို မိတ်ဆက်စာရေးရေးလိုက်သော ဒေါ်ဂုဏ္ဏာအမည်ကိုတော့ ကြားကြားချင်း အံ့သြမိ၏။

ကလောင်အမည် လှလှလေးများကို သတင်းစာထဲတွင် တသီတသန်းကြီး စာအုပ်နာမည်ထက်ပင် ထင်ထင်ပေါ်ပေါ် တွေ့ရချိန်တွင် ဤဒေါ်ဂုဏ္ဏာဟူသောအမည်ကို ကလောင်အဖြစ် ရွေးချယ်သော အမျိုးသမီးကြီး၏ စိတ်ကူးစိတ်သန်းကိုလည်း သူ့မှာအံ့သြရပါသည်။

သို့သော် လူချင်းတွေ့၍ သူတည်းခိုရသောအခါ ဒေါ်ဂုဏ္ဏာသည် အမျိုးသမီး အငြိမ်းစားသတင်းစာဆရာမကြီးတစ်ဦးဖြစ်ပေ၏။ တောင်ကြီးဟော်ကုန်းအနီး တောင်ခြေတွင်နေထိုင်သူဖြစ်၏။ ကြီးတော်ဒေါ်သင်းအုံထက်ကြီးပုံရ၍ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပုံမှာ နူးညံ့သိမ်မွေ့လှသည်။ အသားဖြူဖြူ၊ မျက်နှာ ဝိုင်းဝိုင်းနှင့် ချစ်ဖွယ်ကောင်းသည်။

ဒရိုင်ဘာ လင်မယားနှစ်ယောက်နှင့် အတူနေ၍ ဒရိုင်ဘာ၏ဇနီးက ချက်ပြုတ်ကျွေး၏။

လူ၏မျက်နှာထားကို ဆန္ဒသည်ခြယ်လှယ်၏။ ဆန္ဒဖြင့် လွန်ကဲသောမျက်နှာသည် ဘယ်လောက်ပင်လှလှ တည်ငြိမ်ချမ်းမြေ့ခြင်းမရှိ။

ဒေါ်ဂျွာသည် လူ့သာမန်တို့ရှိမြဲဆန္ဒထက် လျော့နည်းပုံရ၏။ ထို့ကြောင့်သူသည် မိန်းမလှကြီးဟု မဆိုသာပါသော်လည်း မြင်ရသူနှလုံးသားကို အေးချမ်းငြိမ်သက်စေသော မျက်နှာအလှကို တွေ့ရ၏။

"မောင်ရင်စားချင်တာရှိလဲ အားမနာနဲ့ ပြောပါ။ အိမ်သားတစ်ယောက်လိုနေပါ" ဟူ၍ သူ့ကိုတည်းခိုဖို့တွေ့ဆုံသောနေ့က ပြောပြ၏။

ဒရိုင်ဘာကိုချော်နီဇနီး မအေးပိုကလည်း ရှမ်းပြည်နယ် အစားအစာများကို ဟင်းမထပ်အောင် သူ့ကိုကျွေး၏။

တစ်ခါတစ်ရံ ရှမ်းထမင်းဟုခေါ်သော ငါးထမင်းသုပ်၊ ရှမ်းပဲပုပ်ချက်၊ ဂျူးမြစ်ကြော်များနှင့်ကျွေးတတ်၏။

ဒေါ်ဂျွာသည် အိမ်နောက်ဘက်တွင် ဂေါ်ဖီ၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီးစသော စားပင်များကို ရာသီအလိုက် စိုက်ပျိုးထား၏။ အိမ်ရှေ့တွင်မူ သစ္စာပန်း၊ ဒေလီနှင့်နှင်းဆီ များကို စိုက်သည်။





ထိုစိုက်ခင်းများတွင် ကိုယ်တိုင်ပါဝင်စိုက်ပျိုး၍ သူကျန်းမာရေးကောင်းကြောင်း ပြောပြ၏။ စီးပွားဖြစ်အတွက်မူ တောင်ကြီးနှင့် ညောင်ရွှေအကြားတွင် အာလူးနှင့်ဂျုံစိုက်ခင်းများရှိသည်။

သူ၏ဂျုံခင်းများသို့ တစ်ပတ်အတွင်း ခရီးအထွက်တွင် လိုက်လံလေ့လာဖို့ ပြောပြသည်။

"စာရေးဆရာ အလုပ်ကလဲ ခရီးများများထွက်ဖို့နဲ့ ဒေသန္တရဗဟုသုတရှိဖို့လဲ လိုတာပေါ့။ ဒေါ်ဒေါ်က သတင်းစာဆရာအလုပ်ကို ဝါသနာပါတာက တိုတိုနဲ့လိုရင်းကို ရေးချင်လို့ပဲ။ ဝတ္ထုဆိုတာကတော့ အဖွဲ့အနွဲ့ပါရသေးတယ်။ ဇာတ်အိမ်ကို တောင့်တင်းခိုင်မာအောင် တည်ဆောက်ဖို့၊ ဇာတ်ဆောင်တွေ သရုပ်သကန်ပီသဖို့နဲ့ နေရာတကျထားနိုင်ဖို့ သဘာဝကျဖို့လိုတယ်လေ။

"သတင်းစာမှာက ပြောင်းလဲနေတဲ့ တိုင်းပြည်အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေကို အစဉ်ပဲကြိုတင်လေ့လာပြီး၊ သတင်းစာဖတ်သူကို အမီတင်ပြရတာ။ ကိုယ်ထင်မှန်းချက်အတိုင်း မှန်သွားရင် တယ်ပျော်တာကိုး။ ပုံနှိပ်စက်တော့မထောင်တာ ခေါင်းရှုပ်မခံချင်ဘူး။ တစ်ခါတစ်ခါကျတော့လဲ အသက်ဘယ်လိုကြီးကြီး၊ သတင်းစာဆရာဘဝကို လွမ်းတယ်။

"တစ်နေ့ကများ ကြေးမုံဖတ်လိုက်တော့ လက်ဘုန်

www.burmeseclassic.com



ပြည်က အမျိုးသမီးတစ်ယောက်က တောတောင်ဒေသတွေဘက်ကို စစ်ဒဏ်ရှောင်ကွင်းရင်းပြေးရာက ပြောပြတယ်တဲ့။ သူတို့လိုချင်တာဟာ တခြားတိုင်းပြည်တွေနဲ့ ကမ္ဘာ့ကုလသမဂ္ဂ ယူနီဆက် အကူအညီမဟုတ်ပါဘူးတဲ့၊ ငြိမ်းချမ်းရေးပါတဲ့''။

''ဒေါ်ဒေါ်ဖတ်ပြီးတယ်ဆို ငြိမ်းချမ်းရေးဟာ အိမ်ရှင်မတွေအတွက် ဘယ်လောက်လိုလိုလားလား နှစ်သက်ဖွယ်ကောင်းတယ်ဆိုတာ ရေးပြချင်လိုက်တာ။ ဒါမျိုးတွေကျတော့ ဝတ္ထုထက် သတင်းစာရေးဖို့ ပိုကောင်းတယ်''

ပန်းခင်းများကြားတွင် ပေါင်းသင်ရင်း လမ်းလျှောက်ရင်းပင်ဖြစ်ဖြစ်၊ ထမင်းစားပွဲတွင် စားသောက်ရင်းဖြစ်ဖြစ် ဒေါ်ဂုဏ္ဍာသည် သတင်းစာဆရာမအဖြစ် ငယ်ဘဝကို ပြောပြတတ်သည်။

ဩော် သူ့ဘဝမှာတော့ အေးချမ်းလိုက်သည့်ဖြစ်ခြင်း။

''ကမ္ဘာကိုမပတ်နိုင်လဲ ကမ္ဘာ့သတင်းကိုတော့ အမြဲမျက်ခြည်မပြတ် လေ့လာနေရတာ စိတ်ဝင်စားစရာပဲ။ ဘယ်ခေါင်းဆောင်မသေခင် ဘာပြောသွားတယ်ဆိုတာမျိုးတွေပေါ့။ ဥပမာ – အိန္ဒိရာဂန္ဓီ နက်ဆာမသေခင်ကလဲ သူဟာ အာရပ်တွေဘက်ကလည်း မနေလိုပါဘူး။ ငြိမ်းချမ်းရေး ဘက်ကပဲ အစဉ်ရပ်တည်ချင်ပါတယ်''တဲ့။

''အမှန်တော့ ခေါင်းဆောင်တွေမှာ များသောအားဖြင့် ကိုယ့်ပြည်သူတွေနဲ့ သူတို့ရင်တွင်းက ခံစားရချက်တွေ





ကြားမှာ တစ်ခါတလေ ပဋိပက္ခလှိုင်းအရှိန်ကို ခံရဖန်များတော့ နှလုံးကွဲပြီး သေပွဲဝင်ကြရတယ်။ လူသားတွေအနေနဲ့ကလဲ ဘီဟာဖရာပြည်ရဲ့ ကြေကွဲစရာအဖြစ်ဟာ လူ့ရာဇဝင်သမိုင်းမှာ အင်မတန်ဆိုးရွားတဲ့ ကဏ္ဍတစ်ရပ်၊ ပြစ်မှုတစ်ခုပဲ။ ကိုယ့်တိုက်သားအချင်းချင်း၊ မနာလိုတဲ့အာဃာတ အမုန်းစိတ်နဲ့ ဝိုင်းဝန်းပိတ်ဆို့ပြီး အစာငတ်၊ ရေငတ်ဖြစ်အောင်လုပ်ကြပုံဟာ သိပ်ကို လူမဆန်တာပဲ။

''ဒါမျိုးတွေကို သတင်းစာဆရာအနေနဲ့ ကိုယ့်ထင်မြင်ချက်ကို လွတ်လွတ်လပ်လပ် တိုတိုတုတ်တုတ်နဲ့ ဒက်ခနဲဒက်ခနဲရေးရတာဟာ ထိရောက်တယ်။ တရားဟောတယ်လို့လဲ အပြစ်ဆိုဝေဖန်မခံရဘူးပေါ့။ ခရစ်တော်လဲ ပြန်ရှင်ထလာစေချင်တယ်။ ဂျော်ဒန်မြစ်ရေကိုယူ၊ မိုဟာမက်သခင်တမန်တော်ကလဲ နိုင်းမြစ်ရေကိုယူပြီး မြစ်နှစ်သွယ်ရေအလျှဉ်ကိုပူးပေါင်းပြီး ကွန့်ဂိုမြစ်ဝှမ်းတစ်ဝိုက် အာဖရိကနယ်မြေနဲ့ အရှေ့အလယ်ပိုင်းဒေသကို သွန်းဖျန်းစေချင်တယ်။

''အာဃာတနဲ့ အမုန်းကြားမှာ အရိုးပြိုင်းပြိုင်းကျနေတဲ့ ဘီဟာဖရာက ကလေးငယ်ရဲ့ပုံကို မယ်တော်မာရီရင်ခွင်မှာပွေ့ထားတဲ့ ပန်းချီကားချပ်ပုံမျိုးတွေ ရေးဆွဲပြီး မိန်းမသားနဲ့ကလေးတွေ မငြိမ်းချမ်းတဲ့ကာလ ခံစားရချက်ကို မြန်မြန်ထက်ထက် ရေးသားတင်ပြရတဲ့နေရာမှာ သတင်းစာက ဝတ္ထုထက် ထိရောက်တယ်လို့ ဒေါ်ဒေါ်ထင်တယ်။ ဝတ္ထုဆိုပြန်တော့ ကိုယ်က ပြဿနာတစ်ရပ်ကို သွယ်လှယ်ယုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တင်ပြနိုင်ဦးတော့၊ ထုတ်ဝေသူရဲ့ ငွေရေးကြေးရေးပြဿနာ တို့ဘာတို့ညာတို့ အစုံပြဿနာကြောင့် အင်မတန်နှောင့်နှေး ဖင့်နွဲတယ်။

"ဒါက ဒေါ်ဒေါ့်အနေနဲ့ သတင်းစာဆရာအလုပ်ကို ဝါသနာပါလို့ ပြောပြရတာကိုး။ စာရေးဆရာလို့ သိမ်းကျုံးခေါ် ယူခံရပြီး လိုင်းအသီးသီး ကွဲသွားပေမယ့် ကဗျာဆရာတွေ၊ ဘာသာပြန်သူတွေ၊ ဝေဖန်ရေးသမား၊ အယ်ဒီတာ၊ အမှာစာ ရေးတဲ့သူ၊ ပင်တိုင်ဆောင်းပါးရှင်အစရှိတဲ့ စာပေသမားတွေ အားလုံးဟာ လူမှုရေးအားလုံးကို မကျွမ်းကျင်နိုင်တောင် ပြဿနာ အရပ်ရပ်ကို တို့တိတို့တိနဲ့ ထိတွေ့နေရတာပဲ။

"ဥပဒေရေးအရလဲ လွှတ်ထားလို့မရ၊ သိမ်းကျုံးပြော ရရင် လောကကြောင်း၊ ဓမ္မကြောင်းတွေနဲ့ မစိမ်းနိုင်ဘူး။ ရှင်းရှင်းပြောရရင်တော့ တချို့လဲ နန်းတော်ပေါ်က ပလက် ဖောင်းထိ ဆိုပေမယ့် အမှန်တော့ အကနိဋ္ဌဗြဟ္မာဘုံကနေ အဝီစိအထိ ဆိုပါတော့လေ။ မြေကြီးခွဲပြီး ငရဲကြီးရှစ်ထပ်အထိ မြင်တတ်ပြီ။ တင်ပြတတ်လဲ ပိုကောင်းတာပဲ"ဟူ၍ ရယ်စရာ ညှပ်ကာလည်း တစ်ခါတစ်ရံ ပြောပြတတ်၏။

နောက်တစ်ပတ်တွင်မူ သူကတိခံထားသည့်အတိုင်း သူ၏ဂျုံခင်းများရှိရာသို့ စားအိုးသောက်ခွက်အစုံနှင့် မအေးပိုက ကားနောက်ပိုင်းတွင် ထိုင်လိုက်လာကြသည်။

ကားမှာမိုက်ကရိုဘတ်စ်ဖြစ်၍ သူတို့လေးယောက် အတွက် ပစ္စည်းစုံနှင့်သက်သာချောင်ချိပေသည်။





ရွှေညောင်အလွန်လောက်တွင် ကြက်ခြေနီယူနီဖောင်း နှင့်လူငယ်နှစ်ဦးက သူတို့ကားကို တားလိုက်၏။ သူတို့သည် ကားကိုရပ်ပေး၏။

"ကျွန်တော်တို့ကို ကူညီပါခင်ဗျာ" ဟုဆို၏။

"ဘာကူညီပေးရမလဲ မောင်ရင်"

ဒေါ်ဂုဏ္ဍာက မေးလိုက်၏။

လူငယ်လေးများက ခပ်လှမ်းလှမ်းရှိ လူအုပ်စုတစ် သိုက်ကို ညွှန်ပြရင်းပြောလိုက်သည်။

"ဒေါ်ဒေါ်က အမျိုးသမီးဆိုတော့ ကျွန်တော်တို့နောက် လိုက်ခဲ့ပါ။ ဟိုမှာကားမှောက်သွားလို့ အမျိုးသမီးတစ်ယောက် ကို ကားပေါ်မှာတင်ထားတယ်။ အမျိုးသားတစ်ယောက်ကို ဒီကားပေါ်တင်ပေးချင်တယ်။ ကျွန်တော်တို့ ကားမဆန့်လို့၊ လူနာတွေကို အမြန်တောင်ကြီးဆေးရုံသွားပို့ဖို့ လိုပါတယ်"

"အို . . . ရပါတယ်"

"ပြီးတော့၊ အမျိုးသမီးအချင်းချင်းဆိုတော့ ဒဏ်ရာ ရတဲ့ အမျိုးသမီးကို ဒေါ်ဒေါ်ပဲ ပွေ့ထားစေချင်ပါတယ်။ နောင်ကြီးကတော့ မဆင်းပါနဲ့။ ဟိုမှာသူတို့သယ်လာတဲ့ လူနာ ကို ဖေးမပြီး တောင်ကြီးဆေးရုံအရောက် ရှေ့ကယူသွားနှင့် ပါခင်ဗျာ"

လူငယ်လေးများ သယ်ယူလာသော သတိမရှိသည့် ဒဏ်ရာရသူတစ်ယောက်ကို မောင်ပေါက်ကျိုင်းတို့သည် ဆီးကြို



www.burmeseclassic.com

www.burmeseclassic.com



ပွဲ့ယူရင်း ကားကိုတောင်ကြီးပြန်လှည့်၍ မောင်းလာကြလေသည်။

မောင်ပေါက်ကျိုင်းရင်ခွင်တွင် မိန်းမောလိုက်ပါလာသူမှာ သတိမရတစ်ချက် ရတစ်ချက်နှင့် ဖြစ်နေသည်။ ဒဏ်ရာများမှ သွေးများလည်း မောင်ပေါက်ကျိုင်းရင်ပတ်တွင် ရွှဲရွဲစိုနေ၏။

ဒဏ်ရာရသူမှာ မောင်ပေါက်ကျိုင်းနှင့်ရွယ်တူလောက်ဖြစ်၏။ သူ့ရင်ခွင်တွင် သူသည်အသာပွေ့ယူ၍ အသက်မသေပါစေနှင့်ဆုတောင်းမိ၏။

တောင်ကြီးဆေးရုံအရောက်တွင် တာဝန်ကျဆရာမများရောက်ရှိလာ၍ ချက်ချင်းလို ဆောင်ရွက်စရာရှိသည်များကိုပျာပျာသလဲ ဆောင်ရွက်ပေးကြ၏။

မောင်ပေါက်ကျိုင်းသည် ကားထဲပါလာသော သေတ္တာအတွင်းမှ သူ့အင်္ကျီများကို လဲလှယ်လိုက်သည်။

"ရှင် သူ့အနားမှာ စောင့်နေပါနော်၊ သူ့အမျိုးသားလား"

ဆရာမက မေးလိုက်သည်။

မောင်ပေါက်ကျိုင်းသည် ခေါင်းခါပြကာ လမ်းမှာဆုံရသောအဖြစ်အပျက်ကို ပြောပြလိုက်၏။

"အတော်ပဲ၊ သူသတိရတဲ့အထိ သူ့အနားက မခွာ





ပါနဲ့။ သူဘာမေးမေး၊ ကားမှောက်တဲ့အကြောင်းကိုလဲ မပြောပါနဲ့နော်။ သူကအလိုလို သတိရချင်လဲ ရပစေပေါ့"

"ဟုတ်ကဲ့"

ဆရာမလေးများက ဒဏ်ရာကိုစင်ကြယ်စွာ ဆေးကြောသုတ်သင်ပြီး၍ ခေါင်းတွင်သာ ပတ်တီးများစည်းနှောင်ထားသောကြောင့် လူငယ်၏ မျက်နှာအလှမှာ ပေါ်လွင်နေသည်။ ခေါင်းမှဒဏ်ရာမှာ မကြီးသော်လည်း မေ့ဆေးပေးရခြင်းအတွက် လူနာသည် သတိမရပေ။

သူသည် နေရင်းထိုင်ရင်း သူနာစောင့်ဖြစ်နေသည်။

မကြာခင် ဒေါက်တာသည် အခန်းပြင်ဘက်မှ သူ့ကိုလက်ယပ်ခေါ်လိုက်သည်။ သူ့ကို တိုးတိုးပြောပြသည်။

"ဆရာဝန်ကြီးက မောင်ပေါက်ကျိုင်း၊ လူနာသတိရရင် အနားမှာနေပေးပါတဲ့။ နေရစ်နော်၊ ဒေါ်ဒေါ် အဝတ်အစားပြန်လဲပြီး အစားအသောက် လာပို့မယ်။ တို့များခရီးစဉ်ဖျက်ကြစို့ရဲ့။ နောက်မှသွားမယ်၊ သွားသွား။ သူတို့ဆွေမျိုးတွေကို အကြောင်းကြားလိုက်ပြီ"

မောင်ပေါက်ကျိုင်းသည် လူနာအနားကို ပြန်လာ၏။

၂ နာရီလောက်အကြာတွင် လူးလွန့်လှုပ်ရှားလာသော လူနာသည် ပါးစပ်မှ တီးတိုးရေရွတ်လျက်ရှိ၏။

"မမ . . မမကော ဒဏ်ရာကြီးသလား"ဟု မေး၏။

သူကလည်း တိုးတိုးလေးပင် အလိုက်သင့်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မကြီးပါဘူး။ ခင်ဗျား ငြိမ်ငြိမ်နေ စကားမပြောပဲ နေရင်ကောင်းမယ်"

"ခြေထောက်က နာလိုက်တာဗျာ၊ ကျွန်တော်တို့ ဘယ်ရောက်နေလဲ"

"တောင်ကြီးဆေးရုံကို ရောက်နေပြီလေ။ အားလုံး အခြေအနေ ကောင်းပါတယ်"

မကြာခင် ဆရာမလေးတစ်ယောက် ဝင်လာကာ ဒေါ်ဒေါ်အပို့လွှတ်လိုက်သော နေ့လယ်စာကို မောင်ပေါက်ကျိုင်းကိုပေး၏။ လူနာကိုမူ ကရားငယ်နှင့် ကော်ဖီတိုက်လိုက်သည်။

လူနာသည် မျက်လုံးကောင်းစွာ ဖွင့်နိုင်၍ ပတ်ဝန်းကျင်ကို ကွဲပြားစွာ မြင်လာပုံရသည်။

"ဆရာမ . . . မမ . . . မမ သတိရပြီလား"

"ရပါပြီ ဒဏ်ရာက မကြီးပေမယ့် အိပ်ရာပေါ် နားနေရတယ်လေ"

"အင်း . . ကျွန်တော် သတိရပြီလို့ မမကို ပြောပြနော်။ စိတ်မပူနဲ့တော့လို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ရှင်လိုချင်တာရှိသမျှ သူ့ကို ပြောနော်၊ အိပ်ရာကတော့ လုံးဝမထနဲ့"

ဆရာမလေးသည် မောင်ပေါက်ကျိုင်းကို ထားရစ်ပြန်





၏။ လူငယ်သည် မောင်ပေါက်ကျိုင်းကို လှမ်းကြည့်၏။ သူ့လက်ကို လှမ်းပေး၏။ မောင်ပေါက်ကျိုင်းသည် အသာပင် ဆုပ်နယ်လိုက်သည်။ လက်မှာ ပူပူနွေးနွေးဖြစ်လာ၍ ဝမ်းသာသွားသည်။

"ခင်ဗျား ကျွန်တော့်ကို စောင့်ပေးတာ ကျေးဇူးတင်လိုက်တာ။ ကျွန်တော် ကိုယ်တိုင်မောင်းရင် ကားကမှောက်ချင်မှမှောက်မှာ မမရယ်လေ သူကိုယ်တိုင်မောင်းချင်လိုက်တာ၊ အလွန်ပဲ ဒါနဲ့ . . . ဒါနဲ့ ဒီကအစ်ကိုရဲ့နာမည်က ဘယ်သူလဲဟင်"

"မောင်ပေါက်ကျိုင်းပါခင်ဗျာ"

"အို . . . ကိုပေါက်ကျိုင်း ကိုပေါက်ကျိုင်းတဲ့လား"

လူနာက ထူးထူးခြားခြားမေး၍ မောင်ပေါက်ကျိုင်းသည် အံ့ဩသွားသည်။

"ဒီလိုပါ ကျွန်တော်နာမည်က ဒေါက်တာသုနာပရန္တတဲ့။ တိုက်ဆိုက်လိုက်တာ ကျွန်တော်လေ ကိုပေါက်ကျိုင်းကိုမြင်မြင်ချင်း ချစ်ပါတယ်"

လူနာသည် ချစ်စဖွယ်ပြုံးလိုက်၏။

"ရာဇဝင်ထဲမှာလို ကျွန်တော့်ကို ဓားလွတ်နဲ့ အပိုင်းပိုင်းတော့ မပိုင်းလိုက်ပါနဲ့နော်။ ကျွန်တော် ရာဇဝင်မဆန်ချင်ပါဘူး"

"ကျွန်တော်လဲ ရာဇဝင်မဆန်ချင်ပါဘူး။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှာ ခင်ဗျားကို ပွေ့ယူလာကတည်းက ခင်ဗျား အတွက်မေတ္တာပို့ ဆုတောင်းလာခဲ့တာပါ”

“မဟာမိတ်နော်၊ မဟာမိတ်ဖြစ်ပါရစေ”

ဒေါက်တာသုနာပရန္တသည် သူ့လက်ကို တင်းကြပ်စွာဆုပ်ကိုင်လိုက်ရင်း အသက်ဖြည်းဖြည်းရှူ၍ တစ်လုံးချင်း ပြော၏။

“ကဲ . . . မောင်ပေါက်ကျိုင်းရေ၊ ဂျူတီချိန်းရအောင်၊ ဒီမှာမောင်ဂျော်နီရောက်လာပြီ။ မင်းခဏ အိမ်ပြန်နားဖို့လို တယ်”

ဒေါ်ဂုဏ္ဍာက အခန်းတွင်းဝင်လာရင်း ပြောလိုက်၏။

သူတို့သည် ဒေါက်တာသုနာပရန္တကို ပြုံး၍နှုတ်ဆက်ကာ အပြင်သို့ထွက်လာသည်။

ဒေါ်ဒေါ်သည် သူ့ကိုတိုးတိုးလေးပြောပြ၏။

“သူတို့ တည်းခိုမယ့်အိမ်က ရေထွက်ဦးလမ်းမှာ၊ ဒေစီ့အမျိုးတွေလေ၊ ကက်သရင်းတို့ပေါ့။ မောင်ပေါက်ကျိုင်းက ဘယ်သိမလဲ၊ ဒေစီတို့တူအရီးအတွက် ပြင်ဆင်နေရလို့ ဟို သူငယ်ကိုမောင်ရင်နဲ့လွှဲထားတာ။ မကြာခင် လူနာစောင့်ဖို့ စီစဉ်ပေးလိမ့်မယ်”

“ဒေါ်ဒေါ်ရဲ့လူနာတွေရော”

“တစ်ယောက်က သတိရပြီ”

“ကျွန်တော် ခဏဝင်ကြည့်မယ်လေ”





“မကြည့်နဲ့မကြည့်နဲ့၊ ဟိုတစ်ယောက်က ခေါင်းကို ကျောက်တုံးနဲ့ညပ်ပြီး ပြားသွားလို့ ရုပ်တောင်မပေါ်တော့ဘူး။ သူ့ကို မင်းသိမယ်ထင်တယ်။ စာရေးဆရာမ ဘဒ္ဒနုဝတီ”

မောင်ပေါက်ကျိုင်းသည် ရုတ်တရက်ပင် ဒေါ်ဒေါ့် လက်ကိုဖမ်း၍ ကိုင်လိုက်ရ၏။

“ဟိုဒေါက်တာလေးကို တမင်အသိမပေးဘဲ ထားရတာ။ ဒေစီနဲ့ဒေါ်ဒေါ်နဲ့ကတော့ ရင်းနှီးတယ်။ ဒါကြောင့် ဒေါ်ဒေါ် ကို ဒေစီကပြောထားတယ်။ သူငယ်လေးသတိရရချင်း ဘာမှ မပြောပါနဲ့တဲ့။ ဒေါက်တာလေးနဲ့က ဘဒ္ဒနုဝတီ တောင်ကြီးက ပြန်ရင် ရန်ကုန်မှာ လက်ထပ်တော့မှာ။ ဒေစီကအခြေအနေ ကောင်းပါတယ်။ ဒါကြောင့် သူ့တူမအကြောင်း ဒေါက်တာ လေးကို ဖြည်းဖြည်းမှအသိပေးပါတဲ့”

ဘုရား . . . ဘုရား ဘာများတတ်နိုင်ပါဦးမည်နည်း။ သူ့မှာတော့ ရာဇပလ္လင်ပေါ်တွင် ဘိသိက်ခံ၍ ထီးနန်းလည်း မစံရပါ။ နဂါးကိုလည်း မနိုင်ရ တီကောင်ကိုပင် မပိုင်းဖြစ်။

“ခုတလောစာရေးဆရာတွေ ကပ်သင့်လိုက်တာနော်။ ဟံသာဝတီဦးဘရင်၊ ဦးသိန်းဖေမြင့်၊ ဒေါ်ဝင်းမြင့်၊ ရွှေစကြာ၊ လူငယ်လေးတွေထဲကလည်း မသန္တာတဲ့။ နာဂတောင်တန်း မောင်ကြည်ဖင်တဲ့။ ပြီးတော့ စာရေးဆရာမဟုတ်ဘဲ အမြဲလှုပ်ရှားနေတဲ့ အားကစားသမား ဗိုလ်မှူးကြီးဂွမ်ရှိန် ရုတ်တရက် သေသွားကြတာတွေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပေါက်ကျိုင်းရယ်၊ သေသေချာချာ တွေးကြည့်တော့ ရုပ်ဝါဒသမားရော၊ အားကစားသမားတွေရော၊ အနုပညာသမားတွေရော သူတို့ပါးစပ်ကဖွင့်ဟ မပြောပေမယ့် တစ်ညီတစ်ညွတ်ထဲ လက်ခံသွားရတာကတော့ ဗုဒ္ဓရဲ့အဘိဓမ္မာ–

"မမြဲ ဆင်းရဲသဘောပဲဆိုတဲ့ ခံယူချက်ပဲနော်။ မသေအောင် ဆင်ခြင်ကြိုးစားကြရတာ။ အလုမပျက်အောင် ခြယ်လှယ်မွမ်းမံကြရတာအမော"

ဘာအကြောင်းကိုမှ မသိရှာသော ဒေါ်ကွဲ့လွှာသည် ကားပေါ်တက်ရင်း သူ့ကိုပြောလိုက်၏။

မောင်ပေါက်ကျိုင်း ရင်ထဲရှိ ခံစားချက်မှာတော့–

"ရာဇဝင်တွင်ရစ်အောင် ကြိုးစားပါသော်လည်း ဘိသိက်ပွဲခံ၍ နန်းစံဖို့ဆိုသည်ကတော့ ကံအလျှာပါရမည်ဖြစ်သတည်း။

ရာဇဝင်ကိုတူအောင်လည်း မတုလိုပါ။ ဖြစ်များဖြစ်နိုင်ပါလျှင် သွေးတစ်စက်မကျဘဲ မဘဒ္ဒနုဝတီသည် ဒေါက်တာသုနာပရန္တနှင့် ကလောာ၏နွေရိပ်တွင် ချွေးသိပ်၍နေကြလေသတည်းဟု အဆုံးသတ်လိုလှပါသည်။

ယခုတော့ သူ့ကြမ္မာသူဖန်တီးသော မမသည် တစ်ယောက်တည်း တောင်ကြီး၏ မြေဂူအောက်တွင် အိပ်စက်နားနေရစ်ပေတော့မည်။ မျက်နှာချင်းဆိုင်၍ စကားတစ်လုံးမှ မပြောလိုက်ရ။





ရှုမဝမဂ္ဂဇင်းတွင် "သူ့ဇာတ်ကောင်၊ သူ့ဇာတ်လိုက်နှင့် သူ့ဝတ္ထုများ ဝတ္ထုတွင်ဗန်းမော်တင်အောင်သည် သူ့ဇာတ်ကောင်က သူ့နောက်ကို တကောက်ကောက် လိုက်ရှုမကနောက်တော့ သူ့ကိုပင် လွှမ်းမိုးကာ မွေးထုတ်သော စာရေးဆရာကိုသေနတ်ဖြင့် ခေါ်ဆောင်ပြီး သွားသည်ကို ခံလိုက်ရကြောင်းရေးထား၏။

ဒဂုန်တာရာက ဆိုရှယ်လစ်ဝတ္ထုတွင် ဇာတ်ကောင်များ အများကြီးမွေးရမည်ဆို၏။

သူသည် 'တကောင်းအဘိရာဇာ' ဝတ္ထုကြီးကိုမှစတင်၍ မရေးသားမီ သူ၏ဇာတ်ကောင်များကို နေရာတကျ အကွက်မချသေးမီ ဇာတ်ကောင်တို့က ခြေဦးတည့်ရာ ထွက်ကုန်ကြလေပြီ။ သူဘယ်လိုမှ သိမ်းသွင်းချုပ်ကိုင်၍ မနိုင်တော့ပါပြီတကား။

ထို့ကြောင့် ဘဒ္ဒနုဝတီအမှုးရှိသော စိတ်ကူးထဲက ဇာတ်ကောင်များကို လက်လှမ်းမီသလောက် ဖမ်းယူချုပ်ကိုင်၍ သူ့အသည်းနှလုံးအိမ်တွင် မြုပ်နှံထားလိုက်ရပါသတည်း။

ခင်နှင်းယု

၇-၉-၇၈



www.burmeseclassic.com


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com